www.burmeseclassic.com

# လရောင်ကျေးရင့်

မချစ်တတ်သူချင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

## မချစ်တတ်သူချင်း

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၀၀၄၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၀၁၄၀၈၀၉

အကြိမ် – ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ-၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရှင်

မချစ်တတ်သူချင်း/ လရောင်ကျူးရှင်၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။

၂၈၈ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မချစ်တတ်သူချင်း




## အခန်း (၁)

"ကျေးဇူးကြီးလှပါတယ်ကွယ်၊ သမီးလေးသာမကယ်ရင် သူတို့ဘဝင်နှမတွေအဖြစ်ကို တွေးကိုမတွေးရဲတော့ဘူး"

"ဟာ... ဒေါ်ဒေါ်မြကလဲ ..."

ရှိုင်းက ဒေါ်မြကို ရုတ်တရက် ဝင်ဟန့်လိုက်ပြီးမှ ဒီဘက်လှည့်၍...

"မကြင်နာ ကိုကျေးဇူးမတင်လို့မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိစ္စက ဘဝင်တန်းကျသွားနိုင်တဲ့ကိစ္စမျိုးမှမဟုတ်တာ"

"အို... မကျဘူးလို့ပြောလို့ရမလား"

ရှိုင်း ကို အစ်မဖြစ်သူက ဝင်ဆူပြန်သည်။ ကြင်နာ ကတော့ အသုံး ကို အပြုံးမပျက်ကြည့်လျှက် ဘယ်သူ့ကိုမှ မစွက်ဖက်၊ မဝေဖန်။

ဒီအိမ်ကလေးပေါ်ကို သူမ ရောက်လာခဲ့တိုင်း ဒေါ်မြ ဆိုသည့် မိန်းမကြီးတာ ဟိုဘက်အိမ်ကနေ အုယားဖားယား ပြေးလာနေကျ။

"ဟော သမီးလေး ပါလာသလား။ အိမ်ပေါ်တက်လေ၊ ဒေါ်ဒေါ်မြ မုန့်ဟင်းခါးတော့ လုပ်ထားတာရှိတယ်၊ လာပို့မယ်သိလား၊ စားပြီးမှပြန်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးတွေနှင့် ပျူပြာခဲ့၏။ ဒီအိမ်မှာ အဆိုးအကောင်း ဘာတွေဖြစ်နေနေ ဘယ်သူတွေဖုံးထားထား ဒေါ်မြ အကုန်ပြောပြတတ်၏။

အတင်းအဖျင်းပြောပုံမျိုးမဟုတ်ဘဲ သူမလည်း ဘာမှမတတ်နိုင်တာမို့ တတ်နိုင်သည့်လူကို ပြောပြ အကူအညီလိုချင်တာမျိုး။ သူမကို ခရောင်း ကတော့ ကျေးဇူးတင်နေပါသည်။ အဒေါ်သားရင်းလိုလည်း ခင်တွယ်နေခဲ့၏။

'နေရာတကာပါလွန်းတာ'ဟုတွက်ကာ မကြည်လင်သူက ရှိုင်းပဲ ဖြစ်သည်။

ရှိုင်းနဲ့ခရောင်းက မောင်နှမဖြစ်ကာ အကြီးဆုံးအစ်မက မွေးခဲ့သည့် ကလေးနှစ်ယောက်ကို မောင်နှမနှစ်ယောက်က စောင့်ရှောက်နေကြခြင်း ဖြစ်သည်။

တူကလေးနှစ်ယောက်ကို ရှိုင်း ရော ခရောင်း နှစ်ယောက် ချစ်ကြသည်။ ဒါပေမယ့် လူကြီးမိဘအုပ်ထိန်းသူတွေမရှိကြဘဲ မောင်နှမ နှစ်ယောက် ဖြစ်သလို ရုန်းကန်နေကြရသဖြင့် ကျပ်တည်းခြင်းသံသရာထဲမှာပဲ တဝဲလည်လည်။ ဒါကို စကားပြောတိုင်း ဂျစ်ကန်ကန် အဆင်မပြေ ဖြစ်နေသဖြင့် ဒေါ်မြကလည်း ရှိုင်း ကိုဆို တည့်တည့်ပဲကဲ့ရဲ့၏။

"လူတိုင်းမှာတော့ မာနရှိကြတာပဲဟေ့၊ ဒါပေမယ့် ရှိစရာရှိမှ ရှိလို့ရတာ၊ ကိုယ်မတတ်နိုင်တာကို မတတ်နိုင်ဘူးပြောတာ ဘာဖြစ်လဲ"

ဟု ပြောလျှင် ရှိုင်း က မခံ။

"အဲဒီလိုလိုက်ပြောတော့ ဘယ်သူတွေကအလကားလာပေးသလဲ"

"ကြင်နာ ပေးတယ်လေ၊ ငါကရော လူတိုင်းကို လော်စပီကာနဲ့ လိုက်အော်ပြောနေလို့လား၊ နင်တို့မောင်နှမကို ကြင်နာ ဘယ်လောက် ကူညီခဲ့သလဲဆိုတာ ပြန်စဉ်းစားလေ"

"မလိုပါဘူးဗျာ၊ လောကကြီးက ဘာကိုမှအလကားမပေးဘူး၊ အဲဒီ





ကြင်နာဖော် ဆိုတဲ့ မိန်းမရဲ့လက်အောက်မှာ ကျွန်တော့်အစ်မ ဘယ်လို ပြားပြားဝပ်နေရသလဲဆိုတာကျတော့ ဘယ်သူ သိသလဲ"

"ဖြစ်ရလေ နက်ရှိုင်း ရယ်"

ဒေါ်မြ က ခေါသဖြစ်လွန်းပြီဆို ဒီလိုပဲ နာမည်တွေကို တစ်စတစ်ဆုံး ခေါ်တတ်၏။

"ဟိုက ကားလေးနဲ့လာခေါ် စားသောက်ဆိုင်တွေမှာ သူ စားသလို လိုက်စား၊ သူသွားလေရာ ကားတဝီဝီနဲ့လိုက်ပေးနေရုံနဲ့ ငွေကို သိန်းနဲ့ချီပြီး ပုံချပေးနေခဲ့တာ တစ်ကြိမ်တည်း၊ နှစ်ကြိမ်တည်းလား"

ဒေါ်မြ ဤသို့ပြောတိုင်း ရှိုင်း ဘာမှပြန်မပြောနိုင်ဘဲရှိကာ မောင်နှမ စကားတွေများရ၊ ရှင်းလင်းရတွေဖြစ်ကုန်သည်။

"တော်ကြပါတော့၊ တော်ပါပြီ အမလေး နောက်ကို ကျုပ် ဝင်မပြောမိအောင် ဟောဒီပါးစပ်ကို ပလတ်စတာနဲ့ကပ်ထားပါ့မယ်"

ဒေါ်မြ ထဘီတစ်ဖက်မ,၍ ဟိုတက်ပြန်ကူးသွားမှ ဒီဘက်က မ· ကျ လည်ပွဲလည်း ပြီးလေသည်။

"ငါ စိတ်ညစ်ပါတယ် ကြင်နာရယ်၊ ဒေါ်ဒေါ်မြ က တစ်မျိုး၊ ရှိုင်း က တစ်မျိုး၊ ဘယ်စကားကြားကြား နင့်ခေါင်းထဲမထည့်ပါနဲ့ဟာနော်၊ ငါ့ကို နားလည်ပါ။ ရှိုင်း ကလေ ဖေဖေတို့ရှိတုန်းကတည်းက ဆိုးတာဟာ၊ ဖေဖေကလဲ သူ့ကို ဆယ်တန်းအောင်အောင်မဖြေတာနဲ့ပတ်သက်ပြီး ရှက်ကြောက်ကြီးစားလာအောင် အမျိုးမျိုးချိုးနှိမ်ပြောတာတွေရှိတယ်၊ ဖေဖေကဆူ၊ ရှိုင်း က အိမ်မကပ်နဲ့ အပေါင်းအသင်းတွေလဲစုံလာတယ်၊ အပြောအဆိုတွေလဲ နင်ကြားတဲ့အတိုင်းပဲဟာ"

ခရောင်း က ကြင်နာ့ ကို နှစ်ယောက်တည်းရှိတဲ့အချိန်မှာ တောင်းပန်သည်။ ကြင်နာ က အပြုံးမပျက်ခဲ့ပါ။ သူမစိတ်ထဲမှာ ခရောင်း ၏ မဟုတ်မခံစိတ်လေးကို သဘောကျခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပညာတစ်ပိုင်းတစ်စနှင့် မိဘတွေ ဆုံးပါးသွားခဲ့ကြသည်။ နောက်ဆုံးမှာ အစ်မအကြီး ဆုံးသွားခဲ့တော့ သူမဘာသာအလုပ်ရှာရင်း အလုပ်တစ်ဖက်နှင့်ကျောင်းပြီးအောင်တက်ခဲ့တာဖြစ်သည်။

ဒီလိုခွဲစိတ်နှင့် မာနရှိတာလေးကိုလည်း အထင်ကြီးခဲ့၏။ သူမဘဝမှာတော့ ဆင်းရဲတယ်ဆိုတာ ဘာမှန်းမသိခဲ့တဲ့သူမို့ ဘာမှမရှိတဲ့လူတွေ မာနကြီးတာကို သဘောကျသည်။

'ကိုယ့်ဘဝနှင့်ကိုယ်ရပ်တည်ခြင်း'ဆိုသည့်အပေါ်မှာ ဂုဏ်ယူတတ်ကြသည့်လူတန်းစားတွေကိုလည်း စိတ်ဝင်စားခဲ့၏။

ထိုအကြောင်းများကြောင့် ခရောင်းကို သူမ နှစ်နှစ်ကာကာခင်မင်ခဲ့သည်။ ငယ်သူငယ်ချင်းမဟုတ်ပေမယ့် ထို့ထက်ပို၍ရင်းနှီးခဲ့သည်ထင်၏။

ခရောင်း၏ပညာရေး နောက်ဆုံးနှစ်ကျမှ အစစ ဒုက္ခရောက်ခဲ့ရတော့လည်း သူမကပဲ အခက်အခဲတွေကို ကူညီဖြေရှင်းပေးခဲ့သည်။

နောက်ဆုံး ခဏခဏအချုပ်ထဲရောက်တတ်သည့် ရှိုင်း ကို ခဏခဏပြန်ထုတ်ပေးတဲ့အထိ ကြင်နာ က ပါဝင်ခဲ့တာဖြစ်၏။ ဒီတစ်ခေါက်ကတော့ စတုတ္ထအကြိမ်ဖြစ်လေသည်။

ထုံးစံအတိုင်းပါပဲ၊ ဒေါ်မြက ကျေးဇူးတွေအထပ်ထပ်တင်နေတာ ရှိုင်း က ရှုံ့သိုးသိုး။

"ကျွန်တော် ကလေးတွေ သွားကြိုဦးမယ်"

ဟုပြောကာ ခရောင်း နောက်ထပ် စကားမဆက်သေးခင် ထထွက်သွားလေသည်။ ခရောင်း က ကြင်နာ့ ကိုရော ဒေါ်မြကိုပါ အားနာလွန်းသဖြင့် ပြုံးနေတာတောင် မဲ့နေတာနှင့်တူနေတဲ့အဖြစ်။

"တကယ်ပဲ ကြုံကိုမကြုံဖူးဘူး၊ ကျုပ်က ဘေးကနေ ဘာမဆိုင် ညာမဆိုင် ကျေးဇူးတွေတင်ပေးနေတာကို သူတောင်မှ ပြောရသက်သာ





သေးတယ်"

ဒေါ်မြက ဆင်းထွက်သွားသည့် ရှိုင်း ၏ကျောပြင်ကိုလိုက်ကြည့်ပြီး မျက်စောင်းထိုးတော့မလို မဲ့ရွဲ့လျက်...

"အဲဒီကောင်လေးဟာ ဘယ်လိုအချိုးမပြေမှန်းကိုမသိဘူး၊ ငါက ညည်းကြောင့်ပါ"

ကိုယ့်ဘက်လှည့်လာတော့ ခရောင်း က ဖျာဖျာသလဲခေါင်းညိတ်ညိတ်ကာ ...

"ဟုတ်ပါတယ် ဒေါ်ဒေါ်မြရယ်၊ အဲဒါကို ခရောင်းက နားလည်ပါတယ်၊ ရှိုင်းကိုတော့ သည်းခံလက်စနဲ့နေလိုက်ပါ ဒေါ်ဒေါ်မြရယ် နော်၊ သူ့မျက်နှာကိုက မချိုသာတာ၊ ပြောပုံကလဲ ဖေဖေ့ကိုတောင် ဒီလိုပဲဟာ၊ ဒေါ်ဒေါ်မြ သိသားနဲ့"

"သိပါ့ သိပါ့"

ဒေါ်ဒေါ်မြက မရှိတော့သည့်လူကို လှမ်းမှန်း၍ မျက်စောင်းရှယ်နေရင်း ကြင်နာကို လှည့်ကြည့်တော့ ဖျော့တော့သည့်အပြုံးနှင့် ...

"အဲ့ဒါပဲ သမီးရယ်၊ ဒီကောင်လေး မျက်နှာပေါက်ဆိုး အပြောဆိုးနဲ့ တစ်သက်လုံးက မိဘလိုနေလာခဲ့တဲ့ ဒေါ်ဒေါ်မြလိုလူတောင် တစ်ခါတစ်ခါ တယ်ပြီးသည်းမခံချင်ဘူး"

ဟု ရှိုင်း ဘက်ကနေ တစ်ဆင့်ပြန်တောင်းပန်နေကာ ...

"အခု သမီး ဘယ်လောက်ကုန်သွားလဲဟင်"

ကြင်နာ က ရယ်ပြုံ၍ လက်လေးခါလိုက်ပြီး ...

"ဘယ်လောက်မှမရှိပါဘူး၊ ဒါတွေက ပြောစရာမှမလိုတာ၊ ရှိုင်း ကိုလဲ သမီးက ကိုယ့်မောင်လေးလို သဘောထားတာပါ"

"အဲဒါပြောတာပေါ့၊ အားလုံးက သူ့အတွက်ချည်းပဲ ရှေ့တန်းတင်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒေါ်ဒေါ်မြလဲ အဲဒါတွေတော်ပါတော့၊ သူမကြိုက်မှန်းသိရင် သူ့ရှေ့မှာ ဒီလိုကိစ္စတွေကို မဝေဖန်နဲ့နော်၊ ခရောင်းက ဒေါ်ဒေါ်မြကို အားနာလို့ပါ"

ဒေါ်ဒေါ်မြ ဘာမှမပြောသေးခင် ကြင်နာ့ ကိုလက်ကုတ်ပြီး အပြင်ခေါ်ထုတ်လာခဲ့သည်။

"ရှားပါးတဲ့မောင်နှမပါပဲတော်၊ အေးပေါ့ ကျုပ်တို့ကလဲ ဝင့်ကြွေးကြီးပေတာကိုး"

တဖျစ်တောက်တောက်ပြောကာ ဒေါ်ဒေါ်မြက ခရောင်း တို့ဝယ်လာသည့် ဟင်းချက်စရာတွေကိုယူပြီး နောက်ဖေးဝင်သွား၏။

တစ်အိမ်စီနေကြပေမယ့် ဒေါ်ဒေါ်မြက ခရောင်း တို့နဲ့နေသလိုပါပဲ။ ဒီဘက်မှာ ချက်ပြုတ်သိမ်းဆည်းတာတွေ အားလုံးပြီးပြီဆိုမှ သူ့အိမ်ဘက်ကို ပြန်ကူးသွားတတ်တာဖြစ်သည်။

ခရောင်း က စားသောက်စရာလေးတွေကို ဒေါ်ဒေါ်မြအတွက် စားဦးစားဖျားပို့ပေးရုံနှင့် နှစ်ဦးနှစ်ဖက်က မိဘနဲ့သားသမီးတွေလို ဖြစ်ခဲ့ခြင်းပင်။

ဒေါ်ဒေါ်မြသည် ခရောင်း တို့၏အစ်မကြီး ပန်းနုရီ အား သူမ၏ ဆုံးသွားသောသမီးနှင့် ရှုတ်စွပ်တူသည်ဟူသောအစွဲဖြင့် ပန်းနုရီ ကို ထိန်းကျောင်းပေးရင်း ဒီအိမ်သားလိုဖြစ်သွားခဲ့သည်။ ပြီးတော့ ပန်းနုရီ ဆုံးသွားကာ ကျန်ခဲ့သောကလေးတွေအထိ သံယောဇဉ်မပြတ်ခဲ့ဘဲ ထိန်းကျောင်းလာခဲ့တာ ဒီနေ့ထိ။

"ဒေါ်ဒေါ်မြ က စကားများတတ်ပေမယ့် နင်တို့မောင်နှမကို ချစ်သားပဲနော်"

ကားနားကိုရောက်လာတော့ ကြင်နာ က အပြုံးတစ်စနှင့်ပြော၏။ ခရောင်း မလုံမလဲပြုံးလိုက်မိကာ ...





"ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလား ကြင်နာ ရယ်၊ ရှိုင်း က တကယ်ကိုဆိုးပါတယ်"

"ကဲ့ရဲ့စရာလားဟာ၊ ငါ့သူငယ်ချင်းကို ကဲ့ရဲ့ပြီး ငါ့မှာ ဘာအကျိုးအမြတ်တွေဖြစ်လာမှာမို့လို့လဲ၊ တကယ်ပြောတာပါ။ သူ ဖြောင်းပြောဆိုဆိုနဲ့ လုပ်ကိုင်ပေးရှာတာပဲ၊ တွေးကြည့်ရင် ဘာမှမဆိုင်ကြတဲ့လူတွေလေ၊ ငါက တစ်ယောက်စီကို တွေးကြည့်ပြီး ပြောတာ၊ ရှိုင်း လဲဆိုးပေမယ့် ညစ်ပတ်တတ်တာမှမဟုတ်တာ၊ ယောကျ်ားဆိုတဲ့ မာနလေးရှိနေတာပါ"

"အေးပါ၊ အဲဒါတွေထားပါတော့၊ နင် အခု ဘယ်သွားစရာရှိသေးလဲ"

"ရှိတယ်၊ ဒါပေမယ့် နင့်မှာလဲသော့ကနဲ့ဆိုတော့ နေပါစေတော့၊ မနက်ဖြန်ကျမှပဲသွားတော့မယ်"

ကြင်နာ က ပြောပြီး ဆလင်းဘာတ်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်သည်။ ကားတံခါးကိုဖွင့်လိုက်တော့ ခရောင်း က လက်ကို ဆွဲထား၍ ...

"အဲဒီလိုတော့မပြောပါနဲ့ ကြင်နာရယ်၊ နင် ဒီနေ့ ငါ့အတွက် ဖြေရှင်းပေးခဲ့ရတာ၊ ငွေလဲကုန်၊ အချိန်လဲကုန်၊ ဒီတိုင်း နင်ပြန်သွားရင် ငါက ဘယ်လိုလုပ်စိတ်ကောင်းမှာလဲ"

"စိတ်ကောင်းကောင်းထားပြီးနေခဲ့၊ ပိုက်ဆံကိစ္စတွေ ခဏခဏ ထည့်ပြောတာ ငါ မကြိုက်ဘူးဆိုတာလဲ နင် မမေ့နဲ့၊ ငါ့အတွက် ဘာမှ အပန်းမကြီးတာတွေကို နင်က ဘာဖြစ်လို့ အပန်းတကြီး ခေါင်းထဲထည့်နေတာလဲ"

ကြင်နာ က ပြောရင်း ဆံပင်လေးတစ်ချက်သပ်၍တံခါးဆွဲဖွင့်သည်။ ပခုံးလေးတစ်ဖက်တိမ်းကာ ကားထဲဝင်လိုက်တော့ ကျောမရောက်တရောက်ဆံနွယ်တွေက ဝဲခနဲလွင့်ကာ ပက်ဝန်းကျင်က သူမကြောင့် ပိုလှသွားသည်။

"တာ့တာ"

www.burmeseclassic.com



လက်ပြစ်၍ ဘက်ခ်ဆုတ်သွားတော့လည်း သူမမျက်နှာလှလှလေးကို ခရောင်း ငေးကြည့်နေမိသည်။ တက္ကသိုလ်မှာတုန်းကလည်း 'ကြင်နာဖော်' ဆိုသည့် သူမအကြောင်းကို ယောကျ်ားလေးတော်တော်များများ၏ ပါးစပ်ထဲမှာ တစ်ဖွဲ့တစ်နွဲ့ကြားရသည်။

ကဗျာတွေ စာတွေ ပလူပျံအောင်ပို့လွှတ်ပြီး ခစားဝင်ခဲ့ကြတာလည်း အများကြီးပါ။ ကြင်နာ က ဘယ်သူ့ကိုမှ ရွေးချယ်ခဲ့တာမဟုတ်တဲ့ မာနကြီးကြီးနေတတ်ခဲ့တာမျိုးလည်းမဟုတ်ပေ။

ကြင်နာဖော် ဆိုသည့်အတိုင်း ဘယ်သူ့ကိုမဆို စိတ်ချမ်းသာအောင် ပြောတတ်သည်။ ကူညီချင်သည့်စိတ်လေးလည်းရှိ၏။ သူမမျက်နှာလေးက ချိုနေသည်မို့ တချို့ယောကျ်ားလေးတွေက အထင်မြင်လွဲကြသေးသည်။

သူတို့ကိုမကြိုက်ဘူး၊ မနိုက်ဘူးဆိုကာမှ မာယာများတာတွေ၊ မျက်နှာများတာတွေနှင့် စကားလုံးတွေနဲ့ ပစ်ပေါက်သွားတတ်ကြ၏။

ကျောင်းပြီးပြီဆိုမှ ရည်းစားလေးတစ်ယောက်ပဲထားခဲ့သည်။ ထိုတစ်ယောက်က သူမကို ကလဲ့စားချေတာပါဟု ပြောင်ပြောင်ပြောပြီး ဖြတ်တောက်သွားခဲ့သည်။

"တော်တော် မိန်းမလို မိန်းမရနိုင်တဲ့ကောင်"

ခရောင်း တက်ခေါက်တော့ သူမက အပြုံးမပျက်။

"ဘာဖြစ်ဖြစ်ဟာ ဒီလောက်နဲ့ ငါ အသည်းမကွဲပါဘူး"ဟု ပြောသေးသည်။ ဒီတစ်ယောက်ကိုတော့ သူမ တကယ်ချစ်ခဲ့သည်တဲ့။

"ကိုယ်ကချစ်နေလို့လားမသိဘူး ခရောင်းရယ် သူ ဗိုလ်ကျချင်တာလေးကိုပဲ သာယာလာမိတာ" တဲ့။

မနက်ကတော့ စိတ်မညစ်ဖူးသည့်လူက စိတ်ညစ်ပါသည်ဟုပြောပြီး ခရောင်း ဆီကိုရောက်လာခဲ့သည်။ ဒီကျတော့ သူ့ထက်ပိုသည့်ဒုက္ခ





တွေနှင့် ခရောင်း ကြောင့် စိတ်ညစ်နေတာတွေကို မေ့သွားခဲ့သည်လား မသိ။

ပြန်သွားတော့လည်း ပြုံးလို့ပါပဲ။

တကယ်တမ်းကျတော့ ကြင်နာကလဲ မိဘမဲ့လေးပါ။ ဒါပေမယ့် သူမမှာ သုံးဖြုန်းမကုန်နိုင်သည့် မိဘဘိုးဘွား၏အမွေအနှစ်တွေက အစုလိုက်၊ အပုံလိုက်။ ပညာလည်းစုံပြီဖြစ်ကာ ရုပ်ရည်အားဖြင့်လည်း သာလွန်ချောမောပြီးသား။ သူမဘဝမှာ လိုအပ်တာ ဘာမှမရှိတော့လို့ ပြုံးရယ်နေနိုင်သည်လား။

ခရောင်း တို့ဘဝကတော့ မရှိပြီးရင်းရှားနေသည်။ ဒုက္ခနဲ့ သောကက တစ်လှည့်စီဝင်ပြီး မိတ်ဆက်ရင်းနှီးနေခဲ့၏။ ထိုအခါ ရင်နာမိသည်က ကိုယ့်နာမည်ကိုပဲဖြစ်၏။

ဘာဖြစ်လို့များ သူမနာမည် 'ခရောင်းရင့်' ဖြစ်နေခဲ့တာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"နင်ဟာလေ နက်ရှိုင်း ဆိုတဲ့နာမည်ကို ဘယ်နေရာမှာ နက်ရှိုင်းခိုင်းနေသလဲမသိဘူး။ အတွေးတိမ်တာကတော့ ရေမရှိတဲ့ချောင်း နှာခေါင်းဖော်သေမယ်ဆိုရင်တောင် သေဖြစ်မှာမဟုတ်ဘူး"

"ဘာတွေလာဖြစ်နေတာလဲ၊ ဒီမှာ ညစ်နေရတဲ့အထဲ"

"ဘယ်သူက လန်းနေလို့လဲဟဲ့၊ အိမ်မှာ မပြေလည်တာတွေသိရက်သားနဲ့ နင် ခဏခဏပြဿနာရှာနေတာတွေ တော်သင့်ပြီ၊ အစ်မကို အစ်မလိုသဘောထားပြီး ငါ့စကားကို တစ်ခါတလေနားထောင်စမ်းပါ။ မိုးကြိုးပစ်မသွားပါဘူး"

"မိုးကြိုးပစ်မှာစိုးလို့ နားမထောင်တာ"

ထမင်းစားလို့မပြီးသေးဘဲ ရှိုင်း က လက်ဆေးပြီး ထသည်။ ကလေးနှစ်ယောက်က ရှိုင်း ကိုတစ်လှည့်၊ ခရောင်း ကို တစ်လှည့် လိုက်ကြည့်နေကြ၏။

ခရောင်း ဒေါသဖြစ်သွားသော်လည်း ကလေးတွေ မျက်နှာကိုမြင်ကာ စကားလုံးတွေကို တစ်ဝက်လောက်လျှော့ချပြီးမှ ...





"ဒါက ဘယ်သွားမလို့လဲ၊ ပြောတာ ပါးစပ်မပိတ်သေးဘူး"

"နင် ပါးစပ်ပိတ်မှဆိုရင် နားရော၊ ခေါင်းရော ပူပြီး ဆံပင်တွေကဖြူသွားဦးမယ်"

"အဲဒီလောက်ပြောတာတောင်မှ နင် နားထောင်ဖူးလို့လား"

ဖြစ်ရသည့်ဒေါသက လူနဲ့မဆုံတော့ပေ။ ကိုယ်က အစ်မ ဆိုပေမယ့် မမကြီးနဲ့ ခရောင်း ကျတော့ ငါးနှစ်တောင်ကွာကာ ရှိုင်း နဲ့ကျတော့ တစ်နှစ်သာသာလေးပဲကွာ၏။

ခရောင်း ကိုမွေးပြီး သုံးလကျော်ကျော်လေးမှာ မေမေက ရှိုင်းကို ကိုယ်ဝန်ထပ်ရခဲ့သဖြင့် ရက်လွန်းလို့ ခေါင်းတောင်မဖော်ရဲခဲ့တဲ့အကြောင်း ခဏခဏ ပြောဖူးသည်။

ထို့ပြင် မမကြီးနဲ့ ခရောင်း တို့က အသက်ငါးနှစ်ကွာနေသောကြောင့် ရှိုင်းနဲ့ ခရောင်း ကျတော့ အကြီးနဲ့အငယ်လို မသတ်မှတ်ဘဲ ကစားဖော်ဟု သဘောထားခဲ့သည်တဲ့။

ရှိုင်း က နင်နဲ့ငါနဲ့ပြောတာကိုလဲ ငယ်ငယ်တုန်းကတော့ ချစ်စရာလေးဟုတွက်ကာ နားထောင်ကောင်းနေခဲ့ပြီး အရွယ်တွေရောက်လာကာမှ 'ကိုယ့်အစ်မကို ဒီလိုမပြောရဘူး' ဟု ဆုံးမတာ မအောင်မြင်တော့ပေ။

ရှိုင်း က ငယ်ငယ်ကတည်းက တစ်ဇွတ်ထိုးရယ်ပါ။ ခုကျကာမှ နင်တွေ ငါတွေပြောနေတာကို နားခါးပေမယ့်လည်း မတတ်နိုင်တော့ပေ။

"တီတီကလဲ ပြောဆိုမရရင် ရိုက်ပစ်လိုက်ပါလား၊ သားတို့ကျတော့ အကြီးနဲ့အငယ် ရန်မဖြစ်ရဘူး၊ ပြန်မပြောရဘူးနဲ့"

ညီသု က ထမင်းလုတ်သွင်းထားသည့် ပါးလေးတစ်ဖက် ဖောင်းလျက် သွက်သွက်လက်လက်ဝင်ပြောသည်။

"အံမာ"

ရှိုင်း က လက်ကိုဆပ်ပြာနဲ့ဆေးနေရင်း ဒေါသမျက်နှာကြီးနှင့် လှည့်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ညီသု က ရှိုင်း မျက်နှာကို ဂရုမစိုက်ပါ။

"ဟုတ်သားပဲ၊ လေးလေးက ကိုယ့်အစ်မကို ဘာဖြစ်လို့ခံပြောနေတာလဲ၊ သားကို့ဆရာမက ပြောတယ်၊ ကိုယ့်မိဘဘိုးဘွားတွေ ဆုံးမတာကို နာခံရတယ်၊ လူကြီးတွေပြောတာဆိုတာကို အတုယူတဲ့"

ညီသု က နောက်ထပ် ထမင်းတစ်လုပ်စာ အပုံလိုက်လေး ပန်းကန်ထဲမှာ သပ်သပ်ရပ်ရပ်စုယူနေရင်း ဆက်ပြော၏။

"လေးလေးပြောတာတွေကို အတုယူမယ်ဆိုရင် ကိုကို့ကို သားလဲ ခံပြောမှာပဲ"

"ပြောကြည့်ပါလား။ တင်ပါးမှာ လက်ငါးချောင်းရာ သေရာပါသွားမှာပေါ့"

"ဟွန့်"

ညီသု က အဆီပြန်နေသည့်နှုတ်ခမ်းလေးကိုမဲ့တော့ ခရောင်း ရယ်လိုက်မိ၏။ ဒီအိမ်မှာ ရှိုင်း ကိုနိုင်တာ ညီသု တစ်ယောက်ပဲရှိသည်။

အကြီးကောင် သုတအောင် ကတော့ ကြောက်လည်းကြောက်သည်။ အနေလည်းအေး၏။ ညီအစ်ကိုနှစ်ယောက်က အကြီးက သုံးတန်းဖြစ်ကာ ညီသု က ပထမတန်း။

မမကြီးမျော အိမ်ထောင်ရေးကံ မကောင်းခဲ့ရှာပေ။ အထည်ကြီးပျက်ထဲက လူချောလူလှဆိုတာကို လက်ထပ်ခဲ့ပြီး ထိုယောက်ျား လက်ကြောမတင်းသမျှ သူမချည်းပဲ ကုန်းရုန်းအပင်ပန်းခံသည်။

မေမေတို့က စတိုးဆိုင်ကြီးတစ်ဆိုင်ကိုရော တက္ကစီတစ်စီးကိုပါ အမွေအဖြစ်ထားခဲ့ပေမယ့် မမကြီးက သူ့ယောက်ျား သဘောတကျခွင့်ရအောင်ဆိုပြီး အားလုံးကို ထိုးကြိတ်ရင်းနှီးပေးသည်။

ထိုအခါက်မှာလူလိမ်ခံလိုက်ရသဖြင့် ယောက်ျားကလည်းကျေးဇူး





မတင်၊ ပစ္စည်းတွေလည်းကုန်ကာ ပန်းနုရီ ရောဂါဝင်တော့သည်။ ထို့နောက်တစ်နှစ်လောက်ကြာမှ ယောက်ျားဖြစ်သူက သူ့အဆက်အသွယ်နဲ့သူ သဘောၤလိုက်ခွင့်ရဖို့အကြောင်းဖန်လာခဲ့၏။ ဒါပေမယ့် ပန်းနုရီ မှာ ကိုယ်ဝန်ရှိနေပြီဖြစ်သည်။

"ဟုတ်တယ်၊ အစက ရှင့်အတွက် ကျွန်မ ပုံအောအကုန်ခံခဲ့တာပဲ၊ အခု ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ၊ ရှင့်ကို ဝေးဝေးမသွားစေချင်တော့ဘူး၊ ဒီမှာပဲ ရသလောက်ဝင်ငွေနဲ့ အလုပ်တစ်ခုခုရှာပြီး အနားမှာနေပါ"

"ဘာလုပ်ရမှာလဲ၊ ကိုယ်ဝန်ရှိတော့ မွေးလာမယ့်ကလေးအတွက် ကြိုးစားရမှာမဟုတ်ဘူးလား၊ မင်းနားမှာနေပြီး ငါဝင်မွေးပေးလို့ရသလား၊ အစီပွာယ်မရှိတာကို လာမရစ်နဲ့ မင်းညီမတွေ မောင်တွေ ငါ့ကို မကြည်မလင် စောင်းမြောင်းကြည့်ကြတာလဲ မခံနိုင်ဘူး၊ အခု ငါ့အလုပ်အတွက် ငါ့နည်းငါ့ဟန်နဲ့ရှာလာတာ၊ သူတို့ အပြောမခံချင်လို့ဆိုတာ မင်း နားမလည်ဘူးလား"

"အို... မကြည်လင်တာကတော့ မကြည်လင်အောင် ကျွန်မတို့က လုပ်ခဲ့တာကိုး၊ သူတို့ စံစားရမယ့် ပစ္စည်းဥစ္စာတွေကို ကျွန်မ ထင်သလို လုပ်ပစ်ခဲ့တာ ဘာတစ်ခွန်းပြောခဲ့လို့လဲ၊ ရှင် နေရာတကာ မာနမကြီးပါနဲ့"

"ကြီးရမှာပဲ၊ လက်ကြောမတင်းတဲ့ကောင်ဆိုတော့ မင်းညီမတွေကို ငွေထုပ်နဲ့ပေါက်နိုင်ကာမှ ပြန်လာမယ်"

အပြောကြီးသွားခဲ့တာလား၊ တကယ်ကြီးပွားသွားလို့ နောက်ကြောင်းကိုမေ့သွားတာလားတော့မသိပါ၊ ဒီနေ့ထိ ထိုယောက်ျားကို အစအနပင် မမြင်ရတော့ပေ။ ဤသို့ ကံမကောင်းခြင်းများစွာဖြင့် ရုဗ်သန်လာခဲ့ရသဖြင့် ကိုယ့်ဘဝ ဆင်းရဲပင်ပန်းနေတာတောင်မှ ဒီကလေးတွေကို သူမတို့ မငြိုငြင်ရက်ခဲ့ပေ။

ညီအစ်ကိုနှစ်ယောက် ထမင်းစားနေတာကို ငေးကြည့်ရင်း ခရောင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက ဖြူးနေ၏။ ကလေးတွေ ထမင်းစားနေတာနှင့်မတူပါ။ လူကြီးတွေစားသည့်ပန်းကန်ထဲမှာလိုပဲ ဟင်းထည့်လိုက်ကာ သေသေသပ်သပ်လေးနယ်ပြီး ပါးစပ်ထဲ ထည့်လိုက်တာက အစ ယဉ်ကျေးသိမ်မွေ့နေတာလေးတွေက ပေါ်လွင်သည်။

ဒီကလေးတွေဟာ အဖေ အမေ မရှိခဲ့လို့ မိုက်ရိုင်းလိုက်တာ၊ ရမ်းကားလိုက်တာ ဆိုတာမျိုးဖြစ်မလာရအောင် ခရောင်းတို့ နှစ်ယောက်စလုံး ဂရုစိုက်ခဲ့သည်။

ရှိုင်း ကိုယ်တိုင် သူ့ဘာသာ ဘယ်လိုပဲ ဗရုတ်သုတ်ခ ရှုပ်ပွနေပါစေ သူ့တူတွေကို့ အင်္ကျီကြယ်သီးဖြုတ်ပြီး ရင်ကွဲနဲ့နေတာ မကြိုက်။

ဆံပင်တွေ ရှုပ်ပွလေလွင့်နေရင်လည်း ဆူသည်။

"ဟိုနှစ်ယောက် လာခဲ့၊ ဆံပင်သွားညှပ်မယ်"

ဆိုပြီး ဆွဲချသွားတတ်သည်။ ပြီးတော့ ဆံပင်တွေမှာ ခေါင်းလိမ်းဆီ ရောင်နှင့် လက်နေမှ ကြိုက်သည်။ ထိုအခါ ညီသု က ရှုံ့တိရှုံ့မဲ့နှင့်...

"လေးလေးနော် လေးလေးကျတော့ ဆံပင်ပွပွနီနီကြီးနဲ့ ..."

"ဟုတ်တယ်၊ ငါ့လိုမနေစေချင်လို့ ပြင်ပေးနေတာ၊ မရှည်နဲ့ နားရင်းအုပ်ခံရမယ်"

ရှိုင်း ကလည်း အပြောအဆို မညင်သာပါ။ ဒါပေမယ့် ညီသု တို့ ညီအစ်ကိုက ရှိုင်း ကိုပိုပြီးခင်တွယ်ကြသည်။

ရှိုင်း က သူအားတိုင်း တူနှစ်ယောက်ကို လက်တွဲပြီး လျှောက်လည်တာ၊ မုန့်ကျွေးတာ၊ နောက်ဆုံး လမ်းဘေးမှာ ကစားချင်ပါသည်ဆိုရင်တောင်မှ ကိုယ်တိုင်ဝင်ကစားပေးတတ်သူ။

ထို့ကြောင့် ချစ်ကြတာလည်းဖြစ်မှာပါ။ ခရောင်း ကတော့ အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်နှင့် ဖတ်ဖတ်မောနေခဲ့သည်။ ကလေးတွေနဲ့ ဆုံမိတော့လည်း ဆုံးမစကားတွေပြော၊ ဆူတန်တာဆူ၊ ရိုက်တန်တာရိုက်





ဲ့ သူကြီးသူကြီးရာထူးကို ဖြိုင်ဘက်မရှိရခဲ့တာဖြစ်သည်။

"ရှိုင်း ဘယ်လဲလို့မေးနေတာ မဖြေဘူး"

အတွေးလွန်နေသဖြင့် ရှိုင်း အပြင်ထွက်သွားတာမြင်မှ ကမန်းကတန်းလှမ်းမေးရသည်။

"ကော်င်းမြတ်တို့အိမ်ကို၊ ခဏပဲ"

"ခဏပဲရမှာနော်၊ တော်ကြာ ကြင်နှာ လာခေါ်ရင် ငါ လိုက်သွားရမှာ၊ ကလေးတွေ ကျောင်းပိတ်တဲ့ရက်ကြီး တစ်ယောက်မှ အိမ်မှာမရှိလို့မဖြစ်ဘူး"

ကြင်နှာ ဆိုသည့်အသံကြားသည်နှင့် ရှိုင်း က တံခါးဝမှာ ချက်ချင်းပြန်ပေါ် လာကာ ...

"နင်လဲ အဲဒီတစ်ယောက်ရဲ့ လက်ကိုင်တုတ်ဖြစ်နေပြီ ဟွန်း... မပြောချင်လို့ကြည့်နေတာ"

မပြောနဲ့လေ၊ ငါ့သူငယ်ချင်းနဲ့ငါတွဲတာ ဘာမှမဖြစ်ဖို့မရှိဘူး၊ သူ့ကောင်းလို့ ငါ့အတွက် အကူအညီတွေရနေတာရော နည်းသလား၊ နင်လဲ သူနဲ့မကင်းဘူးနော်၊ ကြီးကျယ်စကားမပြောနဲ့"

"သိတယ်၊ ဘာပဲလိုလို ပုံချပေးနေတာတွေ ရန်ကုန်လမ်းညွှန်ထက် ကောင်မြန်သေးတယ်၊ ငါက ကျေးဇူးမတင်တတ်လို့ပြောတာမဟုတ်ဘူး၊ ကျေးဇူးဆိုတာ သိတတ်တဲ့လူအတွက် ဘယ်လောက်ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုးလဲ နင် သိလား၊ နင် ငါ့ထက် တစ်နှစ်ကျော်ကျော်လေးပဲကြီးတာ၊ နင့်ထက် ငါ ပိုသိနေတာတွေရှိတယ်ဆိုတာ လက်ခံလိုက်စမ်းပါ၊ အဲဒီတစ်ယောက်ကြောင့် တစ်နေ့နေ့ နင် ချောင်ပိတ်မိလိမ့်မယ် သိလား"

"ဘာ...ဘာပြောတယ်"

"ကြင်နှာဖော် ဆိုတဲ့ မိန်းမအကြောင်း နင်သိတာထက် ငါက ပိုသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသိတာလဲ၊ ကြင်နာ က မျက်နှာများတတ်တဲ့မိန်းကလေး မဟုတ်ဘူး၊ မလိုတဲ့ယောကျ်ားလေးတွေက သူတို့ကိုမကြိုက်တိုင်း သက်သက်နာမည်ဖျက်နေကြတာ"

"ကျွတ်"

သူပြောချင်တာက ဒီလိုသဘောကိုသက်ရောက်စေလိုတာ မဟုတ်၊ ရှိုင်း မျက်နှာ မဲ့ရွဲ့သွားခဲ့၏။

မိန်းမတစ်ယောက်ရဲ့အချစ်ကို ခေါင်းညိတ်ခေါင်းခါ နှစ်ရပ်ပေါ်မှာတိုင်းတာသတ်မှတ်လို့ရတာမဟုတ်မှန်း ဘယ်လိုရှင်းရမှန်းမသိ။

နှုတ်ခမ်းသားတို့ ခပ်လွန့်လွန့်ပြုံးနေတဲ့အခါ ဒါမှမဟုတ် လွန့်လူးသွားသည့်မျက်ခုံးတစ်ဖက်အပင့်မှာ လင်းလက်သွားတဲ့မျက်ဝန်းတို့ရဲ့ ရယ်မြူးရိပ်တွေမှာလား...။

ဒါလည်း သူ သေချာကြီးတော့မပြောနိုင်ပါ။ ဒါပေမယ့် ခရောင်းထက် သူ ပိုသိနေတယ်ဆိုတာတော့ ကိုယ့်ကိုယ်ကို သေချာသည်။ ထို့ကြောင့် ...

"ဒီမှာ ငါပြောမယ်၊ ငါတို့ယောကျ်ားလေးတွေထဲမှာတောင် ဘယ်သူ့ကိုမှ အတည်အတံ့မတွဲဘဲနဲ့ ဒီယောကျ်ား ဘယ်သူ့ကိုမှမကြိုက်သေးဘူးဆိုပြီး မိန်းကလေးတွေ မက်မောနေကြတာကိုပဲ သက်သက်သာယာနေချင်တဲ့ကောင်မျိုးတွေ ရှိတယ်၊ ပြီးတော့ ပါးစပ်အရသာခံပြီး ဘာတွေပြောတတ်သေးလဲ သိလား"

မေးလိုက်ပြီးတော့ သူ့ဟာသူပဲဆက်ပြော၏။

"ချစ်သူရှာတာနဲ့ အပျော်ရှာတယ်ဆိုတာ လက်လီလက်ကားသဘောပဲတဲ့"

"အံမာ"

"အဲဒီလိုရှိတတ်တာတွေကို နင် ကြားဖူးသွားအောင်ပြောပြတာ၊





ကြင်နာဖော် ဆိုတဲ့မိန်းမကို နင် ဘယ်လောက်နားလည်လို့လဲ ခရောင်း၊ သူလဲ အတူတူပဲ၊ ရည်းစားထားတာထက် ကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေတာကို သာယာနေတာ၊ ဘယ်သူ့ကိုမှ ပြန်မကြိုက်ဘူးဆိုပြီး ပစ်ပစ်ခါခါပြောဆိုလွှတ်လိုက်တာမျိုးရော နင် တွေ့ခဲ့ဖူးလား"

ဟင့်အင်းလို့ ခေါင်းခါမိတော့မတတ်ဖြစ်သွား၏။ ဒါပေမယ့် သူငယ်ချင်းအတွက် ကာကွယ်လိုစိတ်က ရှိနေသေးသည်မို့ ခေါင်းတော့မညိတ်မိပါ။ ဒါကို ရှိုင်း ကလည်းသိ၏။

"ပြီးတော့ ကြည့်ဦး၊ သူ ဘယ်လိုနေနေ၊ ဘယ်လိုထိုင်ထိုင် ကြောက်ရမယ့်လူ မရှိဘူး၊ ကြိုက်သလိုသုံးဖြုန်းဖို့ စည်းစိမ်တွေလဲအပြည့်"

"အုပ်ထိန်းသူမရှိတာချင်းအတူတူပဲဟာကို သူများကို သွားမကဲ့ရဲ့ပါနဲ့ နင်က"

"ကဲ့ရဲ့တာမဟုတ်ဘူး၊ အုပ်ထိန်းသူမရှိတာချင်းတူပေမယ့် ငါတို့နေရတာက ပတ်ဝန်းကျင်သေးသေးလေးရယ်၊ ဒီဘက်အိမ်က ချောင်းဆိုးလိုက်ရင် ဟိုဘက်အိမ်က ကြားရတယ်၊ ဒီဘက်က ပဲပြုတ်သည် ဈေးရောင်းကပြန်လာရင် ဟိုဘက်ကိုလှမ်းပြီး 'မလှရေ ဈေးမှာ ပုစွန်တွေပေါလိုက်တာ၊ ငါးတွေပေါလိုက်တာ'နဲ့သတင်းပေးပြီးပြီ၊ ဟိုဘက်ကကလေး ဖျားနေရင် ဒီဘက်ကလူက သွားပြီး ဆေးတို့ဖတ်ပေးရတာနဲ့၊ အညှော်အိုးတည်ရင် အော်ပြောရတာနဲ့၊ ငါတို့ပတ်ဝန်းကျင်မှာ လူမသိအောင်လုပ်လို့ ဘာမှမရဘူး။ အဲဒါကြောင့် အစစအရာရာဆင်ခြင်မှုဆိုတာရှိတယ်။ ပတ်ဝန်းကျင်ရဲ့ဖေးမမှုဆိုတာလဲ ကြည့်လေ၊ ဒေါ် ဒေါ်မြဆို ငါတို့နဲ့ ဘာမှမတော်ဘဲနဲ့ ဒီမှာ အားလုံးလုပ်ကိုင်ပေးနေတာ"

"သြော်... ဒါကျတော့ သိနေသားပဲ"

"ကြော်ငြာမဝင်နဲ့၊ အဲဒါကိုပြောချင်တာမဟုတ်ဘူး"

ရှိုင်း က မျက်နှာကြီးတင်းသွားပြီး သူ့စကားပြတ်သွားမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြော၏။

"ဘာပဲဖြစ်ဖြစ် နှင်နဲ့ကြင်နာဖော်တို့ လုံးဝအပ်စပ်လို့မရဘဲ ပေါင်းမိ နေကြတာ နှင် မသိပေမယ့် ငါက အကဲခတ်မိပြီးသား၊ ဒီမိန်းမ လုံးဝ မလွယ်ဘူး"

"နှင်ပြောသလောက်ထိ ကြင်နာ မဖြစ်သေးဘူး၊ ဖြစ်နေရင်လဲ သူ့ သဘာယာမှုသူ့ရှာတာ၊ ငါတို့နဲ့မဆိုင်ပါဘူး။ ကျေးဇူးရှိတဲ့လူကို ကျေးဇူးတင် တတ်ဖို့ပဲကြိုးစား"

ခရောင်း က စကားပြောရင်း ပြေကျလာသည့်ဆံပင်တွေကို ကျော နောက်ပို့ပစ်လိုက်၏။ ပြီးတော့ ထမင်းစားပြီးသွားကြသည့်ကလေးတွေ ကို ငဲ့ကြည့်ကာ ...

"ကလေးတွေ မဟုတ်က ဟုတ်ကတွေနားထောင်ပြီး ထင်ရာတွေ တွေးနေဦးမယ်၊ သွားစရာရှိတာသွားပြီး ပြန်ခဲ့"

"ဟွန့်"

ရှိုင်း က ခါးနှစ်ဖက်ထောက်ကာ အစ်မဖြစ်သူကို ခပ်စိန်းစိန်းကြည့် ၍ မဲ့သည်။

"ကျေးဇူး... ဟုတ်ပါတယ်၊ အဲဒီကျေးဇူးတွေ ဘယ်လိုဆပ်ရမလဲဆို တာ နှင် ပြင်ထားပါ။ ငါကတော့ ငါးစာကိုမြင်တယ်၊ ငါးမြားချိတ်ကိုလဲ မြင်တယ်၊ လုံးဝမတင်ဘူး"

ဟု ပြောပြီး လှည့်ထွက်လိုက်လျှင် တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့ မှာထိုးရပ်လာသည့်ကားနှင့် ရှိုင်း မျက်နှာချင်းဆိုင်ဖြစ်သွား၏။

စုပါမင်းရောင်လည်ကပ်ကပ်လက်ပြတ်လေးနှင့် ရွှေရောင်ဝင်းနေ သော မျက်နှာလေးက ကာလာဖျော့ဖျော့တင်ထားသဖြင့် ရုတ်တရက် ငေးခနဲဖြစ်သွားအောင်လှနေ၏။

အရောင်တောက်တောက်ကိုဝတ်ထားသလို လည်တိုင်က ပုတီး





ကုံးကလည်း အရောင်တူဖြစ်သည်။ နားကွင်းဝိုင်းကလေး ခါယမ်းလျက် နှုတ်ခမ်းသားလေးတွေကလည်း အားလုံး ဒီအရောင်ပဲဖြစ်သည်။

သူမကိုယ်ပေါ် မှာ ဘယ်လိုအရောင်ပဲတင်တင် သပ်သပ်စီခြားနား သွားတယ်ဆိုတာ မရှိ၊ မလှမပဖြစ်လာတာမျိုးလည်း မမြင်ဖူးပါ။

အလှအပ၊ စည်းစိမ်ဥစ္စာ၊ ပညာ၊ ဘာမှလိုလေသေးမရှိအောင် ဆုတောင်းကောင်းတဲ့မိန်းမပဲဖြစ်၏။ သူမသည် မိန်းမတို့တတ်အပ်သော ပညာရပ်အားလုံးကို ကျွမ်းကျင်လက်မှတ်နှင့် ဘဝမှာ ကြွားကြွားဝံ့ဝံ့ ရပ် တည်လာခဲ့သည်လား။

ဒါပေမယ့် ရှိုင်း ကတော့ ကိုယ်နဲ့မတိမ်းမယိမ်းအရွယ်ချင်းမို့ မရိုး သားစွာ ခံစားသောမျက်လုံးများနှင့် ဘယ်တုန်းကမှ မကြည့်ခဲ့ပါ။

သူသိနေတာက သူမနှင့် ခရောင်း အတူတွဲနေသမျှ ခရောင်းရင့် ဆိုသော ဘဝတစ်ခုဟာ သီးခြားမြင့်မားလာနိုင်ဖို့ မလွယ်။

ဘာဖြစ်လို့လည်းဆိုလျှင် ခရောင်းနဲ့ကြင်နာဖော် ဟာ တိုင်ပင်ဖော် တိုင်ပင်ဘက်လိုမျိုးလည်း မဟုတ်၊ အကျိုးတူဖြစ်ထွန်းဖို့ အကြောင်းယူ နေကြတာလည်း မပါ။

ခရောင်းရင့် သည် ကြင်နာဖော် ၏လက်စွဲတော်၊ သို့တည်းမဟုတ် ဘော်ဒီဂတ်တစ်ယောက်အဖြစ်သာ ...

"ရှိုင်း ခရောင်း ရှိလား"

"ရှိပါတယ်"

သူ ဒါပဲဖြေပြီး ကားနားကနေ ကွေ့ရှောင်ထွက်လာခဲ့၏။ ကိုယ့် အစ်မမို့လို့ ဒီပုံစံမျိုးနဲ့တော့ မှီတွယ်မနေစေချင်ပေမယ့် အခြေအနေက ဒီအနေအထားကနေ ရုန်းထွက်ကွာပြဲကြဖို့ သိပ်မလွယ်မှန်း သူ တွက်မိ ပါသည်။

ပြောရမည်ဆိုလျှင် ဒီအိမ်ရာလေး ခရိုနိုထိ မြဲနေလာတောင်မှ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်ဆုံးလုဆုံးခင်မှာ ကြင်နှာ ကူညီလိုက်လို့ ဒီတိုင်းလေးရှိနေခဲ့တာ ဖြစ်သည်။ ထို့ကြောင့် ...

ဒီအိမ်ပေါ်မှာရှိသည့် လူလေးယောက်၏ ဘဝလေးခုစလုံးဟာ သူမနှင့်သက်ဆိုင်နေခဲ့သည်ဆိုလျှင် မမှားပေ။

ခရောင်း ကလည်း ထမင်းပွဲကိုသိမ်းမလို့ပြင်နေရင်း လှလှပပလေး လှမ်းဝင်လာသည့် ကြင်နှာကိုမြင်တော့ ခုနက ရှိုင်း ပြောခဲ့သည့်စကားတွေကို သတိရသွားခဲ့၏။

"တကယ်ဆို နင်နဲ့သူနဲ့ ရုပ်ရည်ရော ပညာရော အတူတူပဲ၊ ဒါပေမယ့် သူက ရွှေရှိတော့ ရွှေရောင်တောက်တယ်၊ စိန်ရှိတော့ စိန်ရောင်ထွက်တာပေါ့၊ ပြုပြင် ပြင်ဆင်မှုဆိုတာ အများကြီးပြောင်းလဲလို့ရတယ်သိလား၊ အထင်တွေစွတ်ကြီးပြီး အရမ်းအောက်ကျခံမပေါင်းနဲ့"

ရှိုင်း က သတိရတိုင်း ကြင်နှာနဲ့ ခပ်ခွာခွာနေဖို့ကိုပဲ ပြောနေတတ်သည်။

"နင့်ကို အဲဒီတစ်ယောက် ဟိုခေါ် ဒီခေါ်နဲ့ တစ်ခါတလေ မိုးချုပ်မှပြန်ရတယ်၊ အဲဒါ ခင်တာလား၊ ဘာမှမဟုတ်ဘူး ခိုင်းနေတာ၊ ငါတို့က ဆင်းရဲပေမယ့် သူများအိမ်ဖော်လုပ်ရလောက်အောင် မနိမ့်သေးဘူး၊ သူက ငါတို့မတောင်းဘဲနဲ့ လိုအပ်သမျှကို အားလုံးဖြည့်ဆည်းပေးနေပြီး တဖြည်းဖြည်း သူ့ခိုင်းဖတ်ဖြစ်အောင် လုပ်ယူနေတာ၊ ငါ အဲဒီလိုပဲထင်တယ်"

ဟု ခရောင်း မနာနာအောင် ရင့်သီးစွာ ပြောခဲ့ဖူးသည်။ ဘာတွေပြောပြော ခရောင်း ဒီလိုမထင်ခဲ့ပါ။ ကြင်နှာ ကူညီခဲ့သမျှဟာ ကိုယ့်ကို ခင်လွန်းလို့ပဲဖြစ်သည်။

သွားလေရာခေါ်ပြီး ဟိုဟာဒီဟာခိုင်းတာမျိုးရှိပေမယ့်လည်း ကိုယ့်ကိုပဲယုံကြည်ခဲ့တာဖြစ်မည်သာ...။





"အဲမယ် လူကိုငေးနေလိုက်တာ၊ ဘာလဲ သိပ်လှနေလို့လား"

"မလှပါဘူး၊ သားတို့တီတီက ပိုလှတာ"

"အဲ..."

ညီသု က ဆပ်ပြာနှင့်ဆေးနေသည့်လက်ဖဝါးလေးနှစ်ဖက်ကို ရေစက်လက်နှင့်ဆုပ်ထားရင်း ရုတ်တရက်ကြီး ဝင်ပြောသည်။ ပြီးတော့ လက်သုတ်ပဝါလေးလှမ်းယူပြီး သူ ဘာမှမပြောလိုက်သလို ခပ်တည်တည်လေးထွက်သွား၏။

"သားသား နေပါဦးကွ"

ကြင်နှာ က အစကတည်းက ညီသု ကိုချစ်ခဲ့တာဖြစ်သည်။ ကိုယ့်ကိုမလှဘူးပြောပေမယ့်လည်း စိတ်မဆိုးနိုင်ဘဲ သူမမှာ သဘောတွေကျလို့မဆုံး။

"သားသားက ချစ်စရာကောင်းလိုက်တာကွာ"

ပြောပြီး ညီသု ပခုံးလေးကိုဆွဲထားကာ ဘေးမှာ ရှုရှုလေး ခြေဖျားထောက်ထိုင်၏။

"ဟုတ်တယ်၊ သားသားရဲ့တီတီက ပိုလှတယ်၊ ဒါဆိုရင် ကြည့်ပါဦး၊ အန်တီကရော နည်းနည်းလောက်မလှဘူးလား"

ညီသု က ကြင်နှာ့ကို သေချာပြန်ကြည့်ပြီးမှ ခေါင်းညိတ်လိုက်ကာ...

"နည်းနည်းလှတယ်၊ တီတီ့လောက်မလှဘူး"

"ကဲပါ ကြင်နှာရယ် စ,မနေပါနဲ့၊ ညီသု က သူ့ဦးလေးအတိုင်းပဲ၊ အရမ်းဆိုးတာ"

"တီတီနော် သားကို လိမ္မာတယ်ဆိုပြီးတော့...၊ အမျိုးမျိုး..."

ခရောင်းနဲ့ကြင်နှာ တို့ရယ်မိကြသည်။ ညီသု က ရယ်နေတာကိုလည်း မကြိုက်ပေ။ စူပွပွမျက်နှာလေးနှင့် အပြင်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပြီးရင်ထွက်ခဲ့၊ နောက်ဖေးမှာ ဆော့မယ်"

ဟု နောက်ပြန်လှည့်ပြောသံလေးကလည်း မကြည်လင်၊ သုတအောင် ကတော့ လက်ကို ရေခြောက်အောင် ကပျာကယာသုတ်၍ ပြေးထွက်လိုက်သွားကာ ဘာတစ်ခွန်းမှမပြော၊ ကြင်နာ့ကို လှည့်လည်း မကြည့်ပါ။

"ညီအစ်ကိုနှစ်ယောက်စလုံး ချစ်စရာလေးတွေနော်၊ တစ်ယောက်လောက် ငါ့ကိုပေးပါလား။ မောင်လေးအရင်းလို အမွေစားအမွေခံ မွေးမယ်လေ"

"အမလေး တော်ပါ မယ်ကြင်နာရယ်၊ သူ့တူတွေကို ထိပါးတယ်ဆိုပြီး ဒေါသကုမ္ဘာရ ကြားသွားရင် ပြဿနာတက်ဦးမယ်"

"ကြားပါစေပေါ့၊ ပိုပြီးဒေါသဖြစ်သွားအောင်ကို ပြောပေးလိုက်ဦးမယ်၊ ကလေးတစ်ယောက်ကို ကြွေးနဲ့သိမ်းမယ်လို့..."

ကြင်နာက ရယ်နေပေမယ့် ခရောင်း မျက်နှာလေး ကွက်ခနဲညိုသွား၏။

"ကဲ အကျီသွားလဲဟာ၊ ဒီနေ့တော့ အစီအစဉ်ပြောင်းလို့မရဘူး"

"အင်းပါ၊ လိုက်မှာပါ၊ ဒါပေမယ့် ရှိုင်း ပြန်လာမှဖြစ်မှာ၊ ကလေးတွေချည်းပဲ ထားခဲ့လို့မရဘူးဟ"

"ဘာလို့မရရမှာလဲ၊ ဒေါ်ဒေါ်မြကို ခေါ်လိုက်ပေါ့"

"လာပြီဟေ့ လာပြီ"

မဖြစ်ဘူးလို့ပြောမလို့ဟာ ဒေါ်မြက အသံပေးပြီး ချက်ချင်း ရှေ့ရောက်လာသဖြင့် ခရောင်း ပါးစပ်ပိတ်သွား၏။

သေချာတာက ရှိုင်း ပြန်လာလျှင် သူကိုမစောင့်ဘဲ ကလေးတွေကို ထားသွားရကောင်းလားဆိုပြီး မကျေနပ်သံတွေ ထွက်လာမှာပဲဖြစ်သည်။

အခန့်မသင့်လျှင် ဒေါ်ဒေါ်မြနှင့် ဆက်ပြီး စကားများနိုင်သေးသည်။





ကားပေါ်မှာ ပါလာခဲ့ရသည်အထိ ခရောင်း စိတ်မဖြောင့်နိုင်။

"သားတို့ အပြင်မထွက်နဲ့နော်၊ အိမ်ပေါ်မှာ ဘွားဘွားမြ ရှိတယ်၊ ဘိတိ အပြင်ခဏလိုက်သွားမလို့"

"ခဏလဲမဟုတ်ဘဲနဲ့ တီတီက ညာပြန်ပြီ"

ဟု ပြန်ပြောသည့် ညီသု စကားသံက နားထဲမှာစွဲထင်နေသည်။

"ခရောင်း"

"ဟင်"

"ငြိမ်လှချည်လား၊ ဘယ်သွားမှာလဲ၊ ဘာညာ မမေးတော့ဘူးလား"

"ဟုတ်တယ်၊ နင် ဘယ်သွားမှာလဲ"

ခရောင်း မေးလိုက်တော့ ခုမှ မေးဖော်ရပါလားဆိုသည့် အကြည့်နှင့်လှည့်လာပြီး ကြင်နာ က ရယ်၏။

"မေးမလို့ပါဟယ်၊ စိတ်က အိမ်ကိုရောက်သွားလို့ပါ၊ နင်ကလဲ ..."

"ဟုတ်ပါပြီ၊ ငါကလဲ ဘာမှမပြောရသေးပါဘူး၊ မေးမှပြောရတာကောင်းလို့ နင့်ကို မေးစေချင်တာ"

"အခု မေးပြီ၊ ကဲ ပြော"

"ငါ ..."

ကြင်နာ က မပြောချင်တာမဟုတ်ဘဲ တစ်ခုခုကို လေးနက်သွားတာမျိုးဖြစ်ကာ စကားမဆက်ဘဲနေ၏။ ကားကို ဈေးချိုဘက်ကနေ ပြန်ပတ်ပြီး ဟိုဝင်ဒီထွက်နှင့် တော်တော်ကြာမှ သက်ပြင်းလေးချကာ ...

"ငါ ဇော်နဲ့သွားတွေ့မလို့"

"ဘာ... ဇော်နဲ့ ဟုတ်လား၊ သူ အနိုင်ယူတတ်လွန်းလို့ သည်းမခံနိုင်တော့ဘူး၊ သူနဲ့ ဇာတ်လမ်းပြီးပြီဆို..."

"ဒါပေမယ့် သူ ဖုန်းဆက်တော့ ငါ ကြွေသွားတယ်"

ခရောင်း စိတ်ညစ်သွားမိသည်။ ရည်းစားတွေမများပေမယ့် ဇော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလျှင် နှစ်ယောက်တော့ရှိပြီဖြစ်၏။

ထိုနှစ်ယောက်စလုံးမှာ ရည်းစားနဲ့တွေ့တိုင်း တစ်ခုခု အဆင်မပြေလို့ ဖြေရှင်းဖို့ရှိလာတိုင်း ပြေးလွှားပါဝင်ခဲ့ရတာ ဘယ်သူလဲ။

ကြင်နာ သည် ရည်းစားနဲ့အဆင်မပြေဖြစ်ပြီဆို သူ့ရှိတဲ့နေရာကို သွားသည်။ တစ်ယောက်နဲ့တစ်ယောက် လှမ်းမြင်နေရသည့် အကွာအဝေးလောက်မှာရှိနေတာတောင်မှ စာတစ်စောင်ကောက်ရေးပြီး...

'ခရောင်း သူ့ကိုသွားပေးလိုက်စမ်းပါ' ဆိုတာမျိုး ...

အမှတ်တမဲ့ဆုံမိကြတဲ့အခါ သူမက မြင်လိုက်ပြီ ဟိုတစ်ယောက်က မမြင်သေးလျှင် ...

"ခရောင်း ခဏ နောက်ချန်နေခဲ့စမ်းပါ၊ နင့်ကိုမြင်ရင် သူ လာမေးလိမ့်မယ်၊ အဲဒီတော့မှ ငါရှိတဲ့ဆီ ပြပေးလိုက်၊ ငါက စမြင်တယ်ဆိုတာ မဖြစ်စေချင်လို့"

စသည့် လှုပ်ရှားမှုတွေမှာ ကိုယ်ပဲ မိန်းကလေးတန်မဲ့ ပြေးလွှားဆောင်ရွက်ခဲ့ရတာတွေ နည်းသလား။ ခု ဘာအကြောင်းတွေရှိနေပြန်ပြီလဲ။

ရင်ထဲမှာတော့ လေးလံနေပါပြီ။

"ခရောင်း"

"ဟင်"

"စိတ်ညစ်သွားပြီလား။ ငါ့ကို ကူညီပါဟာ၊ ငါ သူ့ကို ဘယ်လောက်စွဲလမ်းတာ နင်သိပါတယ်"

ပြောနေရင်း ကားကို လမ်းဘေးတစ်နေရာမှာ ချရပ်လိုက်၏။ ပြီးတော့ တင်ပါးထိရှည်သည့်ဆံပင်တွေကို နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့်လေး စည်းထားသည့်ခရောင်းကို ငေးကြည့်သည်။

ခေါင်းစည်းကွင်းလေးတွေရော၊ တီရှပ်ဗေဒါရောင်အကွက်လေးရော





အဆင်ပြေပါသည်။ တောက်တောက်ပပ သိပ်မရှိသော်လည်း ခရောင်းက ချစ်စရာလေးမို့ ဘာဝတ်ဝတ် ကြည့်ကောင်းသည်ပင်။

"ခုလေ နင်... နင် ဇော်ဆီကို ခဏသွားပေးပါ"

"ဘာ... ဘယ်လို"

"လန့်မသွားပါနဲ့ နင်ကလဲ၊ စကားလေးနည်းနည်းပြောပြီး ခဏလေး ထိန်းထားပေးပါ၊ ငါ နောက်တစ်ယောက်နဲ့ မတွေ့မဖြစ်လို့..."

"နောက်တစ်ယောက်..."

ခရောင်း မျက်လုံးပြူးနေတော့ ကြင်နာ့ မျက်နှာလေးက စိတ်မရှည်သလို မဲ့သွား၏။

"နောက်တစ်ယောက်ဆိုတာ ချစ်သူမဟုတ်ဘူးဟ၊ ငါနဲ့လက်ထပ်ရမယ့်သူ"

"လက်ထပ်ရမယ်"

"ခရောင်း ကလဲဟာ ဘာတွေသံယောင်လိုက်နေတာလဲ၊ ဒီမှာ စိတ်မရှည်ရတဲ့အထဲ"

"အံ့သြလို့ပေါ့၊ နင့်မှာ လက်ထပ်ရမယ့်သူရှိတယ်ဆိုတာ ငါ့ကို တစ်ခါမှမပြောဘူးတာ"

ဟုတ်တယ်ဟု ပါးစပ်ကဝန်ခံလိုက်တာမျိုး ကြင်နာ ဘာမှမပြောဘဲ မျက်နှာလေးညိုးကျသွား၏။ ပြီးတော့မှ နာရီတစ်ချက်ကြည့်ကာ...

"အဲဒါတွေပြောပြချင်လို့ ငါ နင်အားတာကိုမစောင့်နိုင်ဘဲ ရွတ်ခေါ်လာခဲ့တာ"

"ပြောလေ"

"ငါ့ရဲ့ နှိုထိန်း ကြီးကြီးသန့်ကို နင် သိတယ်နော်"

"ကြင်နာရယ် နင့်ဘေးမှာ အမြဲရှိနေတဲ့ဟာ အဆန်းလုပ်မေးနေပြန်ပြီ၊ ဆက်ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်က စာလာခု ကြီးကြီးသန့်က ငါ့ကို အသိပေးတာ၊ ငါလေ နင့်ကို အရမ်းခင်ပြီး ရင်းနှီးတဲ့သူမို့လို့ ပြောပြရမှာ ရှက်ဖို့လဲကောင်းပါတယ်"

"ပြောပါ၊ ဘာလဲ"

မထိတထိအပြုံးလေးနှင့် အမြဲချိုနေတတ်သည့် မျက်နှာလေးက အနီရောင်သမ်းအောင်ပြောင်းလဲနေသဖြင့် ခရောင်း စိတ်ဝင်တစား ဖြစ်သွားမိသည်။

"ပြောလေဟာ၊ လက်ထပ်ရမယ့်လူရှိနေတာ ခုမှသိရလို့ ငါက အံ့သြတာပါ၊ နင့်မိဘတွေ လူကြီးချင်း အစကတည်းက စီစဉ်ခဲ့တာနေမှာပေါ့၊ အဲဒါ ဘာဖြစ်လို့ ရှက်ရမှာလဲ"

"မဟုတ်ဘူး"

ကြင်နာ က စတီယာရင်မှာ လက်ဆန့်တင်၍ ကုရှင်မှာ ခပ်လျော့လျော့မှီလိုက်ကာ...

"လူကြီးတွေ စီစဉ်ခဲ့လဲ ငါ မချစ်နိုင်ဘဲနဲ့တော့ မရှိတော့တဲ့လူတွေအတွက် ကိုယ့်ကိုယ်ကို မစတေးပါဘူး၊ အဲဒီလိုပြောတာ ရိုင်းချင်ရိုင်းမယ်၊ ဒါပေမယ့် မိဘကိုစော်ကားတာမှမဟုတ်တာ၊ သူတို့က စွန့်ခွာထားရစ်ခဲ့တဲ့သူ၊ ဟိုဘက်ဘဝတစ်ခုကို ရှေးရှုပြီး ဒီဘဝက သားတွေ သမီးတွေဆိုတာကိုလဲ မသိတော့ဘူး၊ ကျန်ရစ်ခဲ့တဲ့သူက ကိုယ့်ဘဝကို ကိုယ့်စိတ်ကူးဆုံးဖြတ်ချက်နဲ့ တည်ဆောက်ခွင့်မရှိရဘူးလား"

"ဟုတ်တော့ဟုတ်တာပေါ့ဟာ၊ ဒါပေမယ့် သားလိမ္မာ သမီးလိမ္မာဖြစ်ကြဖို့က ..."

"ပတ်ဝန်းကျင်က အမှတ်တွေပေးအောင်လို့ပါဟာ၊ သူတို့ အမှတ်ခြစ်ပေးရုံနဲ့ ဘဝစာမျက်နှာတွေမှာ ဂုဏ်ထူးတန်းဝင်မသွားနိုင်ပါဘူး၊ ငါ့ခံယူချက်ကတော့ သေဆုံးသွားတဲ့သူတွေကို အစွဲအလမ်းကြီးကြီးနဲ့ ဒုက္





ခသမျှ ခါးစည်းခံရမှာ သဘာဝမကျဘူးလို့ထင်တယ်"

"ဒါဆိုလဲ သူက ကိုယ့်ရဲ့နှိုထိန်းပဲတာ မယူနိုင်ဘူးလို့ပြောလိုက်ပေါ့၊ သူဟာသူ ဟိုဘက်ကို ကြည့်ကောင်းအောင်ပြောလိမ့်မယ်"

"အဲဒီလိုမရလို့ပေါ့ ခရောင်းရယ်၊ ခုကိစ္စက လက်ထပ်ဖို့တစ်ခုတည်း မဟုတ်ဘူး"

ကြင်နာ မျက်ခုံးတန်းလေးတွေ တွန့်ကုပ်နေကြ၏။ ဒီစကားကို ပြောဖို့အတွက် တော်တော်အားထုတ်နေရသည့်နှယ် ...။

"ငါ အခု သုံးစွဲကိုင်တွယ်နေတဲ့ စီးပွားဥစ္စာတွေက သူတို့ပိုင်တာတွေတဲ့"

"ဟင် ..."

ခရောင်း နှုတ်ခမ်းလေးတွေ တော်တော်နှင့်ပြန်မစေ့နိုင်။ ဒါ ဖြစ်နိုင်ပါ့မလား။ ကြင်နာဖော် ဘယ်လောက်ထိချမ်းသာတယ်ဆိုတာတောင် ဘယ်သူမှ သေချာမခန့်မှန်းနိုင်တာကို ...

"ဟုတ်ရဲ့လား ကြင်နာ ရယ်၊ နင် မငြင်းနိုင်အောင်များ စီစဉ်ခဲ့တာလား"

ကြင်နာ က ခေါင်းတွင်တွင်ခါနေကာ ...

"မဟုတ်ဘူး၊ အဲဒါ ဟုတ်တယ်"

"ဘာတွေဖြစ်ကုန်တာလဲ၊ သူတို့က ဘယ်ကလဲ"

"ရန်ကုန်က မြို့တိုင်းမှာ ငွေစုဘဏ်ကြီးတွေ ဖွင့်နေတဲ့ ဦးတက်နေ"

"ဦးတက်နေ"

မသိဘဲနေမလား၊ ဒီဘဏ်သူဌေးက နိုင်ငံကျော်၊ ကမ္ဘာကျော်ပဲ။

"ဟုတ်တယ်၊ သူတို့က လုပ်ငန်းတွေထူထောင်ပြီး ဖေဖေ့ကို ဦးစီးခိုင်းထားတာတဲ့၊ ဖေဖေက သူတို့လင်မယားရဲ့ အသက်ကို ကယ်ခဲ့လို့ သြဇိုးစိမ်တွေ တစ်ဝက်ပုံပေးပြီး ရင်းနှီးပေးထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အပိုင်ပေးတာ မဖြစ်နိုင်ဘူးလား"

"ကြီးကြီးသန့် ငါ့ကို အားလုံးပြောပြတယ်၊ ဖေဖေကလဲ သိပ်ကို စနစ်ကြီးတဲ့သူဆိုတော့ ကိုယ့်မိသားစုအတွက် ပြည့်စုံအောင်သုံးစွဲတာပဲ ရှိထယ်၊ ဘာတစ်ခုမှ အပိုမထုတ်ခဲ့ဘူးတဲ့၊ အခု ငါပိုင်ဆိုလို့ ဖေဖေ မဆုံးခင်ကထုထောင်သွားတဲ့ ကုန်လှောင်ရုံနဲ့တွဲတဲ့ ပွဲရုံလေးတစ်ရုံပဲရှိတော့တယ်"

"လက်ထပ်ရမှာက သူတို့သားနဲ့လား၊ အမွေကိစ္စက ဘယ်လိုပါလာတာလဲ၊ သူ့သားကို လက်မထပ်ရင် ဒါတွေကို ပြန်သိမ်းမယ်တဲ့လား"

"ဒီလိုကြီးတော့ ဘယ်ပြောမလဲဟ၊ လက်ထပ်ဖို့စီစဉ်ခဲ့ကြတာကလဲ မိဘချင်းရင်းနှီးလွန်းလို့ ခိုင်မာခဲ့ကြတာ။ ဖေဖေတို့ ဘာမှမပြောနိုင်၊ မမှာနိုင်ဘဲ ကားအက်ဆီးဒင့်ဖြစ်ပြီးဆုံးသွားခဲ့တာဆိုတော့ ငါပဲ ဘာမှသိခွင့်မရခဲ့တာပါ။ သူတို့ကတော့ လက်ထပ်စေချင်ပြီဆိုတာလောက်ပဲ ပြောတာပေါ့။ ဖေဖေက ပြောထားနှင့်ပြီးသားလို့ ထင်တာလဲပါမယ်၊ ဘာပဲဖြစ်ဖြစ် ငါက ခေါင်းခါလိုက်ရင် ဘာလုပ်သင့်သလဲဆိုတာ ကိုယ့်ဘာသာသိရမှာပဲမဟုတ်ဘူးလား၊ ငါ ဇော့်ကိုချစ်တယ်"

"နှင်ကလဲ ကြင်နာရယ် ဘယ်လိုမှငြင်းလို့မဖြစ်တော့ဘူးဆိုမှတော့ နင် လက်ခံရတော့မှာပဲ မဟုတ်ဘူးလား။ ဒီလိုမှမဟုတ်သေးရင် တစ်ခုပဲရှိတော့တယ်၊ အားလုံးကိုထားခဲ့ပြီး ဇော့်နောက်ကို နင် လိုက်ရဲရင် လိုက်သွား"

"ဇော် ကိုယ်ပိုင်ကားစီးနိုင်လောက်တဲ့အခြေအနေလေးပဲရှိတာဟ၊ ပြီးတော့ မိသားစုတွေအများကြီးပဲ၊ ငါ့ရဲ့စည်းစိမ်နဲ့ပေါင်းပြီး သူ့ဘဝထဲကို ဝင်လိုက်ဖို့သတ္တိရှိပေမယ့် ငါ့မှာ လက်ချည်းသက်သက်နဲ့တော့ မစွန့်စားရဲဘူး၊ ထပ်မရရင်နေပါစေ ငါ မဆင်းရဲချင်ဘူး"

ကြင်နာ့ ကို ခရောင်း သနားသွားမိသည်။ ဒါ မှန်တာပဲဟုတွက်ကာ





ဘယ်လိုဖေးမကူညီရမလဲဆိုတာကို တွေးမိလာ၏။

"ပြောလေ၊ ငါ ဘာကူညီရမလဲ"

"ဇော်နဲ့ချိန်းထားတဲ့နေ့ကျကာမှ သူက မန္တလေးကို ရောက်လာတယ်"

"ဘယ်သူလဲ"

"ငါနဲ့လက်ထပ်ရမယ့်သူ၊ နာမည်က 'နေဗဟို' တဲ့"

"ဟုတ်လား။ နင် သူ့ကိုတွေ့ကြည့်လိုက်ပါလားဟာ၊ ဇော့်လိုပဲ ချောချောတောင့်တောင့်ပုံစံမျိုးဆိုရင် လောလောဆယ် မချစ်နိုင်ရင်တောင်မှ နောက်တော့ သာယာစိတ်လေးဖြစ်လာမှာပါ"

"ငါ သူ့ကိုသိပါတယ်၊ သူနဲ့ငါ ငယ်ငယ်ကတည်းက ဆုံဖူးပြီးသား"

"ဟုတ်တယ်"

"အင်း၊ ငါ ခြောက်တန်းရောက်တော့ သူက ကိုးတန်းလေ၊ သူ ငါ့ကို စာသင်ပေးဖူးတာ"

"ဒါဆို အရမ်းစိမ်းကြတာမှမဟုတ်ကြတာ ကြင်နာရယ်၊ ဘာလဲ၊ ရုပ်တာအားဆိုးလို့လား"

"မဆိုးပါဘူး၊ ဒါပေမယ့် နင်ကမှ ရည်းစားမထားဘူးတာ၊ အချစ်ဆိုတာ လှတာချောတာနဲ့ချည်းပဲ သက်ဆိုင်တာမဟုတ်ဘူးဟ၊ ငါ ခင်နဲ့ အကြောက်ပေမယ့် ဇော့်ကိုပဲချစ်တယ်၊ ဘာဖြစ်ဖြစ် လောလောဆယ် ဆာ့ ငါ ဇော့်ကို ငါ မပြတ်နိုင်ဘူး၊ အဲဒါကြောင့် ကိုနေ့ကိုလဲသွားတွေ့မယ်၊ ဇော့်ကိုလဲ စိတ်ဆိုးမခံနိုင်ဘူး"

အကြောင်းစုံနားလည်သွားပြီဆိုတော့ ဒီတစ်ခါ ခရောင်း စိတ်ပါ သက်ပါ ခေါင်းညိတ်မိ၏။

"ပြောလေ၊ ငါ ဘာသွားပြောပေးရမလဲ"

"နင်က မလိမ်တတ်ပါဘူး၊ ရုပ်ကုန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ သူမဘာသာ စာတစ်စောင်အမြန်ရေးပြီး ခရောင်း လက်ထဲထည့်၏။ ပြီးတော့ ဘယ်နေရာမှာပြန်ဆုံမည်ဟုပြော၍ အနီးဆုံးထိ လိုက်ပို့သေးသည်။

စာကိုကိုင်ပြီးဆင်းလိုက်မိသည့်အချိန်မှာ ရှိုင်းကို သတိရလိုက်မိ၏။ တွေ့ရင်ပြောဦးမည်ထင်သည်။

"နင် ဒုက္ခရောက်ဦးမယ် ကြည့်နေ" လို့ …။





## အခန်း (၃)

"သူက ဘာသဘောလဲ"

"မသိဘူး"

လို့ ခရောင်း ဖြေလိုက်တော့ ဇော့် မျက်ခုံးတွေ ဆတ်ခနဲကျုံ့သွား သူက မကျေနပ်တာကို သိသာအောင်ပြပေမယ့် ခရောင်း က ဂရု…စွာ မျက်နှာလွှဲပစ်သည်။

ဟုတ်တယ်လေ၊ မသိလို့ မသိဘူးပြောတာ၊ မကျေနပ်တော့ ဘာ…မှာလဲ၊ ကြင်နာ ပြောသွားတာကိုပဲကြည့် …

'ကိုနေကိုလဲသွားတွေ့မယ်၊ ဇော့်ကိုလဲစိတ်ဆိုးမခံနိုင်ဘူး'တဲ့။

ဟိုကိုလည်း လက်မလွှတ်နိုင်၊ ဒီဘက်ကိုလည်း ပြတ်တောက်သွား…သည်။ ဒါပေမယ့် သူမ ဘယ်လိုဆုံးဖြတ်မှာလည်းတော့ ဘယ်သူက…လဲ။

"ဒီမှာ ခရောင်းရင့် …"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲနေရာကနေ ခရောင်း သူ့ဘက်ကိုပြန်လှည့်သည်။ ဇော်က မပြောသေးဘဲ မလိမ်မိုးမလိမ္မာရုပ်လေးနှင့် လူကို ဂရုမစိုက်တာတွေ လာလုပ်ပြနေသည့် ခရောင်း ကိုစိုက်ကြည့်သည်။

ဘာလေးလဲ၊ ကြင်နာ ရောက်လာတိုင်း သူမ ပါလာသည်။ မလှမ်းမကမ်းမှာနေပြီး ကြင်နာ လက်ယပ်ခေါ်တာနှင့် အနားရောက်လာတတ်၏။

သွားလေရာပါနေတတ်ပြီး ကြင်နာ့အတွက် ပျာနေတတ်လွန်းလို့ ကြင်နာ တို့အိမ်က အိမ်ဖော်လေးလို့တောင် သူ ထင်ခဲ့ဖူးသည်ပဲ၊ ပြီးတော့မှသာ နင်နဲ့ငါနဲ့ ပြောဆိုရင်းနှီးနေကြလို့ သူငယ်ချင်းတွေမှန်း သိခဲ့ရသည်။ ခရောင်းရင့် ဆိုသည့် သူမလေးသည် ကြင်နာ တစ်ယောက်၏ရှေ့မှ လွှဲလျှင် မျက်နှာထားနဲ့ မျက်ဝန်းလေးတွေက အဲဒီလိုပဲ ဘာမထီပုံစံ။

"မင်းကို တို့ မေးနေတာ သူ ဒီကိုမလာနိုင်တဲ့အကြောင်းရင်းတစ်ခုခု…"

မကျေနပ်ခြင်းကြောင့် စားပွဲကို ခပ်ဆတ်ဆတ်ပုတ်လိုက်မိလျှင် ဖင်ကပ်ပဲကျန်တော့သည့် အအေးပုလင်းက ဒစ္စကိုကသွား၏။

ခရောင်း က ပုလင်းကို မျက်မှောင်ကြုတ်လေးနှင့်ကြည့်ပြီးမှ သူ့ဆီကို မျက်လွှာပင့်လာကာ …

"အကြောင်းရင်းတစ်ခုခုကို အဲဒီစာထဲမှာ ရေးထားမှာပါ၊ ရှင် ဖတ်ကြည့်ပြီးပြီမဟုတ်လား"

"ဘာမှမရေးရာဘူး၊ ဘယ်ကစည့်သည်လဲ၊ ဘယ်လောက်အရေးကြီးတဲ့ဧည့်သည်မို့လို့လဲ"

"အို … ဒုက္ခပါပဲ"

ထိတ်လန့်ရိုးရိမ်၍ညည်းတာမဟုတ်ဘဲ ရှုံ့မဲ့မဲ့စိတ်ပျက်စွာကြည့်နေရင်း ဒုက္ခညည်းလိုက်သဖြင့် ဇော် ဒေါ်ပွသွား၏။

"ဘာဒုက္ခတာလဲ၊ မင်းကို သူခိုင်းလိုက်တာမဟုတ်ဘူးလား၊ မင်းရဲ့





သူ သူငယ်ချင်းတွေပဲ၊ ခွေးလိမ္မာတစ်ကောင်ရဲ့ပါးစပ်ထဲကို စာထည့်လွှတ်လိုက်တာမှမဟုတ်ဘဲ"

"ကြည့်စမ်း"

"စာပေးပြီးမှ တစ်လုံးမှမပြောမဆိုဘဲ ဘာသံမှမထွက်တော့ဘဲ ထိုင်နေတာ ဘာလဲ"

"ဘာရမှာလဲ၊ သူ့ဘာသာ ရေရေရာရာမပြောချင်လို့ ဒါမှမဟုတ် မပြောနိုင်လို့ မရေးလိုက်တာ ကျွန်မနဲ့ ဘာဆိုင်လဲ"

"မဆိုင်ဘူးလို့မပြောနဲ့လေ၊ မင်းသိတဲ့အတိုင်း မပြောနိုင်ရင်တောင်မှ သူ့အကြောင်း တစ်ခုခု မင်းပြောရမှာပေ့ါ၊ မလာနိုင်ရင် ဖုန်းဆက်ပြောလိုက်တာနဲ့ ပြီးတယ်၊ လူကြုံပါးလွှတ်လိုက်ကတည်းက ဖွင့်ပြောနိုင်တာတစ်ခုခုကို သူထည့်ပေးလိုက်မှာပဲ"

"ရှင့်ရဲ့ တစ်ခုခုတွေက များလှချေလား"

ပြော၍ ခရောင်း ဆတ်ခနဲထ,ရပ်လိုက်၏။ သူ ကားပွဲကိုပုတ်ပစ်လိုက်ကတည်းက ဘေးကလူတွေ သတိထားမိကုန်ကြတာဖြစ်သည်။ လူတွေသိမှာစိုးလို့ ငြိမ်ငြိမ်ကုပ်ကုပ်လေးထိုင်နေလည်း သူ ဖောင်းနေသမျှ ကိုယ်ပဲလိုမ့်ခံရမှာမို့ …

"ဒီမှာ ရှင်ပြောသလိုပဲ ကျွန်မက ခွေးတစ်ကောင်မဟုတ်ဘူး၊ ဘာတစ်ခုခုမှ သူ ထည့်မပေးလိုက်ဘူး၊ အဲဒါ သေချာတယ်၊ ရှင် ဘာမှာချင်သလဲ၊ မှာစရာမရှိရင် သွားမယ်"

"နေဦး"

ခရောင်း က စကားဆုံးသည်နှင့် ကျောခိုင်းလိုက်သည်။ ဇော် က အမိန့်ဆန်ဆန်တားဆီးကာ …

"သူ ဘယ်မှာလဲ"

"ပြောပြလိုက်ပါလို့ မမှာလိုက်တဲ့အတွက် မပြောနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘေးစောင်းနှစ်ဖက်မှာ ဆံပင်နှစ်ဖက်စည်းချထားသည့် ဂျစ်က[illegible] ကန့်မျက်နှာလေးကို ဖော် က အလွန်အမင်းကြည့်မရဖြစ်နေသည့် မျက်[illegible] ဝန်းများနှင့် စူးစိုက်လျက်...

"ပြောလိုက်၊ နာရီဝက်ထပ်စောင့်မယ်၊ အဲဒီမှာ ဘာအကြောင်းပဲ[illegible] ရှိ ထားခဲ့လိုက်လို့"





## အခန်း (၄)

ကားပေါ် ကဆင်းလိုက်ကတည်းက ရှပ်အင်္ကျီလက်တိုအဝါနုရောင်နှင့် တိုတိုရှင်းရှင်းဆံပင်ကို နဖူးလှန်ဖြီးထားသည့်ယောကျ်ားတစ်ယောက်ထံ မျက်လုံးက တန်းခနဲရောက်၏။

သေသပ်စွာဖြီးလှန်ထားသော ဆံပင်နက်နက်များနှင့် ထူထဲသောမျက်ခုံးနှစ်ဖက်က ဖြူဝင်းသည့်မျက်နှာထက်မှာ ထင်းနေသည်။

ပြီးတော့ မထူမပါးနှုတ်ခမ်းတစ်စုံက နီတာလည်းမဟုတ်၊ ညိုတာလည်းမဟုတ်ဘဲ သာမန်နှုတ်ခမ်းသားအရောင်ထက် နည်းနည်းလေးပိုရင့်၏။ ထိုယောကျ်ားကို ကြင်နာ မှတ်မိပါသည်။ သူဟာ 'နေဇဟို' ဆိုသည့် ယောကျ်ား၊ ဒါမှမဟုတ် သူမ လက်ထပ်မရမည့် ခင်ပွန်းလောင်း။

"ကြင်နာ.. မင်းနဲ့ငါ ဆွေးနွေးချင်တယ်" တဲ့။

မနက်ကိုးနာရီခွဲမှာ သူ့ဖုန်းဝင်လာခဲ့သည်။ ဒါပေမယ့် သူ မန္တလေးကိုရောက်နေပြီလို့ အနည်းငယ်မျှပင် မတွေးမိပေ။

"မင်း ထွက်လာခဲ့ပါလား၊ ကိုယ် စောင့်နေမယ်" ဆိုတော့မှ ...

"ဘယ်လို ...၊ မန္တလေးနဲ့ရန်ကုန်ကြီးကို ကြင်နာ က ..."

"ကိုယ် ဘုရားကြီးနားမှာ စောင့်နေမယ်"

"ကိုနေ က မန္တလေးရောက်နေတာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လူကြီးတွေက သေချာပြီးသားလို့ထင်ပြီး မင်း ရောက်လာတာနဲ့ လက်ထပ်ပေးမလို့ စီစဉ်နေကြတာလေ၊ သူတို့အတွက် မင်းမှာ မိဘလဲမရှိတော့ဘူး ဆိုတော့ တစ်ယောက်တည်းနေထိုင်ရရှာမှာလို့ တွက်တာ"

"ကြင်နာ နေသားကျနေပါပြီ"

"သိတယ်၊ လူကြီးတွေက ဒီလိုထင်ပေမယ့် မင်းအတွက်က လွတ်လပ်မှုတစ်ခုဖြစ်နေရင် ဒီလွတ်လပ်မှုဟာ တစ်စုံတစ်ရာပြောင်းလဲမှုကို ဖြစ်နေနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် လူကြီးတွေတွက်သလို ကိုယ်က မတွက်တော့ ဘာမှ မသေချာသေးခင် မင်းနဲ့ထိပ်တိုက်ဆွေးနွေးဖို့လိုမယ်လို့ တွေးမိလာတယ်၊ အဲဒါကြောင့် ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ ထွက်လာခဲ့တာ၊ မင်း ဘယ်အချိန် အဆင်ပြေမလဲ"

ဟု မေးခဲ့သည်။ သူက ရောက်လာပြီး ကြင်နာ့ ဆီကို ဘာလို့မလာတာလဲ။ ပြီးတော့ သူ့စကားထဲမှာ ကြင်နာ့ မှာချစ်သူရှိနေ၊ မနေ သိချင်တာက ပေါ်လွင်နေ၏။ သူမ ဘယ်လိုပြောရမလဲ။

'ကျွန်မမှာ ချစ်သူရှိတယ်'လို့ပြောလိုက်လျှင် တစ်ခွန်းတည်းနှင့် သူ နောက်ပြန်လှည့်သွားမှာသေချာသည်။ ပြောလိုက်မှာလား ...။

သူ့နားရောက်လာလေလေ ခြေလှမ်းတွေက ပို၍နှေးကျသွားလေ။ နေဗဟိုသည် သူမနှင့်ရင်းနှီးခဲ့စဉ်ကထက် ပိုချောလာ၏။ ရင့်ကျက်သည့် အသွင်ကြောင့် အဝေးကနေမြင်လိုက်ရတာကပင် စမတ်ကျသည့်ပုံစံက ထင်းနေသည်။

ဖော် နှင့်ယှဉ်လိုက်လျှင် နုသစ်ခြင်းနဲ့ ရင့်ကျက်ခြင်းနှစ်ရပ်က ကွာဟသွားနိုင်ပေမယ့် ချစ်တဲ့သူ့ဘက်ကို အလေးထားဆုံးဖြတ်ရဲလောက်အောင်လည်း သူမ မပြတ်သားနိုင်ပေ။

သူ ထိုင်နေသည့်စားပွဲရှေ့ကို ရောက်သွားခဲ့သည်အထိ ကြင်နာ





မဆုံးဖြတ်နိုင်သေး။

"ကြင်နာဇော် ..."

"ဟုတ်ကဲ့"

သူ့ထံသို့ တန်းတန်းမတ်မတ်လျှောက်လာသည့် သူမကို ဗဟို ကလည်း မမှိတ်မသုန်စိုက်ကြည့်နေခဲ့တာဖြစ်သည်။ ဟိုတုန်းက ယောက်ျားဆံပင်ကပ်ကပ်လေးနှင့် ဝတုတ်တုတ်ကောင်မလေးသည် ခုကျတော့ အဖျားနားလေးတွေလိပ်တက်နေသည့် ပခုံးအောက်ဆံပင်တွေကို ဖြန့်ချကာ ချပ်ရပ်လှသည့်ကိုယ်လုံးလေးကလည်း အံ့ဩလောက်အောင်ပင် ပြောင်းလဲနိုင်တာပေါ့။ နှစ်တွေလည်း နည်းတော့တာမှမဟုတ်တာ။

တွေးနေမိရင်း သူမ ကိုယ့်ရှေ့မှာ မတ်မတ်ရပ်လိုက်တော့မှ မျက်လုံးချင်းဆုံမိကြ၏။ ထိုအခါ စာမရလို့ သူဆူတိုင်း မကျေမနပ်စွေစောင်းကြည့်တတ်သည့်မျက်ဝန်းလေးတွေမဟုတ်တော့ဘဲ လှပတည်ငြိမ်သည့်အကြည့်များမှာ ရွှန်းတောက်နေသည်က ပိုလှသည်။ သူမလေးဟာ မိဘမဲ့ဘဝနှင့် နေခဲ့ရတာ ကြာပြီပဲ။

သည်မှ လှပချစ်စဖွယ်ရုပ်သွင်လေးနှင့် သူမမှာ ချစ်သူမရှိဘဲနေပါ့မလား။ ခု လျှောက်လာတဲ့ခြေလှမ်းတွေက 'ကျွန်မက ချစ်သူရှိပြီးသား'လို့ ပြောမယ့်အားအင်တွေနဲ့လား။

ဘာဖြစ်ဖြစ် ပြောပါစေ၊ ပြောခွင့်ပြုမှာမို့လို့ ဒီလမ်းကို သူ ထွင်ပေးခဲ့တာပဲ။ နှမြောတသဖြစ်မိတာမျိုးတော့မရှိပါ။ ဒါပေမယ့် ကိုယ့်မျက်နှာကိုကြည့်ပြီး ဒီလိုပြောလာရင် တည်ငြိမ်စွာနားဆင်နိုင်ဖို့ကလည်း သိပ်တော့မလွယ်။

ဘာဖြစ်လို့လဲဆိုလျှင် ချစ်သူလည်းမရှာခဲ့၊ ကြင်ရာရွေးဖို့လည်း စိတ်ကူးမရှိခဲ့သော သူသည် မိမိကိုယ်တိုင် တမ်းတတောင်းဆိုခဲ့တာမဟုတ်ခဲ့သော မိန်းမတစ်ယောက်၏ ငြင်းပယ်ခြင်းကိုလည်း လက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် 'နေဗဟို'ဆိုသော လူတစ်ယောက်နှင့်ပတ်သတ်၍ စီးပွားရေးလူမှုရေးလောကအားလုံးမှာ သူ့ကို စိတ်မဝင်စားတဲ့လူသိပ်မရှိပေ။

သူ့အကြောင်း၊ သူ့သတင်းကို အားလုံးက နားစွင့်နေခဲ့ကြသည်၊ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် သူ့ထက်ငါ သတင်းထူးကို လက်ဆင့်ကမ်းကြဖို့ အဆင်သင့်။

ဒီထဲမှာ 'နေဗဟို ဆိုတဲ့လူ လက်ထပ်ဖို့စီစဉ်ပြီးကာမှ မိန်းကလေးဘက်က ငြင်းလိုက်တယ်'တဲ့ဆိုသည့်သတင်းမျိုးကို ပြန့်ပွားမခံနိုင်။ သူ့မနွလေးကို ချက်ချင်းရောက်လာရတဲ့ အဓိကအကြောင်းက ဒါပါပဲ။

ထို့ကြောင့် သူမ ပြောလာမှာကို နှစ်ကိုယ်ကြား နားဆင်နိုင်ဖို့ ခွင့်အားတော့ရှိရမည်။ မာန ဆိုသည့်ပဝါကို သူမကို မြင်လိုက်စဉ်မှာပဲ သာသာလေးဖယ်ချထားလိုက်ရပြီး ...

"ထိုင်လေ၊ ဘာသောက်မလဲ"

"အဆင်ပြေတာ တစ်ခုခုပေါ့၊ ကိုနေပဲမှာလိုက်ပါ"

ပြောပြီး မျက်နှာချင်းဆိုင်မှာ ကြင်နာ ဝင်ထိုင်တော့ သူမ ကြိုက်တတ်သည့် နာနတ်မစ်ရှိတ်တစ်ခွက် မှာပေးလိုက်သည်။ ထိုအခါ ကြင်နာ့မျက်ဝန်းလေးတွေ သူ့ထံသို့ အရောင်တစ်မျိုးနှင့်ရောက်လာ၏။

ခုချိန်ထိ သူမအကြိုက်ကို သိနေဆဲပါလားဆိုသည့် ကျေနပ်သွားတာမျိုး။

"ကိုနေ က ကြင်နာ့ ကို တန်းသိတယ်နော်"

ပြောလိုက်တော့ တခြားပါ၊ ဗဟို က ပြုံးလိုက်ပြီး သူ သောက်ထားသည့်ဖန်ခွက်ကို ဘေးကို နည်းနည်းရွှေ့၏။

"မင်း ကိုယ့်ဆီတန်းလျှောက်လာလို့ပါ၊ မဟုတ်ရင် ချက်ချင်းတော့ မှတ်မိမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"





"မင်း လှလာတယ်"

ကြင်နာ့ ရင်ထဲမှာ ဒိတ်ခနဲတစ်ချက်မြည်သွား၏။ ထို့ကြောင့် ဆုံးဖြတ်ဖို့က တစ်ဖက်တည်းကိုတိမ်းစောင်းသွားခဲ့သည်။

သူ့ စကားတစ်ခွန်းမှာပဲ ရင်ခုန်သံကိုကြားလိုက်ရသဖြင့် နောက်ထပ် ရင်ခုန်သံတွေ ရပ်တန့်မသွားအောင် ဒီယောကျ်ား တတ်နိုင်မှာပဲဆိုတာကို ယုံကြည်လိုက်မိ၏။ ထိုအခါ ရင်ထဲမှာ ပေါ့ပါးကြည်လင်သွားကာ ပြုံးရယ်ဖို့ကို သတိရလာ၏။

"ကိုနေလဲ ချောလာတာပဲ၊ အရပ်ကြီးလဲမြင့်လာသလိုပဲ၊ အခု ဘာတွေလုပ်နေလဲဟင်"

"အိမ်ကအလုပ်ပဲလေ၊ ဖေဖေက ကျန်းမာရေးသိပ်မကောင်းတော့ အနားယူနေရတယ်"

"ဪ..."

"ကြင်နာ"

"ရှင်"

"မင်းဆီကို ကိုယ်ရောက်လာတာ ဘာအတွက်လဲလို့ မမေးတော့ဘူးလား"

"သိတော့သိနေသလိုပဲ၊ ဒါပေမယ့် ကိုနေ ပြောလေ"

အအေးရောက်လာတော့ ကြင်နာ က ချက်ချင်းမသောက်သေးဘဲ ဖွန်းကလေးနဲ့မွှေနှောက်ရင်း သူပြောလာမှာကို မော့ငေးနေ၏။

ဗဟို က စီးကရက်တစ်လိပ်ထုတ်လိုက်ပြီး မီးညှိသည်။ နှစ်ရှိုက်လောက်ဖွာပြီးမှ မီးခိုးဖြူလွှလွှတွေကို ဖြည်းဖြည်းလေးမှုတ်ထုတ်လိုက်ကာ...

"မင်းနဲ့ကိုယ့်ကို စီစဉ်နေကြတာ သိပြီးပြီထင်တယ်"

"သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗဟို က ခေါင်းညိတ်ပြ၍ စီးကရက်သောက်နေပြန်သည်။ ပြီးတော့ ကြင်နာ ကို မျက်တောင်ဖျားတို့မှေးစင်းကြည့်လျက် ...

"မင်း ဘယ်လိုပြင်ဆင်ထားသလဲ၊ ကိုယ် သိချင်တယ်"

"ဘာကိုလဲ ကိုနေ၊ ရန်ကုန်ကနောက်ထပ်အကြောင်းကြားလာရင် ကြင်နာ လာရမှာပါ။ ဘာတွေလိုသေးလို့လဲ"

"လာရမှာဆိုတာကို ရှင်းအောင်ထပ်ပြောဖို့လိုတယ် ကြင်နာ၊ ကိုယ် တည့်တည့်ပဲမေးမယ်၊ မင်းမှာ ချစ်သူရှိနေသလား၊ မရှိဘူးလား အဲဒါကို အမှန်အတိုင်း အားမနာတမ်းဖြေပါ"

ကြင်နာ က ငေးသွားပြီးမှ ယဲ့ယဲ့လေးပြုံးလိုက်ပြီး မျက်လွှာချသည်။

"ကိုနေ က အဲဒါလေးမေးဖို့ကို ဒီထိလိုက်လာတာလား"

"အဲဒါလေးကို မပြောနဲ့လေ"

ဗဟို့ကိုယ်က စားပွဲနှင့်ပိုကပ်သွားကာ ခါးမတ်မတ်ပြင်ထိုင်သလို ဖြစ်လျက် ...

"အိမ်ထောင်ရေးမှာ အဲဒါ အရေးကြီးဆုံးပဲ၊ ဟိုမှာ မင်္ဂလာကိစ္စကို အကျယ်တဝင့်ခင်းကျင်းပြင်ဆင်ထားပြီးမှ မင်းကိုခေါ်မှာ၊ မေမေတို့က ဘာအခက်အခဲမှမရှိနိုင်ဘူးလို့ တွက်ထားပေမယ့် ကိုယ်က အဲဒီလိုမတွက်ဘူး၊ ရှင်းရှင်းပြောရရင် မင်္ဂလာပွဲကြီးနဲ့ ငုတ်တုတ်မေ့ကျန်ခဲ့ရတဲ့ ဖေါ ကြောင်ကြောင်ကောင်မျိုး အဖြစ်မခံနိုင်ဘူး၊ လူတစ်ယောက်အတွက် ဂုဏ်သိက္ခာထက်အရေးပါတာ ဘာတွေရှိနေသေးသလဲ ကိုယ် မသိပေ မယ့် ကိုယ့်အတွက်တော့ လောလောဆယ် ကိုယ့်ရဲ့ဂုဏ်သိက္ခာလောက် အရေးကြီးတာ ဘာမှမရှိဘူး"

ကြင်နာ က ပြုံးနေ၏။ ကြားရပါပြီ သူ့ရဲ့မာနလက်ခတ်သံတွေ၊ ဒါတောင်မှ အသက်အရွယ်ချင်း သိပ်အကွာကြီးမဟုတ်သေးပေ။

ဖော့် ကျတော့—ချစ်ကြမည်၊ ပေါင်းကြမည်၊ ဘယ်သူဖျက်ဖျက် မပျက်ကြေး၊ ဒါပဲဖြစ်၏။





"ကြင်နာ ကိုယ်ပြောနေတာတွေကို သဘောပေါက်ရဲ့လား"

"အင်း"

"ဒါဆိုရင် ဖြေ"

"ချစ်သူလား"

"ဟုတ်တယ်"

"မရှိပါဘူး"

ဗဟို က ကြင်နာ့ မျက်နှာလေးကို စူးစိုက်ကြည့်လိုက်ပြီး စီးကရက်ကို ခွက်ထဲထည့်သည်။

"ကောင်းပြီ၊ ဒါဆိုရင်..."

သူ စကားမဆက်နိုင်ဘဲ မျက်လုံးတွေ ဘေးကိုရွေ့လျားသွားသဖြင့် ကြင်နာ က သူကြည့်တဲ့အတိုင်း လှမ်းကြည့်လျှင် ...

"ဟိတ် ခရောင်း ..."

ဟိုဘက်စားပွဲမှာ ထိုင်မလို့ပြင်လိုက်သည့် ခရောင်း ကို သူမကပဲ လှမ်းခေါ်လိုက်၏။

စိတ်ထဲမှာတော့ သိပ်မကျေနပ်ချင်ပါ။ ဘာဖြစ်လို့ ဒီနားထိရောက်အောင်လာရတာလဲဟု တွေးလိုက်မိကာ ...

"ကိုနေ က သူ့ကို ကြင်နာ့ သူငယ်ချင်းမှန်း သိလို့လား"

ခရောင်း ကိုခေါ်ပြီး ဒီဘက်ပြန်လှည့်၍ သိချင်တာကို မေးလိုက်မိ၏။ ဗဟို က ခေါင်းခါလိုက်ရင်း ...

"မသိပါဘူး၊ ဒါပေမယ့် သူ အဝင်ဝကနေ တစ်ခုခုကိုလိုက်ရှာနေတာ၊ မင်းကိုမြင်လိုက်ကာမှ ဆက်ဝင်လာတာလေ၊ ပြီးတော့ ဟိုဘက်မှာ ထိုင်လို့ လှမ်းကြည့်မိတာ"

ဗဟို မျက်စိလျှင်တာကို ကြင်နာ နည်းနည်းတော့လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပြုံးကာ ...

"လာ ခရောင်း ဒီမှာထိုင်"

ဟု နှစ်လိုဖွယ်ပြုံး၍ ခရောင်း ကို ဘေးမှာနေရာပေးလိုက်သည်။

"သူ့နာမည်က ခရောင်းရင့် တဲ့ ကိုနေ၊ ကြင်နာ့အတွက် အဖော်ပေါ့ သွားလေရာ သူပါတယ်"

သူငယ်ချင်းလို့ပြောလိုက်ရင် ပြီးတာပဲမဟုတ်ဘူးလား။ ခရောင်း မျက်နှာလေးတစ်မျိုးဖြစ်သွား၏။ လူထူပြီဆို ဤကဲ့သို့ ဘာလိုလိုပွဲထုတ်ပေးတတ်သော ကြင်နာ့ စကားတွေမှာ ခိုးလိုးခုလုခံစားခဲ့ရပေါင်း များနေပါပြီ။ ဒါပေမယ့် ...

အမြဲတမ်း အမှတ်တမဲ့ပဲရှိခဲ့ပါလျက် ခုတစ်လောကျမှ ကြင်နာ့ရဲ့ အပြုံးတွေ၊ စကားတွေအပေါ်မှာ ရှက်သလိုလို၊ သိမ်ငယ်သလိုလို...

ဒါဟာ ဖိနှိပ်မှု တစ်စုံတစ်ရာကြောင့်လား။ ဟိုအရင်ကတော့ သူပေးတာ ကိုယ်ယူခဲ့တာတွေက ပေါ့ပေါ့ပါးပါးပဲဖြစ်ကာ ခုကျတော့ သူ့ကျေးဇူးတွေနှင့် ခရောင်း လည်ပင်းအစ်နေခဲ့ပြီ။ ရှိုင်း ကလည်း တစ်ခုတင်လိုက်တိုင်း တစ်ခါပြောသည်။

"အဲဒီလိုမပြောနဲ့ ရှိုင်း။ သူများက စေတနာအမှန်နေရင် နင် ငရဲကြီးလိမ့်မယ်"

"ဘာမှမကြီးဘူး။ သူ့အတွက် အပန်းမကြီးတာတွေ ပစ်ချပေးပြီး နင့်ကို ဘယ်လိုပုံစံနဲ့ ဆက်ဆံနေတာလဲ အားလုံးက သိတယ်၊ နင်ပဲ မသိတာ" တဲ့။

ဘယ်လောက်ပဲဆင်းရဲပေမယ့် မာနစိတ်လေးတော့ ခရောင်း မှာရှိသည်။ ကိုယ်တသာ သူမဆီက အဆမတန်ယူထားမိတယ်ထင်ပြီး ကုန်းရုန်းပေးဆပ်နေတာ။

ဒီလိုမဟုတ်ဘဲ ကိုယ်ကချည်းပဲ အဆမတန်ပေးဆပ်နေရတာ ဆို





လျှင်...

"ခရောင်း"

"ဟင်"

"သူက ငါနဲ့လက်ထပ်မယ့်သူလေ၊ နာမည်က 'နေဗဟို'တဲ့"

"ဟုတ်ကဲ့"

နေဗဟို ဆိုသူကို ခရောင်း က သေချာကြည့်၏။ သိပ်မချောပေမယ့် တည်ကြည်နေသည့်ရုပ်သွင်ဟာ ရာထူးစည်းစိမ်ကြီးကြီးမားမားတစ်ခုနှင့် တွဲစပ်မြင်လိုက်ရသလို ထည်ဝါမှုအပြည့်ရှိသည်။

ဖော် က ချောသည်ဆိုပေမယ့် ဘာဆိုင်လို့လဲ။ နေဗဟို ကို ရင်းနှီးသားခဲ့ပြီး လက်လွှတ်မခံနိုင်ဖြစ်နေပါသည်ဆိုသော ကြင်နာ့ အဖြစ်ကိုလည်း နားလည်သွားခဲ့သည်။

တစ်ခုတော့ အံ့သြမိသည်။ ဤသို့ ချောတာ၊ ထောတာတွေအပေါ်မှာ ကြင်နာ ဒီလောက်ထိစိတ်ဝင်စားနေလိမ့်မည်ဟု ခရောင်း အစကမထင်ခဲ့မိပေ။

"ခရောင်း"

"ဟင် ဘာလဲ"

"ရော့ ကားသော့"

ကြင်နာ ခရောင်းရှေ့မှာ သော့ချပေးလိုက်ကာ...

"ကားထဲမှာ ငါစားနေကျပီကေ ရှိသေးတယ်၊ သွားယူလိုက်စမ်းပါ။ အောက်ကကော့စ်ထဲမှာ သိလား"

ခရောင်း မျက်ခုံးလေးတွေ တွန့်သွားသည်။ ဒီဆိုင်ရဲ့ ပါကင်က ဘေးမှာ သပ်သပ်ထုတ်ထားတာဖြစ်သည်။ ပြီးတော့ ဒီကနေ ဆိုင်အဝင်ဝထိ ထွက်သွားရမယ့်ခရီးကကော နီးသလား။

"ကိုနေ ပီကေဝါးတတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

သူက အသံခပ်တိုးတိုးနှင့်ခေါင်းခါပြနေသည်။ ကြင်နာ က ပြုံးလိုက်ပြီး ...

"ကြင်နာ က ပီကေ သိပ်ကြိုက်တာ၊ ပါးစပ်ထဲမှာ ပီကေထည့်ထားရမှ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိသလိုလို... အဟွန်း ... ခရောင်း သွားတော့လေ့ပေ့ဟာ၊ ငါ မသွားချင်လို့ ဒီမှာ ဒုက္ခရောက်နေတာ နင့်ကိုမြင်လို့ဝမ်းသာသွားတာတွေပျောက်အောင်မလုပ်နဲ့"

နောက်တစ်ခါ အသံကြားမှ ခရောင်း နေရာမှ ထ,ရပ်လိုက်ကာ...

"နင် မဖော့်မွေးနေ့ကို သွားရဖို့ရှိတယ်နော်"

မျက်ဝန်းထဲမှာ အဓိပ္ပာယ်တွေထည့်၍ ဖော် မှာလိုက်တာကိုတော့ သိအောင်ပြောပြလိုက်မိသည်။ ကြင်နာ မျက်နှာလေး မသိမသာပျက်သွား၏။

"မလာမချင်းစောင့်နေမှာလို့ သေချာမှာလိုက်တာ၊ နာရီဝက် အတွင်း"

'နာရီဝက်အတွင်း'ဆိုသည့်စကားကိုတော့ ဇဟို့ ကိုကျော်ခိုင်းလိုက်ပြီးမှ အသံနိမ့်၍ပြောပေးလိုက်သည်။ ကြင်နာ့ ရင်ထဲမှာ ဒိန်းခနဲမြည်သွား၏။ စူးရဲသည့် ဇဟို့မျက်ဝန်းတွေက ခရောင်း ကျောခိုင်းပစ်လိုက်ကာမှ ထိုကျောပြင်မှာ စူးစိုက်ငြိမ်တွယ်သွားသဖြင့် နောက်ထပ်ပြောတာကိုလည်း ကြားသွားနိုင်သည်။

ခုချိန်မှာ ရင်ထဲမှာ အဓိကရှိနေတာက ဇဟို့စိတ်ထဲမှာ သူမအပေါ် တစ်စုံတစ်ရာ မထင်မြင်သွားတာကိုပဲဖြစ်၏။

"မွေးနေ့က နေ့ခင်းကြောင်တောင်ကြီးမှာ လုပ်သလား"

"ဟင်..."

နာရီကြည့်လိုက်ပြီး ဇဟို မေးတော့ ကြင်နာ တွေခနဲဖြစ်သွားသည်။





"သြော် ... ဟုတ်တယ်၊ ညနေကျတော့ တကယ့်ပွဲကြီးလေ၊ နေ့ဘယ်ဘက်မှာ ကြင်နာတို့သူငယ်ချင်းတွေကိုပဲ စုပြီး လူငယ်တွေ သပ်သပ်ခဲကြမှာ"

"ဒါဆိုလဲ သွားလေ၊ ကိုယ်မပြန်ခင် အချိန်ရရင်တော့ ထပ်တွေ့တာပေါ့"

"ကိုနေ က အချိန်ရမှဆိုတော့ တခြားကိစ္စ ရှိသေးလို့လား၊ ဒါနဲ့ ကြင်နာ နဲ့စကားပြောဖို့လာတာဆို"

"အင်း... အဲဒါက အဓိကလေ၊ အလုပ်ကိစ္စက တစ်လက်စတည်း ပြီးသင့်တာပြီးသွားအောင်လို့ပါ"

"ဟို... ကြင်နာ တစ်ခုမေးလို့ရမလားဟင်"

"ဘာလဲ"

"ဟိုလေ ဖေဖေ ဆုံးသွားပြီးတဲ့နောက်မှာ ကြင်နာ ရှယ်ယာ ပြန်ထုတ်ထားခဲ့တဲ့ 'ဟိုတယ်လ်'လုပ်ငန်းနဲ့ပတ်သက်နေမလား"

ဇဟို ခေါင်းမခါဘဲ ဘာမှလည်းချက်ချင်းမဖြေ။ ကြင်နာ သည် ဘကယ်ရှက်၍ မိတာလည်းရှိကာ ကိုယ်က အပြစ်မကင်းသူမို့ သူ့ရှေ့မှာ မျက်လွှာလေးချထားပြီးမှ ...

"လုပ်ငန်းက အရမ်းကိုကြီးနေလို့ပါ၊ ဖေဖေကလဲ ကြင်နာ့ကို ဘာမှ ခိုင်းခဲ့တော့ လုပ်ငန်းအကြောင်းတွေ ကြင်နာ ဘာမှမသိဘူး၊ ဟိုဘက်က ယ်ယာရှင် အန်ကယ်လ်ထွန်းတို့ကလဲ ..."

"မင်းပြောချင်တာကို လိုရင်းပဲပြောပါ၊ အခု ကိုယ် အဲဒီဟိုတယ်လ်ခုနဲ့ နှစ်ရက် ထပ်နေမှာ၊ ဦးထွန်းဝေကလဲ သူ့ဘက်က ယုံကြည်ရမယ့် သိပ်မရှိတော့ မနိုင်မနင်းဖြစ်နေတယ်၊ အဲဒါကြောင့် ကိုယ်တစ်ဦးတည်းပိုင် ပြန်ပြောင်းယူမှာ၊ မင်း ဘာပြောချင်တာလဲ"

သူ့မျက်နှာမှာ နှုးညံ့ပျော့ဝင်ခြင်းထက် ပြတ်သားခိုင်မာခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ ပိုနေသည်။

စီးပွားရေးလောကအကြောင်း သူမ ဘာမှမသိပေမယ့် ဒီလူဟာ တကယ့်စီးပွားရေးလုပ်ငန်းရှင်စစ်စစ်ကြီးဖြစ်နေမှန်းတော့ အကဲခတ်မိခဲ့၏

ထို့ပြင် စီးပွားရေးလောကမှာ အောင်မြင်ထင်ရှားနေသူလား။ သူ့ မျက်နှာပေါ်က မာန၏ကောက်ကြောင်းများအတိုင်း ပုံဖော်ကြည့်မည် ဆိုလျှင် သူနှင့်တည်ဆောက်ရမည့် အိမ်ထောင်ရေးကရော ဘယ်လိုပုံတွေ ဖြစ်လာမလဲ။

ကြင်နာ့ စိတ်တွေက လုပ်ငန်းအကြောင်းကနေ အိမ်ထောင်ရေး ကိစ္စတွေထဲ ရောနှောမျောပါသွားခဲ့၏။

"ကြင်နာ"

"ရှင်"

"မင်းမှာ ကိုယ်နဲ့ပြောဆိုဖို့ အခက်အခဲတွေရှိနေသလား။ တခြား ကိုယ်ရေးကိုယ်တာ တစ်ခုခုလား။ အဲ... ကိုယ် စပ်စုတာမဟုတ်ဘူးနော် အဲဒီလောက်ထိ သူများကိစ္စထဲ ကိုယ် တစ်ခါမှမပါခဲ့ဘူး။ ဒါပေမယ့် ဖြစ် သင့်တာက မင်း ကိုယ့်အပေါ် ဒီထက်ပိုပြီး ရင်းနှီးသင့်တယ်၊ မပြော မဆိုရဲရအောင် ခုမှတွေ့ဖူးကြတာမှမဟုတ်တဲ"

'ရှင်က ဟိုတုန်းကထက်ပိုပြီး ဟန်ကြီးပန်ကြီးလုပ်လာတာကိုး' လို့ စိတ်ထဲမှာ ပက်ခနဲပြောဖြစ်သည်။ သို့သော် ...

"ကိုနေ ပြောတာဟုတ်ပါတယ်၊ ဒါပေမယ့် ကြင်နာ က အပြစ်ရှိကဲ့ သူလေ"

"ဘာကိုလဲ"

"ဟို... မိဘလက်ငုတ်လက်ရင်းလုပ်ငန်းတွေကို ဘာမှ မသိနား မလည်ခဲ့တဲ့အပြင် ရှိပြီးသားကို ဖြုတ်ပစ်ခဲ့တယ်၊ ပြီးတော့ တကယ်တမ်း အဲဒီစီးပွားတွေက ကြင်နာ ပိုင်ခဲ့တာလဲမဟုတ်ဘူးလေ၊ အခု ကိုနေတို့





သဘောကျနေတာလား။

စိတ်ထဲမှာ မေးခွန်းတွေဖြစ်သွား၏။ သူ့မျက်နှာထက်မှာ နူးညံ့ ညို့ချစ်ခြင်းကို ရှာမရပါဘဲ ချစ်ဖို့အတွက် ဦးတည်ပြောနေခြင်းကို မယုံ သူ။

ကားသော့ကလည်း ကြင်နာ့ ကိုပဲကြည့်လျက် ...

"ငါ ဒုခု မင်းရဲ့အဖြေကိုယုံကြည်ပြီး ကိုယ် ရှေ့ဆက်မယ်၊ မင်းရဲ့ "ဟာ ၆ လောလောဆယ် လက်ထပ်ဖို့အတွက်ကိုပဲ ထည့်ထားပါ၊ ပြောပုံဟာမှအားငယ်တာတွေ၊ အပြစ်ရှိတာတွေ မတွက်နဲ့၊ ကိုယ်က ဖို့မလိုတော့ပေ လည်ချင်တာ"

"ငါ အိမ်ကို နှေးမယ်ဆိုသည့် အဓိကဟာ ကြင်နာ့မှာ ချစ်သူ ရှိမရှိ၊ ကြင်နာ့ ကိုပြောကိုင်ခင်က အသည်းကွဲခဲ့ဖူးသည်လား။ လက်ထပ်ရမှ မြူးပြကာ ခရောင်း ပြန်ထွေ့ကိုပဲ အပြင်းအထန်သိလိုနေတာဖြစ်၏။ ရှင်းတော့ ကြင်နာ။ သေချာပြီးကာမှ ကြင်နာ တစ်ခုခုဖွေဖောက်

"သူ့ ဘယ်ထိပြန်ရမှာလဲ ကြ့တ်ရမှာကို သေမလောက်ကြောကနေသူ

"ရပါတယ်၊ ကိုနေ က အဝေးကြီး... ကားပြန်ပြောပါ၊ ကြင်နာ စိတ်ဝင်စားတယ် ဘဲ ဂုဏ်သိက္ခာကို ဆုံးရှုံးမခံ ကြင်နာ က ခရောင်းထွက်သွားတာကို လှမ်းမကြ ... နှဖြူနှိမ့်ရင် ကျွန်မ တစ်ခုထုတ်ယူပြီး ပါးစပ်ထဲ ထည့်လိုက်၏။

"အဲဒီအလုပ်ကိစ္စတွေကို ကြီးကြီးသန့်ပြောမှ သိရတာ၊ လက်ထပ်ဖို့ စီစဉ်ခဲ့တာတွေရော၊ ဒီစီးပွားတွေအားလုံးက ကိုနေတို့ရဲ့ အကြောင်းတွေရော ..."

"မေမေတို့က အားလုံးလွှဲလိုက်ပြီဆိုကတည်းက ပိုင်ဆိုင်ခွင့်ပြုတဲ့ စာချုပ်စာတမ်းတွေ မပါခဲ့တာဘဲရှိတယ်၊ အပိုင်ပေးလိုက်တဲ့သဘောပါပဲ ဘာဖြစ်လို့လဲဆိုတော့ အသက်ကိုကယ်ခဲ့တဲ့ကျေးဇူးရယ်၊ နောင်တချိန် မှာ မိသားစုဖြစ်လာကြမှာပဲဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ပေါ့၊ ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကပဲ ပိုနေသည်။

စီးပွားရေးလောကအကြောင်း သူမ ဘာမှမသိပေမယ့် ဒီလူ တကယ့်စီးပွားရေးလုပ်ငန်းရှင်စစ်စစ်ကြီးဖြစ်နေမှန်းတော့ အကဲခတ်

ထို့ပြင် စီးပွားရေးလောကမှာ အောင်မြင်ထင်ရှားနေသူဆံနွယ် မျက်နှာပေါ်က မာနဏ်ကောက်ကြောင်းများအတိုင်း ပုံဖော်ကြွယ်လု ဆိုလျှင် သူနဲ့တည်ဆောက်ရမည့် အိမ်ထောင်ရေးကရော ဘ ဖြစ်လာမလဲ။

နဲ့အတွက်က

ကြင်နာ့ စိတ်တွေက လုပ်ငန်းအကြောင်းကနေ ခုသိမထားတဲ့ ကိစ္စတွေထဲ ရောနှောမျောပါသွားခဲ့၏။

ကျက်နှင်းဖြစ်ကုန်

"ကြင်နာ"

လေးတစ်ယောက်

"ရှင်"

ဖြစ်နိုင်တာပဲ၊ ငွေကြေး

"မင်းမှာ ကိုယ်နဲ့ပြောဆိုဖို့ အခက်အခဲနော၊ ကိုယ်လိုချင်တာက ကိုယ်ရေးကိုယ်တာ တစ်ခုခုလား၊ အဲ...မှာ ထိခိုက်ရှနာ ဘာမှရှိမနေဖို့၊ အဲဒီလောက်ထိ သူများကိစ္စထဲ ကိုဖို့ဘဲ"

သင့်တာက မင်း ကိုယ့်အပေါ် တော့ သူက မျက်ခုံးခပ်ပင့်ပင့်နှင့် ပြန် မဆိုရဲရအောင် ခုမှတော

ရှင်က ဟိုတ တာ မင်း နားလည်မယ်ထင်တယ်၊ မိန်းမတစ်ယောက် စိတ်ထဲမှာ ရောက်ရင် ငါ့ပစ္စည်းပဲဆိုပြီး ရသလောက်ယူထားဖို့ထိ ကိုယ်

"တာ၊ မိဘသဘောတူလို့ယူကြတယ်ဆိုပေမယ့် ယူကြပြီးတဲ့နောက် သူ မင်းနဲ့ကိုယ်ပဲ ပေါင်းရမှာ၊ မှားပါပြီဆိုပြီး မိဘတွေဆီ ရင်ဘတ်ထုနေလို့ လဲ အပိုပဲလေ၊ ကိုယ့်ကို လက်ထပ်ရတဲ့အတွက် မင်းကို နောင်တမရစေ ရဘူး။ ဒါက ကိုယ့်ဘက်က သေချာတဲ့ကတိ၊ မင်းဘက်က သေချာတာကို လိုချင်လို့ ကိုယ် ဒီထိလာခဲ့တာပဲ"

ချစ်သလားလို့ တစ်ခါတည်း မေးလိုက်ချင်တာလား၊ ဒါမှမဟုတ် ကြင်နာ့ ကို သူ ဟိုတုန်းကတည်းကများ တစ်ယောက်တည်း ကျိတ်ပြီး





သဘောကျနေတာလား။

စိတ်ထဲမှာ မေးခွန်းတွေဖြစ်သွား၏။ သူ့မျက်နှာထက်မှာ နူးညံ့ သည့်ချစ်ခြင်းကို ရှာမရပါဘဲ ချစ်ဖို့အတွက် ဦးတည်ပြောနေခြင်းကို မယုံ ချင်ပေ။

သူကလည်း ကြင်နာ့ ကိုပဲကြည့်လျက် ...

"အခု မင်းရဲ့အဖြေကိုယုံကြည်ပြီး ကိုယ် ရှေ့ဆက်မယ်၊ မင်းရဲ့ ခေါင်းထဲမှာ လောလောဆယ် လက်ထပ်ဖို့အတွက်ကိုပဲ ထည့်ထားပါ၊ ကျန်တာ ဘာမှအားငယ်တာတွေ၊ အပြစ်ရှိတာတွေ မတွက်နဲ့၊ ကိုယ်က မင်း ကိုပဲနားလည်ချင်တာ"

သူ ဆွေးနွေးမယ်ဆိုသည့် အဓိကဟာ ကြင်နာ့မှာ ချစ်သူ ရှိ၊ မရှိ၊ ဒါမှမဟုတ် ယခုမတိုင်ခင်က အသည်းကွဲခဲ့ဖူးသည်လား၊ လက်ထပ်ရမှ အသည်းကွဲမှာလား၊ ဒါကိုပဲ အပြင်းအထန်သိလိုနေတာဖြစ်၏။

သူသည် သူ့ဘက်က သေချာပြီးကာမှ ကြင်နာ တစ်ခုခုဗွေဖောက် ထွက်သွားမှာကို သိက္ခာကျ အရှက်ရမှာကို သေမလောက်ကြောက်နေသူ မှန်း သိသာလွန်းပါသည်။

ထို့ပြင် လူကို ဆုံးရှုံးမခံနိုင်တာမဟုတ်ဘဲ ဂုဏ်သိက္ခာကို ဆုံးရှုံးမခံ လိုခြင်းသာဖြစ်မှန်း ကြင်နာ နားလည်သွားခဲ့၏။

ဖြစ်ရလေ နေဗဟို ရယ်၊ ရှင့်လိုလူကိုမှ မကြည်ဖြူနိုင်ရင် ကျွန်မ က မိန်းမမိုက်ဖြစ်သွားမှာပေါ့။

လုံးဝစိတ်ချ၊ အသည်းကွဲကွဲ၊ မကွဲကွဲ ရှင့်ကိုပဲ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"အို… အတင်းမလုပ်နဲ့ လွှတ်"

"မလွှတ်နိုင်ဘူး၊ ဒီမှာ… ဒီမျက်နှာကို ကြည့်စမ်းပါ"

ကြင်နာ က ရုန်းသည်။ ဇော် က လက်မောင်းနှစ်ဖက်ကနေ အတင်းအကျပ်ပြန်ဆွဲလှည့်၏။ စားသောက်ဆိုင်သည် အတွင်းခန်းဆိုပေမယ့် ထရံတိုလေးတွေနှင့် လှလှပပလေး ကာရံထားတာဖြစ်သည်။

အပြင်ကနေ သတိထားကြည့်မည်ဆိုလျှင် ခြေထောက်တွေကို မြင်နိုင်သည်။ အသံတွေကိုလည်း ကြားနိုင်၏။ ဇော် မဆင်ခြင်တာကြောင့် ကြင်နာ ရှက်စိတ်တွေနှင့်ဒေါသဖြစ်လာမိသည်။

သူနဲ့ပတ်သက်တိုင်း ကိုယ်ပဲ သည်းခံခဲ့ရတာ များပြီမို့ နာကျင်မှုတွေလည်း ခေါင်းထောင်လာခဲ့၏။

"ဖယ်စမ်းပါ၊ အေးအေးပြန်ထိုင်ပြော"

သူ့လက်တွေကို လက်ချင်းချိတ်၍ အတင်းဖြုတ်ချပစ်လိုက်မိသည်။





"လူကြီးတွေစီစဉ်ခဲ့တာကို တို့က ဘာတတ်နိုင်မှာလဲ ဇော်"

"တတ်နိုင်တယ်၊ မင်း တတ်နိုင်ရက်နဲ့ တမင်ရှောင်ပစ်လိုက်တာ။ နေပတို့'ဆိုတဲ့လူကို ရန်ကုန်က မပြောနဲ့ ဒီမန္တလေးမှာလဲ တော်တော်များများသိတယ်"

ထူးဆန်းလှပါလား။ ဒီလိုလူကို ကိုယ်နဲ့လက်ထပ်ရမယ့်သူလည်း ဖြစ်ပါလျက်နှင့် ကြင်နာ တကယ်မသိခဲ့ပေ။ ဘယ်လိုဆက်စပ်မှုတွေနဲ့ မန္တလေးထိ နာမည်ကျော်နေတာလဲ။

မျက်တောင်ရှည်တွေတဖျပ်ဖျပ်ခတ်လျက် တွေဝေသွားသည့် ကြင်နာ့ ကို ဇော် ကတော့ မသိဘူးဆိုတာ မယုံနိုင်။

"မန္တလေးက 'မိုးစက်ပွင့်' ပလာဇာတွေအားလုံး ဒီလူပိုင်တာ"

"ဟင် …"

"အခုလာတာ 'ခေတ်' ဟိုတယ်လ်ကို တစ်ဦးပိုင်ပြန်လွှဲယူဖို့"

ဇော် က ကြင်နာ့ ကို စူးစူးဝါးဝါးကြည့်နေရင်း ဆက်ပြော၏။

"ဘယ်လိုမျက်လုံးတွေလဲ ကြင်နာ၊ ဘာမှမသိပါဘူးလို့ ပြောချင်တာလား"

"တကယ်မသိဘူး၊ တို့ပိုင်ဆိုင်သမျှ စီးပွားဥစ္စာတွေကလဲ သူတို့ပိုင်တာတွေပဲ၊ ဒါတွေအပြင် 'မိုးစက်ပွင့်' တွေကို သူတို့ပိုင်ထားသေးတဲ့ကိစ္စ ကြင်နာ က ဘယ်လိုလုပ်သိမှာလဲ"

"မယုံဘူး"

"မတတ်နိုင်ဘူး ဇော်၊ ဇော် ကရော ဘာဖြစ်လို့ ဒီလောက်သိနေရတာလဲ၊ တို့နဲ့လက်ထပ်မယ့်သူအကြောင်း တို့တောင် ဘာမှမသိခဲ့ဘူး"

"ဟား ဟား … ရယ်ရတယ်ကွာ"

ဇော် က မျက်နှာပေါ် ကျလာသည့်ဆံပင်တွေကို ခါထုတ်ပစ်လိုက်၏။ ဟ ကက်ကက် ထားသည့်ဆံပင်မျိုးနှင့် ဇော် ဟာ ဟက်ကက် ထက်



www.burmeseclassic.com

www.burmeseclassic.com



အရပ်ပိုမြင့်ပြီး ပိုချောပါသည်။ ထို့ကြောင့် သူ့ကိုကျမှ ကြင်နာ အသည်းစွဲခဲ့ရသည်။ ဒါပေမယ့် ...

"မသိတာတွေကို ခဏဖယ်ထားလိုက်တော့ ကြင်နာ၊ သိတာကိုပဲ ကိုယ် မေးမယ်၊ ဒီလူ အရမ်းချမ်းသာတာကိုသိလို့ မင်း တွေဝေသွားတာ မဟုတ်လား"

မဟုတ်ဘူးလို့ သူမ မဖြေနိုင်။ ဇော် က နှုတ်ခမ်းမဲ့၏။

"တော်တယ်ကွာ၊ ဟွန်း.. မိန်းမတွေ ဒီလိုပဲလား၊ ဒါဆို ရှေးစကားတစ်ခုကို ပြင်ဖို့လိုနေပြီ၊ 'ငွေဆိုတာ သည်းခြေကြိုက်တယ်'တဲ့။ အဲဒီလို မဟုတ်ဘူး၊ 'ငွေဆိုတာ မိန်းမကြိုက်တာ"

ပြောပြီး ဘေးလူတွေကို မေ့လျော့နေသလိုမျိုး ဟာဟားဟားဟား မော့ရယ်၏။

"ဇော် ..."

ကြင်နာ ဇော့် ရင်ဘတ်ကို တွန်းပစ်လိုက်မိ၏။ ဇော် ယိမ်းယိုင်သွားကာ ကုလားထိုင်ပေါ် ကို နောက်ပြန်ထိုင်ချမိတော့မလိုဖြစ်သွား၏။

ပြီးမှ လက်ထောက်ထိန်းထားကာ ခါးမတ်မတ်ပြန်ရပ်၏။

"ဘာဖြစ်တာလဲ၊ မင်း ငွေမက်တာ လူသိမှာစိုးလို့လား"

"လူသိမှာမစိုးဘူး၊ ဒီကိစ္စတွေကို ဇော် သိမှာဝဲစိုးခဲ့တာ၊ ဒီက မပြောရသေးဘဲ ဇော့် ဘာသာသိလာရင် ဒီလိုပေါက်ကွဲမှာကိုသိလို့ မသိစေချင်တာ"

"ဒါဆိုလဲ ဟိုလူနဲ့သွားမတွေ့ ခင်က ပြောထားပါလား၊ ခု ဒီကောင် လိုက်ကြည့်မှ မြင်ရတာ၊ စုံစမ်းလို့သိရတာလေ"

"အဲဒါ ဇော့် ဘက်ကသေးသိမ်ခြင်းပဲ၊ ဘာဖြစ်လို့ ခရောင်း နောက်ကနေ လိုက်လာပြီး ခိုးချောင်းခိုးဝှက်ချောင်းကြည့်တာလဲ"

"မင်း [illegible]ားပြောတာ ကြည့်ပြော"





ဇော် ဒေါပွသွားသည်။ ရှေ့ကိုတိုးရပ်လိုက်ပြီးမှ...

"အဲဒီရှေ့ စက်ဘီးဆိုင်မှာ ကိုယ်ရှိနေတာ ခိုးချောင်းခိုးဝှက်မဟုတ်ဘူး၊ ဆိုင်းဘုတ်ရှေ့မှာ ပြောင်ပြောင်ထိုင်နေတာ၊ အဲဒါကိုတောင် မမြင်တာ ဘယ်သူလဲ"

ကြင်နာ မျက်နှာလေး ရဲခနဲဖြစ်သွား၏။

"ဒီမှာ ကြင်နာ ..."

စူးစိုက်ကြည့်နေရာကနေ ဇော့် မျက်နှာထက်က တင်းမာမှုတွေ ချက်ချင်း ပြေကျသွားသည်။ ပြီးတော့ ကြင်နာ့ လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း ...

"မင်း ကိုယ့်ဘက်က စာနာကြည့်ပါ၊ 'နေဗဟို'ဆိုတဲ့ကောင်ကို ကိုယ့်ဘက်က ယှဉ်နိုင်တာ ဘာတစ်ခုမှမရှိဘူး။ သူက အသက်ကြီးကြီး၊ အသားမည်းမည်း၊ ဗိုက်ရွဲရွဲပုံစံကြီးဆိုရင်တောင် တော်ဦးမယ်။ စီးပွား၊ ဥစ္စာ၊ ပညာ၊ ရုပ်ရည် ဘာမှချို့ယွင်းချက်မရှိတဲ့လူ၊ ဒီလိုလူကို မင်း အလေးထားနေတာ ကိုယ့်အနာဂတ်အတွက် အဝါကတ်ပြနေတာမဟုတ်ဘူးလား၊ မင်းကိုယ်တိုင်က အခု ..."

"ကြင်နာ့ ဘက်က ဝတ္တရားတစ်ခုထက် ဘာမှမပိုသေးဘူး ဇော်"

"ယုံချင်တယ်"

"မယုံကြည်ရင်လဲ ဘာမှဆွေးနွေးလို့ရမှာမဟုတ်တော့ဘူး၊ ချစ်သူတွေရဲ့ကြားမှာ ဒီလိုအခက်အခဲတွေရှိတတ်ကြတာပဲ၊ ဒါကို သည်းခံမဖြေရှင်းဘဲ ဝုန်းဒိုင်းကြဲနေတာကော ကောင်းသလား"

"ဖြေရှင်းချင်တာပေါ့၊ ဒါပေမယ့် မင်း ကိုယ့်ကိုအသိမပေးဘဲ သူနဲ့သွားတွေ့ခဲ့တဲ့လုပ်ရပ်က ကိုယ့်ကို သည်းခံနိုင်စွမ်းမဲ့သွားစေတာ"

ကြင်နာ က နဖူးကချွေးစလေးတွေကို လက်ဖဝါးနှင့် ပင့်သုတ်ပစ်ရင်း ကုလားထိုင်မှာ ပြန်ထိုင်ချလိုက်၏။ ထိုအခါ ဇော် ကလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြည်းဖြည်းထိုင်လိုက်ကာ ...

"ဆောရီးကွာ၊ ကိုယ် ပေါက်ကွဲမိတာ လွန်သွားတယ်"

ပြောရင်း ကြင်နာ့ လိုပဲ နမူးကချွေးကို လက်ဖဝါးနှင့်ပွတ်တိုက်ဖျက်ချ၍ ...

"မင်းကိုချစ်လွန်းလို့ပါ။ တကယ်ပါ ကြင်နာ၊ မင်းကို ကိုယ် မစွန့်လွှတ်နိုင်ဘူး"

ဟု မရိုတရိုထပ်ပြောသည်။ ကြင်နာ့မျက်ဝန်းလေးတွေ ရီဝေသွားလေသည်။ ဇော် ကိုသနားမိသောစိတ်က ရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်တွေ အားလုံးကို ရိုက်ချိုးဖျက်ဆီးနေသည့်နှယ်ပင် ...

ဇော် ဟာ သူမ ချစ်ခဲ့သော ချစ်သူမို့ ...





အခန်း (၆)

"မန္တလေးကိုသွားတာများ ပြောသွားပါလား သားရယ်၊ ကြင်နာ...းဆီကို မှာတန်တာမှာ၊ ပေးတန်တာပေးရတာပေါ့"

"ကျွန်တော် သူနဲ့တွေ့ခဲ့ပါတယ်"

ဒေါ်စိုးမိုး အံ့သြသလိုဖြစ်သွား၏။ ခင်ပွန်းဖြစ်သူကိုလည်း လှမ်း...ည့်လိုက်မိ၏။ ဦးတက်နေ က ဘာမှမထူးဆန်းသည့်အကြည့်နှင့် ဇဟို...တ်ကိုလှည့်၍ ...

"မင်း ရောက်ခဲ့ပြီမှန်းတော့ သိတာပေါ့ကွ၊ မင်းသွားတာကိုက ဒီ...ောင်မလေးနဲ့ ပြောဆိုထားချင်တဲ့ဆန္ဒက ရှေ့ကမဟုတ်ဘူးလား"

ဇဟို က ဘာမှမဖြေဘဲ ငြိမ်နေ၏။

"တကယ်ဆို ဒီအချိန်မှာ အဲဒီလိုမျိုး ခရီးသွားဟန်လွှဲဝင်တွေ့တာ...ကြီးက မကောင်းဘူးလေ၊ အလုပ်ကိစ္စကသပ်သပ်၊ ဆွေးနွေးဖို့ကသပ်...ပ် ဖြစ်ရမှာပေါ့။ ဒါ ဟိုဘက်က မိဘစုံရာရှိနေသေးရင် ဘယ်လောက်...ျက်နှာပူဖို့ကောင်းသလဲ"

"အဲဒါလဲ ကျွန်တော် သူ နားလည်အောင်ပြောခဲ့တယ်၊ အရု မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပြောချင်တာက သူ ရောက်မလာသေးဘဲ အခမ်းအနားအတွ
ပြင်ဆင်တာတွေ၊ စီစဉ်တာတွေ ဘာမှမလုပ်ဖို့ပါ"

"ပြောပြန်ပြီ သားရယ်၊ သား နေရာတိုင်းမှာ ယုံကြည်မှုနဲ့ခေါက်
လုပ်ခဲ့ပြီးတော့ မင်္ဂလာကိစ္စကျမှ ဘာတွေစိုးရိမ်ကြောင့်ကြဖြစ်နေတာလဲ"

"ကိုယ့်အလုပ်ကိုယ်လုပ်တာက ကိုယ်တိုင်ဆုံးဖြတ်ဖို့တစ်ခုတည်း
မေမေ၊ တစ်ခါတစ်ခါ ကိုယ့်စိတ်ကိုတောင်ထိန်းဖို့ခက်ကြသေးတာ၊ တခြ
လူတစ်ယောက်ရဲ့ အတွင်းသဘောကို ဘာပေတံနဲ့တိုင်းပြီး သေချာမလဲ"

"ပေတံနဲ့တော့မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမယ့် မင်း စီးပွားလုပ်
တာရော ဒီလောက်ရင်းနှီးလိုက်ရင် ဒီလောက်ပြန်ရမှာပဲလို့ ကြိုတ
တွက်ချက်တိုင်းတာခဲ့သလား"

ဦးတက်နေ စိတ်မရှည်သံနှင့် ဝင်ပြောသည်။ သူ့မှာ အပေါ် ထပ်
အောက်ထပ် ဆင်းတာ၊ တက်တာတောင် မောနေတတ်သဖြင့် စီးပွ
လုပ်ငန်းအားလုံးကို လက်လွှတ်ထားခဲ့ရတာ ကြာပါပြီ။

ဒီသားတစ်ယောက်ပဲမွေးထားခဲ့ရတာ မွေးရကျိုးတော့နပ်ပါ
အရွယ်ရောက်ပြီဆိုကတည်းက ကျောင်းသားဆိုပြီးတော့လည်း အိမ်
ကျောင်းအတွက်ပဲ အချိန်ကုန်ခဲ့တဲ့ ကလေးမဟုတ်။

စီးပွားရေးလောကထဲကို လုံးလုံးလျားလျားဝင်လိုက်ပြီဆိုတော
လည်း 'နေဗဟို'ဆိုသည့် နာမည်တစ်လုံးက ရာဇဝင်တွင်လောက်အောင်
နေ့ချင်းညချင်းထိုးဖောက်တက်လာနိုင်ခဲ့တာဖြစ်သည်။ သို့သော်...

နေဗဟို ဆိုသည့် လူငယ်လေးသည် သူ့ကျွမ်းကျင်မှုကိုသူ အားကိုး
သည်။ သူ့ဆုံးဖြတ်ချက်တိုင်းမှာ ယုံကြည်မှုနဲ့ ခေါက်ချလုပ်၏။ ဖခင်
လက်ထက်မှာ ထစ်ငေါ့နေခဲ့သည့်လုပ်ငန်းကိစ္စများသည်ပင် သူ့နဲ့ကျ
ပြီးမြောက်သွားခဲ့တာတွေရှိသေးသည်။

ထိုအခါ သူ့ရင်တွင်းကယုံကြည်မှုတို့သည် ဖခင်က 'ဒါမလုပ်ပါနဲ့





ဒါကိုလုပ်'ဟု စည်းမျဉ်းချပေးတာကိုတောင် မနာခံခဲ့တော့ပေ။

"ကျွန်တော် ဆုံးဖြတ်ထားတဲ့အတိုင်းပဲ အကောင်အထည်ဖော်ခွင့်
ပြုပါ ဖေဖေ၊ ကျွန်တော် အတတ်နိုင်ဆုံး မှန်အောင်ကြိုးစားမှာပါ၊ 'ငါ
သိပ်သမျှဖြစ်တယ်'ဆိုတဲ့မာနမျိုး ကျွန်တော် မထားဘူး၊ 'မှားရင်မှောက်
ခိုင်'ရုံပဲလို့ မိုက်တိမိုက်န်းဆုံးဖြတ်မှာမျိုးလဲ မဟုတ်ပါဘူး၊ ကျွန်တော်
ယုံကြည်တာက 'ငါ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေတယ်'ဆိုတဲ့
ယုံကြည်မှုပါ၊ အဲဒါကြောင့် ယုံပါ" တဲ့။

ခုလည်း မန္တလေးကိုသွားလိုက်တာ ဘယ်သူမှမသိ။ အလုပ်ကိစ္စ
တွေကိုလည်း ပြီးအောင်ဆောင်ရွက်ခဲ့သည်။ လက်ထပ်မယ့်မိန်းကလေး
ကိုလည်း ဝင်တွေ့ခဲ့သည်တဲ့။

ပိုဆိုးသည်က နှစ်အိမ့်တစ်အိမ်လို့ ချစ်ကြည်ရင်းနှီးကြရမယ့်အိမ်
တွေပဲ။ မိန်းကလေးရဲ့အိမ်ကို လုံးဝမသွားခဲ့ဘဲ ဟိုကအုပ်ထိန်းသူကို
သည်း မျက်နှာလေးတောင်သွားမပြခဲ့ဘဲ အပြင်မှာ စကားပြောပြီး ပြန်
လာသတဲ့။

"နေပါဦး ဝါ့သား၊ မင်း ကြည့်ရတာ 'ပေါင်းကြရမှာက တို့နှစ်ယောက်
ဘည်း' ဆိုတဲ့ မာနတွေနဲ့ ဘယ်ဘက်ကလူကြီးမှ ထည့်မတွက်ဘဲ နေ
လိုက်ပုံပဲ"

"အဲဒီသဘော နည်းနည်းပါပေမယ့် ဒီတိုင်းတော့မဟုတ်ဘူး ဖေဖေ၊
ငယ်ငယ်ကတည်းက ရင်းနှီးခဲ့တဲ့ အကြောင်းသိ၊ မာတ်သိလို့ ဖေဖေတို့က
ဘက်ခဲ့ပေမယ့် ဟိုတုန်းက သူလဲ အရွယ်မရောက်သေးဘူး၊ ကျွန်တော်
လဲ လူငယ်လေးရယ်၊ ဒီကြားကာလမှာ ဝေးနေခဲ့ကြတာ ဘယ်နှစ်နှစ်
ကြာခဲ့ပြီလဲ"

"ဒါက သူတို့မိသားစု ရင်းနှီးလုပ်ကိုင်ကြပါစေဆိုတဲ့ စေတနာနဲ့ တို့
ဘ ခဏခဏမျက်နှာသွားမပြဘဲ တမင်နေကြတာလေ၊ တို့လူကြီးချင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုတွေရှိခဲ့ကြတာကို ကောင်မလေး မသိစေချင်တာလဲပါတ
ပြီးတော့ ကိုယ်က ရင်းနှီးမှုကိုလိုချင်တာပေမယ့် သူတို့က အလှူရှင်မ
သိုအောင် မဖွယ်တိုင်လာတက်ပြနေတယ်ထင်သွားတော့ ကောင်းမလ
သူတို့ဆုံးသွားတော့လဲ ချက်ချင်းကြီး သမီးသွားသိမ်းလိုက်ရင် ဝစ္စည်းေ
ရော လူကိုရော သိမ်းပိုက်တော့ မိန်းကလေးက ဘယ်လိုထင်သွားမလ
ကြားထဲမှာ ကာလတွေကြာခဲ့ရတာ အဲဒါကြောင့်ပဲ၊ နို့ ... မင်း ဒါတွေ
ရှင်းမပြဘဲပြန်လာတာလား၊ ပြောဆိုခဲ့ပြီးပြီဆိုတာ ဘာအကြောင်းတွေလဲ

ဦးတက်နေအသံက မချင့်မရဲနိုင်ပါ။ ဗဟို ကလည်း မှုန်ကုပ်ကု
မျက်နှာနှင့်မော့လာ၏။

"နေဦး ဖေဖေ ပြောဦးမယ်"

သူ တစ်ခုခု ကန့်လန့်တိုက်ဦးမှာကိုသိသွားကာ ဦးတက်နေ က
လက်ကာပြလိုက်ပြီး ...

"အခု မင်္ဂလာကိစ္စက မင်းအဖေ ငါ့ရဲ့ မွေးနေ့ရယ်၊ သိမ်ဆောက်
ပြီးစီးတဲ့ ရေစက်ချအလှူရယ်၊ မင်းရဲ့ မင်္ဂလာနဲ့ သုံးမင်္ဂလာယှဉ်ပြီး ကျင်း
မှာ၊ ဒါကိုရော သတိရရဲ့လား"

"မေးနေပြီးတော့ ကျွန်တော့်ကိုလဲ ဖြေခွင့်ပေးဦးမှပေါ့ ဖေဖေ"

"မလိုဘူး မေးတာလဲမဟုတ်ဘူး မင်းကို သတိပေးနေတာ ဒါတွေ
ကို မင်းသိပြီးသားပဲကွာ၊ မင်းလဲ အခု ကြင်နာ နဲ့ ပြောဆိုဆွေးနွေးခဲ့ပြီးပြ
အဆင်ပြေပါတယ်ဆို"

ဗဟို မျက်နှာခပ်လွှဲလွှဲနှင့် ဘာမှမဖြေဘဲငြိမ်နေ၏။

"အခု အရွယ်ရောက်လာကာမှ ဖေဖေတို့တောင် ဒီကောင်မလေး
ကို သေချာမမြင်ဖူးဘူး၊ ဒါပေမယ့် ယုံကြည်တယ်၊ ဒေါ်ရီသန့်ဆီက မိန်း
ကလေးက လက်ခံတယ်လို့ အကြောင်းပြန်ချက်ရပြီးတော့ ပိုနိုင်မာသွား
တယ်။ ဘယ်မိန်းကလေးပဲဖြစ်ဖြစ်ကွာ အခုကိစ္စအားလုံးကို သိပြီးသွား





ရင် နေဗဟို ဆိုတာကလဲ ရင်းနှီးကြပြီးသားဟာကို အမိုက်ခံပြီး ဘယ်သူ
က ခေါင်းခါမှာလဲ၊ ဒါ ဖေဖေ ပစ္စည်းစကားပြောတာမဟုတ်ဘူး၊ ဆင်ခြင်
ဉာဏ် ရှိခြင်း၊ မရှိခြင်းကို ခန့်မှန်းပြောတာ ပြီးတော့လဲ သူ့မှာ ရည်းစား
သနာ ရှိတာမဟုတ်ဘူးလေ"

"အဲဒါ နို့ထိန်းကပြောလို့ ဖေဖေတို့ ယုံလိုက်တာလား"

"ဒါကတော့ ..."

ဦးတက်နေ တုံ့ဆိုင်းသွားကာ ဖနီးဖြစ်သူထံ မျက်လုံးဝေ့သွား
သည်။ ဟိုတစ်ချိန်က ဒေါ်စိုးမိုးနဲ့ သူ ခဏခဏ စကားများရန်ဖြစ်နှင့်
အိမ်ထောင်ရေးက မငြိမ်းချမ်းခဲ့ပေ။

ဒေါ်စိုးမိုး က သဝန်တိုစိတ်လည်းကြီးသည်။ သူမက ပြောလျှင်
လည်း ခေါင်းညိတ်မှကြိုက်၏။ သူကလည်း နေရာတကာ အရှုံးပေး
သည်းခံဖို့ထိ ပါရမီက မပါ။

ထို့ကြောင့် ဗဟို လေးကို ကိုယ်ဝန်လွယ်ထားရစဉ်ကာလမှာ
ဒေါ်စိုးမိုး အိမ်ကထွက်သွားခဲ့၏။ တောင်ကြားလမ်းတစ်ခုမှာ ခရီးသွား
တွေ အများကြီးနှင့် ကားအက်ဆီးဒင့်ဖြစ်သည်။

ခရီးသည်တိုင်းလိုလို သွေးသံရဲရဲနှင့်ဖြစ်ကာ အကောင်းတိုင်း ကျန်
တဲ့သူ မရှိပေ။ ဒေါ်စိုးမိုးကတော့ ကိုယ်ဝန်ခြောက်လနှင့်မို့ စိုးရိမ်ဖွယ်ပါ။

ခေါင်းမှာ ဒဏ်ရာအပြင်းအထန်နှင့် ထဘီမှာလည်း သွေးတွေစိုရွှဲနေ
ခဲ့၏။ ထိုအချိန်မှာ ကြင်နာ့ အဖေက ထိုကားရဲ့ ဒရိုင်ဘာဖြစ်သည်။

သူလည်း ခေါင်းမှာပဲ ဒဏ်ရာရခဲ့တာဖြစ်ကာ သတိတော့ လစ်
သွားခဲ့ပေ။ ခဏတဖြုတ် မူးဝေမှေ့မိုက်သွားခဲ့ပြီး ကားထဲကနေ ကြိုးစား
ထွက်နိုင်ခဲ့သည်။

ကားနောက်မြီးမှာ ခရီးသည်တွေနှင့် ထပ်ညပ်ပြီး ကျကာ ညည်းညူ
နေသည့် ဒေါ်စိုးမိုးအဖြစ်ကို မြင်သွားသဖြင့် ကိုယ်ဝန်နဲ့ ပို၍စိုးရိမ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်တွဲခေါ် ထုတ်သည်။

ဒဏ်ရာရထားတာချင်းတူပေမယ့် ကိုယ်ဝန်နှင့်မိခင်ကို ကယ်တင်လိုသည့်စေတနာကြောင့် ဒေါ်စိုးမိုး ဆေးရုံပေါ် ရောက်သွားတဲ့အထိ သူ ကူညီနိုင်ခဲ့သည်။

ကားအက်ဆီးဒင့်ဖြစ်သည့်နေရာကို ကယ်ဆယ်ရေးတွေ ရောက်သွားအောင်လည်း သူပဲ ဆောင်ရွက်ခဲ့တာဖြစ်၏။ ပို၍ဝမ်းသာဖွယ်ကောင်းသည်မှာ ကိုယ်ဝန်တော့ ပျက်ကျမှာပဲဟု အားလုံး တွက်ထားလိုက်မိပြီးမှ ကိုယ်ဝန်ကိုမထိခိုက်ခဲ့မှန်းသိလိုက်ရသည်။ အသက် နှစ်ချောင်းကို ကယ်တင်ခဲ့သည့် ဦးမြတ်သူ ကို ဦးတက်နေတို့ အလွန်အမင်း ကျေးဇူးတင်ခဲ့ကြ၏။

ထို့ပြင် အပြစ်ကျမှာကို ဂရုမစိုက်ဘဲ သက်ဆိုင်ရာကို အကြောင်းကြားကာ လူတွေအများကြီး၏အသက်ကို အချိန်မီ ကယ်တင်ခဲ့သူမို့ လေးစားသည်။ ဒီအမှု မကြီးကျယ်ဘဲ ပပျောက်သွားတဲ့အထိ အစအဆုံးကို ဦးတက်နေ က အစွမ်းကုန် ကူညီခဲ့၏။

ရင်းနှီးစားပါတော့ဟု စီးပွားရေးလုပ်ငန်းတွေကို ရက်ရောစွာပေးခဲ့တုန်းကလည်း ဦးမြတ်သူ က ကြိုးစားသလောက် ရိုးသားသည်။ ဒါက သေဆုံးခဲ့တဲ့အချိန်ထိပါ။ ထို့ကြောင့် စေတနာနှင့်ပုံချပေးခဲ့တာ မှန်သည်။ ဒါပေမယ့် ရေစက်ချလှူလိုက်တာမျိုးထိတော့ လောဘက မပြတ်နိုင်ပေ။

ဒါတွေကြောင့် ကိုယ့်အပေါ် လည်း အမြဲတမ်း ရိုးသားအောင် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲပြန်ဖိတ်လာရအောင် သားရေး သမီးရေးတွေနဲ့ ကတိစကားထားခဲ့တာဖြစ်သည်။

ဒီမိန်းကလေးဟာ ကိုယ့်သားအတွက် အသန့်စင်ဆုံးဖြစ်ရမည်။ အချိန်တန်လျှင် ဒီလက်ထပ်ပွဲ ဖြစ်ကိုဖြစ်ရမည်။

ဒီကတိတွေ ထားခဲ့ကြစဉ်မှာပဲ မိန်းကလေးကြီးပြင်းလာမယ့် အနာ





ဂတ်အတွက်ပါ ဦးမြတ်သူတို့က တာဝန်ယူခဲ့ကြတာဖြစ်သည်။

မန္တလေးမှာ ဦးမြတ်သူ ဘယ်လောက်ထိပဲကြီးပွားနေပါစေ ဦးတက်နေ ရှေ့မှာတော့ ဟိုတုန်းက ဒရိုင်ဘာ ကိုမြတ်သူပဲ ဖြစ်၏။

ရိုသေမပျက်၊ လေးစားမပျက် ရှိခဲ့သည်။ စီးပွားရှာရ၀်၊ လုပ်ငန်းတွေ ဘိုးချဲ့၊ အမြတ်အစွန်းတွေရ၊ ဘယ်လောက်ကြီးပွားနေနေ သူ့နာမည်နဲ့ ဘာတစ်ခုမှ ထိန်ချန်ထားခဲ့တာ မရှိ။ အမြဲတမ်း အချိန်တိုင်း စာရင်းအင်းနဲ့ အလုပ်အကိုင်နဲ့ အတိအကျရှိနေခဲ့၏။

ဒီလို သစ္စာရှိခဲ့တဲ့လူတွေက ဖောက်ပြန်ပါ့မလား။ ဒါကို သူတို့ကတော့ တစ်သက်လုံး ယုံကြည်နေခဲ့ကြတာ ဒီနေ့ထိ။

သားဖြစ်တဲ့သူကျမှ မယုံကြည်နိုင်တာ ဘာ့ကြောင့်လဲ။ ဦးတက်နေ ချောင့်မရဲနှင့် ကိုယ့်သားကိုကြည့်ပြီး ခံရခက်နေသည်။

မယုံကြည်တိုက်သေးဘူးဆိုပြီး နောက်ထပ် စောင့်ကြည့်ရအောင်လည်း ခုပဲ ဟိုတယ်လ်တစ်ခုလုံး ပြုတ်သွားခဲ့ပြီဖြစ်၏။ နောက်ဆိုရင် မြေပါလည်းဆုံး၊ သားလည်းဆုံး ဖြစ်လာဖို့တွေ ရှိသေးသည်။

ဒါတွေကို အမိကထားလွန်းတာမဟုတ်သော်လည်း ပေးထားခဲ့တာတွေက နည်းနည်းနောနောမှမဟုတ်ဘဲ။ တွေးကြည့်ရင်း လည်နှင့်လာသည်။ တစ်ခါတည်း သားရွှေအိုးထမ်းလာတဲ့ကိန်းဖြစ်သွားရင် မကောင်းဘူးလား။

စကားဝိုင်းသည် ဘယ်သူကတင်း၍ ဘယ်သူက လျှော့လိုက်ရမှန်း သိဘဲ ပြီးဆုံးသွားခဲ့၏။ ဘာပဲဖြစ်ဖြစ် ကိုးဆယ်ရာခိုင်နှုန်းကတော့ ဗဟိုဘယ်တော့မှ အလျှော့ပေးမှာမဟုတ်။ ဒီတစ်ခါ သူတို့ဘက်ကလည်း လျှော့လိုက်လို့မဖြစ်တာကိုတော့ သိကိုသိမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟာ အဲဒါ လုပ်အခိမ်ပွာယ်မရှိဘူး ရှန်ကုန်နဲ့မန္တလေးဆိုတော့ နည်းတဲ့ခရီးလား"

"မတတ်နိုင်ဘူး ရှိုင်း၊ ဘာယ်လိုမှ ခေါင်းရှောင်လို့မှကောင်းလို့ပါ လက်ခံလိုက်ရတာ၊ သူ့မှာ အရမ်းအရေးကြီးအခြေအနေဖြစ်နေတော့ ..."

"ဖြစ်မှာပေါ့၊ ဒီမိန်းမ ဒီလိုမဖြစ်မယ်လို့ ငါ ပြောသားပဲ"

"တီတီက ရန်ကုန်ကိုလိုက်သွားမလို့ ဟုတ်လား"

မောင်နှမနှစ်ယောက် စကားပြောတာ အဆင်မပြေဖြစ်နေရတဲ့ အထဲ ညီသူ က တစ်မျိုး။

"ညီ လက်ရှေ့ဖို့ ကိုကိုတို့ ဂိမ်းဆော့မယ်"

ထုတ ကာ ဂိမ်းစက်ကလေးကိုင်ကာ ရေလှကူးအဆောင်အတက်မှာ သွားဆင်းထိုင်သည်။ ဂိမ်းခုမို့ရဲ့ရေ သူ့အလည်း ညီသူ ကို တစ်ချက်ပဲ လှမ်းကြည့်ပြီး ခရောင်း ဘေးကနေ မခွာ။

"ဟုတ်လားလို့ တီတီ ရန်ကုန်သွားရင် သားလဲလိုက်မှာနော်"





"ကဲ သွားကစားနေစမ်းပါ သားရယ်"

လက်ကိုလှကိုင်သဖြင့် ခရောင်း က ညီသူ လက်ကလေးကို ဖြုတ်လိုက်ပြီး ခေါင်းလေးကို ပွတ်သပ်ချော့လိုက်သည်။ ညီသူ က ခေါင်းတိမ်းရှောင်လိုက်ကာ ...

"မကစားချင်ပါဘူး၊ သားတို့လဲ ကျောင်းပိတ်နေတုန်းဥစ္စာ၊ လိုက်မှာ ရန်ကုန်ကို"

ရှိုင်း ကို ပြောမရရတဲ့အထဲ ခရောင်း စိတ်ညစ်သွားမိ၏။

"သားရယ် တီတီက မဖြစ်လို့သွားရမှာ၊ ခဏလေးပဲကြာမှာ၊ တီတီ မုံ့ပိုးတွေ အများကြီးပေးခဲ့မယ်နော်၊ ပြီးတော့လေ အဘွားမြလဲ လာနေ ... တီတီ ပြောပြီးပြီ သိလား၊ ကလေးတွေကို ဟင်းကောင်းကောင်း ... ကျွေးလိုက်ပါလို့"

ခရောင်း ဖြစ်နေပုံကိုကြည့်ပြီး ရှိုင်း က မဲ့ပြီးရင်း မဲ့၏။

"ဒါဆို တီတီ သားတို့အတွက် မုန့်တွေဝယ်လာနော်"

ပထမဆုံး လက်နက်ချပေးလိုက်တာက သူတ ဖြစ်၏။ အနားကို ... လာပြီး မုန့်မှာလိုက်သဖြင့် ပါးစပ်ပြင်နေသည့် ညီသူ ဘာမှ ထပ်မပြော ... တော့ပေ။

အစ်ကိုဖြစ်သူကို စူပုပ်ပုပ်လေးကြည့်ကာ မျက်မှောင်ကြုတ်၍ ... တောင်တွေပဲ တဖျပ်ဖျပ်ခတ်နေသည်။

"ဘယ်လိုအရေးအခင်းတွေ ဖြစ်နေကြတာလဲ"

နောက်တစ်ယောက် ထပ်တိုးလာတော့ ရှိုင်း က မျက်နှာကို တင်း ... လိုက်၏။ ဒေါ်မြက ခရောင်း ခရီးသွားမယ့်အကြောင်းကို အစအဆုံး ... ပြီးသားဖြစ်ကာ ...

"ဒေါ် ဒေါ်မြ ရှိသားပဲ ရှိုင်း ရယ်၊ မင်းတို့ရဲ့ဝေယျာဝစ္စအားလုံး ဘာမှ ... ရအောင် ဒေါ်မြ လုပ်ပေးပါ့မယ်၊ ဟိုက အကူအညီတောင်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ..၊ သွားပါစေကွယ်”

“သွားသင့်သလား ဒေါ်ဒေါ်မြရဲ့၊ သူက ဟိုမှာ မင်္ဂလာဆောင် ... သွားတာ၊ ပြီးရင်လဲ ဟိုမှာပဲနေမှာ၊ မနေရင်တောင်မှ ချက်ချင်းပြန်လာ ... မလား၊ ဟိုက သူ့ကိစ္စသူလုပ်နေတုန်း ကိုယ်က တစ်ယောက်တည်း ပြ... လာရမှာ၊ အဲဒါ ထည့်တွက်”

ဒေါ်မြက ပါးစပ်ဟလိုက်ပြီးမှ ကလေးတွေကို ပြန်ငုံ့ကြည့် ... အတွင်းခံအိတ်ထဲက ပိုက်ဆံနှိုက်သည်။

“ရော့ ... သားတို့ မမလှတို့ဆိုင်မှာ မုန့်သွားဝယ်စားကြ”

မုန့်ဖိုးတွေပေးကာ ချော့မော့လွှတ်လိုက်ပြီးမှ ...

“လေယာဉ်နဲ့သွားတာပြန်တာ ဘာကြာမှာလဲဟယ်၊ ခုသွား ... ကြာရောက်တဲ့ဥစ္စာ၊ ခရောင်း ကလဲပြောထားပေါ့၊ သူ ဟိုမှာနေခဲ့ရင် ... ကိုပို့ပြီးတာနဲ့ပြန်ဖို့ လေယာဉ်လက်မှတ်ကို ကိုယ့်အတွက် အသွားအပြ... ဖြတ်ပေးပါလို့”

“ပြောပြီးပါပြီ”

ဟု အားနည်းစွာပြော၍ ခရောင်း မျက်နှာလွှဲမိသည်။ တကယ်... တော့ မင်္ဂလာပွဲပြီးမှ ပြန်ပါလို့ ကြင်နာ က အတင်းအကျပ်ပြောနေတ... ဖြစ်သည်။ ထို့ပြင် ကြင်နာရဲ့ နို့ထိန်းဖြစ်သည့် ကြီးကြီးသန့်ကိုယ်တိုင် ... ပြောခဲ့တော့ ငြင်းရခက်သွားခဲ့၏။

ကြင်နာ က သူငယ်ချင်းလိုရင်းနှီးပြီး ပေးကမ်းကူညီခဲ့တာတွေ... ဘာ တစ်ခါတစ်ခါ အပြောအဆို အမူအရာတွေက စီးကြောသလို... ကတ်သော်လည်း ဖမ့်ဖျောက်လို့ရသည်။

ကြီးကြီးသန့် ပြောပုံကကျတော့ ဒီလိုမဟုတ်ပေ။

“ဒီလောကရင်းနှီးနေကြတဲ့ သူငယ်ချင်းတွေပဲကွယ်၊ ကြင်နာ က... သမီး ကို ဒီလိုနေရာတွေမှာ အားကိုးရတယ်ဆိုပြီး အရမ်းကို ပစ်ခတ်ပေ...





...တာ၊ အဟွန်း ... လိုက်သွားပေးလိုက်ပါ၊ သမီးရဲ့အိမ်ကိုကြည့်မယ့်သူလဲ ...တာပဲဟာ၊ ဒါမှ ခက်ခဲသေးရင်လဲ အိမ်သုံးဂရိတ်ဂါ ကြီးကြီးသန့်တို့က ...ပေးခဲ့ပါ့မယ်”

စကားလုံးတွေထဲမှာ အမိန့်ဟယ်တွေပါသည်။ မျက်လုံးထဲမှာ ...ကိုယ့်အတွက် စဉ်းစားခွင့်မပေးနိုင်သေး အမိန့်တွေပါနေ၏။

ထို့ကြောင့် သူမ ခေါင်းညိတ်ခဲ့ရသည်။ တစ်ဆက်တည်းမှာလည်း ...ဖြတ်ခဲ့ပါသည်။

‘ပေးကမ်းခြင်းဟာ အောင်နိုင်ခြင်း’ဆိုလျှင် ကိုယ့်ကို အနိုင်မခံရအောင် သူ ပေးကမ်းတာတွေကို ဘယ်တော့မှ လက်မခံတော့ဖို့ ...။

“ရှိုင်း”

ကိုယ့်အစ်မမို့ အစ်မဘက်ကနေ သည်းမခံနိုင်ဖြစ်နေသည့် ရှိုင်း ကို ချော့မော့သလိုကြည့်မိကာ ...

“ငါ ဆုံးဖြတ်ပြီးပါပြီ၊ နောက်ဆိုရင် ဒီလိုတွေရှိတော့မှာမဟုတ်ဘူးလို့ ...လိုက်စမ်းပါ၊ ဒီခရီးကိုတော့ ဖြောင့်ဖြောင့်တန်းတန်း သွားပါရစေဟာ ...ဘဲ ပြီးတော့ အပျော်ခရီးလဲမဟုတ်ဘူးလေ”

“အပျော်ခရီးဆိုရင် သွားပေါ့ဟာ၊ ငါက အကူအညီတောင်ပေးလိုက် ...ဦးမယ်”

ရှိုင်း က ဘယ်လိုပြောမှကျေနပ်မယ့်ပုံ မရှိပေ။ ကြင်နာ ကို ခရောင်း ...ကိုယ်တိုင်ထက် သူက ပိုနားလည်နေသည့်မျက်နှာကြီးနှင့် အပိုင်အနိုင်။

“အခုက သူ ယောကျ်ားယူမှာ၊ တခြားတစ်မြို့ ကို နင် လိုက်သွားရ ...မှာ ဟိုရောက်ရင် နင် ဘယ်လိုနေမလဲ၊ ငါတို့က သူတို့ရဲ့ အဆင့်အတန်း ...ကိုလား၊ အဲဒီလို အထက်တန်းလွှာတွေကြားထဲမှာ ဘယ်လိုနေရမလဲ ...ကိုယ့်ကိုယ်ကိုလဲ ပြန်တွေးကြည့်”

မသိဘဲနေပါ့မလား၊ ဒါပေမယ့် ဘယ်လိုမှမလိုက်လို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကလည်း ကိုယ်ပဲသိသည်။ ဟိုမှာ စောတ်စားနေထိုင်ဖို့အတွက်လည်း ဘာမှမပူရဘူးလို့ ကြင်နာ ပြောပေမယ့် တကယ်တမ်း လူကြားသူကြားရောက်ပြီဆို ကြင်နာ ကိုယ်တိုင် ဆက်ဆံဝံ့က ဖေးမမှုနည်းပါးတာလည်း မသိလို့မှ ဟုတ်။ သို့သော် မလိုက်လို့မှမဖြစ်ဘဲ...





## အခန်း (၈)

နင်ကလဲ စိတ်ပျက်နေတာ သိသာလိုက်တာ ခရောင်း ရယ်၊ ငါ ဘက်က အရင်းအချာဆိုလို့ နင့်ပဲ ပါတာ။ ဟိုရောက်တာနဲ့ နင်က တန်ဖိုး သွားရင် ငါ အားငယ်ရမှာပေါ့။ အဲဒါကြောင့် အပြန်လက်မှတ်ဖြတ်မထားဘဲ ပြီးတော့ ငါလဲ ဟိုမှာ မင်္ဂလာတမ်းဆောင်ဖြစ်ရင်တောင်မှ မနှလေးကိုတော့ ပြန်လာဦးမှာပဲဟာ၊ ငါတို့ အတူတူပြန်ရအောင်လေ နော်"

"ဘယ်လို"

အကောင်းမှတ်လို့နားထောင်နေလိုက်တာ အဆုံးကျမှ ခရောင်း ပေါက်ကွဲပြီ။

"ဘာပြောလိုက်တယ် ကြင်နာ၊ ဟိုမှာ မင်္ဂလာတွေ ဘာတွေဆောင်ပြီး နင် ဒီဘက်ကိုပြန်လှည့်လာမှ ငါ ပြန်ရမယ် ဟုတ်လား"

ထိုင်နေသည့်ကိုယ်လေးပင် ကြွခုန်ဖြစ်သွားသဖြင့် ကြင်နာ က အသံထွက်အောင်ရယ်သည်။ ထိုမှပင် ဒီလိုမဟုတ်ပါဘူးလို့လည်း ဖြေရှင်းတော့ လိုလို့နှင့် တကယ်ပြောလာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို မုံ့တစ်ပေါက်မစွန်းစေရဘူးလို့ ငါ ကတိပေးပါတယ် ခရောင်းရယ်၊ နင့်အိမ်ကို ကြည့်ရှုထောက်ပံ့ဖို့လဲ ကြီးကြီးသန်း အားလုံး စီစဉ်မှာပဲ၊ ပြီးတော့ ငါတို့ပြန်လာရင် ငါ နင့်ကျေးဇူးကို မမေ့ပါဘူး"

"ကြင်နာ"

"ဟင်"

"နင် ငါ့ကို ဘော်ဒီဂတ်လုပ်နိုင်းနေတာလား"

"လွဲပြီ တကယ်ပဲ ကိုယ့်သူငယ်ချင်းမို့လို့ အနားမှာနေစေချင်တဲ့ဟာကို ဘာတွေခေါင်နေတာလဲ၊ ငါ ရိပ်မိပါတယ်၊ ဟိုတုန်းကဆို ရှိုင်း ကပဲ မှန်တေတေနေတတ်တာ၊ ခုတစ်လော နင့်မျက်လုံးပါ ငါ့ကို ခပ်စိမ်းစိမ်းဖြစ်လာတယ်"

"စိမ်းတာတော့မဟုတ်ပါဘူးဟာ၊ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို တယ်တဝရောက်နေပြီလဲလို့ ပြန်တွေးမိတာပါ၊ နင့်ဘဝနဲ့ငါ့ဘဝ မိုးနဲ့မြေလို့ ကွာပါတယ်"

"မကွာဘူးနော် မိန်းမ၊ အခု ကြင်နာဖော် ဆိုတဲ့ ကျုပ်မှာ ဘာစည်းစိမ်မှမရှိတော့ဘူး။ ပစ္စည်းတွေရော လူကိုရော ပိုင်ရှင်ခေါ် သွားပြီ သိရဲ့လား"

ကြင်နာ က အပြုံးကလေးနှင့်ပြောနေပြီးမှ မျက်နှာလေး ချက်ချင်းညှိုးကျသွားကာ ...

"ငါလေ ဇော် ကိုလဲသနားတယ်"

ဇော် ကို ကြင်နာ တကယ်ချစ်တာမှန်း သိထားတော့ ခရောင်း လည်း စိတ်မကောင်းပါ။ ဒါပေမယ့် ကိုယ့်သောကနဲ့ကိုယ်မို့ သူမကို အားပေးဖို့လည်း သတိမရပေ။ ထိုစဉ်မှာ လေယာဉ်နံပါတ်နှင့်အတူ ထွက်ခွာတော့မည့်အကြောင်း ကြေညာသံထွက်ပေါ် လာသဖြင့် လိုက်ပါမည့်သူတွေ ထကြ၊ သွားကြနှင့် လှုပ်လှုပ်ရှရှဖြစ်ကုန်ကြ၏။

ခရောင်း ကတော့ ရင်လေးနေပါပြီ။ ခရုံးဝေးကြီးကို ထွက်ခဲ့ရပြီး





ကိုယ်ပိုင်ငွေလည်း တစ်ပြားတစ်ချပ်မှမပါ၊ ခုထွက်လာခဲ့တာတောင်မှ ကြင်နာ က သူမအဝတ်အစားတွေကို ဝတ်ခိုင်းနေသေးသည်။

ငွေရေးကြေးရေးအရ ကိုယ် မတတ်နိုင်လို့ အကူအညီယူနေရပေမယ့် သူများအဝတ်အစား ယူဝတ်ရလောက်အောင်တော့ မာနက လက်မခံခဲ့ပေ။

"မင်္ဂလာပွဲကျရင်တော့ နင့်အတွက် အားလုံးပြည့်စုံအောင် ငါ စီစဉ်ပေးမှာပါ၊ မပူနဲ့"

လို့ ပြောတော့ ချက်ချင်းလှည့်ပြန်ရဖို့ ခက်သွားရသည့်အရေးကြောင့် အဝတ်စားကိစ္စက ခေါင်းထဲကို သေချာမရောက်ခဲ့ပေ။

"ဟ...လေယာဉ်ကလဲ ကြာလိုက်တာ"

"လူစောင့်နေဘာထင်တယ်"

ဘေးတွဲခုံက စကားသံတွေကြားလိုက်ရမှ ခရောင်း ကိုယ့်ကိုယ်ကို လေယာဉ်ပေါ် ရောက်နေသည့်အဖြစ်ကို သတိရသည်။ ထွက်လာခဲ့မှတော့ စိတ်ညစ်နေလည်းအပိုပဲဟု အထပ်ထပ်အားတင်းလိုက်ကာ စိတ်ကို အနာဂတ်သို့ပို့ထားလိုက်ရ၏။ ထိုစဉ်...

"ဟင် ..."

ကြင်နာ မျက်လုံးတွေဝိုင်းသွားကာ အသံထွက်သွားသည်မို့ သူမ ကြည့်ရာကို ခရောင်း က လိုက်ကြည့်၏။

"ဟယ်..."

အေးတာလည်းမဟုတ်ဘဲနဲ့ လည်ဘာကျာကင်ကြီးဖားဖား၊ ဘောင်းဘီရှည်အညိုရောင်ပွပွနှင့် အိတ်တစ်လုံးဆွဲထားသော်လည်း အိတ်က ဘာမှမပါသလို ရှုံ့တွတွ၊ ပျော့ဖတ်ဖတ်ကြီး။

"ဇော် ... ဇော်"

နှုတ်ဆက်တာလည်းမဟုတ်ဘဲ ဇော် လို့ခေါ်မိသည်။ ဇော် ကနေ



www.burmeseclassic.com

www.burmeseclassic.com



မတက်နိုင်ဘဲ ဘာမှလည်းမပြောဖြစ်သည့် ကြင်နာ့အဖြစ်က သရဲတစ္ဆေ တွေ့သည့်နှယ် ...။

ဇော် သည် လေယာဉ်ပေါ်ကို နောက်ဆုံးတက်လာသူဖြစ်ကာ အလယ်လမ်းကြောင်းထိပ်မှာ ရပ်မိသည်နှင့် သူ့မျက်လုံးတွေကလည်း ကြင်နာတို့ထံ တန်းခနဲရောက်လာ၏။

အကြည့်တွေက မသင်္ကာစရာသတင်းရလို့ ရှာဖွေရေးဝင်လာသလို ဖြစ်ကာ ကြင်နာတို့ကိုမြင်လိုက်တော့ အေးစက်စူးရဲသွားသည့် မျက်ဝန်း တို့မှာ တရားခံဖမ်းလိုက်သလိုပင်။

သူ့အကြည့်တွေအောက်မှာ ကြင်နာရော ခရောင်းပါ တကယ် ပြားပြားဝပ်ကုန်ခဲ့တာ အမှန်ပဲဖြစ်၏။ ဒီလိုရောက်လာလိမ့်မည်ဟု ယောင် လို့ပင် မတွေးမိခဲ့ကြသဖြင့် ၂၄ ဆက လျှောက်လာသည့် ခြေလှမ်းတွေကို ငေးလျက် တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်မိကြ၏။

“ဒီမှာ မင်း တိုနောက်မှာ သွားထိုင်လိုက်”

ဒီဘက်မှာ ခရောင်း က ထိုင်တာမို့ သူက ခရောင်း ဘေးမှာရပ်ပြီး အမိန့်ပေး၏။ မတတ်နိုင်ပါ။ သူတို့က ချစ်သူချင်းတွေ၊ ကိုယ်က ပြင်ဘက် ကလူနဲ့လည်း မဆိုင်၊ သူ့ကို တားခွင့်မရှိ။ ကြင်နာ ဘယ်လိုအခက်တွေ့ သွားပြီကို တွေးမိသော်လည်း ကိုယ် မကူညီနိုင်သည့်ကိစ္စမို့ အသာ တကြည်ပဲ နေရာ မှ ထ ဖယ်ပေးလိုက်ရသည်။

နောက်ဆုံးခုံမှာ ဝင်ထိုင်လိုက်ပြီး ကြည့်မိတော့ ကြင်နာ ဘက်ကိုလှည့် ၍ မချိမချဉ်ပြုံးနေသော ဇော့် မျက်နှာတစောင်းကို မြင်လိုက်ရသည်။

စိတ်တော့မကောင်းပါ။





<u>အခန်း (၉)</u>

“ဟာ...”

“ကျွိ... ဒုန်း”

အကြမ်းပရမ်းဦးတည်၍မောင်းဝင်လာသည့် ကားတစ်စီးကြောင့် ဆိတ်ခနဲဖြစ်သွားကာ စတီယာရင်ကို ဖြစ်သလိုဆွဲချိုးလွှဲပစ်လိုက်ရ၏။

ကားသည် လမ်းဘေးအနိမ့်ထဲသို့ အရှိန်နှင့်ငိုက်ဆင်းသွားပြီးမှ ဒုန်း ခနဲပစ်ဆောင့်ကာ ပြန်ထောင်တက်၏။

ခေါင်းကိုယ်လုံး ကိုင်ရိုက်ခံရသလိုဖြစ်သွားသည်။ အရိုးအဆစ်တွေ ပြုတ်သွားပြီလားထင်ရကာ ခေါင်းထဲမှာ မီးပွင့်သွားခဲ့၏။

ပတ်ဝန်းကျင်မှာ တခြား ကားအသွားအလာ ရှင်းနေသည်။ သူ့ မျက်လုံးတွေ ခပ်ချာချာပြန်ဖွင့်နိုင်တော့မှ မလှမ်းမကမ်းမှာ ကားကြီးတစ်စီး၊ ကားလေးတစ်စီး ထိုးရပ်လာကြပြီး လူတချို့ ဆင်းလာ၏။

“ဘာဖြစ်သွားတာလဲ ညီလေး။ စလစ်ဖြစ်သွားတာလား”

“ဘရိတ်ပေါက်သွားတာလား”

“လူ ဘာဖြစ်သွားသေးလဲ”



www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးကြမလို့ စိုးရိမ်တကြီးမေးကြသည်။ သူ့ကိုယ်သူတောင် ဘာဖြစ်သွားမှန်းမသိသဖြင့် ကားပေါ်ကနေ ပေါ်ဖြည်းဖြည်းဆင်းလိုက်ပြီး သေချာမတ်မတ်ရပ်ကြည့်မိ၏။

ခေါင်းထဲမှာမူးဝေကာ ရင်ဝက နည်းနည်းအောင့်နေ၏။ ကျန်တာတော့ ဘာမှမဖြစ်ဘူးထင်သည်။ အားလုံးက သူ့တစ်ကိုယ်လုံးကို စိုးရိမ်တကြီး ငိုင်းကြည့်ကြ၏။

"ကားတစ်စီးဗျာ တည့်တည့်ကြီးခေါင်းတိုးဝင်လာတာ အရှိန်ကမသေးဘူး၊ အဲဒါကိုလွတ်အောင် ကမန်းကတန်းဆွဲချလိုက်ရတာနဲ့ ခုလိုဖြစ်သွားတာ"

"ဟာကွာ တောက် ..."

ကားကြီးက ဒရိုင်ဘာလူသည် ပုဆိုးနှစ်ဖက်မ၍ တက်ခေါက်ပြီး...

"တော်တော်ရမ်းကားတဲ့ကောင်တွေ၊ ဒီနေရာမှာ လူလစ်တယ်ဆိုပြီး ပြန်မကြည့်ဘဲ မောင်းပြေးတာ"

"ကားတစ်ခုခုဖြစ်လာသလားမှမသိတာဗျ"

"ဘာမှမဖြစ်ဘူး၊ သက်သက်ရမ်းကားသွားတာ၊ ညီလေး ရရဲ့လား။ အစ်ကိုတို့ ဘာကူညီရဦးမလဲ၊ ကားရော ..."

ကားကိုပါလှမ်းကြည့်ပြီး လင့်နံခရီစာကားကြီးမှို့ စိုးရိမ်ပြောသွားပုံနှင့်...

"ကားကတော့ ဘာမှမဖြစ်လောက်ပါဘူး။ မင်း ရရဲ့လားကွ"

"ရပါတယ်၊ ကျေးဇူးပါပဲ"

ကားတွေ ထွက်သွားကြတော့ သူ ကားထဲပြန်ဝင်ထိုင်ကာ နာရီကြည့်လိုက်မိ၏။ ကိုးနာရီကျော်နေပြီဖြစ်သည်။ လေယာဉ်ချိန်မီအောင်သွားဖို့က သူ မတတ်နိုင်တော့ပေ။

လောလောဆယ် ခေါင်းမူးနေတာကို မျက်လုံးတွေမှိတ်ပြီး ပြန်ဖွင့်မျက်တောင်တွေတဖျပ်ဖျပ်ခတ်၊ အမျိုးမျိုးလုပ်ကြည့်ပေမယ့် မကြည်





သင်။

ကူရှင်မှာမှီကာ မျက်နှာမော့ထားလိုက်ကာ နေသာသလိုရှိသော်သည်း ရင်ဝက သိသာစွာအောင့်လာ၏။

ထိုနေရာမှာပဲ အချိန်တွေကုန်မှာစိုးလာသဖြင့် သူ့ကားကို ဒီတိုင်းပြန်ခေါက်၍ လမ်းပေါ်တင့်လိုက်သည်။ ကံကောင်းထောက်မစွာပင် ဒီနေ့တျမှ လေယာဉ်ကနောက်ကျနေခဲ့၏။ ဒါဆို သူ နောက်ကျပေမယ့် အရမ်းတော့မကွာနိုင်သေးပေ။

ကားတွေတန်းစီညပ်သပ်နေသည့်နေရာမှာ ခရီးသည်တချို့နှင့် ရှုပ်နေဆဲဖြစ်၏။ သူ ကားရပ်ပြီးဆင်းလိုက်သည်နှင့် ပြုံးပြုံးရွှောက်ချားနေသောမျက်နှာလေးတစ်ခုကို ခလုတ်တိုက်သွားခဲ့၏။

ကိုယ်က ကြွင်နာ့ ကိုရှာနေတာမို့ ထိုမျက်နှာကိုမြင်ပါလျက်နှင့် ဝေ့ခနဲဖြတ်ကျော်သွားသည်၊ ပြီးတော့မှ ထိုဆီကိုပြန်ကြည့်မိတော့ သူ ရုတ်ချည်းမှတ်မိလိုက်၏။

မန္တလေးမှာဆုံတုန်းက ကြွင်နာ မိတ်ဆက်ပေးခဲ့သည့် 'ခရောင်းရင့်' ဆိုသည့် မိန်းကလေး၊ အနက်ရောင်အိတ်အနက်လေး ပခုံးမှာချိတ်ကာ ဆံပင်ရှည်တွေကို ဟိုတစ်ခါမြင်ခဲ့သလိုပဲ ခပ်မြင့်မြင့်မှာ နှစ်ဖက်ခွဲစည်းထား၏။

မိတ်ကပ်ရောင် ကချင်ထဘီဆင် ကန့်လန့်စင်းလေးနှင့် ပုံစံက နယ်ကလာသည့် မအူမလည် တောသူပုံလေး သိသာနေသည်။

ထို့ပြင် ပုလဲတစ်လုံးနားဆွဲလေးက ရှည်လည်းမရှည်ဘဲ သူမမျက်နှာလေး လှုပ်လိုက်တိုင်း သူ့ဘာလည်း တလှုပ်လှုပ်နှင့်။

ဗဟို့ ခြေလှမ်းတွေက သူမနှင့် ဘေးဘီကို ဝေ့ဝဲရှာရင်း အနားရောက်သွား၏။

"ကြွင်နာ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြင်နာ ဟို ..."

ခရောင်း လက်ညှိုးထိုးမလိုဖြစ်သွားပြီးမှ ထိုလက်ညှိုးလေးသည် ဘယ်ကိုမှမညွှန်ဖြစ်ဘဲ နားသယ်စပ်စိမ်းမြမြလေးထက်မှာ ကုတ်ခြစ်ခြစ် သို့ရောက်လျက် ...

"ကြင်နာလေ ..."

ဘာပြောရမလဲ၊ ကြင်နာ့ကို ဇော် အတင်းလက်ဆွဲ၍ ကားပေါ် ခေါ်တင်သွားသည်။ လေယာဉ်ပေါ်မှာ သူတို့ ဘာဖြစ်ခဲ့သလဲ၊ ဘာတွေပြောခဲ့ကြသလဲ၊ သူမ ဘာမှမသိခဲ့ရပေ။

ရန်ကုန်မှာ ဆင်းပြီဆိုတော့မှ ကြင်နာ့ မျက်နှာလေးက မသာမယာ၊ သူမကိုလည်း ဘာမှမပြောဘဲ ရှေ့ကို ဘောက်ဆတ်ဆတ်လျှောက်သွား၏။ ခရောင်း မေးမြန်းချင်ပေမယ့် ဝေဒနာဆည်းရှေးနေသည့်အဖြစ်ကြောင့် ဇော်နဲ့ကြင်နာ အပြင်ရောက်သွားကြကာမှ ကမန်းကတန်း မီအောင်လိုက်ရသည်။ တကယ့်ကို သေတ္တာထမ်းဖို့လိုက်နေရသည့်အလုပ်သမားနဲ့ မခြား၏။

သူမ အပြင်ရောက်သွားတော့ ကြင်နာ ဟိုရှာ ဒီရှာနှင့်ဖြစ်ကာ...

"ခွေး သေတ္တာ"

ကြင်နာ့ ပုံစံက ဗဟိုကားကိုမြင်တာနှင့် ချက်ချင်းပြေးတက်လိုက်တော့မလိုပင်။ သို့သော် ဇော် က သူမလက်ကောက်ဝတ်လေးကို မလွှတ်တမ်းဆုပ်ထား၍ ...

"မင်းကို သူ လာကြိုနိုင်မှာမဟုတ်ဘူး ကြင်နာ၊ အဲဒီလိုဖြစ်အောင် ကိုယ် အင်အားသုံးထားတယ်"

"ဘာ..."

"မန္တလေးနဲ့ရန်ကုန် မနီးပေမယ့် မဝေးပါဘူး၊ 'နေဗဟို' ဆိုတဲ့ လက်တံတွေလောက် မရှည်ပေမယ့် ကိုယ့်မှာ တောင်ပံတွေရှိတယ်"

"ဇော် ..."





ကြင်နာ လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း မော့ကြည့်၏။ ဇော် ပြောတာကို မယုံနိုင်ပေမယ့် ထိတ်လန့်သွားခဲ့တာ ခရောင်း လည်းအတူတူပင်။ ဇော့် မျက်နှာထက်က မိုက်ကန်းကန်းအကြည့်များက ခုကျတော့ ချောမွေ့ခြင်းတွေ ပျောက်ဆုံးနေခဲ့၏။

"လာပါကွာ၊ မင်း အခုလိုက်လာခဲ့ရင် အားလုံး အေးချမ်းသွား ပြီးဆုံးသွားမှာ၊ မဟုတ်ရင်တော့ ညှို့ပရိသတ်တွေရှေ့ မှောက်ကျမှ မင်း ဒုက္ခရောက်မှာ မယုံမရှိနဲ့"

"ဇော်... ဇော် ဘာတွေလျှောက်လုပ်နေတာလဲ၊ မဖြစ်နိုင်တော့ဘူးလို့ တို့ ပြောခဲ့ပြီးပြီပဲ"

"ဖြစ်ဖို့မရှိတာကို စခဲ့တုန်းကလဲ မင်းပဲ ကြင်နာ၊ ရင်ဘတ်ထဲမှာ အဆိပ်သင့်နေကာမှ ကိုယ်ပူကျဆေးတိုက်နေလို့ အပိုပဲ၊ အဆိပ်သင့်တာ ဖြေဆေးရှိမှဖြစ်မှာ၊ ကိုယ့်ရဲ့အသက်ကယ်ဆေးက မင်းပဲ၊ မင်းမရှိလို့ မဖြစ်ဘူး"

"ဟင့်အင်း၊ လွှတ်"

"ခဏဖြစ်ဖြစ်ကွာ မင်းနဲ့ကိုယ် ဆွေးနွေးကြည့်လိုက်ရအောင်၊ ခဏပဲ"

"အို ..."

ကားထဲတိုတွန်းထိုးတင်ခံလိုက်ရကာမှ ကြင်နာ ကိုယ့်ကိုသတိရသွားပုံပေါ်သည်။

"ခရောင်း"

ခေါ်သံသွဲ့သွဲ့လေးမပြဲကျန်ခဲ့ကာ သူမ တစ်ယောက်တည်း ထားရစ်ခဲ့လေသည်။ သိပ်မကြာလိုက်ခင်မှာ ဗဟိုကား ရောက်လာခဲ့တာဖြစ်သည်။

ဘယ်လိုပြောရမှာလဲ၊ ကြင်နာ ဇော့်နောက်ကိုပါသွားခဲ့တာ မဟုတ်လား၊ ထားခဲ့ရလား၊ ဖုံးဖိကာကွယ်ပြောထားရမှာလား။ ဒီလိုပဲပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာလား။

ကြင်နာ ဘာမှမမှာခဲ့သည်မို့ ဘယ်လိုပြောပေးစေချင်မှန်း ဝေခွဲမရ ပေ။

"တောက်... ဟော့ ..."

ဒိုင်ခနဲဖြစ်သွားသဖြင့် သူ့ တက်ခေါက်သံကြောင့် ခရောင်း တုန် သွား၏။

"မင်းကိုမေးနေတာ ကြားလား-ဘယ်မှာလဲ ကြင်နာ"

ဘေးလူတွေလှည့်ကြည့်ကုန်သဖြင့် ကိုဖုံသောကနဲ့ကိုယ် ဖြစ်နေ တုန်းမို့ ခရောင်း မခံချင်စိတ်လေး ခေါင်းထောင်လာသည်။

"မရှိတော့ဘူး၊ ပါသွားပြီ"

"ဘာ ..."

သူ့အသံကြီးက ရှိသင့်တာထက် ပိုနေ၏။ အံ့ဩသွားရမည်၊ မေးခွန်း တွေထပ်မေးရဦးမည်။

သူ့ဘက်က ဒီလိုလှုပ်ရှားသွားသင့်တာဖြစ်ပေမယ့် အံ့ဩနေပုံလည်း မပြ၊ ဘာမှလည်းထပ်မမေးတော့ဘဲ ...

"လာခဲ့"

"အ..."

ခရောင်း လက်လေးကိုဆွဲဆောင့်ဆွဲကာ သူ့ကားဆီ ခြေလှမ်းကျဲများ နှင့် ဆင်းချသွား၏။

"ဘာလဲ၊ ဘယ်လိုဖြစ်... အား..."

ကားအမြင့်ကြီးကို ကိုယ့်ဘာသာမတက်လိုက်ရဘဲ လုံးထွေးပုံက သွားသလိုဖြစ်ကာ လက်ခေါက်ခြေခေါက်တွေဖြစ်ကုန်၏။

ပခုံးက လွယ်အိတ်လေးက ဆိုဖာပေါ်ပြုတ်ကျသွားပြီး လူက ထို အပေါ်မှာ တစောင်းပစ်ကျသွားသည်။ ဘာမှလှည့်မပြောနိုင်သေးခင်





ဘဲ ခါးပိတ်သံနှင့်အတူ ကားက သိမ့်ခနဲတုန်သွား၏။

တစ်ဆက်တည်းမှာ ကား လေးပြေးထွက်သွားလေသည်၊ သူမ အဖြစ်က ကြင်နာ ပါသွားသည့်ပုံထက် အများကြီးဆိုး၏။ ဆိုဖာထက်မှာ ကျကျမထိုင်ဖြစ်သေးဘဲ ကားက ဝေါခနဲဝိုက်ကွေ့သွားသဖြင့် ကုန်းဆင်း သည်းဖြစ်ကာ ရှေ့ကို ပြုတ်ကျတော့မတတ်ဖြစ်သွားရပြန်သည်။

"ဒီမှာ ရှင် ဘယ်လိုဖြစ်..."

"စကားမများနဲ့ ဘယ်ကောင်နဲ့ပါသွားတာလဲ၊ ကားက ဘာအရောင် လဲ"

"ကားက အနီရောင်၊ ဘယ်ကောင်လဲဆိုတော့ သူ့ချစ်သူပေါ့"

ကားက အနီရောင်ဆိုတော့ အားတက်သွားပုံရကာ သူ့ကားကို အရှိန်ထပ်မြှင့်လိုက်တာတွေ့၏။

"သူတို့ ဘယ်ကိုသွားတာလဲ"

"အို ... ဘယ်လိုလုပ်သိမှာလဲ၊ ကျွန်မက စုမှ ရန်ကုန်ရောက်ဖူးတာ၊ သူတို့က လိပ်စာပြောသွားရင်တောင် ကမန်းကတန်းကြီး ဘယ်လိုမှ တ်မိမှာမဟုတ်ဘူး"

"သူက ဒီထိလာပြီးမှ ဘာအချိုးချိုးသွားတာလဲ"

"ဖော် က ဖွတ်ခေါ် သွားတာပါ၊ ကြင်နာ က လိုက်ချင်တာမဟုတ် ဘူး"

ကားသည် အနီရောင်ကားတစ်စီးနောက်ကို သဲကြီးမဲကြီးလိုက်နေ ၍ ပြောလက်စတွေလည်း ခဏတော့ပြတ်တောက်သွားခဲ့၏။

"ဟိုရှေ့ကကားလား ကြည့်စမ်း"

ခပြောပုံက ဖြေချင်စရာမရှိပေမယ့် ကိုယ်လိုက်ခဲ့ရသည့် အနေအထား ၍ သူ ဒီလိုပဲဆက်ဆံသင့်တာမို့ ခရောင်း ဖြေသိမ့်လိုက်သည်။

"အရောင်ကတော့ အဲဒီအရောင်မျိုး၊ ညိုညစ်ညစ်ပဲ၊ သေချာတော့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး”

ကားကို မျက်ခြည်မပြတ်ပေမယ့် ဘယ်လိုမှကပ်မရဘဲဖြစ်နေ၏
မြို့ထဲရောက်လေ ကားတွေက ကျပ်လာလေ။

“တောက်”

ခဏခဏတောက်ခေါက်အံကြိတ်နေသည့် သူ့မျက်နှာကို မှန်ထဲကမေ
လှမ်းကြည့်မိ၏။

ဒေါသမာနတွေပြည့်သိပ်နေသော မျက်နှာထက်မှာ မလိမ့်တပတ်
အလဲခံလိုက်ရတာကို ခံပြင်းနေတာလား။ ကြင်နှာ ကိုဆုံးရှုံးလိုက်ရလ
လား...။

ဘာမှန်းမသိပေမယ့် ခုနေသာ ကြင်နှာကို ရှာတွေ့သွားလျှင် တစ်စ
နုပ်နုပ်စဉ်းပစ်လိုက်နိုင်သော ဒေါသတွေ မှိုင်းမွှန်နေတာတော့ သေချာသည်

လင့်နံစရိုဇာကို ဆလွန်းကားကလေးတွေမောင်းသလို ထင်သလ
ကွေ့ပတ်ရှောင်ထွက်ကာ ရှေ့ကကားအနီကို မီအောင်လိုက်၏။

အနားရောက်တော့ လူသုံးယောက်ပါသော ဝက်ပွန်းကားလေး ဖြ
သော်လည်း အားလုံးက ယောကျ်ားတွေချည်းဖြစ်နေ၏။ ဗဟို က ကား
ကမာရွတ်ဘက်ကို ပြန်ကွေ့လိုက်ပြီး တခြားလမ်းကို ဦးတည်ပြန်သည်

သူမြင်လိုက်ရတာလည်းမဟုတ်၊ ဘယ်ဆီဘယ်ဝယ်ဆိုတာလည်
မခန့်မှန်းနိုင်ဘဲ ဗဟို ဖြစ်နေတဲ့ပုံက ဆင်ကန်းတောတိုးနှင့်တူနေ၏။

“ရှင်ကားမောင်းနေတာ အန္တရာယ်လဲကြီးပါတယ်ရှင်၊ အရှိန်နည်
နည်းလျှော့လိုက်ပါ။ ပြီးတော့ ဘယ်ဆိုတာလဲမသိဘဲနဲ့ သူတို့သွားကြတ
နဲ့ ဆန့်ကျင်ဘက်ကို ကိုယ် လိုက်လာနေမိရင် ဝေးသ ကာက်ဝေးမှာ
သတိရပါဦး”

ဒီစကားကတော့ ထိရောက်သွားခဲ့သည်။ ကားက အရှိန်သိသာ
ကျသွားကာ လမ်းဘေးအစပ်တစ်ခုမှာ ရပ်တန့်သွား၏။





“ခရောင်းရင့်”

ရှေ့ကနေ နောက်ကို ကိုယ်တစောင်းလှည့်လိုက်ပြီး တရားခံစစ်
တော့မလိုခေါ် ၏။

“မင်း ငါ့ကို တစ်ပတ်ရိုက်နဲ့လှည့်ထုတ်လာတာလား”

“ဒုက္ခပါပဲရှင်၊ ရှင့်ခေါင်းထဲမှာ တစ်ခုမှ အမှန်မရှိတော့ဘူးထင်တယ်၊
အားလုံး တလွဲတွေချည်းပဲ၊ ရှင့်ကို ကျွန်မက ခေါ် ထုတ်ခဲ့တာလား။ ရှင်
က တွန်းထိုးတင်လာတာလား”

ဗဟို ထွန့်ခွန်းမှ ပြန်မပြောနိုင်။

“ကျွန်မနဲ့ကြင်နှာ လေယာဉ်ပေါ် ရောက်တဲ့အထိ ဒီလိုဖြစ်မယ် လုံးဝ
ထင်ကြဘူး”

ဟု အစချီကာ သူမ ကြားသမျှ မြင်သမျှကို ခရောင်း က ပြန်ပြောပြ
လိုက်၏။ ဗဟို က ကူရှင်မှာ ပခုံးတစောင်းကပ်မှီလျက် ဧတီယာရင်မှာ
လက်တစ်ဖက်တင်ထားရင်း တိတ်ဆိတ်စွာ နားထောင်နေသည်။

“အဲဒီလူနဲ့ ကြင်နှာ ကို မင်းက အောင်သွယ်ခဲ့တာပေါ့”

“မဟုတ်ပါဘူး”

ရုတ်တရက်မို့ ဝေါက်ဆတ်ဆတ်ပြောပစ်လိုက်မိသည်။ ထိုသူ၏
ထင်မြင်သေးသောမျက်လုံးတွေကိုလည်း နားလည်လာကာ..

“ကျွန်မက မိဘမဲ့ပါ။ ဆင်းလဲဆင်းရဲတယ်၊ ဒါပေမယ့် အဲဒီလို အကျင့်
စာရိတ်မရှိဘူး၊ သူတို့ချစ်နေကြကာမှ ကြင်နှာ ကြောင့် မကင်းရာမကင်း
ကြောင်း ဝင်ဝင်ပါနေရတာ၊ ရှင် မသိလို့မေးချင်ရင် သူများဖြေချင်အောင်
မေး၊ ဆင်းရဲတဲ့လူတိုင်း အောက်တန်းကျတဲ့စိတ်တွေ ခံမွေးကြတာမဟုတ်
ဘူး”

“အဲဒါ မသိဘူး၊ အခု မင်းတို့လုပ်ပုံက ဘယ်နေရာမှာ လေးစားချင်
စရာရှိသလဲ”

:ရ



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြန်ပြီ၊ ကြင်နာကိုယ်တိုင်တောင်မှ သူ့ချစ်သူဖြစ်နေလို့ မရှ နိုင် မကယ်နိုင်နဲ့ပါသွားရတာ၊ ကျွန်မက ဘာတတ်နိုင်မှာလဲ"

"မင်းက ကြင်နာ့ ကို ကာကွယ်ပြောချင်ပုံပဲ"

ဗဟို က စဘီယာရင်မှာတင်ထားသည့်လက်ကိုပါ ဖြုတ်၍ နောက် ကို သေချာထပ်လှည့်ထိုင်ကာ ...

"ရည်းစားလက်ရှိတစ်ယောက်ကို မပြတ်မသားနဲ့ လက်ထပ် ထွက်လာတာ လေးစားထိုက်သေးလား"

"ရှင်က အခု ပြန်ခေါ်မလို့ သဲကြီးမဲကြီးလိုက်နေတာလား၊ အပြ တင်ချင်လို့လား"

"ငါက ဒီမိန်းမနဲ့မှလွဲရရင် ဘဝဆုံးတော့မယ့်အဖြစ် ရောက်နေ မရမက မြှေလှန်ရှာနေတယ်လို့ မင်း ထင်တယ်ပေါ့"

"ဖြစ်နိုင်တာကို တွေးမိတာပါ၊ ရှင်ပြောသလိုကြီးတော့ မဟုတ် ပါဘူး"

ဗဟို က ခရောင်း တစ်ကိုယ်လုံးကို ငေ့ကြည့်ပြီး မျက်မှောင်ကြု နှင့် ငြိမ်သွား၏။ သူ့ရင်ထဲမှာ ဗလောင်ဆူနေတာတွေက မိန်းမ တ ယောက် မဖြစ်မနေရဖို့ လိုအပ်နေလို့မဟုတ်ပါ။

မှန်တိုင်းအောက်က သဲပုံငယ်လေးကို ရေတွေ၊ လေတွေနဲ့ မျော လွင့်ပါမသွားအောင် လက်ဝါးနဲ့ကာနေရသည့်အဖြစ်မျိုးသို့ ရောက်ေ သည်။

မင်္ဂလာကိစ္စအတွက်၊ မွေးနေ့ပွဲနှင့် သိမ်တော်မင်္ဂလာအလှူပွဲအတွ အကြီးအကျယ်မျှော်လင့်ပြီး ဒီမှာ တခမ်းတနားပြင်ဆင်နေနေကြပြီ ဖြ သည်။

'နေဗဟို ဆိုတဲ့လူ လက်ထပ်ခါနီးမှ သတို့သမီးလောင်းက ရည်းေ နဲ့လိုက်ပြေးသွာ ' ဲ့တဲ့ဆိုသည့် ကဲ့ရဲ့ ဝေဖန်သံတွေကို သူ ဘယ်လိုရင်ဆိ





နေလဲ။

သဲတွေ ရေမျောသွားသလို သူ့သိက္ခာ၊ သူ့မာနဝေ ၃ အားလုံး အရည် ပျော်ရတော့မည်။ ဒါကိုစိုးရိမ်လို့ တကူးတကသွားပြီး ၎င်းကိုယ်တိုင် ဆွေး နွေးခဲ့သေးသည်မို့ ပို၍ရှက်မိခြင်းဖြစ်၏။

ထိုစဉ်ကတည်းက ချစ်သူရှိနေပြီးသည့် သူမရင်ထဲမှာ ကျိတ်၍ လှောင်ရယ်နေလိမ့်မည်။ ဒါမှမဟုတ်လျှင် 'ရည်းစားကစ်ထောင် လင် ကောင်တစ်ယောက်' ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားနေတာလား။

ဟိုကိုထားခဲ့ပြီး ဒီကိုလာခဲ့တာက စည်းစိမ်ဥစ္စာကြောင့်ဖြစ်နိုင် ချက် မပြတ်သားသည့်စိတ်ကြောင့် ဒီရောက်ကာမှ ရည်းစားကိုမြင်ပြီး ပြန်လိုက်သွားတာမျိုး။

"တောက်... ရှုံ့ကောင်းလိုက်တာ မိန်းမတွေ" ၅၁

"ရှင် ဘာဖြစ်တာလဲ"

"မင်း ငါ့ကို ဘာမှပြန်မမေးနဲ့၊ မင်း ဆတ်ဆတ်ထိမခံနိုင်တာထက် ငါက ပိုတယ်၊ 'နေဗဟို' ဆိုတဲ့ကောင် ဘယ်လိုလူလဲဆိုတာ မင်း နား ဆောင်ကြည့်လိုက်၊ ငါ့ရဲ့ဂုဏ်သိက္ခာက မိန်းမ၊ စည်းစိမ်၊ ရွှေငွေရတနာ တွေထက် အများကြီးတန်ဖိုးကြီးတယ်၊ အခု ငါ သူ့နောက်ကိုလိုက်နေ တာ ပြန်ရချင်လို့မဟုတ်ဘူး၊ ပေးမလို့"

ဘာပေးမှာလဲ၊ ခရောင်း နားရှုပ်သွား၏။

"လိုချင်ရင်ယူ၊ မလိုချင်ရင်နေလို့ ငါ သူ့ကို ရွေးချယ်ခွင့်ပေးခဲ့တုန်း က သူယူတယ်၊ အခုမှ ပြန်အမ်းသွားလို့မရဘူး၊ ဒီလက်ထပ်ပွဲမှာ သူ ရှိကို ရမယ်၊ အခမ်းအနားပြီးတာနဲ့ သူ နေချင်သေးတယ်ဆိုရင်တောင် ငါ့ ဘက်က ဆောရီးပဲ"

ပြောလျက်နှင့် ကားကို လမ်းပေါ် ပြန်တက်လိုက်၏။

"ရှင်က တွေ့အောင်ရှာဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခရောင်း မေးတာကို ဗဟို ပြန်မဖြေပါ။ ကားသည် လမ်းတွေ့ရှိသ ကို ကွေ့ဝင်ပတ်လွှက်ရင်း မမောနိုင်မပန်းနိုင်။

သူ့မျက်လုံးထဲမှာ အကြီးအကျယ်ပြင်ဆင်နေကြသည့် မင်္ဂလာ အခမ်းအနားကြီးကိုပဲ မြင်ယောင်ကာ ပြုံးရယ်နေကြသော ပါးစပ်တွေက ခြောက်လှန့်နေကြ၏။

သူ့တစ်သက်လုံးမှာ ဒီလိုအရှက်ရခြင်းမျိုးကို ခံစားရမည်ဟု ဘယ် တုန်းကမှ မျှော်လင့်တွေးထင်မထားခဲ့ပေ။

ကိုယ့်ဘက်က လက်စံနိုင်သည့်မိန်းကလေး၊ သူမကလည်း ငြင်း နိုင်ဖို့မရှိနိုင်ဟု တွက်ခဲ့၏။ ထို့ပြင် မုဒိတာဝါဒကို သူ မုန်းသည်။ အထု ဖြင့် မာယာနှင့်ဖန်ဆင်းသည့် မုသာဝါဒတွေပဲဖြစ်၏။

သူ ဘယ်သူ့အပေါ်မှာမှ ဖြားယောင်းဆွဲဆောင်ပြီးမညာခဲ့ဘူးသလို ဒီလို ပက်ပက်စက်စက်ကြီး အညာခံရနိုင်တာကိုလည်း သတိမမူခဲ့မိတာ အမှန်ပင်။ ဘယ့်နှယ်လဲ နေဗဟို၊ မင်း အပြောကြီးတဲ့ကောင် ဘယ်လိုလဲ

"ကျွန်မတို့က မမစိုးချွေးမလောင်းလေးကို စိတ်ဝင်စားနေတာနော် မန္တလာသူလေးဆိုတော့ ..."

"ဟယ်... ပွဲပျက်သွားပြီလား၊ စိတ်မကောင်းစရာပဲ"

ပြောဖူးသည့်စကားတွေ၊ ပြောလာမည့်အသံတွေ အာရုံထဲမှာ ရုပ်ရှင်ပြကွက်တွေလို တဖျပ်ဖျပ်ပေါ်လာနေကြ၏။

ယောက်ျားကြီးတန်မဲ့ ကဲ့ရဲ့ကြမ်းမှာကို သေမှလောက်ကြောက်ရွံ့နေ ခဲ့သည့် သူ့အဖြစ်က အကျည်းတန်နေပြီလား၊ အံကြိတ်ရလွန်းသဖြင့် သွားခြေတွေပင် နာကျင်လာသည်။

ဘယ်လိုမှဖြေမရတာက ဒီလိုမဖြစ်ရအောင် သူ ကြိုးစားထားခဲ့ သည်။ မဖြစ်ချင်တာကိုမှ ထိချက်က ပြင်းလွန်း၏။

ကားမောင်းနေရင်း နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲ ဘာ





ည်။ မေမေတို့အပါအဝင် သူ ပြန်အလာကိုစောင့်ကြိုနေကြမည့် မျက်နှာ တွေအများကြီးကို မြင်ယောင်ကာ တစ်သက်လုံးက မဖြုံခဲ့ဖူးသော ရင် ဆိုင်ရဲခြင်းကို တဆစ်ဆစ်ခံစားနေရ၏။

"ဒီမှာ နေဗဟို"

ကြာရှည်စွာတိတ်ဆိတ်နေခဲ့ပြီးမှ ခရောင်း အသံလေးထွက်လာ တော့ မှန်ထဲကိုမျက်လွှာပင့်လိုက်၏။ ခရောင်း ကလည်း သူ့ကို မှန်ထဲ ပဲ လှမ်းကြည့်၍ ...

"ကျွန်မက ရန်ကုန်မှာ အသိမိတ်ဆွေရှိတာမဟုတ်ဘူးရှင့်၊ မန္တ ဒြန်တဲ့ကားပေါ် ကို အချိန်မီပြန်ရမှာ၊ ကျွန်မကို အဝေးပြေးဂိတ်ကို လိုက်ပို့ပေးပါ၊ ဒါတော့ ကူညီပါနော်"

ဗဟို က ရှေ့ကို ဖျတ်ခနဲကြည့်ပြီးမှ မှန်ထဲကနေ ပြန်ကြည့်သ

"ပို့ပေးပါရှင်၊ ကျွန်မ ဘယ်မှမသွားတတ်လို့ပါ။ ပြီးတော့လေ ဆက်ရှာဦးမယ်ဆိုရင် ကျွန်မက ကားအနီကိုပဲသိတာ၊ ရှင့်ကို ဘာမှမကူညီနိုင်တော့ဘူး အဲဒါကြောင့် ကျွန်မလမ်းကို က

ဗဟို့မျက်လုံးတွေ ရှေ့တူရူသို့ ပြန်ရောက်သွား၏။ ထို့နောက က တည့်တည့်အတိုင်းပြေးနေရာကနေ တစ်ဖက်ကို ကွေ့သွားခဲ့သည

သူ ဒေါသကြီးနေတာကိုသိနေသဖြင့် ဘာမှထပ်မမေးတော့ဘဲ ခရောင်း ငြိမ်ငြိမ်လေးလိုက်လာခဲ့သည်။

တော်ပါသေးသည်။ မညည်းမညူ ပို့ပေးဖော်ရလို့ ...၊

မယ်ကြင်နာ ရယ် ရှင် ကြင်နာလိုက်တာလေ ကျွန်မ ကံကောင်းလို့ ပါလား ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟင်... ကားဂိတ်နဲ့လဲမတူဘူး"

အမှန်ပင်ပင်... ခရောင်းကိုယ်လေး ကြွတတတဖြစ်သွား၏။ အဝေးပြေးဂိတ်

"ကျွန်မတို့တော့ သူမ ခွဲတတ်ပါသေးသည်။ ထို့ပြင် ...

မ... ကားကွင်းနဲ့ လူနေရပ်ကွက် ကွာခြားတာလောက်ကိုတော့ မသိဘဲ နမလား။ ဗဟို ကားကိုကွေ့ဝင်လိုက်သည်က ဖြူးဖြောင့်သောလမ်းမငယ်လေးနှင့် ခြံဝန်းကျယ်တိုက်မြင့်ကြီးတွေသာရှိသော ဆိတ်ငြိမ်ရပ်ကွက်တစ်ခု။

သံသယစိတ်တွေနှင့် လည်ပင်း မုန့်ကြိုးလိမ်ဖြစ်နေတုန်း ကားက တဖြည်းဖြည်း နှေးကျရပ်တန့်သွားပြီး ...

"ခရောင်းရှင့်"

"ဟင်"

"ငါ့ကို တစ်ခုလောက်ကူညီပါ"

"ဘာလဲ၊ ဘာကူညီရမှာလဲ"





မေးတာကို ချက်ချင်းမဖြေသေးဘဲ ဗဟို က နှုတ်ခမ်းကို ခပ်ဖိဖိ ကိုက်ထားရင်း စဉ်းစားနေသဖြင့် ...

"လောကကြီးထဲကို ကျွန်မ ရောက်လာခဲ့တာ သူများတွေလို အခွဲအခွဲနဲ့မငိုခဲ့ဘဲ ကယ်ပါ ကယ်ပါနဲ့ ခြေကားယား လက်ကားယားအော်ပြီး ရောက်လာတာထင်တယ်"

ဗဟို က ဘေးတစောင်းလှည့်ကြည့်တော့လည်း ခရောင်း က မရပ်ဘဲ ဆက်ပြောနေ၏။

"ဘယ်တုန်းကမှ အဆင်ပြေမပြည့်စုံခဲ့တဲ့ဘဝမှာ သူများကူညီခဲ့တာ တွေကို ယူ၊ သူများက ကူညီပါဦးပြောတိုင်း တကောက်ကောက်လိုက်သွားသွား တော်တော်လဲတရားကျဖို့ကောင်းတာပဲ"

စိတ်ပျက်လက်ပျက်ညည်း၍ ရှုံ့မဲ့နေ၏။ သူမနှင့်နှဲ မျက်နှာစာ စိတ်ပျက်ခြင်းနှင့် ဗဟို က ပင့်သက်ရှိုက်သွင်းလိုက်ရင်း ... အလှပင

"အားနာပေမယ့် မင်းကူညီမှဖြစ်မှာမို့ပါ" သည်။

ပြောပြီး ဗဟို က ရှေ့ကို မေးဆတ်ပြကာ ...

"ဟိုးရှေ့က လမ်းမကွေ့မှာ ငါ့အိမ်ရောက်ပြီ။ အခု မင်းကို ငါ ခေါ် သွားမယ်"

"ရပါတယ်၊ ကျွန်မက ကြင်နာခံနဲ့လာခဲ့တဲ့သူဆိုတော့ ဒီကိစ္စကို ရှင်းပြ ကျွန်မထက်ကောင်းတဲ့သက်သေ ရှင့်မှာ ဘယ်ရှိမလဲ၊ ကျွန်မ လိုက်ရှင်းပြပေးမယ်"

"မဟုတ်ဘူး"

"ဟင် ..."

ဗဟို က မျက်တောင်ဖျားတို့စိုက်ချလိုက်ကာ မျက်ခုံးစပ်မှာ လက်ညှိုးနှင့် မထိတထိခြစ်နေရင်း ...

"ဟိုရောက်ရ [redacted] ဘာမှမပြောပါနဲ့ ရှင်းဖို့ မရှင်းဖို့အပ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကို လိုအပ်မှ ငါ ရှင်းခိုင်းမှာ”

“ကျွန်မက ဘာလိုက်လုပ်ရမှာလဲ”

ဗဟို့ မျက်ဝန်းတွေ ခရောင်းထဲ ဖျတ်ခနဲရောက်သွား၏။ မျက်နှာလေးက တစ်ကိုယ်လုံးကို ဝေ့ခနဲကြည့်ပြီး ချိုတုံချတုံနှင့် ...

“ဟိုရောက်တာနဲ့ ငါပြောတာကို မင်း အလိုက်အထိုက်ခေါင်းညိတ်လိုအပ်ရင် ထောက်ခံ၊ ဒါလောက်ပဲ၊ မင်း ကူညီပါ့မယ်လို့ ကတိပေးမလား”

“ဩော်... ရပါတယ်ဆိုမှ၊ ရှင် ကျွန်မကို ညကားအမီ ပြန်ပို့ပေးဖို့ ဒါချင်တာ၊ ဟို... ပြီးတော့လေ ကျွန်မ ဗိုက်ဆာနေပြီ”

နို့ဖို ကားလေးက ရှေ့ကို ဆက်ပြေးသွားပြန်သည်။ မြင့်မားထူထဲသော ဂျဖြ ပ်တိုင်ကြီးများနှင့် ဝင်းခတ်ထားသည့်ခြံကြီးတစ်ခြံရှေ့ရောက်ပ်သွား၏။

ဒီလို “ဟင်... ကြသံတိုင်ကြီးတွေ ကြားကနေ အထဲက လူတွေရှုပ်နေတာအမှန်မ်းမြင်လိုက်ရသဖြင့် ...

“အထဲမှာ ဘာပွဲလုပ်နေတာလဲဟင်”

“ငါနဲ့ ကြင်နာ ရဲ့ မင်္ဂလာပွဲအတွက် ...”

“ဟင် ...”

အံ့သြသွားသဖြင့် မှန်ထဲက သူ့မျက်နှာဆီ မျက်လုံးက တန်းရောက်သွားသည်။ သို့သော် နီမြန်းတင်းမာနေသော သူ့မျက်နှာထက်က မှန်တိုင်းကိုမြင်လိုက်ရလျှင် မေးလိုက်မိတာကို အားနာသွားမိသည်။ စိတ်ထဲမှာလည်း ...

‘ဖြစ်မှဖြစ်ရလေ၊ သတို့သမီး မရောက်သေးဘဲနဲ့များ ဒီလောက်အသေအချာကြီး ပြင်ဆင်နေရတယ်လို့’ဟု တွေးလိုက်မိ၏။

ထို့ပြင် ဟိုထိလိုက်လာပြီး ဗဟို ဆွေးနွေးခဲ့တာတွေ၊ အခု လေးဆိပ်ထဲမှာ ယောက်ယက်ခတ်သွားခဲ့တာတွေကိုတွေးမိကာ ဒါကြောင့် သူ





သောက်ဖြစ်သွားတာကိုးဟု စာနာစိတ်လေးလည်းဝင်၏။

ခြံစောင့်က တံခါးလာဖွင့်သည့်အချိန်တွင် ဗဟို က သူမဆီကိုအကြည့်မရောက်ဘဲ မျက်နှာတစောင်းလှည့်လာကာ ...

“ဒီမင်္ဂလာပွဲက ငါ့အတွက်တော့ အချစ်နဲ့မဆိုင်ဘူး၊ ဒီပွဲ ဖြစ်မြောက်ခြင်း မဖြစ်မြောက်ခြင်းမှာ ဆုံးရှုံးခြင်း၊ ရရှိခြင်းဟာ ဂုဏ်သိက္ခာပဲ၊ အဲဒီတော့ ငါ့အသက်နဲ့ထပ်တူ ထိန်းသိမ်းလာခဲ့တဲ့ ငါ့ရဲ့ဂုဏ်သိက္ခာအတွက်မင်း ခဏလောက် ရှင်းနိုးကူညီပါ၊ အဲဒီအတွက် မင်းရဲ့ကူညီမှုကို ငါ မမေ့ဘူး”

ခရောင်း ဘာမှမပြောရသေးခင် သူ ရှေ့ပြန်လှည့်သွား၏။ ကားသည် ခြံတွင်းကတ္တရာလမ်းမည်းကြီးပေါ်မှာ ဆက်လက်ပြေးလွှားသွားခဲ့၏။

နှစ်ထပ်တိုက်မြင့်ကြီးက ခေတ်မီထည်ဝါစွာရှိနေကာ မျက်နှာစာတစ်ပြင်လုံးမှာ မြက်ခင်းစိမ်းစိမ်းတွေချည်း လွှမ်းခြုံနေ၏။ ပန်းအလှပင်ဆိုလို့ ဖွန်ပန်းရုံကြီးတွေ ဟိုတစ်စု ဒီတစ်စုနှင့် သနပ်ခါးပင်နှစ်ပင် ဒါပဲရှိသည်။

ခရေပင်တွေကို လှလှပပ တန်းစီစိုက်ထားကာ အစွန်ဘက်ကျသည့်အခြမ်းမှာကျတော့ ခရောင်း တစ်ခါမှမမြင်ဘူးခဲ့သော အရွက်စိမ်းနှင့် သစ်ပင်အုပ်အုပ်တွေ တွေက အပွင့်အခုံတွေ ဖူးပွင့်နေကြတာထက်ပင် လှနေသေးသည်။

ညစ်ခံပွဲ ပြင်ဆင်ထားသည်က တိုက်ကြီး၏ရှေ့ကပ်လျက်မှာဖြစ်ကာ ခရေပင်တန်းတွေကြားထဲမှာတော့ စားပွဲတွေ ခပ်ကြဲကြဲချထား၏။

သစ်ပင်တွေကို ဆက်နွယ်၍ ပန်းလိပ်တွေ၊ မီးဆိုင်းတွေ ထည့်ထားမှာလည်း ညဘက်မှာဆို ဘယ်လောက်လှမည်မှန်း တွေးကြည့်ဖို့ပင်မလိုပေ။

“တော်တော်ခမ်းခမ်းနားနား ပြင်ဆင်ထားတာပဲနော်... အင်း...”

“ဘာလဲ သတို့သမီးမရှိသေးဘဲ ဒီလောက်အကြီးအကျယ်ပြင် ထား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သလားလို့ မင်းစိတ်ထဲမှာ တွေးနေတာလား"

"အဲ... ဟို ..."

သူ ရိပ်မိသွားလောက်အောင် ကိုယ်ပြောလိုက်မိသည့်အတွက် ခရောင်း အားနာသွား၏။ ထိုစဉ် တစ်ကွေ့တစ်ပတ်ကြီးမောင်းလာရသည့်ကားက ပေါ်တီကိုအောက်မှာ အရှိန်လျှော့၍ ပြေးဝင်သွား၏။ ဘီးလေးဘီးစလုံး သေချာမရပ်ရသေးမီ အိမ်ထဲကနေ လူတွေ ထွက်လာကြသည်။

"သား ပြန်လာပြီ"

"ဘယ်လိုဖြစ်တာလဲဟေ့၊ မနက်ကသွားတာ နေ့လယ်ကျမှ ပြန်လာသလား"

အားလုံးထက် ရှေ့ကနေ နှစ်ယောက်တွဲလျက်ထွက်လာသူနှစ်ဦးက အရပ်မြင့်မြင့်ကြီးတွေ နှစ်ယောက်စလုံးညီကာ ဗဟို့နှင့်လည်း တော်တော်ဆင်တူနေသဖြင့် သူတို့က ဗဟို ရဲ့ မိဘနှစ်ပါးပဲဖြစ်လိမ့်မည်။

အရပ်မြင့်တာ၊ ချောတာတွေ တူညီနေကြသော မိဘနှစ်ပါးက မွေးဖွားခဲ့သည့် ဗဟို ဆိုသော သားတစ်ယောက်ကျတော့ ချောတာထက်ပိုမိုသော တည်ကြည်ခြင်းတွေ ရှိနေ၏။

ဒီလိုသွင်ပြင်လက္ခဏာမျိုးဟာ အဝတ်အစားအဆောင်အယောင်တွေ ခွာချပြီး ပဏ္ဏာသနမှဲ့စွာရှိခဲ့လျှင်တောင် ရုပ်ရည်အားဖြင့် ညှိုးလျော်မှိန်ဖျော့သွားဖို့ မရှိနိုင်။

ခရောင်း က ဗဟို နှင့် မိဘနှစ်ပါးကို ယှဉ်တွဲအကဲခတ်လိုက်မိသလို အမျိုးသားကြီး၏မျက်လုံးတွေကလည်း ခရောင်း ကိုမြင်လိုက်ကတည်းက အံ့ဩဟန်တွေဖြစ်သွားပြီး ရုတ်တရက် မခွာနိုင်။ အမျိုးသမီးကြီးကတော့ အံ့ဩသလိုငေးသွားပြီးမှ ဝမ်းသာအားရကြီးဖြစ်လျက်...

"သမီးလေးက ချစ်စရာကောင်းလိုက်တာ၊ ကြည့်ပါဦး ဆံပင်တွေကလဲ အရှည်ကြီးထူခဲ့နေတာပဲ၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်လေးနဲ့ ဟိုတုန်းကဆို ဖြူဖျော့ဖျော့လေးနော် အစ်ကို"

"အေး ဟုတ်တယ်၊ ငါ အံ့ဩလို့ကြည့်နေတာ"

သိလည်းမသိဘဲနဲ့ ခရောင်း ရယ်လိုက်ရမှာလား၊ 'ဘာတွေပြောနေကြတာတုံး' လို့ မေးကြည့်ရမှာလား။ မအီမလည်အပြုံးနှင့် သူ့ကိုပဲ မော့ကြည့်မိသည်။ သူက တွန့်ဆုတ်ဆုတ်ပုံနှင့် ဆံပင်သပ်လိုက်၊ နှုတ်ခမ်းကိုက်လိုက်ဖြစ်သွားပြီး...

"မေမေ ဟို ..."

"သားရယ် သမီးလေးနဲ့လွဲနေပြီမှတ်လို့ မေမေတို့မှာ စိတ်ပူလိုက်ရတာ၊ ဒါမှမဟုတ် ပါပဲပါမလာတာလားပေါ့၊ အားလုံး သေချာစီစဉ်ပြီးနေတာမှ တိမ်းစောင်းကုန်မှာစိုးလို့လေ"

"ဟုတ်တယ် မေမေ၊ သူက မိတ်ဆွေတစ်ယောက်နဲ့ အတူလာတာ၊ လေယာဉ်ဆိုက်တော့ ကျွန်တော်က အချိန်ကိုက်ရောက်မသွားတာနဲ့..."

"အို ..., သားထွက်သွားတာ-နောက်မကျပါဘူး"

"လမ်းမှာ ကား ဘာဖြစ်သွားမှန်းမသိဘဲ ကြာသွားလို့"

သူ ဘာမှပြန်မပြောချင်တော့သဖြင့် အဆင်ပြေဆုံးဖြစ်အောင် ပြောပြလိုက်သည်။ အရေးကြီးတာက ပြုံးပြုံးမော့ကြည့်နေပြီဖြစ်သည့် ခရောင်း ပါးစပ်က အမှန်အကန်တွေ ထွက်ကျမလာခင် ထိန်းချုပ်ထားနိုင်ဖို့...

"အဲဒီတော့ ဘာဖြစ်ကုန်လဲ သားရယ်၊ တွေ့လာလို့ တော်သေးတာပေါ့"

"သူ့မိတ်ဆွေတွေနဲ့ပါသွားတာလေ၊ ကျွန်တော် လိုက်ခေါ်ခဲ့ရတာ"

"ဘယ်လို..."

ဘယ်လိုချိတ်မိပြီး ဘယ်လိုပြန်ခေါ်ခဲ့သလဲ စသည့် မေးခွန်းတွေ တန်းစီလာတာကိုမြင်ကာ ဗဟို က ခရောင်း လက်ကလေးကို ဆွဲကိုင်







www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ...

“သူ လေယာဥ်ပေါ် ကဆင်းတော့ မူးပြီးအန်လာတယ်တဲ့ မေမေ”

“ဟင် ...”

“ပင်ပန်းလာလို့ ခဏနားပါစေနော်၊ ကျွန်တော် လိုက်ပို့လိုက်ဦးမယ်”

အရေးထဲမှာ ခရောင်း က လက်ကို နည်းနည်းလေးမှအထိမခံဘဲ ဆတ်ခနဲဖြုတ်ချကာ ...

“နေဗဟို ...”

သူမစိတ်ထဲမှာ ရှုပ်ထွေးနေတာကို မေးကြည့်ချင်တာက မျိုသိပ်မနေနိုင်တော့ပါ။ သို့သော် ...

“ဩော်.. ခဏလေး ခဏလေးပဲ သွားရယ်၊ မေမေ့ချွေးမလောင်းလေးကို စိတ်ဝင်စားလို့ ဖွဲ့နှပဲနဲ့စောင့်နေကြတဲ့ ပရိသတ်ကို အားနာစရာ”

ဟု ပြောရင်း အထဲကိုလှမ်းကြည့်ကာ ...

“မွှေးမရေ သမီးအတွက် သံပရာရည်ဖျော်ခဲ့စမ်း”

ခပ်ကျယ်ကျယ်လှည့်ပြော၍ ခရောင်း ပခုံးလေးကိုဖက်လိုက်သည်။ နှစ်ဖက်ခွဲစည်းထားသည့်ဆံပင်တွေကို တယုတယကိုင်တွယ်ကာ ရင်ဘတ် လေးပေါ်မှာ သာသာလေးဖေးတင်ပေးပြီးမှ ...

“မဇင်ရေ ဟောဒီချွေးမလောင်းက ကိုယ့်သားအတွက် ခေါင်းခေါက်ရွေးထားတာမဟုတ်ဘူးနော်၊ အမြွတ်တနိုး တယုတယနဲ့ ပိုးမွေးသလို မွေးခဲ့ရတာ”

မဇင် လို့ခေါ်လိုက်တာ လောလောဆယ် ဘယ်သူမှန်းမသိသော်လည်း ပြုံး၍ဝိုင်းကြည့်နေကြသော မျက်နှာတွေ အများကြီးရှေ့မှာ ခရောင်း ရင်တွေတုန်လာသည်။

ဒီလူတွေ သူမကို ဘာထင်နေလို့လဲ။ ကြင်နာ နဲ့မှားနေကြတာလား။





ဒါဆိုလည်း တခြားလူတွေမှားတာက ထားလိုက်ပါတော့၊ မိဘနှစ်ပါးကတော့ ကိုယ့်ချွေးမလောင်းကို ဒီလိုမမှားသင့်ဘူးထင်သည်။ ဗဟို ဘာဖြစ်လို့ ပါးစပ်ပိတ်နေပါလိမ့်။

“ဘာမှမပြောဘဲ ကိုယ်ပြောတဲ့အတိုင်း အလိုက်သင့်လေး နေပေးပါ”ဟု မှာထားလို့သာ နေနေရပေမယ့် မေးချင်၊ ပြောချင်လာတာတွေများနေ၏။ သို့သော် ဗဟို့ မေမေကတော့ ပြောလို့ကောင်းနေတုန်း...။

“အစ်ကို့မိတ်ဆွေရဲ့ သမီးလေးလေ၊ မိဘတွေက မရှိကြတော့ဘူး၊ အဲဒါကြောင့် ကိုယ်ကပဲ သမီးလေးလိုမွေးခဲ့ရတာ၊ ဒီမှာခေါ် ထားချင်ပေမယ့် သူ့မိဘခေါင်းချတဲ့အရပ်မှာပဲ နေချင်ရှာမှာလို့တွေးမိပြီး ဟိုမှာပဲ ကျောင်းပြီးအောင်ထားခဲ့ရတယ်”

“ဟုတ်တာပေါ့ စိုးရယ်၊ ခုခေတ်မှာ ဥစ္စာပေါ ရုပ်ချောဆိုတဲ့ ချွေးမမျိုးကို ရှာရတာ မခက်ဘူး၊ ကိုယ့်မိသားစု ကိုယ့်သမီးလေးလို သဘောထားနိုင်ပြီး ကြင်ကြင်နာနာလက်ခံနိုင်ဖို့ခက်တယ်”

ပြောသည့် အမျိုးသမီးကြီးက မဇင် ဆိုတာဖြစ်နိုင်၏။ အားလုံး၏ အကြည့်တွေထဲမှာ ကြင်နာဖော် ဆိုသည့် မိန်းကလေး မိဘမဲ့တာ၊ ပကာသနမပါခဲ့တာတွေအပေါ် ဒီဘက်မှာ အရေးမကြီးကြောင်း၊ ဗဟို့ မေမေက သိသာပေါ်လွင်အောင် ပြောသွားတဲ့အတိုင်း သူတို့လည်း နားလည်ပါကြောင်း ပြောနေကြသလိုပင်။

“သမီးလေး စိတ်တိုင်းမကျတာရှိရင် ပြောနော်၊ ခဏနားပြီး ခြံထဲကိုဆင်းကြည့်ဦး သိလား၊ မေမေက သမီးလေးစိတ်တိုင်းကျ အားလုံးဖြစ်စေချင်တာ”

ဗဟို့ မေမေက တွင်တွင်ပြောကာ ခရောင်း လက်မောင်းလေးကွေ့၊ သက်ဖဝါးထိ ရွှေးထွေးစွာဆုပ်ကိုင်ပွတ်သပ်နေသည်။ အများကြီးထဲက တစ်ယောက်က ခရောင်း ကို သေချာကြည့်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးနာမည်က ကြင်နာ ဘယ်သူ ..."

"ဩော်... ကြင်နာဖော် တဲ့၊ ကြင်နာဖော်"

"အို... မဟုတ်ပါဘူး"

ခရောင်း ဖျတ်ဖျတ်လူးထဖြစ်တော့ ဗဟို က သူ့ဘက်ကလက်ဖဝါးလေးကို တင်းခနဲဖျစ်ပစ်လိုက်ကာ ...

"ဒီလို မေမေ၊ ကြင်နာ က နာမည်ပြောင်းထားတာ"

"ဘယ်လို"

ခရောင်း က ဘာတွေပြောနေတာလဲဆိုပြီး မော့ကြည့်၏။ ဒေါ်စိုးမိုးလွင် က ဗဟို့ ကိုပဲတအံ့တသြကြည့်လျက် ပြီးမှ ခရောင်း ဆီပြန်ရောက်ကာ ...

"နာမည်ပြောင်းလိုက်တယ် ဟုတ်လား၊ ဘာတဲ့လဲ၊ ဘာဖြစ်လို့ အဲဒါကို အကြောင်းမကြားတာလဲ သမီးရယ်၊ ဒီမှာ ဖိတ်စာတွေဘာတွေ ရိုက်မိရင် ဒုက္ခ"

"ကျွန်မက ခရောင်းရင့် ပါ။ ကြင်နာ မဟုတ်..."

"ကြင်နာ ဆိုတာက နလွန်းလို့ ခဏခဏချူချာနေတာနဲ့ ခရောင်းရင့် လို့ ပြောင်းလိုက်တာတဲ့ မေမေ၊ ဘာဖြစ်လဲ၊ ကန့်လန့်ကာပေါ်က စာလုံးတွေကိုပဲပြင်ရမှာ ရပါတယ်"

ဗဟို က ခရောင်း ကိုမပြောဖို့ လက်ကနေဆွဲခါ၍ သတိပေးရင်း သူပဲ ဝင်ပြော၏။ ခရောင်း တံတွေးတမျိုမျို၊ ပါးစပ်တပြင်ပြင်နှင့် ဘာမှလည်း မပြောဖြစ်။

လက်ကို အတင်းဖြုတ်ချရန်းတာလည်း မရပေ။

ရှုပ်ကုန်ပြီမှန်း သိလိုက်သည်။ ဟိုအကူအညီ၊ ဒီအကူအညီတွေကြားထဲမှာ သူမ ဘောလုံးတစ်လုံးထက် အဖြစ်ဆိုးပြီလား၊ ဒါမှမဟုတ် ဆန်ကောထဲမှာလိမ့်နေရသည့် ဇီးဖြူသီးလိုလား။





ဟိုဘက်လှည့်ပြီး ပြောမလို့ ပါးစပ်ပြင်လိုက် ဗဟို က လက်ကိုဆွဲဖျစ်ညှစ်လိုက်သောကြောင့် သူ့ကို ပြန်မော့ကြည့်လိုက်...

ဘေးနှစ်ဖက်ကနေ ရင်ဘတ်တွေပေါ် ထိ တန်းဆင်းကျနေသော ဆံနွယ်ဖျားတော့်ခမျာလည်း လူးလွန့်လှုပ်ခါနေရလျက် ...

"ကျွန်တော်တို့ နည်းနည်းပါးပါး စကားပြောချင်သေးတယ် မေမေ၊ ခွင့်ပြုပါ"

နောက်ဆုံးမှာ ခရောင်း ပါးစပ်တွေပွင့်မလာမီ ဗဟို က သူမလက်ကိုဆွဲ၍ ဧည့်သည်တွေရှေ့ကနေ ထွက်လာခဲ့၏။

"ဘယ်ကိုလဲ၊ ဖယ်ပေး...ဖယ်၊ ကျွန်မ သိချင်တာကို ရှင် မြန်မြန်ပြော"

"နေစမ်းပါဆိုကွာ"

"အို... မသိဘူး။ မနေနိုင်ဘူး"

"ဂျိမ်း"

ခရောင်း ကိုဘယ်လိုမှထိန်းချုပ်မရသဖြင့် နီးစပ်ရာအခန်းတစ်ခန်းထဲကို တွန်းထည့်ကာ တံခါးကို ဆွဲပိတ်ပစ်လိုက်၏။

"မင်းကို ကူညီပေးပါလို့ ငါ တောင်းပန်ထားတာပဲ၊ ဘာဖြစ်လို့ တောင်းဆိုနေကာမှ ပြောင်းဆန်နေတာလဲ"

"ရှင်တောင်းတဲ့အကူအညီက ဘာလဲ၊ ကြင်နာ ထွက်ပြေးသွားတာကို ရှင် သိကွာမကျအောင် ကျွန်မက ကြင်နာ အဖြစ်နဲ့ မင်္ဂလာဆောင်ပေးရမယ်၊ ဒီပွဲပြီးရင် သွားတော့ ..., ဟုတ်လား"

"ဒီလိုလဲ ..."

"ဒါပဲရှိတော့တာလေ၊ ဒီမှာ နေဗဟို ... နေရာတကာ ငွေပေးတိုင်း ရနေတယ်ထင်ရင် ရတဲ့မိန်းမဆီ အကူအညီသွားတောင်း၊ ကျွန်မက ဆင်းရဲလို့ ကြင်နာ့အကူအညီယူ၊ သူ့ရဲ့ခိုင်းဖတ်ဖြစ်နေရပေမယ့် သူများမယား



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ခဏဝါဖြုတ်ဟန်ဆောင်ပေးဖို့ထိ အဆင့်အတန်းမနိမ့်သေး

ပြောနေရင်း ခရောင်း က လျှောကျနေသည့်လွယ်အိတ်လေ

ပခုံးပေါ် ဆောင့်အောင့်ပြန်ချိတ်ကာ တံခါးဘက်ကိုသွား၏။ ဗဟို က

ကလိုက်ပိတ်၍ ...

"ငါ မင်းကိုငွေနဲ့ပေါက်ပြီးခိုင်းတာမဟုတ်ဘူး ခရောင်းရင့်၊ တစ်

လုံး ခယတောင်းပန်လာတာ၊ မင်းဆီက ကတိကို ခဏခဏတောင်းခဲ့

"ကတိပေးခဲ့တယ်ဆိုပြီး ရှင် ချည်တုပ်မပြောနဲ့ ကျွန်မက ကြ

မလာနိုင်တော့တဲ့အကြောင်း ရှင် တစ်မျိုးမျိုးနဲ့ အဆင်ပြေအောင်

မယ်၊ ကျွန်မကို ထောက်ခံပေး ဒါပဲ"

စကားမော့ပြောလိုက်၊ ခြေလှမ်းပြင်လိုက်၊ ခရောင်း ခြေလှမ်း

တိုင်း ဗဟို က လိုက်ပိတ်ထားလျက် ...

"ဟုတ်တယ်၊ မင်းကို ဒီလိုပိုင်းညာပေးပါလို့ သေချာပြောပြမထ

မိတာ ငါ လွန်တယ်၊ အဲဒါကို တောင်းပန်ပါတယ်၊ အခု ဒီပွဲပြီးတဲ့အထ

"ရှင် ဘာမှထပ်မပြောနဲ့တော့၊ ကျွန်မ လက်မခံဘူး၊ ဒီမှာ နေ

ဒါ ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူး၊ ရှင့်လို အဘက်ဘက်က သာလွန်ကေ

မွန်နေတဲ့လူကို အာသာငမ်းငမ်းနဲ့ ခဏဖြစ်ဖြစ် မှီခိုပြီး ရသလောက်

လဲ ကျွန်မ စိတ်မဝင်စားဘူး။ သူများအကူအညီတွေ ယူခဲ့မိလို့ ပေ

ရန်ကုန်လေဆိပ်ထိ ပါလာခဲ့ရတဲ့ ကိုယ့်ရဲ့အဖြစ်ကို ရင်နာလွန်းလို့ ကြ

ပါသွားတဲ့အချိန်မှာပဲ ကျွန်မ ဆုံးဖြတ်ခဲ့တယ်၊ ဘယ်သူ့ဆီက ဘာအကြေ

နဲ့မှ အကူအညီမယူဘူး၊ မမှီခိုဘူး၊ အလကားပေးကမ်းတာတွေကို လ

မခံဘူး၊ ဒီအလုပ်မျိုးကိုလုပ်ဖို့များ နောက်ဘဝအထိ အိပ်မက်ထဲ ထည့်

မဟုတ်ဘူး၊ အဲဒါ ရှင် နားလည်လိုက်"

ခရောင်း က မျက်မှောင်ကြုတ်ကြည့်နေသည့် သူ့ကို စူးစူးဝ

တုံ့ပြန်ကြည့်ကာ ...





"ခရောင်းရင့် ဆိုတာ ကြင်နာ ခိုင်းစေနေတဲ့မိန်းကလေးဆိုပြီး ရှင်က

လျှော့တွက်လိုက်ပုံရတယ်၊ စိတ်မကောင်းပါဘူး"

"ခဏနေဦး"

"မနေဘူး၊ ရှင် ဖယ်နော်"

"ခရောင်းရင့်"

သူ ခရောင်း ရဲ့ပခုံးနှစ်ဖက်ကို မိမိရရ ဆုပ်ကိုင်ကာ တစ်ချက်ခါပစ်

လိုက်၏။

"မဖြစ်ဘူး၊ မင်း ထွက်သွားလို့ လုံးဝမဖြစ်ဘူး၊ ကြင်နာ ကြောင့် ငါ

သိက္ခာကျအရှက်ရမယ့်အရေးကို တွေးကြောက်ပြီး မင်းကိုခေါ်လာခဲ့မိ

တာ ငါ အကြီးအကျယ်မှားသွားတယ်၊ ဒါပေမယ့် အဲဒီအမှားကိုပဲ ဆုပ်ကိုင်

ထားရဦးမှာပဲ ခရောင်းရင့်၊ ခုချိန်မှာ မင်းရှိနေဖို့က ကြင်နာ ထွက်ပြေးသွား

တဲ့အဖြစ်ထက် ပိုအရေးကြီးတယ်"

ကိုယ်ဖြစ်ချင်တာကိုပဲ အလောတကြီးပြောချလိုက်ပြီးမှ ဗဟို က

လေသံပြန်နှိမ့်လိုက်ပြီး ဆုပ်ကိုင်ထားသည့်လက်ကိုလည်း လွှတ်၏။

"ငါ တောင်းပန်ပါတယ်၊ မင်းကို အထင်မြင်သေးစိတ်နဲ့ ဒီလို လက်

သွတ်စပယ် ခုတုံးလုပ်ဖို့စိတ်ကူးမျိုး ဝင်လာမိတာ ဖြစ်ကောင်းဖြစ်နိုင်

သမယ့် ငွေနဲ့ပေါက်ပြီးခိုင်းချင်တာမျိုးမဟုတ်ဘူး။ ကြင်နာ နဲ့အနီးဆုံးလူ

ဖြစ်တာရယ်၊ ငါ့အတွက် ဘယ်လိုမှလှုပ်ရှားဖို့အချိန်မရှိတော့တာရယ်

အကြောင်းတွေ အများကြီး တိုက်ဆိုင်ခဲ့လို့ပါ၊ ငါ့ဘဝမှာ မိန်းမတစ်ယောက်

ကိုမပြောနဲ့ လူတစ်ယောက်ယောက်ကို အနူးအညွတ်တောင်းပန်ဖူးထောက်

ခဲ့တာမျိုး တစ်ခါမှမရှိခဲ့ဘူး၊ မင်းကို မာနတွေထုတ်ပြနေတာလဲမဟုတ်

ဘူး၊ ဒါဟာ ငါ့တစ်သက်မှာ မကြုံဖူးခဲ့တဲ့ အခက်အခဲမျိုးဖြစ်တာကို မင်း

သိစေချင်တာ"

"ရှင့်ကိုယုံပြီး ခေါင်းညိတ်ရအောင် ကျွန်မဘဝရော ဘာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မလဲ ရှင် တွေးမိရဲ့လား၊ ဘယ်လိုပဲပတ်ခြုံကာကွယ်ပြောပြော ရှင့်
ရှင့်လိုအပ်ချက်ဖြည့်ဖို့အတွက် ကျွန်မကို တစ်ကိုယ်ကောင်းဆန်
အသုံးချလိုက်တာ"

"ဖြစ်သွားပါတယ်၊ အဲဒီလိုပုံစံပဲဖြစ်သွားတာကို ငါ ထပ်တောင်း
ပါတယ်၊ ဒါပေမယ့် ဒီမင်္ဂလာပွဲမှာ ဖိတ်စာမပါဘူး၊ ညှော်ခံပွဲကန့်လန့်
ပိတ်ကားပေါ်မှာပဲ မင်းနာမည်တင်ပြီး ပြီးသွားတာနဲ့ ဘာမှမကျန်ခဲ့
ဘူး၊ မကျန်ခဲ့စေရပါဘူး၊ မင်းကို မဲ့တစ်ပေါက်းမစွန်းစေရဘူးဆိုတာ
ငါ အာမခံတယ်၊ နောက်ပြီး ဒီပွဲပြီးတာနဲ့ ဖေဖေတို့ကို အကြောင်းစုံပြော
ပြီး မင်းစိတ်ကြိုက် အားလုံးဖြစ်စေရမယ်၊ မင်း ယုံကြည်အောင် ငါ
လုပ်ပေးရမလဲ မင်းပြောပါ"

ခရောင်း က နှုတ်ခမ်းလေးဖိပိတ်ကာ ငြိမ်နေသဖြင့် ...

"ရန်ကုန်မှာ အသိမိတ်ဆွေမရှိတဲ့ မင်းက အစိမ်းသက်သက်ပါ၊ ဒီ
တစ်ပတ် ဒါမှမဟုတ်ရင် အများဆုံး လေးရက်လောက် မင်းရဲ့အကူအ
ယူပါရစေ"

"အဲဒီလို ခုယူ ခုကွဲဖြစ်ကုန်တော့ရော ရှင့်သိက္ခာ ဘယ်လောက်
မားသွားမှာလဲ"

"ဒါက ငါ့အပိုင်းပါ၊ သူနဲ့ငါ ဘာကြောင့်ကွဲရတယ်ဆိုတာ ခိုင်လုံ
အကြောင်းရှိဖို့ ငါ့ဘာသာ စီစဉ်သွားလို့ရတယ်"

ခရောင်း မျက်နှာလေးပျက်သွား၏။ ကြင်နာ ဘက်က ချို့ယွ
ချက် အနာအဆာတွေကို ထုတ်ညှစ်ပြီး သူက ကိုယ်လွတ်ရုန်းထွက်
ကို နားလည်လိုက်၏။

ကြင်နာ က ကိုယ့်သူငယ်ချင်းဖြစ်နေသလို လောလောဆယ် ကို
က သဘောကူလို့ ကူညီပေးပြီဆိုမှတော့ အဲဒီအပြစ်အနာအဆာ
မိန်းမက ကိုယ်ပဲမဟုတ်ဘူးလား။





ရန်ကုန်မှာ ခဏပဲဆိုပြီး ဒီလိုသရုပ်ဆောင်ခဲ့တာ ၁ မန္တလေးမှာ
ခ်ချိန်ချိန် တစ်နေ့နေ့ ဒီကလူတွေနဲ့ဆုံမိပြီး အရှက်တကွဲအကျိုးနည်း
ဖို့တွေရော မရှိနိုင်ဘူးလား။

အတင်းတောင်းပန်တားဆီးနေသည့်စကားတွေကြောင့် တွေဝေ
သွားပြီးမှ ခရောင်း က ခေါင်းခါပစ်လိုက်၏။

"ဆောရီးပဲ နေဗဟို၊ ကျွန်မ သဘောမတူနိုင်ဘူး"

"ဘာ ..."

"ရှင့်ဒုက္ခ ကြီးပေမယ့် ကျွန်မမှာလဲ သောကတွေရှိမို့ စိတ်မကောင်း
ပါဘူး"

"မင်း ဘာဖြစ်ချင်တာလဲ ခရောင်းရင့်၊ ငါ ဒီထက် ဘာလုပ်ပေးရ
မှာလဲ၊ ဒီလောက်တောင်းပန်နေတဲ့လူကို ဒူးနဲ့တိုက်းပြီး မင်း ထွက်
သွားမယ်ပေါ့"

"ရှင့်မှာလဲ မာနတွေနဲ့ပဲ နေဗဟို၊ ဘာဖြစ်လို့ ဒီလောက်ဒူးထောက်
ထားတာလဲ၊ မဖြစ်နိုင်တာကိုကြိုးစားနေမယ့်အစား ကျွန်မရှေ့က ဖယ်ပေးပါ"

"မဖယ်နိုင်ဘူး"

"အမေ့ ..."

တစ်ယောက်က ဖွတ်ထွက်သည်။ တစ်ယောက်က ဆောင့်ဆွဲပစ်
၏။ ခရောင်း လက်မောင်းတစ်ဖက် နာကျင်သွားကာ ဒယိမ်းဒယိုင်နှင့်
သို့တော့မလိုဖြစ်သွားသည့်ကိုယ်က သူ့ရင်ဘတ်ပေါ် ဂွဲ ပခုံးတစ်ဖက်
နှင့် ပစ်တိုက်လဲကျ၏။

"တောက်... ကဲဟာ"

ဆွဲလွဲခံလိုက်ရသည့် ရှက်စိတ်ကြောင့် ခရောင်း ဘာမှဂရုမစိုက်မိ
တော့ဘဲ သူ့မျက်နှာကို တအားလွှဲရိုက်ပစ်လိုက်၏။

ဗဟို့မျက်နှာ ရှာခနဲလည်သွားလျက် နှစ်ယောက်စလုံးယိမ်းယိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်ယောက်တခြားစီဖြစ်သွားကြသည်။ မိန်းမလက်ဝါးအားပေမယ့် အနုတ်တမဲ့ ထိသိမိမိကြီးခံလိုက်ရကာ ဗဟို့ မျက်လုံးထဲမှာ ရောင်စုံဖြာ ထွက်ကုန်၏။

ထိုစဉ် အပြင်မှ လူသံတွေကြားလိုက်ပြီး ...

"ကြင်နာ နေမကောင်းဘူးထင်တယ်၊ ရှင့်သား ဘာလုပ်နေတာလဲ မသက်သာရင်လဲ ဆရာဝန်ပင့်ရင် ပင့်ရမှာကို ..."

"သြော် ... ဒီလောက်မဟုတ်လို့ပေါ့ကွာ၊ သူတို့ချင်း ပြောစရာ တယ်လို့ မင်းကိုပြောသွားတယ်မဟုတ်လား"

"ဒါပေမယ့် ဒီည မင်္ဂလာပွဲရှိတယ်လေ"

စကားသံတွေ အခန်းနှင့်နီးကပ်လာသည်နှင့် ဗဟို ခရောင်း နားကဲ ကျားခနဲပြန်ရောက်သွား၏။

"မကိုင်နဲ့ လွှတ်"

ခရောင်း က အထိမခံဘဲ အတင်းရုန်း၏။ ဗဟို သည် ခရောင်း တစ် ကိုယ်လုံးကို ဆွဲချုပ်ဖက်ကာ ပါးစပ်ကို လက်ဝါးနှင့် မရမကဖိကပ် ပိတ် ထားလိုက်သည်။

"သားရေ ဒီထဲမှာလား"

"ဗျာ... ဟုတ်ကဲ့"

"သမီး နေကောင်းရဲ့လား၊ မေမေတို့က အပေါ်ထပ် သွားရှာနေ တာ၊ စာကြည့်ခန်းထဲမှာ မကောင်းပါဘူးကွယ်၊ သမီး သက်သောင့်သက် သာနေလို့ရအောင် ပြင်ထားတဲ့အခန်းထဲကို ပို့ပေးလိုက်ပါ"

"ရတယ် မေမေ၊ ဘာမှမဖြစ်ဘူး၊ စိတ်အေးလက်အေးနေပါ"

"သားရယ် တော်ကြာဆို မိတ်ကပ်ဆရာမ ရောက်လာတော့မှာ သမီး သိပ်ပင်ပန်းနေလား၊ မေမေ တွေ့ချင်တယ်ကွယ်"

"သူ့ ခဏမေးလိုက်ရင် သက်သာမှာပါ မေမေရာ၊ ခဏလေး





တော်တို့ ပြောလို့မပြီးသေးလို့ ...

မေမေ့အသံ အပြင်မှာ ပါပျောက်သွား၏။ ထိုကြားမှ ...

"အေးလေ ပြီးရော၊ မေမေ စိတ်ချပါတယ်"

ဒေါ်စိုးမိုးလွင် ထွက်သွားသည့်ခြေသံကို နားမထောင်နေတုန်း သူ့ လက်ကို ဖနောင့်နဲ့ဖိပေါက်ပစ်လိုက်သဖြင့် ဗဟို့ ညှာတာမှုကုန်းသွား၏။ ခရောင်း က ပြေသွားသည့် သူ့လက်ကို ဆောင့်ဖယ်ပစ်လိုက်ပြီး ပြေးဖွင့်သည်။ သို့သော် ...

"ဖြန်း"

"အင့်"

သည်ကုပ်မှာ ဖျန်းခနဲထူပူသွား၏။ ခေါင်းထဲက ခုံးခုံး လွင့်ထွက် သွားလောက်အောင်ကြောင့်ရကာ ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းပင် မသိ လိုက်ဘဲ ခွေခေါက်လဲကျသွားလေသည်။

ကြမ်းပေါ်မှာ ငြိမ်ငြိမ်သက်သက်လေးဖြစ်သွားတော့မှ ဗဟို ကာ သာလေးပွေ့ယူလိုက်ပြီး အခန်းထဲကနေ လူမမြင်အောင် ခိုးချောင်ခိုး ထွက်သည်။

သူမအတွက် ပြင်ဆင်ထားသည့်အခန်းဆိုတာ သပ်သပ်ရှိပါ။ ဘာ ဖြစ်လို့လဲဆိုလျှင် ရောက်တာနှင့် လက်ထပ်ရမှာဖြစ်ကာ သူမ အိပ်စက် ရမှာက နှစ်ယောက်အိပ် မင်္ဂလာအိပ်ခန်းပဲဖြစ်သည်။

ထို့ကြောင့် ဧည့်သည်တွေအတွက် အဆင်သင့်ပြင်ထားတတ်သည့် အခန်းထဲမှာပဲ သူမကို ချသိပ်လိုက်သည်။ နာရီကြည့်လိုက်တော့ နေ့လယ် တစ်နာရီခွဲ။

ဘေးတံခါးတစ်ချပ်ကိုဖွင့်ကာ ခန်းဆီးဆွဲကြည့်လိုက်တော့ ခြံထဲ က မင်္ဂလာအခမ်းအနားက အားလုံး ပြင်ဆင်ပြီးနေပြီဖြစ်သည်။

နက်ပြာရောင်ကန့်လန့်ကာရှည်ကြီးထက်မှာ နေဗဟို ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



နာမည်စာလုံးကြီးတွေ တဖိတ်ဖိတ်တလက်လက်ရှိနေကြသည်။

ဒီဘက်က နာမည်နေရာမှာ ဘာမှမရှိသေးပါ။ ကြင်နာဖော် မဟု
တော့ဘူးလို့ ပြောသဖြင့် နာမည်ပြင်ဖို့လုပ်နေကြတာဖြစ်လိမ့်မည်။

ဒါဆို သူ သွားဦးမှပေါ့။ ကြင်နာဖော် (ခေါ်) ခရောင်းရင့် ဘာ
တွေထည့်နေလျှင် ရှုပ်ကုန်မှာစိုးရ၏။ သူမနေရာမှာ သူမပဲဆိုပြီး အ
ထိုးလိုက်ရပေမယ့် ကြင်နာဖော် ဆိုသည့် နာမည်ကို သူ့ဘဝ ဘယ်
နေရာမှာမှ ထင်မကျန်ရစ်စေချင်။

ပြန်လှည့်ကြည့်လိုက်တော့ သူ ဇက်ပိုးကိုရိုက်ပစ်လိုက်သဖြင့် သ
လစ်မေ့မြောနေသော ခရောင်း က မွေ့ရာထက်မှာ ခွေခွေဖလေးရှိနေ

သူ အပြင်ထွက်သွားလျှင် ဒီဝိုင်းထားခဲ့လို့မဖြစ်ပါ။ ဗဟို ကိုယ့်
တစ်ဖက်ကို ပြန်စမ်းရင်း ခရောင်း မျက်နှာလေးကို စူးစိုက်ကြည့်နေမိ

စိတ်ကူးတုန်းက ဒီလိုဖြေရှင်းပြီး ဒီလိုပြီးစေလိုက်မည်ဟု ထင်ထား
တာ သူမကို အထင်မကြီးခဲ့တာလည်းဖြစ်နိုင်၏။ ခေါင်းတွေပူပြီး အနာ
မှာအနီးဆုံးရှိနေတာက သူမပဲမို့လို့ ထည့်သွင်းစဉ်းစားမိခဲ့တာလည်
ဖြစ်နိုင်သည်။

တကယ်တမ်းကျတော့မှ တော်တော်မာနကြီးမှန်း ခေါင်းမာမှန်း
သူ သိလိုက်ရသည်။

"မတတ်နိုင်ဘူး ခရောင်းရင့်၊ ဒီလိုလုပ်လိုက်ပါလို့ မင်းက သင်
ခဲ့တာပဲ"

စိတ်ထဲကပြောမိရင်း ခရောင်း၏လက်နှစ်ဖက်ကို ပဝါစလေးနှ
ပူး၍ချည်ထားလိုက်သည်။ ခြေထောက်နှစ်ဖက်ကိုပါ ချည်ကြိုးရှာပြီး ပ
ချည်ကာ နောက်ထပ်ပဝါတစ်စနှင့် ပါးစပ်ကိုပိတ်၍ သိုင်းချည်လိုက်ရပြ
သည်။ ပြီးတော့မှ အခန်းပြင်ကိုထွက်ပြီး အပြင်ကနေ သော့နှစ်ချက်စလုံ
ကို အပိုင်အနိုင်ခတ်ပစ်လိုက်၏။ ထိုစဉ် ပူစူးမ အနားလျှောက်လာကာ





"အစ်ကိုလေး မေမေကြီးက မမကို ..."

"ရှူး"

ဗဟို က ဟန်မပျက်သည့်မျက်နှာနှင့် ပူစူးမကို ပါးစပ်ပိတ်ဖို့ လက်
ဟန်ပြကာ ...

"သူ အိပ်နေတယ်၊ တံခါးမခေါက်နဲ့၊ လုံးဝ သွားမခေါ်နဲ့"

"ရှင် ..."

"သွားတော့"

"ဟုတ်ကဲ့"

ပူစူးမ ဘာမှဆက်မပြောရဲတော့ဘဲ လှည့်ထွက်သွား၏။ သူ ပင့်
သက်ရှိုက်လိုက်ရင်း အခန်းရှေ့ကနေ ထွက်လာခဲ့စဉ်...

"သားရေ ..."

ဒေါ်စိုးမိုးလွင် သူ့ဆီကို ခပ်သုတ်သုတ်လျှောက်လာကာ ...

"မင်းအဖေ သိပ်နေမကောင်းဘူးထင်တယ်၊ ခုနကပဲ ခြံထဲကတက်
လာပြီး မူးလို့တဲ့"

"ဗျာ ..."

"ချွေးတွေစိုနေပြီးတော့ အိပ်ရာထဲလှဲလိုက်ကတည်းက မျက်လုံးကို
မဖွင့်တော့ဘူး"

"ဟာ... အဲဒါ ဆရာဝန်ခေါ်ရမှာပေါ့ မေမေ"

ဗဟို ခြေလှမ်းကျဲများနှင့် အမြန်ဆုံးရောက်သွားခဲ့၏။ ဖေဖေ့အခန်း
ထဲမှာ ဒေါ်လှလှ တစ်ယောက်ပဲရှိကာ သူတို့သားအမိ ဝင်သွားလျှင် ခေါင်း
ငုံ၍ အပြင်ထွက်သွား၏။

"မလှ"

"ရှင် မစိုး"

ဒေါ်လှလှ ပြန်လှည့်လာသည်ကိုမစောင့်ဘဲ ဒေါ်စိုးမိုးလွင်က အနား



www.burmeseclassic.com

www.burmeseclassic.com



ကိုသွား၍ ...

"ဆရာဝန်ကို ဖုန်းဆက်လိုက်လို့ ရောက်လာရင် ဘေးတံခါးကြီးက နေ ခေါ်လာခဲ့နော်၊ ရှေ့အဝင်ဝက မလာစေနဲ့၊ အဲဒါ မလှ ... သွားစောင့်နေ ပေးပါ"

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့"

ဒေါ်လှလှ ထွက်သွားမှ ခင်ပွန်းဖြစ်သူနားမှာ သွားထိုင်ကာ ဗဟို့ မျက်နှာကို မော့ကြည့်၏။

"သား ခေါ် လိုက်သေးလား"

"ခေါ်တယ် မေမေ၊ မူးလို့မှိန်းနေတာပါ၊ ဖေဖေ ဘာမှမဖြစ်ပါဘူး"

ဗဟို က ပြော၍ ခုံဆွဲထိုင်ကာ ဦးတက်နေ၏နဖူးကို ဝဲဝဲနုနုလေးနှင့် ဖွဖွလေးသုတ်ပေး၏။ ထိုအခါ ဦးတက်နေ က ဗဟို့ လက်ကို ခပ်ဖွဖွ လာကိုင်ပြီး ဖယ်ချလိုက်သည်။

"ဖေဖေ ရပါတယ်"

ဟု တိုးသဲ့စွာပြောပြီး မျက်လုံးတွေပွင့်လာ၏။

"မင်းအမေရော"

"ကျွန်မ ဒီမှာလေ အစ်ကိုရဲ့"

ဘာဖြစ်မှန်းမသိဘဲ ဒေါ်စိုးမိုးလွင် ငိုသံပါလာသည်။ ဦးတက်နေ သည် ချူနာပါဝေးရောဂါမျိုးတွေလည်းမဖြစ်ခဲ့ဖူးပါ။ တော်ရုံ နေထိုင် မကောင်းတာလောက်နှင့်လည်း အိပ်ရာထဲဝင်ခွေတတ်သူ မဟုတ်။ နေ မကောင်းဘူးထင်လျှင် နားပါဦး၊ လှဲပါဦးလို့ တော်တော်တိုက်တွန်းတာ တောင်မှ နားနေရမှာကို မနှစ်မြို့တတ်သူဖြစ်သည်။

ယောကျ်ားတွေထဲမှာ အလွန်ရှားပါး အဖိုးထိုက်တန်သည့် ခင်ပွန်း ကောင်းတစ်ယောက်ဟုပြောလျှင် လွန်မည်မထင်။ သူများတကာတွေ စီးပွားရေးလုပ်ငန်းတွေမှာအောင်မြင်နေကြတာ လောဘရှိတာလည်း ပါ





သည်။ ကံအကျိုးပေးတာလည်း ရှိလိမ့်မည်။

ဦးတက်နေကတော့ စီးပွားရှာခြင်းဟာ သူ့အထက်သန်ဆုံးဝါသနာ တစ်ခုဖြစ်၏။ 'တက်နေ'ဆိုသည့်နာမည်အတိုင်း သူ ရင်းနှီးကြိုးစားခဲ့သမျှ မှာ အကြီးအကျယ်ကျရှုံးသွားခဲ့တာမျိုးလည်း မရှိခဲ့ဖူးပေ။

သူသည် သူလုပ်သမျှ ဘယ်ကိစ္စမဆို ဘာကြောင့် တိုးတက်နေ သလဲ၊ ဘာကြောင့် ဆုံးရှုံးသွားခဲ့တာလဲ စသည့်အကြောင်းတရားများ ပေါ်မှာ အမြဲတမ်းသုံးသပ်နေတတ်၏။

အထူးသဖြင့် သူ့မှာ ဝီသမလောဘနည်းကာ အလုပ်လုပ်နေရခြင်း ကိုပဲ ဝါသနာတစ်ရပ်လို ကြိုးစားနေတာမို့ အောင်မြင်နေခဲ့ခြင်းဖြစ်သည်။

ချမ်းသာနေကြတယ်ဆိုတာထက် ပိုချမ်းသာသည်။ တော်တော် များများ မနိုင်မနင်းဖြစ်မှာစိုးသည့်လုပ်ငန်းမျိုးတွေကို ဦးတက်နေ က ခေါ်ပါးစွာလည်းပတ်သွားနိုင်၏။

သူ့ကိုမြင်လိုက်ရတိုင်း အမြဲတမ်း ချောမောခံ့ညားနေတတ်ကာ ခင်ပန်းကြုံလို့သွားတတ်တာလည်းမရှိ။ ခုကျမှ နာရီပိုင်း မိနစ်ပိုင်းလေး အတွင်းမှာ မျက်နှာပြင်သည် အညိုရောင်သမ်းလျက် ချွေးစတွေ စို့စွတ်နေ ပုံက တကယ်ဝေဒနာခံစားနေရမှန်း သိသာနေ၏။

'ဘုရားသိကြားမ,လို့ သစ္စာသမာဓိနဲ့ ရိုးသားကြိုးစားခဲ့တဲ့ တပည့် တော်မရဲ့ ယောကျ်ား ဘာမှမဖြစ်ပါစေနဲ့ဘုရား'

ဒေါ်စိုးမိုးလွင် မျက်ရည်ကျချင်တာကို မျိုသိပ်ထိန်းချုပ်ရင်း ကျိတ် ၍ ဆုတောင်းမိသည်။ ထို့ပြင် နောက်နာရီအနည်းငယ်အတွင်းမှာ မင်္ဂလာ ပုံက စ,တော့မှာဖြစ်၏။

"စိုး ..."

"ရှင် အစ်ကို"

ဒေါ်စိုးမိုးလွင် ပျာပျာသလဲထူးကာ ဦးတက်နေလက်ကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ငါ ဘာမှမဖြစ်ဘူး၊ သားရဲ့မင်္ဂလာပွဲကို ဘာတစ်ခုမှ အတိမ်းအစောင်းမခံနဲ့"

"ဟုတ်… ဟုတ်ကဲ့ပါ အစ်ကို"

"ဟိုမိန်းကလေးကိုလဲ သေချာမေးပါဦး၊ သူ့မျက်နှာလေးက တစ်ခုခုကို အလိုမကျသလိုဘဲ"

ဒေါ်စိုးမိုးလွင် က ဗဟို့ မျက်နှာကို လှမ်းကြည့်၏။ ဦးတက်နေက ခဏနားပြီးမှ …

"ဘာပဲဖြစ်လာလာ ဒီမိန်းကလေးကို မင်းတို့ သည်းခံပါ"

"ဟုတ်ကဲ့ပါ အစ်ကိုရယ်၊ အဲဒါတွေ မပူပါနဲ့"

"သူ့အဖေက မင်းတို့သားအမိရဲ့ အသက်သခင်"

"ဒါကို ကျွန်မရင်ထဲမှာ သပ်စွဲထားတာပါ။ အစ်ကို စိတ်မပူနဲ့နော် အခု သူ အနားယူနေတယ်၊ ပြီးကျရင် ကျွန်မ သူနဲ့ရင်းနှီးအောင် စကားသွားပြောဦးမှာ၊ မေးလဲမေးမှာပါ။ ပိုရင်းနှီးသွားရင် သူ့ရင်ထဲမှာရှိတာ သူ ပြောလာမှာပေါ့"

ဦးတက်နေ ဘာမှမပြောဘဲ ခဏငြိမ်သွားသည်။ ပြီးတော့မှ…

"သူ့စိတ်ကြိုက် အားလုံး မင်းတို့ လုပ်ပေးလိုက်၊ သွားကြ…သွားကြ ငါ ရတယ်"

"ဘယ်ဟုတ်မလဲ အစ်ကိုရယ်၊ မင်္ဂလာပွဲက အားလုံးစီစဉ်ပြီးနေပါပြီ ကူညီလုပ်ကိုင်ပေးနေကြတဲ့လူတွေကတောင် အလုပ်ထက် ပိုများနေသေးတယ်၊ အစ်ကို့ကိုထားခဲ့ပြီး ဟိုမှာ သွားစောင့်ကြည့်နေဖို့ထိ မလိုပါဘူး"

"မဟုတ်ဘူး၊ ငါပြောတာက ငါ့ကျန်းမာရေးကြောင့် မင်္ဂလာရှိရမယ့်အချိန်မှာ စိုးရိမ်ကြောင့်ကြစရာတွေဖြစ်ကုန်မှာစိုးလို့"

"စိုးရိမ်သင့်တာကိုတော့ စိုးရိမ်ရမှာပဲ ဖေဖေ၊ ဖေဖေ့ကျန်းမာရေးနဲ့





ဖေဖေ စိတ်ချမ်းသာမှ ဒီပွဲကလဲ မင်္ဂလာရှိမှာပေါ့"

ဗဟို က ပြော၍ ဦးတက်နေ နဖူးကချွေးတွေကို ပဝါနဲ့ထပ်သုတ်ပေး၏။ ချွေးတွေ အဆမတန်ထွက်နေသည့် ဖေဖေ့မျက်နှာကို အကဲခတ်ကာ သူ ဘယ်လိုမှ စိတ်မအေးနိုင်။

တရောင်ရောင် မမာမကျန်းဖြစ်နေတတ်တဲ့လူမျိုးကျတော့ ကိုယ့်ကိုယ်ကို ဆေးနဲ့ဆရာဝန်နဲ့မပြတ်ဖြစ်နေရသဖြင့် တော်သေးသည်။

တစ်ခါမှ ဘာမှအကြီးအကျယ်မဖြစ်ခဲ့ဘူးသည့်လူတွေ ဖြစ်ပြီဆိုမှ ခက်သည်။ ထို့ထက်ပိုခက်တာက သူ့ဘက်မှာလည်း ဒုက္ခနှင့်…။

"သားက ညှို့ခံပွဲထဲမှာ ဘာလိုအပ်ဦးမလဲ သွားကြတ်မတ်လိုက်ဦး၊ မေမေ မင်းအဖေကို စောင့်နေလိုက်ဦးမယ်"

ဟု မေမေ ထပ်ပြောတော့ သူ ထ,ထွက်ခဲ့သည်။ ခရောင်း ကိုထည့်ထားသည့်အခန်းဆီ လျှောက်သွားပြီး နားစွင့်ကြည့်လိုက်တော့ ဘာသံမှ မကြားရသဖြင့် သူမပါးစပ်ကိုပါ အဝတ်နဲ့စည်းပစ်ခဲ့တာကိုတွေးမိကာ သက်ပြင်းချလိုက်မိသည်။

ဘာတတ်နိုင်မှာလဲ၊ ဒီလိုမှမဟုတ်ခဲ့လျှင် သူမက မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဒီပွဲအတွက် တာဝန်ကျေဖို့ ဖေဖေက အရမ်းအားထားခဲ့တာ၊ ပြ
တော့ ဖိတ်စာပေါ်မှာ မွေးနေ့နဲ့သိမ်ရေစက်ချအလှူ အောင်မြင်တဲ့ပွဲ
ပဲ ရှေ့တန်းတင်ပြီး မွေးနေ့လာကြပြီဆိုမှ ဒီမင်္ဂလာပွဲအခမ်းအနားက
လူတွေသိကြမယ်၊ အံ့သြကြမယ်၊ ဒါလောက်ပဲရှိမယ်ပေါ့၊ ဒါကလဲ သူ
ငါ တစ်နယ်စီခြားနေကြတဲ့အခြေအနေကြောင့် တစ်ကွက်ချိန်ခဲ့တာပဲ
သူလုပ်သမျှ အဆင်ပြေနေပြီလို့ သတ်မှတ်လိုက်ကာမှ ဒီရောက်လာတဲ့
မင်း က မျက်နှာမကောင်းတော့ မင်္ဂလာပွဲကို ဖိတ်စာနဲ့မကြေညာတဲ့
အတွက်လားလို့ ထင်နေတယ်"

"ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မက ကြင်နာ မှမဟုတ်တာ"

"သူက ကြင်နာလို့ပဲ ထင်နေတာကိုး"

ခရောင်းက ယားလို့မကုတ်ဘဲနှင့် ခေါင်းကုတ်လိုက်၊ လည်ပင်း
ပွတ်လိုက်ဖြစ်နေ၏။

ခုတင်ခြေရင်းမှာ အပုံလိုက်လေးရှိနေသည့် ပဝါနှစ်စနှင့် ကြိုးချေ
လေးကိုလည်း မကြာမကြာလှမ်းကြည့်မိသည်။





သူမ နိုးလာတော့ ခြေရောလက်ရော လှုပ်လို့မရ။ ကြည့်လိုက်တော့ လက်ချင်းပူး၊ ခြေချင်းပူး၍ တုပ်နှောင်ထားတာကို မြင်ရသည်။ ပါးစပ်ကိုပါ ဝိတ်နှောင်စည်းထားမှန်းသိတော့ ဒေါသက အတိုင်းအဆမရှိ ဖြစ်သွားခဲ့၏။

သူ ဝင်လာတော့ သူမ သတိရတာနှင့် သိပ်မကွာပါ။ ကြိုးတွေကို ဖြေမပေးခင် သူက ထပ်တောင်းပန်၏။

"မင်းကိုရိုက်လိုက်တာလဲ မင်းရိုက်လို့ တုံ့ပြန်ရိုက်မိတာမဟုတ်ဘူး၊ အဲဒါကိုယုံပါ၊ မင်း ခဏလေးငြိမ်သက်သွားတဲ့ကာလမှာ ငါ လုပ်စရာရှိတာတွေ အများကြီးလုပ်ရဦးမှာ၊ အဲဒါကြောင့် ခုလိုဖြစ်သွားတာပါ၊ မင်း မကျေနပ်ရင် ငါ့ကို တုံ့ပြန်နိုင်တယ်"

ဟု ပြောပြီး ချည်နှောင်ထားတာတွေကို ပြန်ဖြေပေးသည်။ ကြိုက်သလိုစီစဉ်ပါလို့ လည်စင်းပေးနေကာမှ သူမ ဘယ်လိုပုဒ်မတွေထပ်တပ်ပြီး အနိုင်ယူရဦးမှာလဲ။

သူ့ဘေးမှာ ခရောင်း ဘာမှမတုံ့ပြန်ဘဲနေလိုက်ခဲ့သည့်နောက်မှာ ငြိမ်းချမ်းတာတော့မဟုတ်ဘဲ ဆူညံပွက်ထခြင်းတွေ ရပ်ဆိုင်းသွားခဲ့၏။

မတ်တတ်လေးကနေ ငြိမ်သက်နေခဲ့သော ခရောင်းကို ဗဟို က အကဲခတ်ကြည့်ကာ ...

"ငါပြောတာတွေကို မင်း ဒေါသနဲ့နားမထောင်ဘဲ သေချာစဉ်းစားပေးပါ၊ ဒီပွဲက မင်္ဂလာပွဲတစ်ခုတည်းလည်းမဟုတ်ဘူး၊ ဖေဖေလဲ အနေကျန်းမာရေးသိပ်မကောင်းလို့ ဂရုစိုက်နေရတယ်၊ ဒီအချိန်မှာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ပွဲပျက်သွားလို့မဖြစ်ဘူး၊ ငါ့ရဲ့ သိက္ခာဆိုတဲ့ မင်း အထင်လွဲနေတဲ့စကားလဲ ငါ မပြောချင်တော့ဘူး၊ အဲဒီတော့ မွေးနေ့အလှူဆိုတာတွေကိုတော့ မပျက်စီးရအောင် တစ်ချက်ငဲ့ကြည့်ပေးပါလို့ ငါ ပြောချင်တယ်"

"တကယ်လို့ မင်္ဂလာပွဲကျင်းပနေတုန်း ကြင်နာ ရောက်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ရော ...”

“ဘာပြောတယ်”

သူ့မျက်နှာ ဆေးမင်နီဖြန်းပစ်လိုက်သလို ရဲတွတ်သွားကာ လေသံကလည်း မာကျောသွား၏။ ပြီးမှ မျက်နှာလွှဲပစ်လိုက်ပြီး ခပ်တိုးတိုးတောင်းပန်၏။

“ဆောရီး၊ မမေးသင့်တဲ့မေးခွန်းကို မမေးနဲ့၊ မင်းနဲ့ငါ အချင်းများမယ့်စကားမျိုးတွေ မပြောချင်ဘူး”

“ဒါကတော့ ကျွန်မဘက်က မေးသင့်တာပဲ၊ ကြင်နာ ကို ရှင် မမိမိအောင် အသည်းအသန်လိုက်ရှာတာ ကျွန်မအမြင်လေ၊ ဒီမင်္ဂလာပွဲကိုတော့ သူပါမှဖြစ်မယ်လို့ ရှင်ပဲပြောခဲ့တာ”

တားနေကာမှ ခရောင်း က ဖွတ်တိုးပြောတော့ ဗဟို့မျက်နှာမှာ မျက်ဝန်းတွေက အစူးရဲဆုံးဖြစ်လာ၏။

“ဟုတ်တယ်၊ အဲဒီအချိန်၊ နာရီပိုင်း၊ မိနစ်ပိုင်းမှာ အဲဒီလိုစိတ်ကူးရှိခဲ့တယ်”

“ခုလဲ နေ့ကူးသွားတာမှမဟုတ်တာ၊ မိုးတောင်မချုပ်သေးဘူး။ ရှင်ဆီကို သူပြန်လာရင် ...”

“ခရောင်းရင့် ...”

သူက နှုတ်ခမ်းမဖွင့်ဘဲ အံကြိတ်ထားသည့်မျက်နှာကြီးနှင့် ခေါ်သည်။

“နေ့ကူးတာတွေ၊ မိုးမချုပ်သေးတာတွေကို ဘာအကြောင်းနဲ့ ထည့်ပြောနေတာလဲ၊ ကဲ ဖြေ”

“အဲဒါ ...”

ခရောင်း ပါးမို့လေးတွေ အနီရောင်သမ်းသွား၏။ ဗဟို့ မျက်နှာက နှုတ်ခမ်းမဲ့စရာမလိုဘဲ ခပ်ထေ့ထေ့လှောင်ရိပ်သမ်းနေသလိုပင်။ ဒါ





ဘာ စူးရဲသည့်မျက်လုံးတွေကြောင့်လား ...။

“မင်းမှတ်ထား ခရောင်းရင့်၊ သူ့ရဲ့တန်ဖိုးက ကုန်ဆုံးသွားတဲ့အချိန်တွေ ဝါးမျိုသွားတဲ့နောက်မှာ သတ်မှတ်ပေးလို့ရတာမဟုတ်ဘူး။ လေဆိပ်ဝင်းထဲကနေ တခြားယောကျ်ားတစ်ယောက်ရဲ့ကားနဲ့ပါသွားကတည်းက တစ်ပြားဖိုးမှမရှိတော့တာ၊ ငါ လိုက်ရှာခဲ့တာလဲ ဘာကြောင့်ဆိုတာ မင်းကို ပြောပြီးသား”

“ဘာပဲဖြစ်ဖြစ် သူ့မှာ ချစ်သူရှိနေတာကို ရှင် ...”

“ငါ သူ့ကိုမေးတော့ မရှိဘူးတဲ့၊ ကျွတ်...”

ပြောနေရင်း လက်တစ်ဖက်ကို ဆတ်ခနဲမြှောက်မလိုဖြစ်သွားပြီး ရှုတ်သပ်သည်။

“တော်ပြီ၊ အဲဒါတွေ အချိန်ကုန်ခံပြီးပြောလို့ မင်းနဲ့ရန်ထပ်ဖြစ်ဖို့ပဲရှိတယ်၊ ကြင်နာဖော် ဆိုတဲ့နာမည်ကို ခုရော နောက်ရော လုံးဝ ထည့်မပြောပါနဲ့”

လူကို တွင်တွင်တောင်းပန်နေတာက သပ်သပ်၊ စကားပြောလိုက်တိုင်း သူကချည်းပဲ အမိန့်တွေပေးနေပါလား။

“မေမေတို့က သူ့ကို အလယ်တန်းကျောင်းသူအရွယ်တုန်းကပဲ ရင်းနှီးခဲ့တာ၊ နောက်ပိုင်းမှာ တစ်ခါမှမဆုံကြတော့ဘူး၊ ငါနဲ့ပြန်တွေ့ဖြစ်တာလဲ မင်းနဲ့ဆုံတုန်းက ပထမဆုံးပဲ၊ အဲဒါကြောင့် မင်းနဲ့ကြင်နာ ပြောင်းလဲသွားတဲ့အဖြစ်ကို မေမေတို့က သံသယမဝင်ခဲ့တာ”

သူ ထပ်ရှင်းပြမှ ထိုအကြောင်းအပေါ် မှာ ပြောင်းလဲစိတ်ဝင်စားမိ၏။ ဟုတ်သည်၊ ကိုယ့်ကိုပဲ ကြင်နာ အဖြစ် အားလုံးက အလွယ်တကူ သတ်မှတ်ခဲ့တာကို အိမ်ထဲဝင်လိုက်ခါစက သူမ နားမလည်ဖြစ်ခဲ့သေး၏။

ဒါပေမယ့် ကြင်နာ အဖြစ်မင်္ဂလာဆောင်လိုက်ရမယ့်အဖြစ်ကတော့ ရှက်ဖွယ်လိလိပင်။ ကြင်နာ က ရွှေအိမ်စံ၊ သူမဘဲ့ဝက နာမည်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ခရောင်းရင့် ရယ်။

တကယ်လို့များ ဒီပွဲမှာပဲ တစ်ယောက်ယောက်ကသိသွားလျှင် ရှ လွန်းလို့ သေနိုင်လောက်သည်။

"ဘာတွေလျှောက်တွေးနေတာလဲ ခရောင်းရင့်၊ မင်းကို ဒါက ဘ ဒူနဲ့မှရင်ဆိုင်ယှဉ်ပြိုင်ဖို့ပြောနေတာမဟုတ်ဘူး၊ ငါ့အခက်အခဲကို ကူည ပြောနေတာ"

"အစ်ကိုလေး"

"ဘာလဲ"

အပြင်ကနေ ပူစူးမ အသံထွက်လာကာ ...

"မေမေကြီးက ခေါ်လာခဲ့ပါဦးတဲ့"

"အေး လာပြီ"

သူ ခရောင်းရင့်ကို တစ်ချက်ကြည့်ကာ တံခါးဖွင့်ပြီး ထွက်သွား ခုချိန်မှာ သူမ ထွက်သွားမည်ဆိုလျှင် တားဆီးမည့်သူ မရှိတော့ပေ။

ခရောင်း ဖျတ်ခနဲသတိရကာ ဆလင်းဘက်ခ်အိတ်လေးကို ကော လွယ်လိုက်၏။ ဖက်ပိုးအုပ်ခံထားရသဖြင့် လည်ကုပ်က နာနေတာ မပျော သေးပါ။ ထိုနေရာကို ခပ်ဖိဖိတစ်ချက်ပွတ်ကာ ဆံပင်နဲ့ အင်္ကျီတွေ ပြေပြစ်အောင်ဆွဲချပြုပြင်၏။

ပြီးသည်နှင့် သူ ထွက်သွားသည့်ဘက်နှင့် ဆန့်ကျင်သောအရပ် မျက်နှာမူ၍ထွက်ခဲ့မိသည်။

ရှေ့မှာမြင်နေရသည့် စကြ်လမ်း၏အဆုံး တစ်ဆစ်ချိုးမှာ လှေကာ ကြီးကို မြင်လိုက်ရ၏။ သူမ ခြေလှမ်းတွေတုံ့သွားသည်။

ငုံ့ကြည့်လိုက်တော့ ထည်ဝါခမ်းနားသော ညှိခန်းကျယ်ကြီး အစွန်းတစ်ဖက်ကိုမြင်နေရကာ ဒီဘက်ကိုကပ်ကွေ့သွားသည့်လမ်းကျ ကလေးကတော့ ဘယ်ကိုရောက်မည်မသိပေ။ ဘယ်ပဲရောက်ရော





"မင်္ဂလာ အိမ်ဖော်တွေ၊ အလုပ်သမားတွေပဲရှိနေနိုင်၏။ သူတို့ဆိုလျှင် ရောင်း ကို ဘာမှမေးမြန်းစပ်စုရဲကြမှာမဟုတ်ပေ။

မေးလာလျှင်လည်း ကိုယ်ဖြေချင်ရာဖြေမည်။ ဘာဖြစ်လဲ စိတ်ထဲ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာနှင့် လှေကားကြီးကို ရဲရဲတင်းတင်းဖြတ် ဆင်းသက်လာခဲ့သော်လည်း ...

"သမီးလေး"

"ဟင် ..."

နောက်ကခေါ်သံကြောင့် ခရောင်း ခြေလှမ်းတွေရပ်တန့်သွား၏။ သေမယ့် နောက်ဆုံးလှေကားထစ်မှာ ခြေတစ်ဖက်ချပြီးပြီမို့ အောက် မ်းခင်းထိ ပြီးဆုံးအောင် ဆင်းရပ်နေလိုက်သည်။

မော့ကြည့်လိုက်တော့ ဗဟို့ မေမေ ဒေါ်စိုးမိုးလွင် ဖြစ်၏။ မျက်နှာ စိုးရိမ်ဟန်များနှင့် ခလုတ်တိုက်မတတ် ဆင်းလိုက်လာရင်း ...

"နေပါဦး သမီးလေးရယ်၊ ခဏနေပါဦး"

ဟု စိတ်စောစွာလှမ်းတားနေ၏။ ဟိုလူ နေဗဟို သင်း လွှတ်လိုက် ဘဲဖြစ်မည်။ သူ့ကိုပဲထင်ကာ အတိုက်အခံစိတ်နှင့် ခရောင်း မျက်နှာ သေး ပိုတင်းသွား၏။

သွားမည်၊ သင်း ကြိုးစားသမျှ ဂရုမစိုက်ဘူးဆိုတာကို ပြကိုပြရ ည်၊ ဘယ့်နှယ် ကိုယ်နဲ့မပတ်သက်တဲ့ပွဲမှာ နောက်လည်း မဆိုင်သလို ကြရမှာကို သတို့သမီးအတု လုပ်ပေးစရာလား၊ ဘယ်မှာကြားဖူးလို့လဲ။

ရုပ်ရှင်တွေကို အားကျနေရင် ကိုယ်တိုင် မင်းသားဖြစ်မှပဲ အဲဒီဇာတ် မ်းမျိုး သရုပ်ဆောင်ပေါ့။ စကားလုံးပေါင်းများစွာကို လျှာဖျားပေါ်ထိ န်းစီတင်ထားလိုက်ပြီး ခရောင်း က မျက်နှာတင်းတင်းလေးနှင့် စောင့် သို့သော် ...

"သမီး ဘယ်ကိုလဲဟင်၊ သဘောမကျတာရှိရင် မေမေ့ကိုပြောပါ



www.burmeseclassic.com

www.burmeseclassic.com



သမီးရယ်၊ သားနဲ့ စကားပြောအဆင်မပြေတာဆိုရင်လဲ ပြောပြလျှင်
ကြိုက် အားလုံးဖြစ်ရမှာပါ"

လှေကားရင်းရောက်လာတော့ ခရောင်း လက်ဖမိုးလေးကို
အုပ်ကိုင်ကာ တောင်းပန်၏။ နောက်တွဲဆံထုံးပြည့်ပြည့်ကြီးနှင့် လည်
မှာ စိန်ကုံးရှည်တစ်ကုံးကို အရှည်ချဆွဲထားသည့် ဒေါ်စိုးမိုးလွင်၏ ကို
မှာ နားကပ်ရောင်က အစ ဝင်းဝင်းလက်လက်တောက်ပနေကြ၏။

ပိုးတွဲပါတိတ်နို့စိမ်းရောင်နှင့် သူမပုံစံသည် ချွေးမလောင်း
ယောက်အပေါ်မှာ ညှိမျှအောက်ကျို့ တောင်းပန်နေတာ အုံညြဖွယ်
ပြီးတော့ ကြင်နာ ပြောပြလို့ သူမ သိထားခဲ့တာတ ကြင်နာ က သူ
သမီးလည်းမဟုတ်။

ဒီလူတွေဟာ ကြင်နာ့ ကိုပဲ ငယ်သံယောဇဉ်နဲ့ ချစ်နေကြတာလ
ဒါမှမဟုတ်လျှင် ကျေးဇူးတရားကို အသက်လို ကိုးကွယ်တတ်ကြသ
လား။

"သမီးဖေကြီးက ခုနကပဲပြောနေသေးတာ၊ ရုတ်တရက် သူ မ
မလိုဖြစ်သွားတော့ အိပ်ရာထဲ တွဲပို့လိုက်ရတယ်လေ၊ သူ့ ရောဂါ နေ
မကောင်းတာတော်မှ စိတ်မပြောင့်ရှာပါဘူးကွယ်၊ သမီးရောက်လာ
မျက်နှာမသာယာရှာဘူးတဲ့၊ အဲဒါကို သေချာမေးပြီး ဂရုစိုက်ဖို့ တ
ပြောတယ်"

တင်းသားမိသည့် ခရောင်း မျက်နှာလေး အနေခက်သွားကာ
ဖြစ်သွားခြင်းသို့ရောက်၏။

"သမီး ခုလိုပြန်သွားတယ်လို့သာပြောလိုက်ရင် သူ ဘယ်လော
ထိ စိတ်ထိခိုက်သွားမလဲမသိဘူး။ ပြောပါသမီးရယ်၊ ဟိုလေ ခရောင်
ဆိုတဲ့ နာမည်လေးနဲ့ ပြောင်းမပေးလို့ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွား
လား"





"မဟုတ်ပါဘူး"

"မင်္ဂလာဖိတ်စာ သပ်သပ်လုပ်မပေးတာကိုများ ဂုဏ်မျိုးတွေးမိတာ
သမီးရယ်"

"မဟုတ်ပါဘူး အန်တီ"

အန်တီလို့ပြောပြီးမှ ဒေါ်စိုးမိုးလွင်က သူမကိုပါ သူမ 'မေမေ'လို့
ပြောနေတာကို သတိရမိသည်။ ဒါပေမယ့် ကိုယ်နဲ့မှမဆိုင်တာဟု
သိမ့်တွေးကာ ...

"ကျွန်မက ခရောင်းရင့် ပါ"

"ဟုတ်ပါတယ်၊ နာမည်ချင်းလဲပစ်ဖို့လဲ အားလုံး ပြင်ဆင်နေကြပါပြီ
တောင်ပြီးနေပြီလားမသိဘူး၊ မင်္ဂလာပွဲပြီးတာနဲ့ သားနဲ့သမီးတို့နာမည်
ခေမေတို့ပိုင်ဆိုင်သမျှအားလုံး လွှဲပြောင်းပေးဖို့လဲ စီစဉ်ထားတယ်"

ဘုရား...၊ ခရောင်း ထိတ်ခနဲဖြစ်သွား၏။ ငြင်းရခက်နေဘုန်း ဖတ်
တမြင့်လာသည်။

"ပြီးတော့လေ ငွေကြေးနဲ့သိမ်းပိုက်တယ်လို့မထင်ပါနဲ့ သေဆုံးသွား
တဲ့သမီးရဲ့မိဘတွေလဲ ဒါကို သူတို့သိခွင့်ရကြရင် ကျေနပ်မယ်၊ သမီး
ကိုလဲ ကိုယ့်သမီးလေးလို အနီးကပ်စောင့်ရှောက်ရင်း ကျေးဇူးဆပ်
တာပါ။ မေမေတို့ရဲ့စေတနာကို နားလည်ပါနော်၊ လာ... ခဏလိုက်
ည့်ပါ"

ခရောင်း လက်ကလေးကိုဆွဲ၍ အပေါ်ထပ်ကို ပြန်တက်လာခဲ့
သည်။ အလှမိနီယံတံခါးကြီးနှင့် အခန်းရှေ့မှာ ခဏရပ်ပြီး တံခါးကို သာ
တွန်းဖွင့်လိုက်၏။

"ဟင်..."

အခန်းထဲမှာ ဆရာဝန်တစ်ယောက်ရယ်၊ အလုပ်သမားလိုမိန်းမ
ယောက်နှင့် ဖဟို ရယ်...။



www.burmeseclassic.com

www.burmeseclassic.com



အရောင်လက်နေသည့်ကြေးခုတင်ကြီးပေါ်မှာက ဦးတက်နေ ဖြ
၏။ မျက်လုံးဝေ့ မှေးစင်းပိတ်ကျလျက် နှုတ်ခမ်းများတို့ပတ်ဝန်းကျင်မှ
ချွေးသီးလေ့နေသည်။

အပြင်မှာ ပ ်သတ်တချို့နှင့် ပြင်ဆင်နေကြသူတွေရှိကာ ဆူည
မိပြည်နေသလောက် ဒီအခန်းတစ်ခန်းထဲမှာတော့ တိတ်ဆိတ်ခြောက်
သွေ့နေခဲ့၏။

ဗဟို က ဒေါ်စိုးမိုးလွင်နှင့်ပါလာသည့် ခရောင်း ကို တစ်ချက်
လှည့်ကြည့်ပြီး ရှေ့ပြန်လှည့်သွားသည်။

ထိုစဉ် ဆရာဝန်က ဆေးသေတ္တာကိုသိမ်းဆည်းပြီး နေရာမှ ထ
လာ၏။ ဗဟို တို့သားအမိသည် ဆရာဝန်ထွက်သွားသည့်နောက်
လိုက်ပါသွားကြကာ ဆေးသေတ္တာကိုကိုင်၍ အမျိုးသမီးကြီးက ခပ်ကု
ကုပ်ထွက်သွား၏။

ခရောင်း ဘာလုပ်ရမှန်းမသိဘဲ ခပ်လှမ်းလှမ်းမှာရပ်သွားကြသည်
ဒေါ်စိုးမိုးလွင်တို့ဘက် နှစ်လှမ်း၊ သုံးလှမ်းတိုးသွားမိသေးသည်။

ပြီးမှ တုံ့ခနဲပြန်ရပ်၏။ ဒါပေမယ့် ခပ်တိုးတိုးစကားသံတွေကိုတော
ကြားနေရသည်။

"အသက်အန္တရာယ်တော့မရှိဘူး၊ ဒါပေမယ့် အာရုံကြောတစ်ခု
ထိခိုက်သွားနိုင်တယ်"

"ရှင် ..."

"ဒေါက်တာ အဲဒါ သေချာစမ်းသပ်ပြီးပြီလားဟင်"

"အင်း... သေချာမပြောနိုင်ပေမယ့် သေချာသလောက်ပါပဲ၊ လိုအပ
တဲ့စမ်းသပ်စစ်ဆေးချက်တွေကို လုပ်ကြည့်ရင်တော့ တိကျတဲ့အဖြေ
ရလာမှာပါ။ ခက်တာက ဒီပွဲကိုပျက်မှာ လူနာက တော်တော်စိုးရိမ်နေ
တယ်၊ ကျွန်တော့်ကိုတောင်မှ စမ်းသပ်မှုတွေ ရှိ ဘဲအကြောင်း သားတို့





ပြဲဖို့ တောင်းဆိုနေသေးတာ"

ဗဟို ရင်နင့်သွားသည်။ ဒေါ်စိုးမိုးလွင် မျက်ရည်ကျ၏။

"လူနာကို စိတ်ချမ်းသာအောင်ထားပေးပါ။ ခုလို အားနည်းနေတဲ့
အလမှာပေါ့ဗျာ သူဖြစ်ချင်တဲ့ဆန္ဒလေးတွေကို လိုက်လျောပေးဖို့ပါပဲ"

ဆရာဝန် ထွက်သွားတော့ ဒေါ်စိုးမိုးလွင် မျက်ရည်ငုံးသုတ်သည်။
ဗဟို က အနီရောင်ရင့်လာသည့်မျက်နှာကြီးနှင့် ခရောင်း ကိုကြည့်လိုက်
မျက်နှာလွှဲပစ်၏။ တစ်ဖက်ကို ခြေလှမ်းပြင်လိုက်ပြီးမှ တစ်ခုခုကို
သတိရသွားသလို ဖျတ်ခနဲ ပြန်လှည့်လာသည်။

ခရောင်း ၏တစ်ကိုယ်လုံးကို စူးစိုက်ကြည့်၍ ခြေနှစ်လှမ်းခန့် ပြန်
လျှောက်လာပြီး...

"မင်းက ဖေဖေ့ကို လာကြည့်တာလား"

ပြောပြီးမှ ခရောင်း လွယ်ထားသည့်အိတ်လေးဆီ အကြည့်ရောက်
သွား ...

"မဟုတ်ဘူးလို့ ငါထင်တယ်၊ မင်း သွားတော့မလို့မဟုတ်လား"

"ကျွန်မ ..."

"ဟုတ်တယ် သား၊ သမီးလေးက သားအဖေ နေမကောင်းဘူး ဆို
တာနဲ့ လိုက်လာတာ၊ ဟိုတုန်းကတည်းက သံယောဇဉ်ရှိခဲ့ကြတာမဟုတ်
လား သား လာ သမီး လာ"

ဒေါ်စိုးမိုးလွင်က ဘယ်သူ့ဘက်က ဘာကိုဖုံးဖိကာကွယ်ချင်မှန်း
မသိ ခရောင်း လက်ကလေးကိုဆွဲ၍ ဗဟို ရှေ့ကနေ ခေါ်ထုတ်သွား၏။

"မေမေ"

ဗဟို က လှမ်းခေါ်လိုက်သဖြင့် ဒေါ်စိုးမိုးလွင်နှင့်အတူ ခရောင်း
ပါ လှည့်ကြည့်လိုက်မိသည်။ ဗဟို သည် မိခင်ဖြစ်သူနှင့် ခရောင်း
ကို တစ်လှည့်စီကြည့်၍ ရုတ်တရက် ဘာမှမပြောသဖြင့် သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှ တိတ်တိတ်ဆိတ်ဆိတ်ကြီးဖြစ်သွား၏။

သားအမိနှစ်ယောက်ကိုကြည့်ကာ ခရောင်း ဘာကိုနားလည်ရမှန်းမသိတော့ပေ။ ဒေါ်စိုးမိုးလွင် ကိုယ့်ဆီကို ပျာယီးပျာယာရောက်လာတာဗဟို က လွှတ်လိုက်တာဟုပဲ ထင်ခဲ့မိသည်။ နကျတော့ မဟုတ်သလိုလို စိတ်ထဲမှာ ထင်လာခဲ့သည်။

ဒါဆို ဒေါ်စိုးမိုးလွင် မျက်နှာထက်က စိုးရိမ်မှုတွေက ဘာလဲ။ ဗဟိုနဲ့သူမ အဆင်မပြေဖြစ်ကြမှာကို မလိုလားသည့်စိုးရိမ်မှုတွေမှန်လျှင် ဒီလိုဖြစ်လာမှာကို ကြိုသိနေတာမျိုးလား။ နောက်တစ်နည်းတွေးလျှင် ဒီမင်္ဂလာပွဲနှင့်ပတ်သက်ပြီး ကြင်နာ့ဘက်က မကျေနပ်နိုင်ဖွယ်တစ်ခုခု ဖြစ်နေနိုင်စရာရှိခဲ့လိမ့်မည်။

သို့သော် ကြင်နာကိုယ်တိုင် ဗဟို့ကို လိုလားမှုရှိနေတာလည်း သူမအမြင်ပဲဖြစ်သည်။

ခရောင်း ဘာမှဖွင့်မမေးဘဲ ကိုယ့်ဘာသာမေးလိုက်၊ ဖြေလိုက်နှင့်အတွေးတွေရှုပ်ယှက်ခတ်ကုန်၏။ ဗဟို က သူ့မိခင်ရှေ့မှာ ပြန်လာရပ်ကာ ...

"မေမေ သူ့ကို ဒီနေရာထိဆွဲခေါ်လာတာမဟုတ်လား"

"ဟို ..."

ဒေါ်စိုးမိုးလွင် ပိပိရိရိမညာတတ်မှန်း ပျက်ယွင်းသွားသည့် မျက်နှာပေါ်က ကောက်ကြောင်းများက ဝန်ခံနေကြ၏။

"ဘွားရယ် ကြင်နာ က..."

"သူက ကြင်နာမဟုတ်ဘူး မေမေ"

"ဟင် ..."

ဒေါ်စိုးမိုးလွင် အံ့သြသွားသည့်မျက်နှာနှင့် ခရောင်း ကို ပြန်ကြည့်၏။ ဗဟို့ မျက်နှာမှာ ဒေါ်မှိုင်းနေပေမယ့် ဆုံးဖြတ်ချက်ကမ်ရပ်ကို ခဲယဉ်း





ချခဲ့လိုက်မှန်း သိသာနေလျက်...

"သူ့ကို ကျွန်တော်က ..."

"ဟုတ်တယ်လေ သားရယ်၊ သူ့နာမည်ခရောင်းရင့်လို့ပြောင်းထားယ်မဟုတ်လား၊ မေမေလဲ ခေါ်နေကျနာမည်ကိုပဲ ယောင်ယောင်ပြီးခေါ်မိတာပါ။ သားကလည်း သူ မကြိုက်တာကို မခေါ်နဲ့တော့ ဟုတ်အဖေကြီးက မကျန်းမာဘူး သားရယ်၊ သူ့မွေးနေ့လည်းဟုတ်တော့မှီ ထုတောင်လာနိုင်မှ ရှပ်မပျက်မှာပေါ့။

ဗဟို ခေါင်းမညိတ်ဘဲ မေးရိုးနှစ်ဖက်တင်းသွားသည်အထိအံကြိတ်သည်။ မုသားဆိုတာ သာမန်အချိန်တွေမှာ ပျော်စရာတွေကိုဖြစ်စေတတ်လို အဆင်မပြေမှုတွေကိုလည်း ပြေလည်သွားစေတတ်ကာ ပေါက်ကွဲခြင်းထန်တော့မည့်အရေးတချို့ကိုလည်း ငြိမ်းချမ်းစေတတ်၏။

မုသာဝါဒဆိုတာ မဆိုကောင်းတဲ့အရာမှန်ပေမယ့် 'မုသားမပါတာ မချော'ဆိုတာကို မေ့လို့မဖြစ်ပါ။

သို့သော် မုသားတစ်ချက်ကြောင့် နောက်ပိုင်းမှာ ရှင်းမရနိုင်အောင်ထွေးကုန်တာတွေ အများကြီးပင်။ ရိုင်းရိုင်းပြောရလျှင် သေခါနီး လူစ်ယောက်ဟာ မုသားမပြောတတ်ဟု ဆိုကြသည့်အတိုင်း သေခါနီးကိုသားပြောတာရော သင့်ပါ့မလား။

ခုဟာက ဖေဖေသည် သေခါနီးလူမမာလည်းမဟုတ်ပါ။ စိတ်ချမ်းသာပါစေတော့ဆိုပြီး အခုညာပြောလိုက်လို့ စိတ်ချမ်းသာသွားသည်ထားဒါကို တကယ်ပြောပြဝန်ခံရသည့်အချိန်မှာရော ဒီလိုပြန်မဖြစ်ဘူးလို့ယ်သူ အာမခံနိုင်မှာလဲ။

ဒီအဖြစ်တွေထဲမှာ မိဘကိုလိမ်ညာရသည့်အပြစ်၊ ခရောင်းရင့် ဆိုသည့် မိန်းမတစ်ယောက်ကို ခယတောင်းပန်နေရသည့်ဒုက္ခ၊ ဒီကျပ်တည်းတွေနှင့် သူသာ မရှုနိုင်မကယ်နိုင်ဖြစ်နေရဖို့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချခဲ့ခြင်းက ဒီရောက်မှ နိုင်မာသွားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် သူကြိုးစားလိုက်ပေမယ့်...

"ဒါတွေကို ကျွန်တော် ရှင်းပြမလို့ မေမေ၊ သူ့ကို ကျွန်တော် ဒီထံခေါ်..."

"မေမေကြီး မိတ်ကပ်ဆရာ ရောက်လာပြီ၊ ဟို... ဖျော်ဖြေရေးကတီးဝိုင်းသမားတွေလဲ ရောက်လာပြီ သိလား၊ ပစ္စည်းတွေ ချနေကြပြီ"

ပုစုးမ ပြေးတက်လာပြီး သတင်းပေးသည်။ ပြီးတော့ ဟိုကြည့်ဒီကြည့်နှင့် ကြောင်တောင်တောင်လေးရပ်နေ၏။

"သွားလေ၊ အလှပြင်ဆရာမကို ညွှန်ထားလိုက်၊ နည်းနည်းစောင့်ရဦးမှာမို့ သေချာစည့်ခံနော်"

"ဟုတ်"

ဒေါ်စိုးမိုးလွင်က ခရောင်း လက်ကလေးကို မလွှတ်သေးပေ။ ဗဟိုနဲ့ ခရောင်းတို့ကို မျက်လုံးချင်းဆုံသွားကြ၏။

"သမီးလေး ရေသွားချိုးလိုက်တော့နော်၊ ဖေကြီးဆီကို မေမေပဲ သွားလိုက်မယ်၊ သမီး လှလှပပလေးပြင်ပြီးမှ သူ့ချွေးမလေး ဘယ်လိုပြင်ဆင်ပြီးနေပြီဆိုတာ သူသိအောင်ပြဖို့ မေမေ လာခေါ်မယ်"

နောက်ထပ် ဗဟိုနဲ့ မျက်လုံးချင်းဆုံသွား၏။ ဗဟို သည် ခြေလှမ်းခပ်ကြွကြွပြင်ကာ ပါးစပ်ဖွင့်လိုက်လျှင် ခရောင်း မျက်နှာလွှဲပစ်လိုက်ပြီး...

"ဟုတ်ကဲ့"

ခေါင်းညိတ်လိုက်တော့ ဒေါ်စိုးမိုးလွင် ကျေနပ်စွာပြုံးသွား၏။

သူ့ရှေ့ကနေဖြတ်လျှောက်သွားသည့် ခရောင်းကို စူးစိုက်လိုက်ကြည့်ရင်း ဗဟို မျက်ဝန်းတွေထဲမှာ ရှုပ်ထွေးလျက် ...





အခန်း (၁၂)

နားထဲမှာဆူညံနေသည်။ ရောင်စုံမီးတွေနှင့် လှချင်တိုင်းလှနေသော်ည်း သူမအတွက်က အလှအပတွေကိုမမြင်။ အိပ်မက်ထဲမှာ ငရဲခန်းကြီးတစ်ခုကို မြင်နေရသလိုပင်။

ဒီခမ်းနားမှု၊ ထည်ဝါမှုတွေဟာ ကိုယ်နဲ့ ဘာမှမသက်ဆိုင်။ နတ်သမီးတစ်ပါး၏အဆင်တန်ဆာများမှ ပြိုးပြက်လက်နေသောတောက်ပမှုတွေ ဲ့ မော့ငေးနေမိသောကြောင့် နတ်သမီးပျောက်ကွယ်သွားသည်နှင့် ျက်လုံးကန်းသွားခဲ့ရသည့် ထင်းခွေသူမလေးတစ်ယောက်အကြောင်း ံပြင်ထဲမှာ ဖတ်ဖူးသည်။

ဒါဟာ ကလေးပုံပြင်လေးတစ်ပုဒ် ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် သူမ ်ဖြစ်လည်း ဤသို့နည်းတူရှိခဲ့ပြီကတော့ သေချာပေသည်။ ဤမင်္ဂလာ ဲ့ ခမ်းနားလွန်း၏။ ဒါက သူမနဲ့မဆိုင်။

ကိုယ်ပေါ်မှာ စိန်ရွှေရတနာတွေနှင့် ညှတ်အိထည်ဝါနေသည်။ ဒါ တွေကို သူမ မပိုင်ပါ။ ထို့ပြင် ဒီပွဲကြီး ပြီးဆုံးသွားသည်နှင့် နသာလန်းဆန်း

www.burmeseclassic.com



ခဲ့သော 'ခရောင်းရှင့်'ဆိုသည့် သူမ၏ဘဝဟာ အပျိုစစ်စစ်နှင့် တစ်ခုလပ်ဘဝသို့ ...

"လှလိုက်တာကွယ်၊ မျက်နှာလေးမှာ မျက်ဝန်းလေးတွေလက်နေတာကိုက ချစ်စရာလေး"

ကိုယ့်လက်မောင်းကို ဆုပ်ကိုင်သည်၊ မေးဖျားလေးကို ပင့်ယူကြည့်၏။ ခရောင်း ၏အတွေးတွေ ပြတ်တောက်ကုန်ကာ ဆူညံ့စည်ကားခြင်းများဆီ ပြန်ရောက်လာခဲ့၏။

ဝိုင်းဝန်းနှုတ်ဆက်ကြသူတို့၏ မျက်လုံးတွေထဲမှာ ကြင်နာ မဟုတ်ခဲ့သည့် သူမ၏မျက်နှာထက်မှာပဲ လိုလားချစ်ခင်စွာ ရှိနေခဲ့ကြသည်။

သတို့သမီးဘက်က မိဘကိုယ်စားပါဝင်ကြသည့် ဆရာဝန် လင်မယားကလည်း သူတို့၏ တကယ့်ရင်သွေးကဲ့သို့ ခရောင်းကိုပဲ တကြည့်ကြည့် တပြုံးပြုံးနှင့် ဟန်ဆောင်မှုကင်းသောနွေးထွေးကြင်နာခြင်းတွေနှင့်ဖြစ်၏။

အားလုံးသောလူများသည် ဒေါ်စိုးမိုးလွင်တို့ကိုယ်တိုင် ပျော်ယာခတ်နေအောင် ယုယနေကြသည့် သတို့သမီးမို့လို့လား ဒါမှမဟုတ် အခြေအနေအားလုံးကို တကယ်နားလည်နေခဲ့ကြတာလား။ ဘာမှန်းမသိပေမယ့် သူတို့၏အပြောအဆို၊ အမူအရာများဟာ ခင်မင်နှစ်လိုဖွယ်များနဲ့သာဖြစ်သည်။

တကယ်တမ်းကျတော့ ကြင်နာသော ဒီနေရာမှာဖြစ်ခဲ့လျှင် အရမ်းကိုကြည်နူးပျော်ရွှင်ရမှာဖြစ်သလို အများပြောကြတဲ့အတိုင်း သိပ် ကံကောင်းတဲ့မိန်းကလေးပဲဖြစ်လိမ့်မည်။

ဟန်ဆောင်ပါဝင်နေရသည့် ကိုယ့်အဖြစ်ကို သိထားသည့် သူမမှာတော့ ပြုံးရတာလည်း မလုံမြို၊ ခေါင်းတစ်ညိတ်လျှင် တစ်ခါ ရှက်စိတ်ဝင်၏။





ထို့ပြင် ကြင်နာများ ဘွားခနဲပေါ် လာလေမလားဟု ကြားဝင်လာသည့်အတွေးက နှိပ်စက်ပြန်သည်။ လူမမာက တစ်ဖက်၊ လူသိရှင်ကြားဖြစ်ပြီးနေသည့် အခမ်းအနားကြီးကတစ်ဖက်နှင့် ဒုက္ခရောက်နေသည့် သားစုအဖြစ်ကို သူမ အနစ်နာခံပြီး ဟန်ဆောင်ကူညီနေတာမှန်း ကြင်နာ ရုတ်တရက် နားမလည်လျှင်...

"အမလေး ကိုကြီးနေတို့များ ကျန်းမာရေးမကောင်းဘူးသာ ပြောတယ်၊ မွေးနေ့မှာ ပြုံးနေလိုက်တာများ ကြည်စင်လန်းဆန်းနေတာပဲ"

"ဟုတ်ပ ဟုတ်ပ၊ ဒီမွေးနေ့က စလို့ အသက်တစ်ရာ့နှစ်ဆယ်တိုင်တဲ့အထိ သားသမီးမြေးမြစ်တွေနဲ့ ကျန်းမာရွှင်လန်းစွာ နေနိုင်ပါစေနော်"

"တောင်းတဲ့ဆုတွေ ပြည့်ဝပါစေ"

"ဟေး..."

"ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ ဆူညံသွားသည်။ အထူးအစီအစဉ်အတိုင်း လက်ကိုင်မီးပန်းလေးတွေကို မြှောက်ကိုင်လှုပ်ရမ်းလိုက်ကြသည်မို့ ကလေးဘချို့နှင့် လူငယ်တွေ ခုန်ပေါက်နေကြတာကို လူကြီးတွေက လိုက်ကြည့်ရင်း လက်ခုပ်တီးလို့မဆုံး။

မွေးနေ့နှင့်တွဲလျက် စီစဉ်ထားသည်မို့ လူတိုင်းလိုလိုပင် မွေးနေ့လက်ဆောင်ပဲ ပါလာကြကာ မင်္ဂလာလက်ဖွဲ့ မပါကြပေ။

"အဲဒါကိုပဲ ကျေနပ်တာ၊ သားနဲ့သမီးအတွက်က ရောက်လာကြတဲ့ မိဘိတွေရဲ့ အပြုံးတွေ အားပေးမှုတွေပဲ လိုတာပါ၊ အားမနာနဲ့၊ ကျွေးမွေးသမျှကို ဒါနမြောက်အောင် အားပါးတရ သုံးဆောင်ကြတယ်ဆိုရင် ကျေနပ်ပြီ"

ဒေါ်စိုးမိုးလွင်က ခင်ပွန်းဖြစ်သူကို ဂရုစိုက်တွဲရင်း ဒါကိုပဲ အထပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြော၍ ညွှန်ခံသည်။

"မစိုး ဒီလောက်ဆိုဖြစ်ပါပြီ၊ ကိုကြီးနေကို အထဲမှာ ပြန်ပြီးနားပါ
တော့"

ရင်းနှီးနေကြသည်မို့ သတို့သမီးဘက် မိဘအဖြစ်ရှိနေကြသ
ဦးကံချွန်က နားနားကပ်ပြီး သတိပေး၏။

"ဟုတ်ပါတယ်စိုးရယ်၊ နားပါစေတော့"

ဒေါ်စိမ်းမြခက်ကလည်း ဝင်ပြော၏။ သူတို့လင်မယားနှစ်ယော
စလုံးက ဆရာဝန်တွေမို့ လူနာဖြစ်သည့် ဦးတက်နေ၏မျက်နှာကို အ
ခတ်ရင်း စိုးရိမ်နေကြ၏။

"ပြောနေတာပဲ စိမ်းရယ်၊ သူက သမီးလေး အားငယ်မှာစိုးတ
တဲ့၊ ဒီပွဲကို ဖြစ်မြောက်စေချင်လွန်းတာလည်း သူပဲ။ သူ့မွေးနေ့ထ
မင်္ဂလာပွဲပြီးမြောက်သွားဖို့ကိုပဲ လိုလားနေတာ"

ဒေါ်စိုးမိုးလွင်က ခပ်ကြိတ်ကြိတ်ပြန်ပြော၍ ဦးတက်နေမျက်နှာ
မော့ကြည့်သည်။ ဦးတက်နေသည် အပေါ်နှုတ်ခမ်းဖျားတို့အထက်မှ
ရော မေးဖျားမှာပါ ချွေးသီးတို့ထ,လျက် မျက်နှာတစ်ပြင်လုံးက သွေ
ရောင်မမှန်ချင်။

ဒါပေမယ့် အားတင်းပြုံးနေသည့်မျက်နှာနှင့် ပြန်ငုံ့ကြည့်၍ ...

"ဟုတ်တယ် စိုး၊ သူ့မိဘရဲ့ စာနာစာတ်မှုကြောင့် မင်းနဲ့ငါရင်သွေး
လေးကို မသေမပျောက် ပြန်ရခဲ့တာ၊ ငါ့အသက်ကိုကယ်လိုက်တာထက်
ငါ ပိုပြီး ကျေးဇူးတင်တယ်၊ ပြီးတော့ ကိုမြတ်သူဟာလဲ ကျေးဇူးတင်ဝိုက်
တဲ့သူပါ၊ ငါတို့ပုံချပေးခဲ့တဲ့ စီးပွားဥစ္စာတွေကို ထင်သလို ဖြုန်းသုံးစွဲတာ
ဘာများရှိခဲ့လို့လဲ"

"ဟုတ်ပါတယ်"

ညွှန်ခံပွဲအစွန်ဘက်နားမှာ လေးယောက်စုရပ်နေကြရင်း ဦးတက်နေ





...ခံတားချက်တွေကြောင့် ဦးကံချွန်က မသိမသာ သက်ပြင်းချ၏။

"ငါ ဘာမှမဖြစ်ဘူး၊ ဟောဒီနားမှာ ခဏထိုင်ပြီး နားလိုက်ရင် ရပြီ"
ဟု ပြောတော့ ဒေါ်စိုးမိုးလွင်က စားပွဲနှင့် အနေတော်ကျအောင်
...တစ်လုံး ကမန်းကတန်းဆွဲပေးလိုက်သည်။

"ထိုင် အစ်ကို၊ ဖြည်းဖြည်းထိုင်"

ခုံမှာဝင်ထိုင်ရင်း ဦးတက်နေ မျက်လုံးတွေက တစ်ယောက်တစ်နေ
...ဖြစ်နေကြသည့် လူငယ်နှစ်ယောက်ကို လှမ်းကြည့်၏။

"ကလေးတွေ သိပ်မနွေးထွေးကြပါလား၊ သူတို့ချင်း ဟိုတုန်းကလိုပဲ
...နီးမယ်ထင်နေတာ"

ဟု အလိုမကျသံနှင့်ဝေဖန်၏။ ဒေါ်စိုးမိုးလွင် လှမ်းကြည့်လိုက်
...တော့လည်း တကယ် ဒီတိုင်းပဲမို့ ဘာပြောရမှန်းမသိ။

ခရောင်း ကတော့ ဟိုစားပွဲကနှုတ်ဆက်၊ ပြန်မယ့်လူတွေက အနား
...ခေါ်နှင့် ဘယ်ကြည့်ကြည့် ဘယ်သူ့ကိုမှမသိဘဲ ပြုံးပြရယ်ပြနေရ
...ဘာ မျက်နှာလေးပင်မဲ့နေပါပြီ။

ခေါင်းထက်ကဆံထုံးကလည်း သိပ်မကြီးပေမယ့် ကလစ်တွေ
...ရားသုံးထားသဖြင့် တင်းတင်းခဲခဲကြီးဖြစ်နေသည်။

ဒါမှမဟုတ် ဆံထိုးတွေ၊ စိန်ဘီးတွေနဲ့မို့ ဝိုလေးနေသည်လား။

ဖြူစွတ်စွတ် ပြောင်အိနေသည့်ဝတ်စုံကလည်း နို့ထိန်း ဒေါ်ရီသန့်
...မှုရသည့် ကြင်နာရဲ့ ကိုယ်တိုင်းအတိုင်း ကြို့တင်ချုပ်ထားတာဟု ဆို
သည်။

ကိုယ်လုံးအရပ်အမောင်း သိပ်မကွာသော်လည်း ကိုယ့်အကျီမဟုတ်
...ဘာကတော့ သိသာနေမှာပါ။ ဝတ်စုံကြောင့် ပို၍နေရထိုင်ရခက်၏။
...ဘက်ဆုံးမှာ ဘယ်လိုမှနေမရတော့ဘဲ လူတွေအလစ်ကိုစောင့်ကာ
...ားကနေ လှစ်ခနဲပတ်ထွက်ပြီး အိမ်ကြီးထဲကို ပြေးဝင်ခဲ့၏၊ ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"အား"

မှောင်ရိပ်ကအထွက်မှာ ခလုတ်တိုက်လိုက်တာ ဖက်ပက်စက်စ
ကလေးလေးတွေလို မိုက်နဲ့အပြားလိုက် 'အင့်'ခနဲပစ်မလဲတာဘဲ တေ
သေး၏။

ဒါပေမယ့် ခြေထောက်လည်း ဘာဖြစ်သွားမှန်းမသိ။ လက်ထော
လိုက်မိသဖြင့် လက်ကောက်ဝတ်တစ်ဖက်လည်း မျက်သွား၏။

"ဘာဖြစ်သွားတာလဲ"

အသံနှင့်အတူ ပြေးလာသည့် ဗဟို့ခြေထောက်တွေ မျက်စိအော
ရောက်လာတာတောင် ရှက်လိုက်တာ မော့မကြည့်ရဲတော့တဲ့အဖြစ်

"အိမ်ထဲဝင်တာ ဘာဖြစ်လို့ပြေးဝင်တာလဲကွ၊ ဒီဘက်က တခ
တကာ ခြေကျော်တန်းခင်းထားတာ"

ကိုယ်ပြေးလာတာကိုပါ သိနေတယ်ဆိုတော့ ဒီလောက် ပက်ပ
စက်လေးဖက်ထောက်ကြီးလဲတာကို မြင်မှာပေါ့။ ရှက်ရှက်နှင့် ရန်လို
မော့ကြည့်မိ၏။

"ဘယ်နေရာမှာ ဘာရှိနေမှန်း ရှင့်အိမ်ဆိုတာ ရှင်က သိမှာပေ
ကျွန်မက သိမလား"

"မင်းကို မသိရကောင်းလားလို့ အပြစ်တင်နေတာမဟုတ်ဘူး။ ပြေ
စရာမဟုတ်တာကို ပြေးလို့ပြောတာ၊ နောက်က ခိုးသားငါးရာလိုက်လာ
တာကျနေတာပဲ"

ပြောပြီး ခရောင်း ဘေးမှာ ခြေဖျားထောက်ထိုင်ချလိုက်၏။ မျက်နှာ
ချင်းနီးသွားသဖြင့် ဒေါသက နီးနီးနားနားဖြစ်ခွင့်ရကာ ထိန်းချုပ်ဖို့လည်
မေ့သွားသည်။

ဗဟို့မျက်နှာကို ကျကျနန မျက်စောင်းထိုးပစ်လိုက်ပြီးမှ...

"ခိုးသားငါးရာက ကျွန်မကိုလိုက်မှာမဟုတ်ဘူး။ မိဘကို မုသာဝါ





း‌နေတဲ့ ရှင့်ကိုပဲလိုက်မှာ"

တရစပ်ရန်တွေ့နေသည့် ခရောင်း နှုတ်ခမ်းသားလေးတွေလှုံးနေ
ို စူးခနဲကြည့်ပြီး ဗဟို က မျက်နှာလွှဲ၍ပြုံး၏။ ပြီးတော့ ပြန်လှည့်

"မင်းရော ငါနဲ့တွဲပြီး မုသာဝါဒတွေပြောနေတာမဟုတ်ဘူးလား၊ ခံရ
တူတူပဲ"

"အံမာ ဘာလို့ ကျွန်မက ခံရမှာလဲ၊ ရှင် စခဲ့လို့ လူကြီးတွေမျက်နှာ
ြီး ကျွန်မက ကူညီနေတာ၊ ရှင်ပဲခံ"

"ဟုတ်ပြီကွာ ကဲ၊ မင်း မခံချင်နေလိုက်တော့"

"ရှင်... ရှင်နော်..."

"ဟ... မင်းပြောတဲ့အတိုင်းပြောတာလေ၊ ဘာဖြစ်တာလဲ၊ မင်းချည်း
သထွက်နေတာ"

ဟွန်း... သူ့ကိုယ်သူ မလိမ်မိုးမလိမ္မာရုပ်ကြီးနဲ့ နောက်ထပ် မျက်
း‌ထိုးဖို့ရွယ်ပြီးမှ မထိုးဖြစ်။

"ထလေ"

"ထ,မရလို့ပေါ့၊ သမ်တလင်းပေါ်မှာ ထိုင်လို့ကောင်းလို့ ထိုင်နေ
ည်မှတ်လို့လား"

ဒီတစ်ခါ မျက်နှာလွှဲလိုက်ဖို့ အချိန်မရတဲ့အထိ ‌ ယ်ချင်သည့်စိတ်
တာ ခရောင်း ကိုစိုက်ကြည့်ရင်းနှံ့ပဲ ဗဟို့မျက်နှာ မချိုမချဉ်ဖြစ်သွား၏။

"ထူပေးပါ၊ တွဲပေးပါဆိုရင်လဲ ထူပေး၊ တွဲပေးချင်အောင် ပြေပြေ
ည်လည်ပြောမှပေါ့"

"အို..."

ပြန်ပြောမလို့ ပါးစပ်ပြင်လိုက်တုန်းမှာ ဗဟို က သူမကိုယ်လေးကို
က်မောင်းနှစ်ဖက်ကနေ ဖိဆုပ်ကိုင်ပြီး သူနဲ့အတူ ထ,ရပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဘာမှမဟုတ်ပေမယ့် ထူပစ်လိုက်သဖြင့် ခရောင်း ခြေထောက် မ
ဘဲ ညွတ်ခနဲပြန်ကျသွားသည်။

"ဆောရီး"

သူ့အပြစ်သူသိကာ ဆောရီးတော့ပြောဖော်ရ၏။ ဒါပေမယ့် တ
ကိုယ်လုံး ဖွေ့ခနဲပွေ့ယူလိုက်သောကြောင့် ခရောင်း သူ့အင်္ကျီရင်ဘတ
ကို သေလုမြောပါးဆုပ်ဆွဲလိုက်ရကာ ...

"ရှင်... ရှင် ဘာလုပ်တာလဲ၊ သူများတွေမြင်ကုန်တော့မှာပဲ၊ ချ
ပေး...ချလိုက်စမ်းပါ"

"ချပေးမယ်၊ ဒီမှာချလို့မဖြစ်ဘူး"

"ဘာ... ရှင်..."

"ငြိမ်ငြိမ်နေကွာ၊ ဧည့်ခန်းမှာဆိုရင် သတို့သမီးက ဒီထဲဝင်ပြီး ဘ
လုပ်နေတာလဲလို့ ထင်ကြမှာပေါ့။ အခန်းထဲကျမှ ဒဏ်ရာကို သေ
ကြည့်ရမှာ"

ခရောင်း ရှက်လွန်းသဖြင့် နှုတ်ခမ်းကို မချိမဆံ့ကြီးဖိကိုက်ထာ
ကာ မျက်လုံးတွေကျိန်းအောင့်လာတဲ့အထိ အတင်းမှိတ်ထားမိ၏။

သူ ချပေးလိုက်တော့ ထိတွေ့သည့်အရာက နူးညံ့နွေးထွေးလှ
အိခနဲ။

"ဟင် ..."

မျက်လုံးတွေကို ဖျတ်ခနဲဖွင့်သည်။ အတင်းမှိတ်ထားခဲ့သေ
မျက်လုံးတွေက ပြူးပြူးပြဲပြဲဖြစ်ရပြန်ကာ မွေ့ရာကြီးပေါ် ကနေ ဆင
ကြိုးစားတော့ ထိုင်လျက်လေးအတိုင်း နောက်ပြန် ပြန်ချ၏။

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီ...ဒီ နှစ်ယောက်ခန်းကြီးထဲကို ကျွန်မကို ဘ





ခေါ် လာတာလဲ"

"ပြဿနာပဲကွာ"

"ဘာပြဿနာလဲ၊ ရှင့် လူကို ရီးတီးယားတားလုပ်မယ် မကြံနဲ့နော်"

လက်ညှိုးထိုးအပြောခံလိုက်ရတော့ ဗဟို မျက်နှာတင်းသွားသည်။

"မျက်နှာကိုကြည့်ပြော၊ အဲဒီလိုကောင်လားဆိုတာ ..."

"အို... မျက်နှာကိုကြည့်ရုံနဲ့သိနေကြရင် လူလိမ်လူကောက်ဆိုတာ
ဒီ ရှိနေမလား"

"မင်း တော်တော်စော်ကားတတ်တဲ့မိန်းမပဲ"

"ရှင် လူကို သားပြောမယားပြော မပြောနဲ့နော်"

"ကျွတ်"

ဒေါ်သမှာ ဘာရိတ်မရှိဘူးဆိုတာ ဒီမိန်းကလေး မသိဘူးလား။ မခံချင်
တွေနှင့် ရွဲ့တာ၊ ချိတ်တာတွေပါကုန်လျှင် ပိုဆိုးတော့မည်။

"ပို့ ကျွန်မကို အပြင်ပြန်ပို့ပေး"

"မပေးနိုင်ဘူး၊ ဟိုလူမေး ဒီလူမေးနဲ့ဖြစ်ကုန်ရင် ဖေဖေကလဲ လူမဟ
ထပ် အဆင်မပြေတာတွေထပ်မဖြစ်စေချင်ဘူး။ မင်း ဧည့်ခံပွဲထဲမှာ
ချင်လို့ ပြန်ပြေးလာတာမဟုတ်လား"

"ဟုတ်တယ်"

"အဲဒီတော့ ဒီထဲမှာပဲနေ၊ ခြေထောက်ကို ဆေးလိမ်းပေးခဲ့မယ်"

"ဆေးလိမ်းမပေးနဲ့၊ ဒီထဲမှာလဲ မနေနိုင်ဘူး"

ပြောပြီး ခရောင်းရင့် က ပန်းနုရောင်မင်္ဂလာခန်းမကြီးကို သရဲ
ကောင်ဝိုင်းခံထားရတဲ့အတိုင်း ပခုံးလေးကျုံ့၍ ချောက်ချောက်
ားလှည့်ပတ်ကြည့်သည်။

"ကျွန်မကို ဒီထဲက မြန်မြန်ခေါ် သွားစမ်းပါရှင်၊ စိတ်ဆင်းရဲလွန်းလို့"

ပြောပြီး ခုတင်ပေါ် ကဆင်းဖို့ တလှုပ်လှုပ်ဖြစ်နေသည်။ ကိုယ်ဘ



www.burmeseclassic.com

www.burmeseclassic.com



သာလည်းမဆင်းနိုင်။

"သိသာသိစေ မမြင်စေနဲ့တဲ့၊ ရှင်နဲ့ကျွန်မ လက်ထပ်လိုက်ရတာ သိနေတဲ့လူတွေရဲ့ နောက်ထပ်ဆုံနိုင်ပေမယ့် ဒီလိုတစ်ခန်းတည်းမှာ အ တူကြီးမြင်သွားရင် ဘာမှရှင်းလို့ရမှာမဟုတ်တော့ဘူး၊ ကျွန်မ စိတ် မသန့်ဘူး"

"လက်ထပ်ပြီးကာမှတော့ မင်းဘာသာ အိမ်ခေါင်းမိုးပေါ်တက် ... အိပ် ငါ့မိန်းမက ငါ့မိန်းမပဲ"

"ဘာ ..."

"ပြောပြတာ"

ဟိုဘက်လှည့်သွားသည့်မျက်နှာက သူပြောလိုက်သည့်စကားက ဘာမှမဟုတ်လောက်သလိုလို။

"နေဗဟို"

"ပြော"

"ရှင် ကျွန်မကို ဘယ်လိုမိန်းကလေးမျိုးထင်နေလဲဟင်"

"ထင်ချိန်ကိုမရဘူး၊ ခုဆုံးဖြတ် ခုလုပ်၊ မင်းနဲ့ငါ မနက်ကမှတွေ့ ... ခု လက်ထပ်ရတယ်၊ အေး လောလောဆယ် သုံးသပ်ချက်အရတော့ ... တော်တော့်ကို စိတ်ပျက်ဖို့ကောင်းနေတာပဲ"

"သေလိုက်ပေါ့"

ကျကျနနထောပနာပြုပြီးမှ ခရောင်း က ခါးလေးဆန့်၍ ခေါသ ... ရေချူအမှတ်ထိတင်သည်။

"ဒီက ရှင့်အဖေမကျန်းမာတာကိုငဲ့ပြီး ခေါင်းညိတ်ခဲ့ရတာ၊ ကျေ ... မတင်တဲ့အပြင် စိတ်ပျက်သလေး ဘာလေးနဲ့ ရှင့်ကြောင့် ကျွန်မ အ ... ရည်ပျက်ရတာ"

"ဘာ ..."





"အဲ့ ..."

မှားသွားပြီ။ ပြောချင်တာ ဒီသဘောပေမယ့် ဒီစကားမဟုတ်ပေ။

"မင်းကို ငါက ဘာတွေလုပ်နေလို့လဲ"

"ရှင့်ကိုလဲ ..."

"လုံးဝကိုမဖြစ်မှားဘူး ခင်ဗျားကို နော်၊ ဟွန်း... ရင်ဘက်ချင်းညားဖို့ ... နဲ့ နားညည်းတာနဲ့ပဲ သေချင်စော်နံနေပြီ"

စကားကို ပုဆိန်ပေါက်ပြော၍ ဆိုးဆိုးဆတ်ဆတ်ထွက်သွားသည်။

... ဝင်လာတော့ ဆေးပုလင်းတွေ၊ ပတ်တီးတွေနှင့်...

"ဘာလုပ်မလို့လဲ၊ ဘာဖြစ်မှန်းမသိဘဲနဲ့"

"ဘာဖြစ်ဖြစ် ခြေကျင်းဝတ်မှာဖြစ်သွားတာ သေချာတယ်၊ လုန်

"ဘာပြောတယ်"

"ဟာ... မင်း တော်တော်စကားအထာအနကောက်ပါလား၊ ထ ... စ ... ညီးလှန်မှ ခြေထောက်ကို မြင်ရမှာပေါ့"

ပြော၍ ခရောင်း ခြေထောက်ရှေ့မှာ သူက ဒူးတစ်ဖက်ထောက် ... လိုက်၏။ ခရောင်း က ခြေထောက်နှစ်ဖက်စလုံးကို နောက်ဆုတ်၍ ... စကို လက်နဲ့ပါ ဖိထားလိုက်ကာ...

"မလိုဘူးလို့ ပြောနေတယ်မဟုတ်လား၊ ကျွန်မဘာသာ လိမ်းလို့ ... တယ်"

ဒီလောက် ဂျစ်တီးဂျစ်ကန်လုပ်လာတော့ စိတ်ကမရှည်ချင်။ နေရာ ... ဘက်ခနဲထ ရပ်လိုက်ပြီး လိမ်းဆေးပုလင်းနဲ့ပတ်တီးတွေ၊ ကတ်ကြေး ... ကို သူမဘေးမှာ ပစ်ချပေးလိုက်၏။

"ပြီးတာပဲ၊ ရော့..."

ထွက်သွားမလို့ ခြေလှမ်းပြင်လိုက်ပြီးမှ မှန်တင်ခုံမှန်ချပ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ စူးစိုက်သွားခဲ့ပြီး ဒီဘက်ပြန်လှည့်၏။

ထို့နောက် အဖြူရောင်ပေါ်မှာထပ်ဝတ်ထားသည့် နံ့သာ... တိုက်ပုံအင်္ကျီကို ချွတ်လိုက်သည်။ ပြီးတော့ ရှပ်အင်္ကျီအဖြူကို ကြယ်... တွေဖြုတ်လျက်...

"နေဗဟို... ရှင်... ရှင်... ဘာလုပ်မလို့လဲ၊ အင်္ကျီတွေ ဘာလို့... တာလဲ"

"ဟင်..."

အသံက သတိလစ်မတတ် မေးချင်းရိုက်နေသည့်အသံမျိုး။ ... နောက်ကိုဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ခရောင်း က အသည်းအ... ထ,ရပ်လိုက်ပြီဖြစ်သည်။

ပြီးတော့ နေရာမှာတင် ခွေခနဲပြန်ကျ၏။ လူကသာမဟန်နိုင်... မယ့် ပါးစပ်က အော်နေတာ မပြတ်ပေ။

"ပါးစပ်ကနေ သူတော်ကောင်းသံလွှင့်နေပြီးတော့ ရှင် မယုတ်... သိလား"

ပြောပြီး ပြန်ထ၊ ပြန်လဲနှင့် ခရောင်း ပုံစံက တောင်ပံတစ်ဖက်... ပြီး မြေပြင်မှာကျနေသည့် ငှက်ကလေးတစ်ကောင်နှင့်တူနေသည်...

ဗဟို ကတော့ သနားစရာလို့မမြင်ပါ။ ဒီလောက် မယုံမကြည်... နေတာကို ဒေါသက ပါဝါမစောင့်ရဘဲ မြင့်တက်လာ၏။

ခြေတစ်လှမ်းတည်းနှင့် သူမရှေ့ကိုပြန်ရောက်သွားလျက် သူ့... အင်္ကျီအဖြူ၏ရင်ဘတ်ကို လက်ညှိုးထိုးပြကာ ...

"ကြည့်... ဒီမှာ သေချာကြည့်၊ ခင်ဗျားကိုင်ထားခဲ့တဲ့လက်ရာ...

ခရောင်း ပါးစပ်အဟောင်းသားလေးဖြစ်သွားသည်။ သူ့ရင်ဘတ်... ရှပ်အင်္ကျီက ဖြူဖြူမို့ ဆုပ်ကိုင်ထားသည့်လက်ရာကြီးက ထင်းနေ... ထိုနေရာတစ်ဝိုက်မှာလည်း ကြေမွနေ၏။





ဟုတ်ပေမည်။ လေးဖက်ထောက်လဲကျခဲ့တာမို့ လက်ဖဝါးမှာ ကပ်... သွားသမျှ ဖုန်က သူ့အင်္ကျီမှာ စွန်းထင်းကုန်မှာပေါ့။

ခရောင်း ဆွံ့အသွားတာကို သေချာစိုက်ကြည့်နေပြီးမှ ဗဟို က ... ...

"ဒီမှာ ဒေါ်ခရောင်းရင့် တစ်ခါတလေ တားဆီးတာက သတိပေး... ...လိုဖြစ်တတ်တယ်၊ ကြောက်တတ်တဲ့သူ နှစ်ခါသေတယ်ဆိုတာရော ...ကြားဖူးလား"

ထိတ်လန့်စိတ်ကြောင့် ရင်တွေတအားခုန်လာ၏။ သူပြောနေသည့် ...စာတွေကို အတိအကျထပ်တူညီအောင်တွေးမကြည့်ရဲဘဲ အလိုလို ...အားမိလာ၏။ ထိုအခါ တိုးသဲ့သဲ့လေးသာကြားနေရသည့် ဧည့်ခံပွဲကြီး ...ကို အတောင်တွေတပ်ပြီး ပျံသွားချင်မိ၏။ သူ ယုတ်မာလာရင် ဘယ် ...လုပ်မလဲ။

ခုချိန်မှာ လာပါ။ ကယ်ပါ အော်တော့ရော ကိုယ်က သူ့မိန်းမလို့ ...အားလုံးက သတ်မှတ်ခဲ့ပြီဖြစ်ရာ ...

"ပြောလေ ခရောင်း၊ မင်း ပြောတတ်ပါတယ်၊ ဘာဖြစ်လာမလဲဆို ...ဘာလဲ မင်း ကြိုသိနေတာပဲဟာ"

"ရှင်... ရှင်နော် ..."

ဗဟို က အင်္ကျီကြယ်သီးတွေကို ပုဆိုးခါးစပ်ထိဖြုတ်ပစ်နေရင်း ...ပ်ချဉ်ချဉ်မဲ့ပြုံးနှင့် စိုက်ကြည့်နေ၏။ ကြောက်သည့်စိတ်နှင့် ခရောင်း ...ဘာကိုမှ ဂရုမစိုက်တော့ပေ။

နေရာမှ ဆတ်ခနဲထ,ရပ်သည်။ ဒါပေမယ့် မရ။ အံကြိတ်၍ စိတ်ကို ...တင်းပေမယ့် ခြေထောက်ကိုတော့ မတင်းနိုင်ခဲ့ဘူးထင်၏။ ခရောင်း ...ိုင်ခနဲဖြစ်သွားသည်။

ဗဟို က ထိန်းပေးရုံမကဘဲ သူမတစ်ကိုယ်လုံးကို ဆွဲ...ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တမင်တကာ ပညာပေးရုံပဲရည်ရွယ်တာပါ။

ဒီလောက် အဖြစ်သည်းသည့်မိန်းကလေး ကိုယ့်စကားနဲ့ကို ဘယ်လိုဒုက္ခရောက်နိုင်သေးတယ်ဆိုတာကို သိစေချင်လို့။ သိလည်း သွားသည်ထင်သည်။ ခရောင်း မျက်လုံးလေးတွေ ဝိုင်းစက်နေအော ပြူးလျက် အသံပင်မထွက်နိုင်ရှာတော့။

ခေါင်းလေးတွင်တွင်ခါ၍ အသေအလဲပြန်ရုန်း၏။ သူကလည် အတင်းဆွဲချုပ်ထားလိုက်ကာ ...

“ငါ့ဘက်ကမစောင့်စည်းရင် မင်းကို ဘယ်အဆင့်ထိ ကျူးကျေ ထိပါးခွင့်ရှိသလဲဆိုတာ ပြရဦးမလား”

“ဟင့်အင်း... ဟင့်အင်း”

“ဒေါက်... ဒေါက်”

“သား... သား အထဲမှာရှိလား”

တံခါးခေါက်သံနှင့်အတူ ဒေါ်စိုးမိုးလွင်၏ခေါ်သံ ထွက်ပေါ်လာ

သူ့လက်တွေပြေကျသွားချိန်မှာ ခရောင်း ၏အသက်ကလေ ထွက်တော့မလို့ ရင်ဘတ်အထက်မှာ ဖုတ်လိုက် ဖုတ်လိုက်။

သူမကိုလွှတ်လိုက်ပြီး တံခါးဘက်ကိုလှည့်လိုက်သော ဗဟိုနှုတ်ခ တွေက ပြုံးနေလျက် ဓာရွေးပြန်သွားသည့် မျက်နှာလေးကို သန သလိုလိုဖြစ်ကာ ရယ်လည်းရယ်ချင်၏။

‘စည်း’ဆိုတာကို မင်းတစ်ယောက်တည်းပဲ နားလည်တာမှမဟု ဘဲ...





## အခန်း (၁၃)

“အဲဒါတွေကို ကျွန်မ နားလည်တယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို နားလည်နိုင်အောင် ရှုးပေါပေါအလုပ်တွေ ကျွန်မ မလုပ်ချင်တော့ဘူး။ မနေ့တုန်းက လူမမာရယ်၊ မင်္ဂလာပွဲရယ်၊ အရမ်းတုန်လှုပ်နေတဲ့ ရှင်ရယ်၊ ပြီးတော့ ကျွန်မကလဲ ဒုက္ခသည်ပဲလေ၊ အားလုံး တစ်ချိန်တည်းမှာ တစ်ခါ တည်းဆုံဖြစ်ကြရတာ၊ ကျွန်မကိုယ်ကျွန်မ မှားသွားပြီလို့ သတ္တုချလိုက် ရင် ရှင့်စိတ်ထဲမှာလဲ ကောင်းမှာမဟုတ်ဘူး၊ အဲဒီတော့ မှားမှားမှန်မှန် မနေ့ကကိစ္စ မနေ့ကမှာပဲ ထားခဲ့လိုက်ပါ။ ရှင့်ဆန္ဒအတိုင်း အခု မင်္ဂလာပွဲ မပျက်ခဲ့ဘူးဆိုတော့ ကျွန်မ တာဝန်ကျေပြီလို့ထင်တယ်၊ ဒီညနေ ကျွန်မ ပြန်မယ်”

ခရောင်း ပြောသမျှကိုနားထောင်နေပြီး ဗဟို က ဘာစကားမှမဆို။ ဆောင်းဘီအိတ်တွေထဲ လက်ထည့်ကာ မျက်နှာခပ်လွှဲလွှဲနှင့်ငေးနေ၏။

သူ့မျက်လုံးထဲမှာ ညက မင်္ဂလာပွဲခင်းကျင်းခဲ့သော အခမ်းအနားမှ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအစအနတွေကိုမြင်နေရ၏။ ပြီးတော့ ပစ္စည်း ပြန်သယ်ဖို့ အဆင် သင့်ရပ်နေသည့် ကားကြီးနှစ်စီးနှင့် အလုပ်သမားတွေ။

အသံတွေကို ဝရန်တာပေါ် ကနေ မကြားနိုင်ပေမယ့် သူတို့ရယ်မော နေကြသည့်မျက်နှာတွေကိုတော့ မြင်နေရသည်။ အပေးအယူ၊ အသယ် အပိုးတွေ တက်ကြွစွာညီညွတ်နေကြတာကိုလည်းမြင်၏။ အားလုံး၏ စိတ်ထဲမှာတော့ သတ်မှတ်လိုက်ကြမှာပါ။

မင်္ဂလာပွဲ အောင်မြင်စွာပြီးစီးခဲ့ပြီဟု ...၊ တကယ်တော့ ဒီပစ္စည်းတွေ ကုန်စင်အောင်ရှင်းပြီးသွားတာနှင့် သူ့ဘေးမှာ ဘာမှမကျန်ခဲ့တော့သည့် အဖြစ်ကြောင့် ပုဆိုးခြုံခေါင်းငုံက်နေရတော့မှာက သူ။

ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့ပေမယ့် ကိုယ် လက်ထပ်ရမယ့် မိန်းကလေးဟာ 'ကြင်နာဖော်' ဆိုတာ သိလိုက်ရတော့ ကျေနပ်လက်ခံခဲ့ သည်။

သူ ရင်းနှီးခဲ့တာက ရိုးသားနူးညံ့သော မိန်းမငယ်လေးတစ်ယောက် ပဲဖြစ်၏။ သူ့မှာရော ကိုယ့်မှာပါ အချစ်ကို မွေးမြူကြဖို့ မခဲယဉ်းနိုင်ဟု လည်းတွက်မိသည်။

ဒါတောင်မှ အခြေအနေပြောင်းလဲမှုနဲ့ ကံတရားကို မယုံနိုင်လို့ သူ ကိုယ်တိုင် သွားခဲ့ပါသေးသည်။

ခုကျတော့ ရှက်တတ်ခြင်းကြောင့် နာကျင်ခြင်းက တရစ်ရစ်တက် လာ၏။ ကိုယ်နဲ့လက်ထပ်ဖို့သေချာနေသည့်မိန်းကလေးကိုတောင် သူ မစိုးမိုးမချုပ်ကိုင်နိုင်ဘဲ ဘာမှမသက်ဆိုင်ခဲ့သည့် ခရောင်းရင့် ဆိုသော မိန်းကလေးကို ဘာအကြောင်းနဲ့မှ သူ မတောင်းဆိုချင်တော့ပေ။ ထို့ ကြောင့် သူမဘက်ကို ခပ်ဖြည်းဖြည်းပြန်ငဲ့ကြည့်ကာ ...

"သွားပါ၊ မင်းကိုကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်..."

ပြောချင်ပေမယ့် ပြောရခက်နေသည်။ နဖူးကိုပွတ်ရင်း လက်က





ဆံပင်တွေထဲတိုးဝင်၏။ ပြီးတော့ လည်ပင်းကိုရောက်ပြီးမှ ဘောင်းဘီ အိတ်ထဲ ပြန်လည်သက်ဆင်း၍ ...

"တစ်ခုတော့ပြောချင်တယ်၊ အဲဒါကို မင်း ခဲခဲယဉ်းယဉ်းမစဉ်းစားပါ နဲ့၊ အားမနာတမ်းခေါင်းခါလို့ရတယ်"

"ပြောလေ"

"ဖေဖေ့အခြေအနေကို မင်းသိပါတယ်၊ ဒါက လူမမာနဲ့ကိုင်ပေါက်ပြီး မင်းကို အခွင့်အရေးထပ်ယူတာမဟုတ်ဘူး၊ လက်ထပ်မယ့်သူနဲ့ အဖော် လိုက်ခဲ့တယ်ဆိုတော့ သူ့ကို လေဆိပ်မှာချခဲ့ပြီး ပြန်လှည့်သွားဖို့တော့ မဟုတ်ဘူးထင်တယ်"

မေးခွန်းလိုလို၊ အစ်အောက်ကြည့်တာလိုလိုနှင့် ကြည့်လာတော့ ခရောင်း တွေခနဲဖြစ်သွား၏။ ပြီးမှ ခေါင်းညိတ်လိုက်မိသည်။

လက်ကလေးပိုက်ပြီး နံရံမှာ နွဲ့နွဲ့ကလေးမှီလိုက်မိလျှင် မိုးလင်းခါ နီးမှ ခေါင်းလျှော်ပြီး ဖြန့်ချထားခဲ့သည့်ဆံပင်တွေက နံရံနှင့်ညပ်၍ တင်း ခနဲဖြစ်သွား၏။ ထို့ကြောင့် ကိုယ်ကို မတ်မတ်ပြန်ရပ်ကာ ဝရန်တာစတီး တန်းပေါ်မှာ လက်ကလေးတစ်ဖက်တင်ထားလိုက်သည်။

ဗဟို က သူမလှုပ်ရှားသည့်အတိုင်း လိုက်ကြည့်နေပြီးမှ...

"မင်း နောက်ထပ် သုံးရက်တော့ နေပေးစေချင်တယ်"

"ဟင် ..."

"ပြောပြီးပြီလေ၊ မင်း ခေါင်းခါမယ်ဆို ခါပစ်လိုက်ပါ၊ ဒါပေမယ့် တစ်ချက်လောက်ပြန်ကြည့်မယ့်စိတ်ကူးဖြစ်ခဲ့ရင် ငါ့ဘက်က ညကလို မဖွယ်မရာအပြုအမူမျိုး လုံးဝမရှိစေရဘူးလို့ ကတိပေးတယ်၊ ပြီးတော့ သုံးရက်ပြီးတာနဲ့ မင်းကို ငါကိုယ်တိုင်ပြန်ဖို့စီစဉ်ပေးမယ်၊ မင်း ကူညီတဲ့ အတွက် လှိုက်လှိုက်လှဲလှဲကျေးဇူးဆပ်မယ်"

ခရောင်း က သူ့မျက်နှာကို သေချာစိုက်ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသုံးရက်က ဘာထူးလာမှာလဲ။ ရှင့်အဖေကြောင့်လား"

"ဟုတ်တယ်၊ အခြေအနေထူးမလာခဲ့ရင် မင်း ပြန်ပါ။ တကယ်လို့ သက်သာလာရင် သိပ်ကိုအဆင်ပြေမှာပဲ"

"ဘာဖြစ်လို့လဲ"

"ဖေဖေ သက်သာပြီဆိုရင် ဟန်းနီးမွန်းခရီးလို့အကြောင်းပြပြီး မင်းနဲ့အတူ ငါလဲထွက်လို့ရတယ်၊ မင်းကို မန္တလေးပြန်ပို့ပြီး ငါ့လမ်းကြောင်းနဲ့ ငါ ဒီဘက်မှာ ဆက်လိမ့်နေလို့ရပြီ"

ခရောင်း က သူ့စကားတွေကို ဆုံးအောင်နားထောင်ရင်း ရင်မော သလို ပင့်သက်လေးရှိုက်သည်။

"ရှင် တော်တော်အတ္တကြီးတယ်လို့ ကျွန်မ ထင်တယ်"

"မမှားပါဘူး"

ဗဟို က ဝန်ခံသည်။

"ဒါပေါ့၊ ဖြစ်လာတဲ့အခြေအနေကို လက်မခံရဲတာ အဲဒါ အစွန်း ရောက်နေတာပဲ၊ ကြင်နာ ဒီကိုရောက်မလာဘူး၊ မင်္ဂလာပွဲမဖြစ်တော့ဘူး၊ ဒါပဲပေါ့၊ ကြောက်တော့ နှစ်ခါသေတယ်ဆို၊ ရှင်က ပြောတော့ဖြင့် ဆရာ ကြီးပဲ၊ အခု ရှင် နှစ်ခါမကသေနေရတာ သတိထားမိရဲ့လား"

"မလိုပါဘူး။ ငါ့အတ္တနဲ့ငါ မှန်တယ်၊ လက်ထပ်တဲ့အထိ မင်းပါဝင်လာ ခဲ့လို့ ရှေ့ဆက်နိုင်မလားဆိုတဲ့မေးခွန်း မင်းကို ငါမေးတာ၊ မင်းဖြေရမှာ က ရက်စ်အော်နီး ဒါပဲ"

ပြောပုံက ခရောင်း စိတ်တိုသွားသဖြင့် လက်တင်ထားတာကို ချ လိုက်ပြီး ရန်လိုစွာကြည့်၏။

"ရက်စ်အော်နီး ဟုတ်လား။ ခေါင်းညိတ်, ခေါင်းခါ အဲဒီလောက် လွယ်ရအောင် ရှင်က ကျွန်မကို ဟင်းအိုးမြည်းခိုင်းနေတာလား၊ ပလာဓာ ခေါ်သွားပြီး ကြိုက်တာရွေးစမ်းလို့ မေးနေတာမျိုးလား"





ဗဟို မျက်နှာတစ်ချက်ပျက်သွားပြီး ငြိမ်ကျသွားခဲ့၏။

"ရှင်ဟာလေ ပြောတာဆိုတာ သိပ်ကိုတင်စီးလွန်းတယ်၊ ရှင့်မျက်နှာ မှာ လိုချင်တာ အမြဲတမ်းရနေခဲ့တဲ့ မာနတွေ အပြည့်ပဲ။ ရှင့်အတ္တတွေကို ကျွန်မ ဝေဖန်တာက ကဲ့ရဲ့ချင်လို့မဟုတ်ဘူး၊ မရှိတာကို အရှိလုပ်မိလို့ ရှေ့ဆက်ပြီး ရှင် ရင်ဆိုင်ရမှာတွေကို ထောက်ပြတာ၊ ပြီးတော့ ဒါက အိမ်ထောင်ရေး"

"ငါ မင်းထက်အသက်ကြီးတယ် ခရောင်းရဲ့၊ မင်းဆီက ပညာတွေ သိချင်လို့ ငါ ဆည်းပူးနေတာမဟုတ်ဘူး၊ မဆိုင်တာတွေ မပြောဘဲနဲ့ ငါ မေးတာကိုပဲဖြေပါ"

ခရောင်း အမြင်ကတ်ကတ်နှင့်ပြောချလိုက်ဖို့ပေမယ့် တကယ်တမ်း မပြောဖြစ်ပေ။ ဒါပေမယ့် သူ့ရှေ့ကနေ ဘေးတစောင်းလှည့်ရပ်လိုက်ပြီး …

"ဒီညနေမရောက်ခင်ထိ ကျွန်မ စဉ်းစားမယ်၊ ရှင် သိချင်သလိုပေါ့ ရက်စ်အော်နီးထဲက နိုး ဆိုရင် ညနေ သုံးနာရီမှာ ရှင် လိုက်ပို့ဖို့မလိုဘူး၊ ကျွန်မဘာသာသွားမယ်"

ပြောပြီး အိမ်ထဲဝင်ဖို့ ဝရန်တာတံခါးဘက်ကို လှည့်လိုက်လျှင်…

"ဟင်…"

ခရောင်း မျက်လုံးပြူးသွား၏။ ပြီးတော့ ဗဟို့ကို ဖျတ်ခနဲလှည့် ကြည့်မိသည်။ ဒေါ်စိုးမိုးလွင်သည် ခရောင်း မျက်နှာထက်ကနေ ဗဟို့ ကို ရီဝေဝေးမောသောမျက်ဝန်းတို့ဖြင့်ကြည့်ရင်း ဝရန်တာဘက်ကို တစ် သိမ်းချင်းထွက်လာ၏။

"သား မေမေ့ကို ဘာဖြစ်လို့ မပွင့်လင်းခဲ့တာလဲ"

ဗဟို က မျက်တောင်ဖျားတွေစင်းချထားရင်း နည်းနည်းမှမပွင့်။ ဘာမှလည်းမပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို သား ရောက်ခါစကပြောပြရင် မင်းရဲ့အဖေလဲ ဒီသတင်းကိုနားထောင်ဖို့ ခံနိုင်ရည်ရှိပါသေးတယ်"

ဗဟို မျက်လွှာပင့်၍ တစ်ချက်ကြည့်သည်။ ဒါပေမယ့် ဘာစကားမှ မဆို။

"ခုတော့ ..."

ဒေါ်စိုးမိုးလွင် ရှေ့မဆက်နိုင်ပါ။ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့သီလာလျက် မျက်နှာကို ငုံ့ချပစ်လိုက်၏။ ဗဟို လှုပ်လှုပ်ရှားရှားဖြစ်သွားကာ မိခင်ဖြစ်သူကို အကဲခတ်နေမိသည်။

ကြင်နာ့ကို ဆုံးရှုံးလိုက်ရလို့ မျက်ရည်ကျတာတော့မဟုတ်တန်ရာ။ သူ ကြည့်နေတုန်းမှာ ဒေါ်စိုးမိုးလွင် ပါးတစ်ဖက်ကို လက်ခုံနဲ့ မသိမသာ ကပ်တို့၍မော့လာ၏။

မျက်တောင်ဖျားတို့မှာ မျက်ရည်များနှင့်စိုနေလျက်...

"ညကလေ ... ညက တစ်ညလုံး မင်းအဖေ စကားပြောနေသေးတယ်၊ အဲပေါ့အပါးသွားတာတောင်မှ သူ့ကိုမတွဲနဲ့ ရတယ်တဲ့"

"ခု ဖေဖေ ဘာဖြစ်လို့လဲ မေမေ"

"မနက်လေးနာရီမထိုးခင်လေးမှာ မူးတယ်လို့ နှစ်ခါပဲပြောတယ်၊ ပြီးတော့ ခေါ်ရင်ထူးပေမယ့် မျက်လုံးမဖွင့်တော့ဘူး၊ မေမေ ဆရာဝန်ခေါ်တော့ သူ ကိုယ်တစ်ပိုင်းသေသွားတယ်တဲ့"

"ဗျာ..."

ဗဟို့ အသံက တုန်လှုပ်ခြင်းများနှင့် တုန်ခါနေသည်။

"သား... သား နေဦး"

သူ ခြေလှမ်းပြင်လိုက်တာနှင့် ဒေါ်စိုးမိုးလွင် က ဆွဲထားကာ..

"သားတို့ မသိစေရဘူးလို့ သူ အတန်တန်မှာထားတာ သားရယ်၊ ပြီးတော့လေ သားနဲ့သမီးကို ဟန်နီးမွန်းထွက်ကြပါစေတဲ့၊ ပြီးတော့မှ





ဖြည်းဖြည်းအသိပေးရမယ်လို့ ပြောတယ်၊ မေမေ အဲဒီအတိုင်း အမြန်ဆုံးစီစဉ်ပေးမလို့ လာတာ"

ဒေါ်စိုးမိုးလွင် အသံတွေ အက်ရှနေ၏။ မျက်ဝန်းထောင့်မှာ ငြိမ်ကျစွာရပ်နေသည့် အရိပ်ကလေးက ပေါ်နေသည်။ ဝရန်တာထက်မှာ ခြံထဲက လေတဟူးဟူးကြောင့် သူမ၏ဆံနွယ်တွေ လွင့်လူးလှုပ်ခတ်နေကြတာကိုလည်း မြင်နေရ၏။ ဒါပေမယ့် မျက်နှာတည့်တည့်ကိုတော့ သည့်မကြည့်ဖြစ်ပါ။

"ကျွန်တော် ညက ဖေဖေ့ကို ထိုင်စောင့်နေတာပါ"

ဗဟို ယူကျုံးမရသံနှင့်ပြောသည်။

"ဟုတ်တယ်၊ သား တစ်ညလုံး အိပ်ရေးပျက်တာကို မေမေ သိတယ်၊ အဲဒါကြောင့် သူ့ အခြေအနေဆိုးလာတော့ မေမေ သားကို လာနှိုးရက်တာပေါ့၊ အဲဒါတွေကကိုထားလိုက်ပါဦး သားရယ်၊ အခု ကြင်နာ ဘယ်လိုဖြစ်သွားတာလဲ"

"သူ့ချစ်သူနဲ့လိုက်သွားတာ"

"မဟုတ်ပါဘူး၊ ဟိုက ဖွတ်ခေါ်သွားတာပါ"

ခရောင်း မလိုအပ်ဘဲ ဝင်ရှင်းနေတာကို ဗဟို ဒေါ်သထွက်သွားသည်။ ဒီကောင်မလေး ဘာလဲ၊ ရှင်းပေးပါ ကူညီပါ ဆိုတာကျတော့ ဟန်ဆောင်ခွဲသားနှင့်၊ ကိုယ့်ကိစ္စမဟုတ်တာကို ဘာလို့ဝင်ပါတာလဲ။

မျက်လုံးချင်းဆုံသွားတော့ ဗဟို့ မျက်လုံးထဲက အပြစ်တင်နေခြင်းကို ခရောင်း ကလည်းသိသည်။

"ဘယ်လို သား၊ ဖွတ်ခေါ်သွားတာ ဟုတ်လား၊ ဘယ်သူကလဲ၊ ပြန်ပေးဆွဲခံရတာမျိုးလား"

ဒေါ်စိုးမိုးလွင်က လွဲခဲ့ပြီဟု စိတ်တုံးတုံးချလိုက်ပြီးမှ စိုးရိမ်စရာကြီး ဖြစ်လာခတ်သွားတာမျိုး။ 'တွေ့ပြီလား မင်းရှုပ်လိုက်လို့'ဟု ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးများနှင့် ခရောင်း ကို ဗဟို က စူးစိုက်ကြည့်သည်။ ပြီးတော့မှ ခေါင်းခါ၍...

"မဟုတ်ဘူး မေမေ၊ သူ့မှာ ချစ်သူရှိတာကို ကျွန်တော် မေးခဲ့တုန်းက မရှိဘူးလို့ပြောပြီး မင်္ဂလာကိစ္စကို လက်ခံခဲ့တာ"

"ဟင် ..."

"သူ မပြတ်မသားနဲ့ ဒီကိုထွက်လာတော့ ဟိုကလိုက်လာပြီး ပြန်ခေါ်သွားတာ"

"အို... သူ့သဘော ပါဘဲနဲ့ပါသွားတာပေါ့၊ ဒါ ပြန်ပေးဆွဲတာမျိုးပဲ သား။ ချစ်သူရှိခဲ့ဖူးတာ လူငယ်တွေအတွက် မဆန်းပါဘူးကွယ်၊ သား ဘာဖြစ်လို့ ဒီတိုင်းနေခဲ့တာလဲ"

"သူ့သဘော ပါပါ၊မပါပါ ခေါ်တဲ့လူကလဲ သူ့ဘက်က အခွင့်အရေးရှိလို့ခေါ်သွားတာပဲ မေမေ၊ မိန်းမတစ်ယောက်ကို ပြိုင်ဆိုင်လုရအောင် တစ်လောကလုံးမှာ ဒီမိန်းမတစ်ယောက်ပဲရှိတယ်ဆိုရင်တောင် ကျွန်တော် စိတ်မကူးဘူး"

"မဟုတ်ဘူးလေ"

"လေဆိပ်မှာ ကျွန်တော် သူ့ကိုလိုက်ရှာသေးတယ်၊ ဒါပေမယ့် မရ မနေနိုင် လက်ထပ်ချင်လွန်းလို့တော့မဟုတ်ဘူး၊ ဒီမှာပြင်ဆင်ထားတဲ့ မင်္ဂလာပွဲအတွက် သတို့သမီး ရှိကိုရှိမှဖြစ်မှာမို့လို့ ..."

ဒေါ်စိုးမိုးလွင် ကိုယ်ကိုပြင်ရပ်လိုက်တော့ ခရောင်းနဲ့ဗဟိုတို့ သုံးပွင့်ဆိုင်ရင်ဆိုင်ပြီးသားဖြစ်သွားခဲ့သည်။ မျက်လုံးတွေကတော့ ဗဟို့ ဆီမှာပဲ ဖြစ်လေသည်။

ကိုယ်မွေးထားတဲ့သားပေမယ့် ဒီသား ဘယ်လိုတစ်ယူသန်ပြီး ဘယ်လောက်ထိ စဉ်းစားလို့ ဒီစကားမျိုးတွေပြောနေတာလဲ၊ သတို့သမီး ရှိဖို့ပဲလိုတာဆိုတော့ ညှော်ခံပွဲအတွက် ငှားရမ်းထားတဲ့ပစ္စည်းအခမ်းအနား





သို့ပဲ ပွဲပြီးတာနဲ့ ပြန်တော့လို့ ပြောချင်တာလား။

နားမလည်နိုင်ခြင်းက ခရောင်း မျက်နှာလေးကိုလည်း လှမ်းကြည့်သည်။ ဗဟို က ခရောင်း တစ်ခုခုထပ်ပြောလိုက်မှာစိုးသောကြောင့်...

"ကြင်နာဖော် ဆိုတဲ့ မိန်းကလေးရဲ့အကြောင်း ကျွန်တော်တို့ ဘာမှ ပြောကြတာကောင်းမယ် မေမေ"

"သားရယ် သူ ဘာလုပ်သွားတယ်၊ အခု ဘာဖြစ်နေတယ်ဆိုတာ မေမေတို့ သိရမှဖြစ်မှာပေါ့၊ ဒါတွေ မင်းအဖေသာသိရင် ..."

"ဖေဖေ ကျန်းမာသွားရင် ကျွန်တော် သေချာနားလည်အောင်ရှင်းပြ သူ့အဖေကို တွေ့ဖူးဆပ်ခွင့်ရဖို့ဆိုတာ ကျွန်တော်နဲ့ လက်ထပ်ဖို့တစ်ခုပဲရှိတာလား မေမေ၊ အခု သူ့အဖေကို ကိုင်တွယ်သုံးစွဲခွင့်အားသမျှ အားလုံးပေးလိုက်တော့မယ်ဆိုရင် မကျေနိုင်ဘူးလား"

"ဘာ..."

"မိဘအမွေအနှစ်က သားသမီးပဲရမှာမဟုတ်လား မေမေ၊ ဒါတွေ ကျွန်တော့်လက်ထဲပြန်ရောက်စေချင်တာလား၊ ကျွန်တော် ပိုင်ဆိုင်မှုကို သူလဲပိုင်စေချင်တာလား"

"သားရွှေအိုးထမ်းလာတာကိုမြင်ချင်တာပေါ့ သားရယ်၊ မေမေတို့ ..."

"ဘာဖြစ်ဖြစ် ကျွန်တော့်အတွက် စဉ်းစားခဲ့တာဆိုရင် ထားလိုက်ပါ၊ ဒါတွေ သူ့အိမ်ထောင်ရေးအတွက် လက်ဖွဲ့ပေးလိုက်ပါ"

မျက်နှာကို ချာခနဲလှည့်ပစ်လိုက်ပြီး ဆံပင်တွေကို ရှုပ်ပွတာမဟုတ်သပ်ချမိသည်။ စိတ်ထဲမှာ ရေနွေးအိုးဆူသလို ပွလောင်ပွက်ထလာကာ မာနနှင့်ရစ်နွှယ်သောဒေါသတွေဖြစ်၏။

မိဘမို့လို့ စကားလုံးရွေးသုံးနေရတာဖြစ်ကာ ဒီနေရာမှာ စိတ်ရှိသလိုရှိသာပြောခွင့်ရမည်ဆိုလျှင် ပြောဖို့တွေ ရင်ဘတ်နဲ့အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးမိုးလွင် ခေါင်းတခါခါဖြစ်သွားခဲ့၏။ ပြီးတော့ ခရောင်း မျ
လေးကို ပြန်လှည့်ကြည့်၍ ...

"သမီးကို အန်တီက ထပ်ပြီးမေတ္တာရပ်ခံပါတယ်၊ သားပြော
အတိုင်း နောက်ထပ်သုံးရက်လောက်တော့ နေပေးပါ၊ လူမမာကို အကြေ
ပြတာမဟုတ်ပေမယ့် သူ့အတွက် မငဲ့လို့မဖြစ်ဘူး။ သမီးက ကြင်နာ

"သူတို့ သူငယ်ချင်းတွေပဲ မေမေ"

"ကျွန်မက ဆင်းရဲပါတယ်"

ဗဟိုနဲ့ခရောင်းနှစ်ယောက်စလုံး ပြောလိုက်တော့ ဒေါ်စိုးမိုး
ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်ဖြစ်သွား၏။ ခရောင်း ကပဲဆက်၍ ...

"ကျွန်မမှာ လူပျိုအရွယ် မောင်လေးတစ်ယောက် ရှိသေးတ
ပြီးတော့ အစ်မက ကျန်ခဲ့တဲ့ တူလေးနှစ်ယောက်ရယ်လေ၊ ..."

"ဩော်... ဒါဆို စီးပွားရေးကရော၊ မိဘတွေက ..."

"မိဘတွေ မရှိကြတော့ပါဘူး"

"အိုကွယ်"

ဆင်းရဲရှာပါလားဆိုသည့် မျက်ဝန်းအကြည့်တွေမှာ ကရု
တရားတွေရှိချင်ရှိနေမည်။ ဒါပေမယ့် အထင်အမြင်သေးခြင်းတွေ
ခရောင်း ကတော့ ပြောချင်တာကို ပွင့်လင်းစွာပြောလိုက်ပြီးပြီမို့ ရင်ထဲ
ပေါ့သွား၏။ ကိုယ့်ဘဝက အထင်ကြီးစရာမှ မရှိခဲ့တာ။

"လူမမာရှိတာကို ကျွန်မ စာနာမိပါတယ် အန်တီ၊ ဒါကြောင့်လ
အခြေအနေအထိ ကူညီပေးခဲ့တာပါ။ ဒါပေမယ့် ရန်ကုန်နဲ့မန္တလေး
တာတောင်မှ မြန်မာနိုင်ငံက ကျဉ်းကျဉ်းလေးပါ၊ ဒီအဖြစ်ကို တစ်နေ့
အစဖော်နိုင်တဲ့သူပေါ် လာရင် ကျွန်မကို စေတနာနဲ့ သတို့သမီးအတု
ပြီးကူညီခဲ့တာပါလို့ ဘယ်သူယုံမှာလဲ၊ ဘယ်ဘက်ကတွေးတွေး အမြင်
နေပါပြီ"





"ဟုတ်ပါတယ်၊ သမီးပြောတာ မမှားဘူး၊ ဒါပေမယ့် ခုပဲပြန်ပြန်၊
ဘက်တစ်ပတ်ကျမှပဲပြန်ပြန် သမီးလေးက သတို့သမီးဖြစ်ခဲ့ပြီမဟုတ်
လား၊ တစ်ကိုယ်ကောင်းဆန်ဆန်ထပ်ပြောရရင် သမီးဘက်မှာလဲ
သူးတော့တဲ့အတူတူ ဒီဘက်မှာလဲ လူတစ်ယောက်ရဲ့အရေးကြီးဆုံး
ချိန်မို့လို့ ..."

"အဲဒီလောက်ထိမလိုပါဘူး မေမေ၊ သူ သွားမယ်ဆိုလဲ သွားပါစေ၊
ကြင်နာဖော် ရှိ့မရှိ ဖေဖေ ထ,ရှာနိုင်တာမှမဟုတ်တာ၊ ကျွန်တော်တို့
ဆင်ပြေသလိုကြည့်ပြောကြတာပေါ့"

ဒေါ်စိုးမိုးလွင် က 'အံ့ဩပါရဲ့'ဆိုသောအကြည့်များနှင့် ဖျတ်ခနဲ
သည့်ကြည့်၏။

"ခုကို့တဖြစ်သွားပြီဆိုပြီး အဲဒီလို လိမ်ညာရမှာမျိုးကို မေမေ မလုပ်
တ်ဘူး၊ မှင်းလဲ မလုပ်ရဘူး"

ဟုပြောရင်း ခရောင်း လက်တစ်ဖက်ကို ဆွဲကိုင်လိုက်၏။

"မှားခဲ့ကြရင်တောင်မှ သားက-စပြီးမှားတာပါ၊ ဆက်ပြီးမှားပေး
သမီးရယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ပစ္စည်းတွေက သူတို့ပိုင်တာမဟုတ်ဘူးဆို၊ ဟိုးအစဉ်အဆက် ကတည်းက သူတို့နဲ့ ဘာမှမဆိုင်ခဲ့တာမဟုတ်ဘူးတဲ့၊ အခုမှ ဟို ထောက်ထားစရာအကြောင်းတွေရှိလို့ ပစ္စည်းတွေလဲ ပြန်မသိမ်းချင်တာ နဲ့ 'မြွေမသေ တုတ်မကျိုး' ပုံစံနဲ့ သားနဲ့လှည့်ပေးစားရတာဆိုပဲ"

"ဟုတ်ပ ဟုတ်ပ"

"အခု မင်းက ဖွတ်တရွတ်ကားတင်ခေါ်လာတော့ ဟိုက ပစ္စည်း တွေကို အေးဆေးပြန်သိမ်းသွားပြီပေါ့။ သူလဲ ဘာမှမရတော့ဘူး။ မင် ရလိုက်တာ အခွံကြီးပဲ"

"မေမေရယ်... အခွံတွေ အဆံတွေ ပြောမနေပါနဲ့ဦး၊ ကိုယ့်ကိုမချ လို့ ငွေရှိတဲ့သူနဲ့ကောက်ကောက်ပါအောင်လိုက်သွားကတည်းက စဉ်းစ ကြည့်ပါလား၊ ရှုံစရာကြီးကို ပြန်ကောက်လာရတယ်လို့"

မကြားအောင်တစ်မျိုး၊ ကြားအောင်တစ်မျိုး ပြောနေကြတာတွေ ကြောင့် မိုးလင်းက မိုးချုပ် ကြင်နာ ငိုနေခဲ့ရသည်။





သူ့ကျတော့ စီးကရက်လက်ကြားညှပ်လျက် အမေနဲ့သီအစ်မတွေ ပြောဆိုမေးမြန်းနေကြသည့်အလယ်မှာ မျက်နှာတစ်ချက်မှမပျက်။ အခန်း ထဲဝင်လာတော့လည်း ပြောတဲ့စကားတွေက ချစ်ကြင်နာခြင်း ကင်း သွက် ...

"ကိုယ် စိတ်မကောင်းပါဘူး ဒါပေမယ့်ကွာ မင်း စဉ်းစားကြည့်လေ၊ မင်းကို ကိုယ် သိပ်ချစ်ခဲ့တာ မင်းသိတယ်၊ မင်းဘဝ ဘယ်လိုပဲစခဲ့စခဲ့ မင်းကိုချစ်တာတစ်ခုပဲသိခဲ့တဲ့ကောင်၊ မင်းလုပ်သွားပုံက သိပ်ကိုရက်စက် လွန်းတော့..."

"ဖော် က တို့ကို တမင်လက်စားချေဖို့ ခေါ်ထုတ်လာတာလား၊ အဲဒါကို အငြိုးထားလိုက်တာလားဟင် ..."

"ဘယ်ဟုတ်မလဲ ကြင်နာ၊ ဒါပေမယ့် မင်းရဲ့ လုပ်ရပ်ကမှမဟုတ်ခဲ့ ဘာ၊ နှစ်ယောက် ကြင်နာပြီး ဘဝကို ဘယ်လိုပုံစံဖြစ်ဖြစ် ထူထောင်ခဲ့ကြ ဘာဆို တစ်မျိုးပေါ့၊ အခု မင်းက ကိုယ်လိုက်လို့မမီနိုင်တဲ့ တကယ့် ဟိုက် ဘော့စ်ကိုမှန်းပြီး ကိုယ့်ကိုထားခဲ့တာ၊ ငွေနောက်ကိုလိုက်ခဲ့တာက မင်းပဲ"

မဟုတ်ဘူးလို့ပြောနေသည့်မျက်လုံးထဲမှာ သရော်လှောင်ပြောင် ဟန်တွေပါနေသည်။ သေမိန့်ချတော့မည့် တရားသူကြီးတစ်ယောက်၏ မျက်လွှာတစ်ချက်အပင့်မှာ မြင်ရတတ်သော ကရုဏာသယ့်ယဲ့နှင့် အကြည့် မျိုး။

မှန်ပါသည်။ ဒါ ကိုယ့်အပြစ်နဲ့ကိုယ်ပါ။ သူမ ဗဟို့ကိုလိမ်ခဲ့သည်။ ချစ်သူကိုလည်း ချစ်ပါလျက်နှင့်စွန့်ခွာဖို့ဆုံးဖြတ်ခဲ့၏။ ဒါပေမယ့် ဗဟို့ ကို လက်လွှတ်လိုက်ရလို့လည်း သောကဖိစီးရလောက်အောင်တော့ မဖြစ် ခဲ့ပါ။ ချစ်သူသာ မြတ်နိုးကြင်နာခဲ့မည်ဆိုလျှင် အားလုံးကို မေ့လွယ် ဖျောက်လွယ်ထားလိုက်တော့မည်သာ။

ခုတော့ လွဲချော်တိမ်းစောင်းခဲ့ခြင်းတွေက မရပ်မနား နှိပ်စက်နေဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ရန်ကုန်ထိ တစ်မိသားစုလုံးလိုက်လာကြပြီး တစ်ယောက်တစ်ခွ
ရှုံ့ မဲ့ဝေဖန်နေကြတာ မပြီးနိုင်။ မိသားဖသားပီပီ တောင်းရမ်းလက်ထ
ပေးဖို့ကိုတောင်မှ မတွေ့တန်သလိုလို။

"ဒီမှာ ကြင်နာဖော်၊ ငါ့သမီးတွေ မင်းကိုမကျေနပ်ကြတာ ညည
ကိုယ်ပိုင် ခြူးတစ်ပြားမှမပိုင်ဆိုင်တဲ့ဘဝမို့လို့ အထင်သေးတာလို့ မထ
လိုက်နဲ့နော်၊ ငါတို့မှာလဲ သားသမီးတွေကို ကိုယ်စီကိုယ်င ပိုင်ဆိုင်ခံစ
ခွင့်ပေးနိုင်တဲ့ အမွေအနှစ်နဲ့ စည်းစိမ်ဥစ္စာတော့ ရှိပါတယ်၊ ဒါပေမယ
လူဆိုတာ စိတ်ဓာတ်က အဆင့်အတန်းပဲလေ၊ မင်းက လူ့အထင်ကြ
လေးစားအောင်လုပ်ခဲ့တာမှမဟုတ်ဘဲ"

မျက်နှာကို လာကြည့်ပြီး ပြောသွားသေးသည်။ ပြန်ခါနီးကျကာမှ

"မင်းတို့ မန္တလေးကိုပြန်ခဲ့ကြတော့၊ ဟိုကျမှ တောင်းရမ်းဖို့ လု
ရမှာ"

ဟု သဒ္ဓါတရားကင်းမဲ့စွာ ပြောသွားခဲ့သေးသည်။

"မင်း ပြန်ချင်ပြီလား၊ ကိုယ်တော့ ရန်ကုန်မှာပဲနေဦးမယ်လို့ စိတ်ကူ
တယ်၊ ကိုယ်တို့နေထိုင်ဖို့အတွက် ပြင်ဆင်ပေးထားကြတဲ့ သူငယ်ချင်းတွေ
ကလဲ မပြန်စေချင်သေးဘူးတဲ့၊ ဘယ်လိုလဲ"

"ဖော့် သဘောပါ"

အားလုံးကို မစဉ်းစား မဝေခွဲချင်တော့ပါ။ ဘဝကို ကြိုးတစ်စ
ပုံချပေးလိုက်တော့ဖို့လည်း ဆုံးဖြတ်လိုက်၏။ ထိုညနေမှာ ကြီးကြီးသ
ရောက်လာခဲ့လေသည်။

"သမီး ကြင်နာ"

"ကြီးကြီးသန့်"

ခြေတံမရှည်ပေမယ့် မနိမ့်သောပျဉ်ထောင်အိမ်လေးထဲမှာ ဒူးနှ





ထိုက်၍ မေးဖူးလေးဖေးတင်ကာ ငြိမ်ငြိမ်ကုပ်ကုပ်လေးရှိနေသည့်
နှမျက်နှာလေး ဝမ်းသာအားရမှောလာပေမယ့် မျက်ရည်တွေနဲ့...။

ဒေါ်ရီသန့် ရင်ထဲမှာနင့်သွားသည်။ ဒူးနဲ့မျက်ရည်သုတ်နေရသည့်
က ဒါမျိုးလား။ ကြင်နာ့ မှာ ချစ်သူထားခဲ့သည့်အပြစ်ကလေးပဲ
ယ်။ အိမ်ထောင်ရေးအတွက် ဆုံးဖြတ်ဖို့ဖြစ်လာတော့ တကယ်လုပ်
ဘာကိုပဲ သူမ ဆုံးဖြတ်ခဲ့တာဖြစ်၏။

ခုကျတော့ အမှန်ကိုဆုံးဖြတ်နိုင်ခဲ့ပေမယ့် ကံတရားက ကြက်ခြေ
ခဲ့သည်။

"ဖြစ်ရလေ ကြင်နာရယ်၊ ဘယ်မှာလဲ ဖော် ဆိုတဲ့ နာမည်တစ်လုံးနဲ့
ကောင်က ..."

ဒေါ်ရီသန့် အသက်ကြီးကာမှ စကားတွေလည်းကြမ်းကုန်သည်။
ဖြစ်လွန်းလို့ ထိန်းချုပ်ဖို့ကို သတိမရတော့ပေ။

ဖော် ဆိုတဲ့လူငယ်ဟာ ကြားရသမျှမှာ ကောင်းတဲ့သတင်း ဘာဆို
မရှိ။ တစ်ခုပဲရှိသည်။ 'အဲဒီကောင်ကတော့ ရုပ်တော့ ခပ်မိမိပဲ'ဟု
ပြောများ၏။

အဆိုးဆုံးက မိဘအသိုင်းအဝိုင်းလည်း သိပ်မနိမ့်ပါဘဲ မိသားစု
လုံးက ပါးစပ်ကြမ်း၊ စရိုက်ကြမ်းနှင့် လူတိုင်းနဲ့လည်း မတည့်။

ကိုယ့်ကလေးနဲ့ရော တည့်ပါ့မလားဟု ဒီသတင်းတွေကို ဖုန်းရ
ကတည်းက တွေးမိခဲ့တာဖြစ်သည်။ မြင်လိုက်ရတော့ ထင်ခဲ့တာအားလုံး
တွက်အောင်မှန်နေပြီမှန်း သိလိုက်၏။

"ဆွဲခေါ်တိုင်းပဲ လိုက်သွားရသလား ကြင်နာရယ်၊ ကိုယ့်မှာ ပါးစပ်
ဘာပဲ၊ တစ်ချက်လောက်အော်ပါလား၊ ရုန်းပါလား"

ရင်ထုမနာပြောပြီး တက်ခေါက်မိသည်။

"သမီး အဲဒီညက သူ့လက်ကလွတ်အောင်ကြိုးစားပါတယ် ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မရတဲ့အပြင် အဲဒီလုပ်ရပ်တွေကြောင့် သူ့သမီးကို အဲဖြိုးထား
ခဲ့တာ”

“အလိုတော် သူများအလိုမတူဘဲ ကားတင်လာပြီးတော့ ဖြိုး
ဟုတ်လား။ ပြီးရင် အခု ငါပြန်ခေါ်သွားမှာ၊ သင်း နေ့ဘိုင့်ယှက်ကြည်

“ခေါ်မယ်ဆိုရင်တော့ မနေ့ဘင့်ယှက်ပါဘူး”

စကားသံနှင့်အတူ ဇော် က ဘောင်းဘီရှည်ပွပွ၊ စပို့ရှပ် ကြေ
ကြောင်ကျားကျားနှင့် အိမ်ပေါ် တက်လာသည်။ ပြီးတော့ ဒေါ်ရီသ
ဝင်လာကတည်းက ကြင်နာ ထိုင်နေသည့်နောက်ခန်း အဝင်ဝ ခန်းဆီး
နား ကြမ်းပြင်ပေါ် မှာပဲ ထိုင်နေတာဖြစ်၏။

ဇော် က ညှော်ခန်းက ကြိမ်ကုလားထိုင်တစ်လုံးပေါ် မှာ ခပ်
လျှော့မှီထိုင်လိုက်ပြီး အပေါ် စီးကနေ မချေမငံမျက်ဝန်းတွေနှင့်စီးမိုးကြ
၍ ...

“ပထမအချက်က သူ ဘယ်ရောက်နေနေ ကျွန်တော့်မိန်းမ ဖြ
အတွက် ကျွန်တော်က လာချင်လာမယ်၊ ခေါ်ချင်ရင်ခေါ် ထုတ်မှာ”

ဒေါ်ရီသန့် အံ့ကြိတ်၏။ မိဘမဟုတ်ဘူးဆိုတာကို သိထား၍
ဒါမှမဟုတ် နာမည်တစ်လုံးနှင့် မိုက်ရိုင်းခွင့်ရနေတဲ့သူလားမသိ၊ ဇော်
နည်းနည်းလေးမှ ရိုသေရမှန်းမသိ။

“နောက်တစ်ချက်က ဟိုသူဌေးကို မျှော်လင့်နေသေးတာဆိုရင်
တော့ဘူး၊ သူ ခရောင်း နဲ့လက်ထပ်လိုက်ပြီ”

“ဘာ ...”

ဒါကို ဒေါ်ရီသန့်က သိပြီးဖြစ်နေသော်လည်း ကြင်နာ က မသိခဲ့
မိမိဘဝ ဆုံးခဲ့ရသည့်အဖြစ်ထက် ပို၍ချောက်ချားသွားခဲ့၏။ ဒါကို
လည်း မတွေးမိခဲ့၊ ယုံလည်းမယုံနိုင်။

သို့သော် ဒေါ်ရီသန့် မျက်နှာလွှဲသွားခြင်းကို စူးစိုက်ကြည့်ရင်း





ခမ်းသွားတို့ ဆတ်ဆတ်တုန်လာခဲ့သည်။

ခရောင်း နဲ့လက်ထပ်လိုက်ပြီဟု ရင်ထဲမှာ အထပ်ထပ်ရေရွတ်ရင်း
ခေါင်းထဲမှာလည်း တရိပ်ရိပ်မူးဝေလာ၏။ မနာလိုခြင်းလား၊ ရှက်မိတာ
သက်သက်လား ...

ကိုယ့်ကိုယ်ကိုလည်း မသိတော့ပေ။ သေချာတာတစ်ခုက ရင်ထဲ
မှာ မီးတွေတောက်နေသလို ပူလောင်နေခြင်းပင်။

ဇော် က စကားမဆက်သေးဘဲ ကြင်နာ့ မျက်နှာထက်က ချောက်
ချားတုန်လှုပ်သွားခဲ့သော စူးနင့်ခြင်းတို့ကို အရသာခံပြီး တစိမ့်စိမ့်ကြည့်
နေခဲ့၏။

ထို့နောက် နှုတ်ခမ်းတို့ပေါ် မှာ နာကြည်းကြေကွဲသောပြုံးရိပ်ထင်
လာ ...

“အဲဒါကြောင့် ပြောချင်တာက ဖွတ်မရ စားမဆုံးဖြစ်သွားနိုင်တာကို
ပါ။ လူတိုင်းမှာ လောဘရှိကြတာမှန်ပေမယ့် ဝိသမလောဘတွေဖြစ်လာ
ရင် မရဘဲ ဆုံးရတတ်တယ်။ ‘လိုလျှင်မရ၊ မလိုရင်ရ၏’ တဲ့၊ မင်း ရေလိုက်
ဘဲ ခရောင်း က ရသွားတာကို မနာလိုဖြစ်မနေပါနဲ့”

“တော်တော့ ဇော်၊ လူကို အဲဒီလောက်ထိ ပုတ်ခတ်စော်ကားနေရ
တာ အားမရသေးဘူးလား”

“အားမရဘူး။ ပြောချင်တာတွေမှ ဒီရင်ဘတ်ထဲမှာ အများကြီးပဲ”

ဇော် က ဒေါ်ရီသန့်ကို ဂရုမစိုက်ဘဲ ထိုင်ရာကနေ ဝုန်းခနဲထ ရပ်၏။
ပြီးတော့ ကြိမ်စားပွဲကို လျှော့လျှော့တုန်ခါသွားအောင် လွှဲကန်ပစ်လိုက်
သည်။

“မင်းက ငါ့ကိုယူရတာ ဘဝဆုံးပြီလို့မှတ်သလို မင်းကိုရပေမယ့်
ငါလဲ ဘဝပျက်ခဲ့ရတာပဲ၊ အဲဒါ နားလည်လား။ ငါ မိန်းမယူဖို့ လုံးဝ စိတ်
ကူးမရှိသေးဘူး၊ ငါယူမယ့်မိန်းမကလဲ ငါမှငါ နှစ်ယောက်တစ်အိပ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တဲ့ အချစ်တွေနဲ့ ဖြစ်လာရမယ်၊ အဲဒီစိတ်ကူးတွေ၊ ငါ့ရဲ့ဆုံးဖြတ်ချက်တွေ အခု ဘာမှဖြစ်မလာဘူး။ မိန်းမတစ်ယောက်ကို အရှုံးမပေးနိုင်တဲ့မာနတွေနဲ့ မင်းကို မရမကာနိုးယူခဲ့ရတဲ့ကောင်၊ ဟိုကောင်နဲ့နှိုင်းယှဉ်ကြည့်ပြီး မင်းမျက်လုံးထဲမှာ ငါက မစင်ပုံတစ်ပုံလောက်မှ မသားနားခဲ့တဲ့ အောက်တန်းစား ...”

တက်ခေါက်၍ နံရံကို လက်သီးနဲ့ပြေးထိုး၏။

“ဟော့... မင်း အဲဒီလောက်ပေါက်ကွဲအောင်ခံစားနေရရင် ငါ့ကလေးကို ငါ ပြန်ခေါ် သွားမယ်၊ အားလုံး ပြီးမသွားဘူးလား”

ဒေါ်ရီသန့် ထ,ရပ်လိုက်တော့ ဇော် က ချာခနဲလှည့်လာ၏။

“ဘယ်သူကတားနေလို့လဲ၊ ခေါ် သွား။ ကြိုက်တဲ့နေရာမှာဝှက်ထားထင်သလိုနေ၊ သူ့ကို ကျွန်တော် လက်ထပ်ထားပြီးသား၊ ကျွန်တော် လိုအပ်လာရင် ဘယ်နေရာကဖြစ်ဖြစ် လာဆွဲချမှာပဲ၊ မယုံမရှိနဲ့”

ဒေါ်ရီသန့် ဘာမှမတတ်နိုင်။ ကြင်နာ ကလည်း ပြန်လိုက်ခဲ့ပါဆိုတာကို လက်မခံပါ။

“အားလုံးပြီးနေပြီပဲ ကြီးကြီးသန့်ရယ်၊ သမီး ဖုန်းဆက်တာက ဒီလိုမဖြစ်ဘူး။ ဒီလိုဖြစ်သွားတယ်ဆိုတာ သိအောင်လို့ပါ။ ဘာမှမကြိုးစားပါနဲ့ ပြန်ပါ”

“အေး... ညည်းကမှမလိုက်ဘူးဆိုတော့လဲ ကျုပ် ပြန်ရတော့မှာပေါ့၊ ဒါပေမယ့် ဦးတက်နေကိုတော့ ဝင်တွေ့သွားရမှာပဲ၊ ‘ကျေးဇူး ကျေးဇူး’ နဲ့ အသံကောင်းလွှင့်ပြီး လက်ထပ်ဖို့ကိစ္စကို မီရာကားနဲ့လိုက်ရလောက်အောင်...၊ အရေးကြီးတာ လုံးဝ မကျေနပ်ဘူး၊ တကယ်တမ်းကျတော့ သူတို့ပစ္စည်းတွေကိုပဲ ပြန်သိမ်းချင်တာ”

“ပြန်ပေးလိုက်ပေါ့ ကြီးကြီးသန့်ရယ်၊ အစကတည်းက သူတို့သားနဲ့လက်ထပ်စေချင်တာ ဒါတွေကြောင့်ပဲ ပါမှာပါ။ အခု ဖြစ်မှမဖြစ်တော့





တာ ပြန်ပေးလိုက်ပါတော့”

“မပေးနိုင်ဘူး သမီး၊ သူတို့ပစ္စည်းတွေကို ကိုယ့်ပစ္စည်း၊ ကိုယ့်စီးပွား ...သစ္စာထားပြီး သမီးရဲ့ အဖေက စောင့်ရှောက်ခဲ့တာ၊ သမီးနဲ့သက်ဆိုင် ...သက်သေပဲ၊ ခရောင်း ဆိုတာ ဘာအဆင့်ထိကလဲ၊ ငါ့ကလေး ဘယ်လို ...ကလေးလဲဆိုတာ သိကိုသိရမယ်”

အပြတ်အသတ်ကြိမ်းဝါးမိသည်။ ကြင်နာ့ရှေ့က ထွက်ထဲ့တော့ ...လှမ်းလည်းပြင်းခဲ့ပါ၏။ သို့သော် မင်္ဂလာပွဲကို သမီး ရောက်တာနဲ့ ...ချင်းပဖို့ပြင်ထားမည့်အကြောင်း ဝတ်စုံအတွက် အကျီအတိုင်းလှမ်းမှာ ...ဘင်းကတည်းက ဒေါ်စိုးမိုးလွင်က ပြောပြခဲ့သည်။

“မင်္ဂလာကိစ္စကို သမီးလေးက လက်ခံနေပြီဆိုတော့ အဆင်ပြေမှာ ... သူ့ကိုပြောပြမထားနဲ့ဦး သိလား၊ သူ ရန်ကုန်ကမြို့ကြီးထဲကိုဝင်လာတာ ... မင်္ဂလာပွဲကြီးကို ဘယ်လောက်တခမ်းတနားပြင်ထားတယ်ဆိုတာ ...နှုန်းခနဲမြင်သွားရင် အံ့သြသွားမှာ။ မမသန့်လဲ အဲဒီမှာ လူစွဲမရှိဘူးဆို ...တော့ စိတ်ချလက်ချနေခဲ့ပါ၊ သမီး မျက်နှာမငယ်ရအောင် အားလုံး ကျွန်မ ...စီစဉ်ထားပါတယ်”တဲ့။

သူတို့ဘက်က ဂရုမစိုက် တာဝန်မကျေဘူးလို့ စွပ်စွဲဖို့သင့်ပါ့မလား။ ...ပေမယ့် ခရောင်း ကို ချက်ချင်းကြီး မြှောက်ပင့်ပေါ် ဆွဲတင်ပစ် ...လိုက်တာက မလွန်လွန်းဘူးလား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"သမီးလေးကြင်နာ"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်လ်"

ဖေဖေလို့ပဲခေါ်ဖို့ အန်ကယ်လ်ဆိုတာ ထွက်ကျမသွားခင် လ
ကာတားဆီးဖို့ပြင်မိ၏။ ဒါပေမယ့် ဒေါ်စိုးမိုးလွင် နောက်ကျသွားသ
ဗဟို ကတော့ ခရောင်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေပေမယ့် ဦးတက်
ကိုပဲ စိုးရိမ်မကင်းကြည့်နေခဲ့သည်။

ဦးတက်နေ ကလည်း ခရောင်း ကိုပဲ နူးညံ့ကြင်နာစွာပြုံးနေကာ

"မင်္ဂလာပွဲကျမှ ဖေဖေ ခုလိုဖြစ်ရတာ စိတ်မကောင်းဘူးကွ
ဒါပေမယ့် သမီးခေါင်းထဲမှာ မထားနဲ့နော်၊ သားနဲ့သမီးတို့ နားလည်ကြင်
မှုတွေနဲ့ ပေါင်းသင်းကြပါ။ အခု လက်ထပ်ပြီးစဆိုတော့ ဖေဖေ့ကြောင့်
ပင်ပန်းကုန်ကြရပြီ၊ သမီးတို့ ဟန်နီးမွန်းထွက်ကြပါ။ သမီးမေမေ အား
စီစဉ်ပြီးပြီထင်တယ်"

ပက်လက်ကနေ မျက်ဝန်းတွေရွှေ့လျားလာတော့ ဒေါ်စိုးမိုးလွ
ပျာပျာသလဲခေါင်းညိတ်သည်။





"စီစဉ်ပြီးပြီ အစ်ကို၊ သားတို့ကိုလဲ ပြောပြီးပြီ၊ အစ်ကို့သားနဲ့သမီး
အေကို စိတ်မချဖြစ်နေကြတာ"

မျက်ဝန်းတို့က 'ပြောလိုက်ဦး' လို့ တိုက်တွန်းနေသလိုဝေ့လာသဖြင့်
ရောင်း သတိဝင်လာသည်။ ဦးတက်နေ၏လက်ကောက်ဝတ်ကို ဖွဖွ
ဆုပ်ကိုင်လိုက်၍ ...

"ခရီးသွားဖို့က အရေးတကြီးမလိုပါဘူး ဖေဖေ၊ ဖေဖေ နေကောင်း
အောင်နေပါ၊ အိမ်မှာလဲ မေမေ တစ်ယောက်တည်းဆိုတော့ ခရောင်း...
– သမီး ကူညီချင်လို့ပါ"

ခရောင်း စကားမှားတာကို ဦးတက်နေက ပြုံးလိုက်၏။

"ဟုတ်တယ်၊ ဖေဖေက ခရောင်း လို့ပဲခေါ် ရမှာကို မေ့နေတာ၊ ဒါနဲ့
ရယ် ကျန်းမာရေးကြောင့် နာမည်ပြင်မယ်ဆိုလဲ ပညတ်ကောင်းတဲ့
ည်လေးတွေ ပြင်ပါလား၊ 'ခရောင်း' ဆိုတဲ့ပညတ်က ကြမ်းတမ်းတဲ့
က်ရောက်မှုပဲရှိတာ"

'အဲဒါကြောင့်အလိုက်ဖက်ဆုံးပေးထားတာပါ' ဟု စိတ်ထဲမှာ ပြောမိ
ဗဟို့ကိုခိုးကြည့်မိ၏။ ဗဟို က ဘာမှမဖြစ်သလိုမျက်နှာနှင့် သူမနှင့်
လုံးချင်းဆုံပြီး ပြန်လွှဲသွားသည်။

"ဟုတ်ကဲ့၊ ဟို... အရမ်းချူချာလို့ အကြမ်းပရမ်းခံနိုင်အောင်ပြောင်း
တာလို့ ဖေဖေကပြောတယ်၊ သမီးလဲ အဲဒီနာမည်ကိုကြိုက်တယ်လေ"

"ဩော်... အင်း၊ ကိုယ်စိတ်ချမ်းသာဖို့က အဓိကပါ၊ ဒါပေမယ့်
ေ တာဝန်ကျေချင်တဲ့ဆန္ဒတစ်ခုကိုလဲ စိတ်ချမ်းသာ လက်ချမ်းသာ
ညီတယ်လို့သဘောထားပြီး သမီးတို့ ဟန်းနီးမွန်းခရီးကို သွားကြပါ"

ပြောပြီး ဦးတက်နေ က ဗဟို့ ကိုလှမ်းကြည့်သည်။ ဖြစ်စေချင်သည့်
မင်္ဂလာကိစ္စပြီးခါစမှာ သူ့ခြေထောက်တွေသေသွားခဲ့သည့်အဖြစ်ဆိုး
ကို မသိစေချင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်လုံးကျန်းမာနေခဲ့ပြီးမှ မင်္ဂလာပွဲနှင့်တိုက်ဆိုင်စွာ ရှားသွားခဲ့သော ဒီအဖြစ်ကို လူတွေအများကြီးသိပြီး ဟိုလို ဒီလို စကားတွေပြောမှာကိုလည်း မလိုချင်ပါ။

လူတိုင်းဟာ ကံ့ကံ၏အကျိုးကို ခံစားကြရတာပဲဖြစ်သည်။

ဒါကို ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတာ အမိပ္ပာယ်မရှိ

"သား"

"ပြောပါ ဖေဖေ"

"မင်းလဲ ဖေဖေနဲ့တောက်လျှောက်ဝိုင်းကူလိုက်၊ တိုးချဲ့ထား တွေ ဦးဆောင်လိုက်နဲ့ ပင်ပန်းနေပြီ။ ဒီအချိန်လေးမှာတော့ အားလုံး ခဏမေ့ထားပြီး လွတ်လပ်ပျော်ရွှင်စွာနေလိုက်ပါ။ အနည်းဆုံး တစ် လောက်ဖြစ်ဖြစ်..."

"မဟုတ်တာ ဖေဖေ၊ ခရီးထွက်ဖြစ်ရင်တောင် တစ်ပတ်လောက် လုံလောက်ပါတယ်။ ဖေဖေ့ကျန်းမာရေးကြောင့်မဟုတ်လဲ အလုပ်တွေ အဲဒီလောက်ထိ ပစ်ထားလို့မဖြစ်ဘူး၊ ဖေဖေနဲ့ကျွန်တော် နှစ်ယောက်ရှိ တာတောင် နားချိန်မရှိခဲ့တာ အခု တစ်ယောက်မှမရှိလို့ ဘယ်ဖြစ်မလဲ

ဖေဖေ့ဆန္ဒကို ဇဟို က သိနေသည်။ သူ့ကိုယ်တစ်ပိုင်းသေသွ သည့်ကိစ္စကို ခရောင်း မသိလိုက်စေဘဲ တခြားကိုသွားစေချင်တာဖြစ်သည် တကယ့်အဖြစ်တွေကို ဘာမှသိရှာတာမဟုတ်။

ဒါပေမယ့် ဖေဖေ ဖွင့်ပြောနေတာမို့ သူကလည်း ခေါင်းမညိတ် နှင့် ခရီးထွက်ဖို့ ပြင်ဆင်ခဲ့ရသည့်အဖြစ်သို့ရောက်သွားခဲ့၏။





## အခန်း (၁၆)

မိုက်ဆံတွေ အုပ်လိုက်ထပ်ထားတာ ဘယ်နှစ်အုပ်လောက်ရှိမည် သိ။ ခရောင်း က တစ်ချက်ပဲကြည့်၍ ခေါင်းခါလိုက်၏။

"နေပါစေ အန်တီ၊ စေတနာဝန်ထမ်းလုပ်ခဲ့တာတော့မဟုတ်ပေ ယ့် ဒီငွေတွေကို လက်ခံလိုက်ရင် ကျွန်မဘဝရဲ့အနာဂတ်မှာ အရမ်းကို အဖြစ်ဆိုးသွားမှာ"

"မဟုတ်တာ သမီးရယ်၊ သမီး ကူညီခဲ့တာ ဘယ်လောက်ထိစွန့်စား လိုက်ရတယ်ဆိုတာ အန်တီတို့ သိပါတယ်၊ သမီးတို့မိသားစုမှာလဲ ပြေ သည့်တာမဟုတ်ဘူးဆိုတော့ ..."

"ရပါတယ်"

ခရောင်း က ခေအးစက်စက်လေးပြုံး၍ ငွေတွေဆီ နည်းနည်းမှ စောင့်မကြည့်ဖြစ်ဘဲ ခေါင်းခါသည်။

"ကျွန်မ ဆင်းရဲတာမှန်ပါတယ်၊ ကြင်နာရဲ့ အရမ်းရင်းနှီးကြတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက အကူအညီတွေ အများကြီးယူခဲ့ရတယ်၊ အဲဒါကြောင့်လဲ ဒီကို့ ထဲမှာ ဝင်ပါမိခဲ့တာဆိုရင် မမှားပါဘူး။ ဒါပေမယ့် ခုလိုပြဿနာထဲကနေ ဘယ်လိုလာဘ်လာဘကိုမှ မလိုချင်ဘူး"

"ဒီလိုကြီးဆိုတော့လဲ အန်တီတို့ ဘယ်စိတ်ကောင်းပါ့မလဲကွယ် ဒါဆိုရင်..."

"ဘယ်လိုနည်းလမ်းနဲ့မှ မလိုချင်တာပါ၊ ကျွန်မကို စိတ်သန့်သန့်နဲ့ ပြန်ခွင့်ပြုပါ"

ခရောင်း က ဆလင်းဘက်ခ်လေးထဲမှာ ပါသမျှငွေလေးကိုပဲ တွက် ချက်ကြည့်ပြီး သာသာလေးပြန်ပိတ်၍ ပံခုံးမှာရိုတ်သည်။ ဘာပစ္စည်းမှ လည်းပါမလာ၊ ဝင်လာတုန်းကအတိုင်းလေးပဲ ပြန်ထွက်သွားခဲ့တော့ ဒေါ်စိုးမိုးလွင် ဗဟို့ ကိုလိုက်ရှာ၏။

ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီလိုကြီးပြန်လွှတ်လိုက်ဖို့ မသင့်တာကို စိတ်က သိနေသည်။ သူ့ခမျာ မိန်းကလေးတစ်ယောက်တည်း၊ ပြီးတော့ သူမ ပြောခဲ့သည့်စကားလည်း ရှိသေးသည်။

"ကျွန်မမှာ ရန်ကုန်ကအသိမိတ်ဆွေလဲမရှိဘူးလေ၊ အဲဒါကြောင့် သူနဲ့ ဒီကိုလိုက်လာမိရင်းနဲ့ ကိုယ်တိုင်လဲ ကူညီချင်စိတ်ဖြစ်မိလို့ ကူညီခဲ့ တာပါ"

ပြောတဲ့စကားအရ ရန်ကုန်မှာ သူမက မျက်စိသူငယ် နားသူငယ်၊

"ဟဲ့ ပူစူးမ လာစမ်း"

"လာပါပြီ မေမေကြီး"

"နင့်အစ်ကိုလေး ဘယ်ရောက်နေလဲ လိုက်ရှာစမ်း"

"အစ်ကိုလေး မနက်ကတည်းက အပြင်ထွက်သွားတာ ပြန်မလာ သေးဘူး"

"ကြည့်စမ်း ..."





ဗအေက ခရီးထွက်ဖို့ ဒီလောက်ပြောနေတာကို ရိုပ်မိအောင်နေရ ဘူး။ ခရောင်း ကိုခေါ်လာပြီး လူမသိပါစေနဲ့ ထွက်မသွားပါနဲ့လို့ င်းပန်ထားခဲ့တာ ဘယ်သူလဲ။

ခုကျမှ မိန်းကလေးကို ဒီတိုင်းပစ်ထားပြီး သင်းက အလုပ်ထဲ ဘာ လုပ်တာလဲ။

ဒေါ်စိုးမိုးလွင် စိတ်အထာမကျနိုင်ဘဲ တယ်လီဖုန်းကို ကောက်ကိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"တီ"

ကိုယ့်အတွေးနဲ့ကိုယ် လူတွေရှုပ်ရှုပ်ထဲမှာ ရင်တထိတ်ထိတ်နှင့် ... လျှောက်နေတုန်း အနားကပ်ဟွန်းတီးလိုက်သည့်ကားသံကြောင့် ခရော... တွန့်ခနဲဖြစ်သွား၏။

ဇဟို ကလည်း ကားကို လူကြားထဲမှာပဲ ဘေးနည်းနည်းကပ်ရပ်ပြီး ... ဆင်းလာသည်။

"ဒါက ဘယ်လိုဖြစ်သွားတာလဲ"

"ရှင်က ဘာလိုက်လုပ်တာလဲ"

မေးတာကိုမဖြေဘဲ ပြန်မေးလိုက်သဖြင့် ဇဟိုမျက်နှာ တင်းသွာ... သည်။ ခရောင်း ကလည်း ဂရုမစိုက်ပေ။ ခဏပဲရပ်လိုက်ပြီး လူတွေကြ... ထဲ ဆက်တိုး၏။

"ခရောင်းရှင့်"

"အို… ဘယ်လိုလုပ်လိုက်တာလဲ"





လက်ကိုလှမ်းဆွဲလိုက်သဖြင့် ရှေ့ကို အားပြုလှမ်းလိုက်တုန်းမို့ လူ ...ည်းယိုင်သွားကာ စိတ်တိုသွားမိသည်။ ဇဟို့ မျက်နှာမှာလည်း နှုးညံ့ ...တစ်စုံတစ်ရာမှ ရှိမနေပါ။

"မင်းနောက်ကိုပြေးလိုက်ပြီး လက်ပြန္တတ်ဆက်ချင်လွန်းလို့များ ...တ်နေသလား"

"ကျွန်မကလဲ ရှင့်ကိုနှုတ်ဆက်ဖို့ စောင့်နေတဲ့သူမဟုတ်ဘူး၊ ဒီမှာ ...ယ့်အပူနဲ့ကိုယ်"

"အဲဒါ မင်းအပူတစ်ခုတည်းမဟုတ်ဘူးကွ၊ အားလုံးကို ထိခိုက်ကုန် ...နားလည်လား"

ခရောင်း က လက်ကိုဆောင့်ရုန်းပစ်လိုက်ကာ…

"နားမလည်ဘူး၊ ကျွန်မခေါင်းထဲမှာ အခု ကျွန်မ ရှေ့ဆက်စခန်း ...ဖို့ပဲရှိတယ်"

ဇဟို က လွတ်သွားသည့်လက်ကို ပြန်ဆောင့်ဆွဲလိုက်၏။

"မင်းသွားဖို့ကို အားလုံးစီစဉ်ပေးမယ်လို့ ပြောထားတယ်မဟုတ် ... အဲဒီအစီအစဉ် ပြီးဆုံးသွားတဲ့အထိ မင်းကိုယ်မင်း ဘာမှ စီမံဖို့မလို ..."

နှစ်ယောက်သား ခပ်ကြိတ်ကြိတ်ဖြစ်နေရာကနေ အနီးအနားကလူ ...တွေ သတိထားလာကြတဲ့အထိ ဖြစ်ကုန်ကြသည်။

ထိုပြင် နေရာက လူအစည်ကားဆုံးဖြစ်သည့် ဆူးလေကားမှတ် ...တိုင်နားမှာ။ ပြန်ရုန်း ပြန်ဆွဲနှင့် နောက်ဆုံး ဇဟို့ လက်ထဲမှာ ခရောင်း ...လက်ကောက်ဝတ်လေး အရိုးကျေမတတ် ဖိနှစ်မြုပ်ကွယ်သွားခဲ့၏။

"ရှင် လက်ကိုလွှတ်နော်"

"ပြောစရာရှိတယ်၊ ခဏလိုက်ခဲ့"

"မလိုက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုညှိနှိုင်းလို့မှ မပြေလည်ကြဘဲဖြစ်နေစဉ်...

"ဟေး... အံမယ် ဒီနှစ်ယောက် ဘာဖြစ်နေကြတာလဲ"

ပြိုင်တူ လှည့်ကြည့်မိကြပေမယ့် ခရောင်း ကတော့ မမှတ်မိပ... ဗဟို မျက်နှာပျက်သွား၏။

"အန်တီစု"

စပ်စုချင်တာလား၊ တကယ်နှုတ်ဆက်ချင်လို့လားတော့ မသိ၊ ကာ... ကို လမ်းအတိုင်းမသွားတော့ဘဲ ဒီဘက်မှာ ဗဟို့ကားနောက်က ကပ်ရ... ပြီး ဆင်းလာ၏။

"အန်တီစု ဘယ်ကပြန်လာတာလဲ"

"ပြန်လာတာမဟုတ်ဘူး၊ ခုမှထွက်လာတာ၊ မင်းညီမ ဒီဘက်မှာ အင်တာနက်ဆိုင်ဖွင့်ထားတယ်လေ၊ အဲဒီကိုသွားမလို့"

"ဪ..."

"သားတို့က ဘာလုပ်နေကြတာလဲ"

"ဪ... ဟိုလေ သူ ရှေ့မှာလေ 'ကုံးထက်...ကုံးထက်'အဲဒီမှ... နှင်းပုလဲရေခဲမုန့် သွားစားချင်လို့တဲ့၊ အဲဒါ ..."

"ကုံးထက်က ရုပ်ရှင်ရုံအောက်မှာဥစ္စာ"

"ဟုတ်တယ်၊ နောက်မှစားပါလို့ပြောတာကို ဒီနားမှာ ဖွတ်ဆင်းပ... လိုက်တယ်၊ အဟွန်း ..."

ဗဟို က ပြောပြီး ခရောင်းကိုယ်လေ သူ့ဘက်နည်းနည်းကပ်လာ... အောင် လက်ကို မသိမသာဆွဲယူ၏။ ခရောင်း ကလည်း ကိုယ်ကိုအတင်... တောင့်ခံထားကာ လက်ကိုပါ ပြန်ရုန်းနေသည်။

"ကျွေးလိုက်ပါ သားရယ်၊ မိန်းကလေးတွေက ရေခဲမုန့်တို့ အသုပ်... တို့ သိပ်ကြိုက်ကြတာ"

ပြောရင်း ခရောင်း ကိုလည်းပြုံးပြကာ ...





"တကယ်တော့ သမီးတို့ညှော်ခဲ့ပွဲမှာကျွေးတဲ့မုန့်လောက် မကောင်းဘူးကွယ်၊ ဆိုင်မှာ နည်းနည်းပါးပါးလေးစားရတော့ ပိုကောင်းမယ်ထင်တာပါ"

"အဟွန်း"

ခရောင်း မချိုသွားဖြဲလေးရယ်ရင်း လက်ကို ဒေါသဖြစ်ဖြစ်နှင့်ရုန်းထွက်ပစ်လိုက်၏။ သူ အတင်းဖိဆုပ်ထားသဖြင့် လွှတ်သွားပေမယ့် မရှိရှုံ့နှာသွားသည်။

ထို့ကြောင့် မျက်နှာလေး မဲ့ခနဲရှုံ့တွသွား၏။ အန်တီစု ဆိုသည့် အမျိုးသမီးကြီးကလည်း သိသည်။ ဒါပေမယ့် သူမသိတာက လင်မယားရေခဲမုန့်ကိစ္စနှင့် စိတ်ကောက်နေကြသည်ဟု...

"သားရဲ့ဖေဖေကိုပြောလိုက်ဦးနော်၊ သူ မူးမူးနေတယ်ဆိုတာကို အန်တီ့နားမှာ ဆေးဖွမ်းကောင်းရှိတယ်လို့၊ မြန်မာတိုင်းရင်းဆေး သိလား၊ အရမ်းကောင်းတယ်"

"ဟုတ်ကဲ့"

"ဖရိုက်ဒေးကျမှ လာခဲ့မယ်လို့ သိလား"

"ဟုတ်ကဲ့ပါခင်ဗျ"

"သမီးလေးကိုလဲ မုန့်လိုက်ကျွေးလိုက်ပါဦး၊ ရှေ့နားတင်ပဲဟာ"

ပြန်ခါနီးတောင် အကြံပြုသွားလိုက်သေးသည်။ ဒေါ်စုစုတင် ပြန်ထွက်သွားသည်နှင့် ခရောင်း က လက်ကောက်ဝတ်လေးကို တစ်ဖက်နဲ့ ဆုပ်ပွတ်သပ်ရင်း သူ့ကို မျက်စောင်းခဲကြည့်သည်။

ဗဟို က စောစောကလောက်တင်းမနေတော့သည့်မျက်နှာနှင့် ထိုမျက်စောင်းကို မသိသလိုနေကာ ...

"အဲဒါကြောင့်ပြောတာ၊ မင်းကိုသိနေတဲ့လူတွေ အများကြီးပဲ၊ လက်ထပ်ပွဲပြီးတာက ခုမှ သုံးရက်ပဲရှိသေးတယ်၊ ဒီလိုကြီး တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်သလိုသွားနေလို့ဖြစ်မလား"

"လက်ထပ်ထားတာနဲ့ပဲ ဘယ်သွားသွား အဲဒီယောကျ်ားနဲ့ လ
ချင်းချိတ်သွားနေရမှာလား၊ အဓိပ္ပာယ်မရှိတာ"

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွ၊ လာပါ ကားပေါ်တက်၊ တစ်ခုန
ရင်း စကားပြောရအောင်"

"မတက်နိုင်ဘူး၊ ကျွန်မမှာ အချိန်လဲမရှိတော့ဘူး"

"ခု ဘယ်သွားမလို့လဲ"

"ဘူတာကိုသွားမလို့၊ ကားမစီးတတ်လို့"

"လိုက်ပို့ပေးမယ်"

ခရောင်း က သူ့မျက်နှာကို ပေစောင်းစောင်းလေးကြည့်သ
သူ ပြန်ကြည့်မနေဘဲ ကားဆီထွက်လာမှ သူမနောက်ကနေပါလာသ
ကားပေါ် ထိုင်ပြီးတော့လည်း ခရောင်း စလင်းဘက်ခ်ဖွင့်၍ ဘာတွေ
နေမှန်းမသိ။ ပြီးတော့ ပွစိပွစိ ဘာတွေရွတ်နေမှန်းမသိဘဲ ကားရုပ်သ
တော့ ဖျတ်ခနဲမေ့လာ၏။

"ဘယ်မှာလဲ ဘူတာ"

"ဘူတာကိုသွားနေတာမှမဟုတ်တာ"

ဗဟို ကိုကြည့်၍ ခရောင်း က မျက်ခုံးလေးတွေ တွန့်ကွေးသွာ
အထိ မျက်မှောင်ကြုတ်ပစ်သည်။

ဗဟို က စတီယာရင်မှာ လက်တစ်ဖက်တင်လျက် နောက်
ကိုယ်တစောင်းလှည့်၍ ...

"ရထားနဲ့ပြန်ဖို့စီစဉ်တာ ခရီးစရိတ်သက်သာအောင် မဟုတ်လာ

ခရောင်း မျက်တောင်လေးတစ်ချက်ခတ်၍ ဘာမှမပြောဘဲ
ဘက်လှည့်နေသည်။

"မင်းကို မန္တလေးအမြန်ဆုံးရောက်သွားအောင် ပို့ပေးမယ်၊ ေ





ည့်နဲ့ဆိုရင် တစ်ရက်တော့စောင့်"

"မစောင့်နိုင်ဘူး"

"ဒါဆို ကားနဲ့တင်ပေးမယ်၊ အခု စောသေးလို့"

"စောသေးတော့ ဘာဖြစ်လဲ၊ ကျွန်မကို ကားဂိတ်မှာထားခဲ့ရင် ရပြီ"

"မရဘူးလို့ ဘယ်နှစ်ခါပြောရမလဲ မင်းကို၊ ကားပေါ် တင်ပေးရမှာ
ဘင်မှ လူရိုပ်လူခြည်ကြည့်ရဦးမှာ"

"အဲဒီလိုအကျပ်အတည်းတွေနဲ့ ကျွန်မက ဘယ်လိုလုပ် ရှေ့ဆက်
မှာလဲ၊ ပြီးတော့ ခုနကလိုမျိုး လက်ထပ်ထားတာကို သိတဲ့လူနဲ့ တွေ့
င်း ဘယ်လိုပြောရမလဲ၊ ဘယ်လိုနေရမလဲ။ ကျွန်မ အဲဒီကိစ္စကို ဒီမှာ
ခဲ့တာ ဒီမှာပဲ ထားခဲ့လို့ရမယ်ထင်ပြီး မျက်လုံးစုံမှိတ်ဆုံးဖြတ်ခဲ့တာ၊
ခု ..."

ခရောင်း ကားပေါ်မှာထိုင်နေရင်းနဲ့ တစ်ဖွေ့နှစ်ဖွေ့ ထ,ခုန်တော့
လို့ဖြစ်နေ၏။

"အခုပုံအတိုင်းဆိုရင် ကျွန်မက ရှင့်အသိုင်းအဝိုင်းဂုဏ်သိက္ခာအတွက်
ဂုဏ်လာပွဲကိစ္စကြီး ဘယ်တော့မှမပေါက်ကြားအောင် တစ်သက်လုံး
ိန်းသိမ်းပေးသွားရမှာပေါ့ ဟုတ်လား၊ ဒီလိုဝဲ မုသာဝါဒတွေ အမြဲတမ်း
ပြောနေရမယ်ပေါ့"

သူမဘာသာ မေးခွန်းတွေမေးကာ ဖြေတာကိုလည်းမစောင့်။

"ဒါဆို ကျွန်မက ရှင့်ရဲ့ ဇနီး ဆိုတဲ့အမည်ခံ ... အို...မဖြစ်နိုင်ဘူး၊
တော်ပြီ တော်ပြီ၊ ခုက စပြီး ရှင်နဲ့ပတ်သက်တာ ဘာမှမလိုချင်ဘူး၊ ရှင်
စဉ်ပေးတဲ့အတိုင်းလဲ မပြန်တော့ဘူး၊ ဒီမှာ နေဗဟို... ရှင်လဲမှတ်သွား၊
နောက်ထပ် ဆင်ခြင်ဖို့ လိမ်ညာဖို့ ကျွန်မကို ဘာမှ လိုက်ဆရာမလုပ်နဲ့၊
ကိုယ်ခင်းတဲ့ဇာတ် ကိုယ့်ဘာသာနိုင်အောင်က"

"ဟော့ နေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မနေဘူးလို့ပြောပြီးသား။ ဖွင့် ဒါကြီးဖွင့်ပေး"

မာနက ရှေ့ကပြေးနေပေမယ့် ကားတံခါးက ဘယ်လိုမှဖွင့် ကြင်နာတို့လည်း ကိုယ်ပိုင်ကားတွေထည်လဲစီးကြတာပါ။ ကြင်နာ စီး ကားတွေ ခရောင်း လည်းစီးဖူးသည်ပင်။

ဒါပေမယ့် ဒီလိုကားကြီးမျိုးတော့မပါပေ။ ဇဟို က ခရောင်း ဖြ တာကို တိတ်ဆိတ်စွာကြည့်နေပြီးမှ ကားကို စက်ပြန်နှိုး၏။

ခရောင်း က ဒီဘက်ပြန်ကြည့်ပြီး ကားရပ်နိုင်းမလို့ ပါးစပ်ပြင်လျှ

"မင်းကို ငါကိုယ်တိုင်ပြန်ပို့မယ်၊ ဒါပေမယ့် ခုချက်ချင်းမဖြစ်ဘူ

"ဘာ ..."

ကားက အရှိန်မြင့်၍ ပြေးထွက်သွားလျှင် ခရောင်း ဘာမှမတတ် ခဲ့တော့ပေ။





## အခန်း (၁၈)

"ဒါတော့ ယူသွားပါ"

ကားပေါ်ကဆင်းလိုက်ပြီးမှ ဇဟို က လက်ကိုဆွဲထားပြီး စက္ကူထုပ်တစ်ထုပ်ကို ဖွတ်ထည့်ပေးသည်။ ဘာတွေမှန်းသိလိုက်သောကြောင့် ခရောင်း က လက်ကိုခါချပစ်လိုက်၏။ စက္ကူထုပ်က သူ့ဘေးကဆိုဖာပေါ်မှာပဲ ပြန်ကျသွားသည်။

"ရှင် ဒါတွေပေးချင်လို့ မန္တလေးထိ လိုက်ခဲ့တာလား"

"မဟုတ်ဘူး၊ မင်းကို ဘာနဲ့မှ ဆက်လက်ချည်နှောင်ထားချင်တာလဲမဟုတ်ဘူး။ တကယ်လိုက်လိုက်လှဲလှဲကျေးဇူးတင်လို့ ပေးတာ၊ မေမေကလဲ မင်းကို ဒီတိုင်းမထားခဲ့ပါနဲ့လို့ တရရမှာလိုက်တာ"

"မလိုဘူးလို့ဘဲပြောလိုက်ပါ နေဇဟို။ ကျွန်မက ဆန့်မရှိဘဲ မာနတက်ပြနေတာမဟုတ်ဘူး၊ ဘဝမှာ ငွေလိုပဲအရေးကြီးတာတွေရှိသေးတယ်၊ ငွေထက်ပိုပြီး တန်ဖိုးထားသင့်တာတွေလဲ ကျွန်မ ပြောပြီးပြီပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ကြောင်းက ပြီးခဲ့တာတွေကို စိတ်သန့်သန့်နဲ့ထားခဲ့ချင်တယ် အဲဒါကြောင့် ဒီငွေတွေက ကျွန်မအတွက် ဆေးဖြစ်မှာမဟုတ်တာသေချာ တယ်၊ နောက်ထပ်ပေးဖို့မကြိုးစားပါနဲ့”

ခရောင်း ချာခနဲလှည့်ထွက်သွား၏။ ဘာမှလည်း ဆွဲလွဲစရာမပ အဖော်မရှိ။

ကျောနောက်မှာ ဆံပင်ရှည်တွေကို ဖြစ်သလိုစုစည်းထားလျှ ခြေလှမ်းကျဲတတ်သော ခရောင်း ၏ပုံရိပ်လေးက လူအများထဲမှာ ထင် နေသည်။

ဗဟို နေရာမှမခွာဖြစ်သေးဘဲ သူမ အတော်ဝေးဝေးရောက်သွားတဲ အထိ စူးစိုက်ကြည့်နေခဲ့မိသည်။

တွေ့လိုက်စတုန်းက ကြင်နာ့ ဘေးမှာ အမြဲရှိနေတဲ့မိန်းကလေး အဖြစ်နဲ့ပါ။ ထပ်သိလိုက်ရတာက တော်တော်ဆင်းရဲပါသည်တဲ့။ ထိုအခြေ အနေကိုပဲကြည့်ပြီး ဝေဖန်ရမည်ဆိုလျှင် သူမ ဘာဖြစ်လို့ ဒီလောက်မာ ကြီးနေရတာလဲ။

နေ့ဗဟို ဆိုသည့် သူ့မာန၊ သူ့အရည်အချင်းအားလုံးသည် သူမ မျက်လုံးထဲမှာ ဘာမှမဟုတ်ခဲ့ဘဲ ကျောမယ့်ကောင်လိုလို၊ ကြံမယ့်ကောင် လိုလို အထင်ခံလိုက်ရသေးသည်။

နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားခဲ့ရင်း ကားကို ဖြည်းဖြည်းလေးမောင် ထွက်လိုက်၏။

'ဒီဘဝအတွက် ဒီလောက်ထိပဲဆုံဖြစ်ကြပေမယ့် မင်းကို ငါ သတိရ ဖြစ်မှာပါ'





## အခန်း (၁၉)

ဒေါ်ရီသန့်၏မျက်ရည်စကို နှုတ်ဆက်သလိုတစ်ချက်ကြည့်ကာ သူ နေရာကနေထ,လိုက်၏။ ဒေါ်ရီသန့်၏နုပျိုငယ်ရွယ်စဉ်က သန့်စင်ကြည် မွေ့ခဲ့သောရုပ်သွင်ကို သတိရမိပါသေးသည်။

နှစ်ပေါင်းများစွာဆုတ်ကွာခဲ့တာမဟုတ်ပါဘဲ ဒေါ်ရီသန့်၏မျက်နှာ ထက်မှာ ဇရာ၏ အရေးအကြောင်းများက နက်ရှိုင်းလွန်းနေခဲ့၏။

ဒါတွေဟာ ကာလနှင့်ဆိုင်ချင်မှဆိုင်လိမ့်မည်။ ရက်ပိုင်း၊ လပိုင်း ကလေးအတွင်းမှာ စိတ်ဆင်းရဲပင်ပန်းစွာ ကြုံတွေ့ရင်ဆိုင်ခဲ့ရသဖြင့် ချုံးချုံးကျသွားတာလည်းဖြစ်နိုင်၏။ စိတ်တော့မကောင်းပါ။ ဒါတွေအား လုံး၏အရင်းအမြစ်က ကြင်နာ ၏လုပ်ရပ်အပေါ်မှာ အများကြီးဖွဲ့တည် ခဲ့တာကို တွေးမိသောကြောင့် အားပေးချင်ပေမယ့် စကားလုံးရှားနေ၏။

“ကျွန်တော် ပြန်ပါဦးမယ်”

“ကောင်းပါပြီ သားရယ်၊ သားတို့ဘက်က ဒီလောက်ထိလိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာကို ကြီးကြီးသန့် လှိုက်လှိုက်လှဲလှဲကြည်နူးမိပါတယ်၊ သ
လေးသိရင်လဲ ဝမ်းသာရှာမှာပါ။ အားလုံးက ဒီဘက်က လွှန်ကျူးခဲ့တေ
တွေပါ”

ဇပို က အိမ်ကိုလှည့်ပတ်ကြည့်၍ လက်တစ်ဖက်ကို ဘောင်း
အိတ်ထဲထည့်ထားလျက် ...

“အဲဒါတွေ ထားလိုက်ချင်ပါတယ်၊ ခုနက ကျွန်တော်ပြောသလို
ကြီးကြီးသန့်တို့ဘက်က တစ်ခုပဲစောင့်ထိန်းပေးပါ”

“စိတ်ချပါ သားရယ်၊ ခရောင်းလေးက ဟိုတုန်းကတည်းက ကြင်
သေဆိုသေ၊ ရှင်ဆိုရှင်ရတဲ့အထိ ခင်လဲခင်တယ်၊ သည်းညည်းလဲခံတယ
ပြောရမယ်ဆိုရင် သူတို့တစ်မိသားစုလုံးကို ကြင်နာ တာဝန်ယူထား
သလိုပါပဲ၊ မိသားစုလိုပေါ့နော်၊ သူ အကျိုးယုတ်အောင် ကြီးကြီး မလု
ပါဘူး”

ခရောင်း ကို ချစ်ပါသည်။ မကောင်းရှုတ်ချပြောချင်တာလည်း
မဟုတ်၊ ဒါပေမယ့် ကိုယ့်ကလေးရဲ့နေရာမှာ အစားဝင်ခဲ့တာကိုတေ
မခံရပ်နိုင်ပေ။

မတန်မရာစော်ကားခံလိုက်ရသဖြင့် နေ့စဉ် တနုံ့နုံ့ခံစားနေခဲ့ရ
ဘဏ်သူဌေး ဦးတက်ချေ ဆိုသည့် သူဌေးကြီး၏အရှိန်အဝါက သေးသေ
နပ်နပ်မဟုတ်။ ဖအေလိုပဲ နေနှစ်စင်းအပြိုင်ထွက်သလို ဝဏ်သတင
ကျော်ကြားခဲ့သော ‘နေဇပို’လို လူငယ်တစ်ယောက်ကို ကိုယ့်ဘက
ကိုယ့်အိတ်ထဲ ကောက်မထည့်နိုင်ရင်တောင်မှ သူများ အသာလေ
ကောက်ယူသွားတာကို မခံနိုင်။

ထို့ကြောင့် ‘ခရောင်း’ ဘယ်လိုမိန်းကလေး။ ဘယ်အဆင့်လောက
ရှိတယ်ဆိုတာကို အခွင့်သင့်တုန်း သာသာထိုးထိုးပြောပေးလိုက်တာ ဖြ
သည်။ ကိုယ်နဲ့မထိုက်တန်သည့်မိန်းကလေးမှန်း နေဇပို သိစေချင်၏





ထို့ပြင် တစ်ချိန်တည်းမှာ မင်္ဂလာစကားနှစ်ရပ်ကို ကြားလိုက်ရ
ဖြင့် ခံစားနေခဲ့ရသည့်သောကတွေတောင် မေ့သွားမိသည်။

“ပစ္စည်းတွေ၊ လုပ်ငန်းတွေကို ကျွန်တော်တို့ ပြန်မသိမ်းပါဘူး၊
ချုပ်စာတမ်းနဲ့ အပြီးလွှဲပြောင်းပေးတာတွေ မလုပ်တော့ပေမယ့်
င်နာ့ကိုပဲ ပိုင်ဆိုင်ခွင့်ပေးလိုက်ပါပြီ”

ဟု ပြောလာတော့ ကိုယ့်နားကိုပင် မယုံနိုင်။ ပြီးတော့...

“မင်္ဂလာပွဲမပျက်အောင် ခရောင်း က အနစ်နာခံပြီး ကူညီခဲ့တာပါ၊
ခဲ့ကျွန်တော် တကယ်လက်ထပ်ခဲ့တာမဟုတ်ပါဘူး။ ဟိုမှာ မင်္ဂလာ
ဘင်တာကို ကြီးကြီးက သိထားတဲ့သူမို့လို့ ပြောပြတာပါ။ သူ ဒီကိုပြန်
ာက်တဲ့အချိန်က စပြီး ဟိုတုန်းကလိုပဲ သန့်သန့်စင်စင်နေစေချင်တယ်၊
ကြီး ဒီကိစ္စကို လုံးဝ အစမဖော်ပါနဲ့၊ သူ့ကိုလဲ ဘာမှသွားမမေးပါနဲ့”

တဲ့။

ဘယ်သူကရော ဒါကို လူသိအောင်ပြောချင်မှာလဲ။ ဇပို ဒီစကား
ကိုပြောတော့ ဝမ်းသာလွန်းလို့ မျက်ရည်ပင်လည်မိ၏။ သူမနေရာကို
ရောင်း ဝင်လိုက်ပြီထင်ကာ ဘဝပျက်တာထက် ပို၍ရင်နင့်သွားခဲ့သော
င်နာ့ ကိုလည်း ဒီသတင်း ပြေးပြောလိုက်ချင်သည်။

ခုတော့ ပစ္စည်းတွေကိုလည်း ဆက်လက်ပိုင်ဆိုင်ခွင့်ရမည်၊ ခရောင်း
ကိုလည်း တကယ်လက်ထပ်တာမဟုတ်၊ ဒါပေမယ့် တစ်ခုတော့ မေး
ိုက်မိသေး၏။

“သားတို့ ခရောင်းကို တော်တော်ပေးလိုက်ရမှာပဲ”ဟု...

ဇပို မျက်မှောင်ကြုတ်၍ပြန်ကြည့်တော့ မေးမိတာမှားသွားသလို

ဘာပဲဖြစ်ဖြစ် ခရောင်းတို့တော့ ဘဝပြောင်းလောက်အောင်ရသွား
ာ အတပ်သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗဟို က ခေါင်းခါပြလိုက်မှ ...

"ဟင် ..."

"ဘာမှမပေးရဘူး၊ ပေးတာလဲမရဘူး။ ခရောင်း က မာနကြီးတဲ့ မိန်းကလေးပါ"

ဒီစကားမှာတော့ နည်းနည်းအောင့်သက်သက်ဖြစ်၏။

ဗဟို က လက်ထပ်သည့်ကိစ္စကို မပေါက်ကြားဖို့ နောက်ထပ်မှာပြီး ကားပေါ်ပြန်ရောက်သွား၏။ ဒေါ်ရီသန့် အတွေးစကိုဖြတ်တောက်ရင်း ကားနှုးထိုးလိုက်ပို့ကာ ...

"စိတ်ချနေ သား၊ သူဌေးကြီးကိုလဲပြောလိုက်ပါ၊ အရမ်းကို ကျေးဇူး တင်ပါတယ်လို့၊ သားပြောသလိုဘဲနေပါ့မယ်၊ မင်္ဂလာကိစ္စကိုလဲ ဒီမှာ ဘာမှမဖော်ဘူး၊ ရန်ကုန်ကိုလဲ ကြီးကြီးတို့က စပြီး လုံးဝ ဖုန်းမခေါ်ပါဘူး"

ကတိတွေ အထပ်ထပ်ပေး၍ မျက်ရည်သုတ်မိသည်။ ဒီမျက်ရည် တွေဟာ ဝမ်းသာလွန်းလို့ကျတဲ့မျက်ရည်တွေမှန်း ဗဟို သိချင်မှသိလိမ့် မည်။





## အခန်း (၂၀)

"တောက်"

ဒေါသတွေက ရှက်ဖွင့်ထားသည့်လှေငယ်နှင့်လေပြင်းလိုပင်၊ မပြေး ဘဲ တစ်မယ် လျှောက်နေရင်း တက်ခေါက်မိတာ ဘယ်နှစ်ခါမှန်းမသိ။

"မနေ့ညနေက ထွက်သွားကြတာပဲ ခရောင်းရယ်"

အိမ်ကိုပြန်ရောက်ရောက်ချင်း ရင်ဝကို ဆီးကန်လိုက်သလိုပင်။ အိမ်ကလေးရဲ့ လှေကားအုတ်ခုံပေါ် ကို လှမ်းတက်လိုက်တာနှင့် ဒေါ်ဒေါ်မြ အပြေးတစ်ပိုင်းရောက်လာခဲ့သည်။

"ခရောင်းရယ်" ဟု လက်နှစ်ဖက်ကိုဆုပ်ကိုင်ပြီး မျက်ရည်တွေ သည်း ဝေ့နေခဲ့လျက်...

"ပန်းနုရဲ့ယောက်ျားလေ အောင်မြင် သိလား၊ သူ ပြန်ရောက်လာ တယ်"

"ဘာ... ကိုအောင်မြင် ..."

"ဟုတ်တယ်၊ သူရောက်လာတော့ ရှိုင်းတို့တူဝရီးတွေ မရှိကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ပူဆာလို့ ကစားကွင်းကို လိုက်ပို့တာလေ။ အောင်မြင် က
ဖွဲ့ဘက်ကိုကူးလာပြီး ကလေးတွေကိုမေးတာပါ၊ ပန်းနု ဆုံးသွားတာကိုလဲ
သူ သိနေတယ်”

“သူ ဘာတွေပြောသွားသေးလဲ ဒေါ်ဒေါ်မြ”

“သူ ကြီးပွားလာပြီတဲ့၊ ပန်းနု ဆုံးသွားပြီဆိုတာသိရပေမယ့် သု
ပြန်လာလဲ မထူးတော့ဘူးမို့လို့ ပြန်မလာတော့တာတဲ့၊ အခု သူရှာလာ
သမျှ ကလေးနှစ်ယောက်အတွက်ပဲတဲ့”

“သူ့မှာ မိန်းမ ပါမလာဘူးလား ဒေါ်ဒေါ်မြ”

“မပါဘူး၊ ကားပေါ်မှာတော့ ယောကျ်ားလေးတွေမြင်တယ်၊ သူတို့
က ဆင်းမလာဘူး။ သူ အကြာကြီးထိုင်စောင့်နေပြီးမှ ရှိုင်း ပြန်မလာတော
လိုက်ရှာဦးမယ်ဆိုပြီး ထပြန်သွားတာပဲ။ ဂိုက်ဆိုက်ကတော့ကွယ် ဘယ်
လိုမှကို မမှတ်မိနိုင်အောင်ဘဲ၊ နိုင်ငံခြားမင်းသားကြီးတွေနဲ့ တော်တော်တူ
တာ တကယ်၊ မင်းသားမဟုတ်ဘူးနော်၊ လူကြမ်းနဲ့တူတာ၊ ဒါပေမယ့်
တော်တော်ကိုကြည့်ကောင်းတယ်။ ဆံပင်တွေ၊ လက်တွေမှာလဲ ဝတ်
ထားလိုက်တာ တွဲအိနေတာပဲအေ”

“အဲဒီလိုလူက မိန်းမ မရှိဘူးတဲ့လား၊ ဒေါ်ဒေါ်မြကို ပြောသွားလို့
လား”

“ဟုတ်တယ်၊ သူ တခြားမှာအပျော်ရှာချင်ရှာခဲ့မယ်၊ အိမ်ထောင်
ဘယ်တုန်းကမှ မပြုခဲ့ဘူးတဲ့၊ သူ့ခေါင်းထဲမှာ ပန်းနုတို့သားအမိအတွက်ပဲ
ထားခဲ့တာတဲ့၊ အခု ကလေးတွေကိုခေါ်ပြီး သူပိုင်လုပ်ငန်း ထူထောင်မယ်
တဲ့၊ ညညီးတို့ကိုလဲ သူက ကျေးဇူးဆပ်မှာပါတဲ့”

“ဟွန်း ... လာသေးတယ်၊ သူ့ကြောင့် ဒီမှာ ဘဝတွေပျက်ပြီး
သေတဲ့လူကသေ”

“အဲဒါကို ငါပြောတယ်။ ခရောင်းတို့က မင်းလက်ထဲကို သူ့တူတွေ





တော့မှထည့်မှာမဟုတ်ဘူးလို့ အဲဒီလိုပြောတော့ သူ ဝုန်းခနဲထဖြစ်
သိလား”

ပြောပြီး ဒေါ်ဒေါ်မြ မျက်နှာငိုမဲ့မဲ့ကြီးဖြစ်သွားရှာ၏။ အံကြိတ်နေ
ကြားကပဲ ခရောင်း မျက်ဝန်းမှာလည်း မျက်ရည်တွေဝေ့နေခဲ့သည်။
တိုက်ဆိုင်ဆိုင် ကိုယ်မရှိတဲ့အချိန်ကျမှ ဒီလူ ရောက်လာခဲ့ရသလား။

ကလေးနှစ်ယောက်နှင့်ရှိုင်း ဒုက္ခများနေရှာမှာကို တွေးမိကာ
င်း ရင်နင့်သွားမိသည်။ ရှိုင်းက စိတ်ဆတ်သူပါ။ ဘာဖြစ်ဖြစ် မိုက်ရူး
ချင်သည့်ဉာဉ်လည်းရှိ၏။ ကလေးတွေကိုခေါ်ပြီးထွက်သွားခဲ့တာ
အောင်မြင်ဆိုသည့်လူကို ရင်မဆိုင်ရဲလို့မဟုတ်မှန်း ခရောင်း သိ

“သူတို့ ထွက်သွားကြတာ ငါ့အပြစ်လဲပါပါတယ်အေ၊ ငါကလဲ စိုးရိမ်
လို့ ဒီအကြောင်းရှိတာကို ပြောပြလိုက်မိတာပါ၊ ညညီးလည်းစဉ်းစား
လေ၊ သူက ဖအေမို့လား၊ ပြီးတော့ ချစ်သူချင်း လွန်လွန်ကျူးကျူးဖြစ်
တိတ်တိတ်လေးမွေးဖွားထားရတာမျိုးလဲမဟုတ်ဘူး။ ပန်းနုနဲ့ သူက
ယား၊ သူ့သားကို သူချီပိုးသွားခဲ့သေးတာ၊ ခုလဲ သူ အိမ်ထောင်မပြု
တဲ့၊ စီးပွားဉစ္စာမှာလဲ ကလေးတွေဘဝကို တင့်တယ်ထွန်းပေါက်
အောင် မြှင့်တင်ပေးနိုင်တဲ့ အနေအထားရှိနေတဲ့သူ၊ ဘယ်လိုနည်းနဲ့ဖြစ်
သူကတောင်းလာရင် ကလေးတွေကို ပြန်ပေးရတော့မှာပဲလေ၊ ငါ
ကို ပြောပြခဲ့မိတယ်၊ ငါ့ကိုငါလဲဝန်ခံပါတယ်အေ၊ ကလေးတွေကို
ခြားမှာသွားဝှက်ထားလိုက်လို့ ကလေးကလား မတိုက်တွန်းခဲ့တာဘဲ
တယ်၊ အဲဒီလိုလုပ်မှဖြစ်တော့မယ့်ပုံစံမျိုး ပြောလိုက်မိတာ အမှန်ပါ”

ပြောပြနေရင်း ဒေါ်ဒေါ်မြ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျ
ဒီမျက်ရည်တွေဟာ တကယ့်သံယောဇဉ်ကနေ ယိုဖိတ်ဆင်းကျလာခဲ့
မှန်း ခရောင်း ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘာမှလည်း ထပ်မပြောဖြစ်ခဲ့ပေ။

"ငါလဲ ကလေးတွေကိုမခွဲနိုင်တဲ့လောဘနဲ့ မပြောသင့်တာ
ပြောခဲ့မိတယ်၊ ခုတော့ ဟိုမှာလဲ သဘာအဖမဆုံစည်းနိုင်တော့ဘူး၊ ည
တို့မောင်နှမ တူဝရီးတွေလဲ တကွဲတပြားစီဖြစ်ကုန်ကြပြီ"

စကားသံတွေကို လုံးစေ့ပတ်စေ့ ပြန်တွေးရင်း ခြေလှမ်းတွေ
တစ်ချက်ကလေးမှ နှမ်းလျှနေးကျသွားခြင်းမဖြစ်။

ရန်ကုန်ကနေ ဒီပုံစံနဲ့ထွက်ခဲ့သည်။ မန္တလေးကိုရောက်တော့ ဒီ
ပဲ အိမ်ပေါ် တက်ဖို့ပြန်လာခဲ့၏။ ခုလည်း ခရောင်း ဒီပုံစံလေးနဲ့ပဲ လမ်း
ပြန်ရောက်လာပြန်ပါသည်။

တကယ်တော့ လွယ်ထားသည့် စလင်းဘက်ခ်လေးထဲမှာ ငွေ
မဖြစ်စလောက်နှင့် အော်တိုမစ်တစ်ကလစ်တစ်ချောင်းပါသည်။

ဒီငွေလေးတောင်မှ မန္တလေးထိ ဗဟိုက သူ့ကားနဲ့ ပြန်လိုက်ပို့
သည်မို့ အိတ်ထဲမှာ မပျက်မယွင်းကျန်နေခဲ့ခြင်းဖြစ်သည်။

ခုလည်း မဖြစ်စလောက်ငွေလေးနဲ့ပဲ ရန်ကုန်ကိုပြန်ဆင်းဖို့ ထွ
လာခဲ့တာဖြစ်၏။ ဒါပေမယ့် ဒေါ်ဒေါ်မြက သူမလက်မှာ တစ်သက်
မချွတ်တမ်းဝတ်ထားခဲ့သော ရွှေလက်စွပ်လေးကိုချွတ်၍ ထည့်ပေးလို
ရှာသည်။

"ဟိုမှာ ညည်းရှိတယ်တဲ့၊ ရန်ကုန်ကိုပဲ ဆင်းရှောင်နေမယ်
ကြင်နာ သွားတဲ့အိမ်လိပ်စာ သူ သိတယ်လို့ပြောတယ်"

ခရောင်း ပေးခဲ့တာပါ။ ဒီလိုပဲ မန္တလေးမြို့ထဲကလွန်ပြီး အလှ
ဝေးတဲ့နေရာခေါ်ပြီဆို သွားမည့်လိပ်စာကို ပေးခဲ့နေကျ၊ ခုလို ညအ
ရက်လွန်သွားတာမျိုးက ဒါ ပထမဆုံးပင်။

"ဒါကို ရောင်းသာပစ်လိုက်ပါအေ၊ ငါတို့က သူစိမ်းတွေမှမဟုတ်တာ
မရှိအတူ ရှိအတူပေါ့၊ ဟိုမှာ ညည်းတို့မောင်နှမ ဒုက္ခရောက်လိမ့်မယ်" ပ





ည်း မှာ၏။

ဘာဆက်လုပ်ရမလဲ၊ ဘာတွေဖြစ်လာမှာလဲ ခရောင်း ရင်ထဲမှာ
သများနှင့် ထုပ္ပနေသည်။ ဘာဆိုင်လို့လဲ၊ ထွက်သွားတာ ဘယ်လောက်
ပြီလဲ။

သူ့ကြောင့် မမ သေခဲ့ရသည်။ ထွက်သွားကတည်းက လှမလာ၊
မပို့နှင့် ဒီကလေးတွေကို သူမတို့ပဲ မွေးမြူခဲ့ရတာ။

အခု သူ့မှာ မိန်းမ ရှိရှိ မရှိရှိ ဘယ်လောက်ချမ်းသာနေနေ ဘာဆိုင်
လဲ၊ မပေးနိုင်ဘူး ဆုံးဖြတ်ချက်တွေ အထပ်ထပ်ချကာ မမ ပြောခဲ့တာ
လည်း သတိရ၏။

"ငါ့သားတွေကို နောင်တစ်ချိန်မှာ ဒီလူလာခေါ် ရင် လုံးဝ ပေးမတွေ့
သူတို့အဖေဆိုတာတောင်မှ မသိစေရဘူး၊ ဟွန်း ... လူစိတ်မရှိတဲ့
ောင်။ နင်တို့နော်... ငါ သေသွားရင်တောင် ငါ့ကလေးတွေကို မထည့်
က်နဲ့" တဲ့။

လုံးဝမထည့်ဘူး၊ ပေးလည်းမပေးနိုင်ဘူး။ ပါးစပ်ကပါပြောမိရင်း
င်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲတင်သည်။ နာရီကို လက်မြှောက်ကြည့်
ာ ခြေလှမ်းတို့ကို ပိုကျဲလိုက်၏။

ရန်ကုန်နဲ့မန္တလေး ခေါက်တုံ့ခေါက်ပြန်ဖြစ်နေသည့် ကိုယ့်အဖြစ်ကို
ည်း သတိမရ၊ အဝေးကြီးကို ခြေကျင်သုတ်ခနေရသဖြင့် ခြေထောက်
ခဏခဏလေ့တက်တိုက်မိနေတာကိုလည်း ဂရုမစိုက်နိုင်။

ရန်ကုန်ဆင်းမည့်ကားကို အမီသွားဖို့သာ စိတ်စောနေခဲ့မိသည်။
ခဲ့ ...

"ခရောင်း"

"ဟင်..."

ကားသံရော လူသံရော ဘေးကနေကပ်လျက်ဖြတ်ကျော်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခရောင်း ခြေလှမ်းရပ်သွားသလို လွန်သွားသည့်ကားကလည်း ချက်ချ ပြန်ဆုတ်လာသည်။

"ခရောင်း"

ကားပေါ်ကနေဆင်းလာသည့် အောင်မြင်သည် နာမည်အတိုင်း အောင်မြင်စွာ အနိုင်ယူတော့မည့်ပုံနှင့် ကြွားရွားစွာဆင်းချလာ၏။

ဘောင်းဘီခပ်ပွပွအနက်၊ လောင်းကုတ်ဖားဖားကြီးနှင့် ဟိုတုန်း ဖြူနုနုမျက်နှာထက်မှာ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးစစနှင့် ဆံပင်တွေလည်း ရှည်ကျနေ၏။

သူ့နောက်ကနေ တစ်ယောက်က လိုက်ဆင်းလာပြီး နှစ်ယော ကတော့ ကားတံခါးဖွင့်ကာ ခြေထောက်တွေချလျက် ဒီတိုင်းထိုင်နေ သည်။

အောင်မြင် က ခရောင်း ကို ခပ်စူးစူးစေ့ကြည့်လိုက်ကာ ...

"ငါ့ညီမက တော်တော့်ကိုလှလာတာပဲကွ၊ ဟုတ်ပါတယ်၊ အ ကတည်းက နင်က ပန်းနုနဲ့မှမတူတာ"

"အပိုတွေလျှောက်ပြောမနေနဲ့ ကိုအောင်မြင်၊ ဘာကိစ္စလဲ"

"အဲဒါ နင်က အပိုတွေမေးနေတာ၊ ဘာကိစ္စလဲဆိုတာ နင်သိတာ မဟုတ်ဘူးလား"

အောင်မြင်၏မျက်နှာထက်ကအပြုံးတွေ ပျောက်ကွယ်ကုန်၏ ရှေ့ကိုထပ်တိုးလာတော့ ခရောင်း နောက်ပိုနီးသွားသည်။

"ငါ့သားတွေကို နင့်မောင် ဝှက်သွားတယ်၊ အဲဒါ ဘယ်မှာလဲ"

"ဘာ ငါ့သားလဲ၊ စကားကို အရှက်မရှိ မပြောနဲ့၊ ဒီကလေးတွေ ကျွန်မတို့မောင်နှမက ချွေးသွေးနဲ့ရင်းနီးပြီး ပြုစုပျိုးထောင်ခဲ့ရတာ"

"သိတယ်လေ၊ အဲဒီအတွက်လဲ ငါ မြင်ဆင်လာခဲ့တယ်၊ ကလေး တွေကို ငါ့လက်ထဲထည့်ပေးလိုက်ပါ။ နင်တို့မောင်နှမကို အလုပ်အကိုင်





ကိုက်နဲ့ကားနဲ့ ငါ ထားပေးမယ်"

"မလိုပါဘူး၊ ရှင် ဘာမှလဲမမျှော်လင့်နဲ့ မရဘူး"

"နေဦး"

ခရောင်း က ခြေလှမ်းပြင်သည်။ အောင်မြင် က ရှေ့ကနေ ပိတ် ထားလိုက်၏။ ပြီးတော့ သူ့ဘေးမှာ နောက်တစ်ယောက် ထပ်ရပ်လာ တော့ ခရောင်းရှေ့မှာ ယောကျ်ားနှစ်ယောက်။

"ကလေးတွေကို နင်တို့ သံယောဇဉ်ကြီးနေမှာပဲဆိုတာသိလို့ ငါက ညာတာနေတာ၊ ဒီမှာ ခရောင်း ... ငါက ကလေးတွေရဲ့အဖေအရင်းနော်၊ အဲဒါကို နားလည်လား"

"မလည်ဘူး၊ ပန်းနုရီဆိုတဲ့မိန်းမမှာ အစကတည်းက ယောကျ်ားရှိ တာမဟုတ်ဘူး"

"တိတ်စမ်း၊ အရှက်မရှိတဲ့မျက်နှာနဲ့ ဖြောင်ညာမနေနဲ့ ကလေးတွေ ချင်းကို ငါ လိုက်ရှာနေတာ နှံ့နေပြီ၊ ဘယ်မှာလဲ ပြော၊ သက်ဆိုင်ရာက နေ တောင်းယူရရင် ကလေးတွေကိုရော ငါ့ဘက်က ကျေးဇူးဆပ်ဖို့ စဉ်း စားထားတဲ့အခွင့်အရေးတွေရော ဘာမှရလိုက်မှာမဟုတ်ဘဲ ဒီတိုင်း ငုတ် တုတ်မေ့ကျန်ခဲ့မယ်"

"လုပ်ပေါ့၊ မနိုင်တဲ့သူ ရှုံးလိမ့်မယ်၊ ကျွန်မတို့ကတော့ လုံးဝ ပြန် ပေးနိုင်ဘူး"

"ဟား ဟား ဟား"

ဘေးကတစ်ယောက်က ဟက်ဟက်ပက်ပက်ထ,ရယ်၏။ ခရောင်း ခေါသက ထိုလူဆီ ကူးစက်သွား၏။ ထိုသူက ခါးထောက်နေရင်း ခရောင်း တစ်ကိုယ်လုံးကို ရိုင်းစိုင်းစွာကြည့်လိုက်ပြီး ...

"လွယ်လွယ်လေးကို ခက်အောင်လုပ်နေတယ် အောင်မြင်ရေ၊ ကြည့်စမ်း၊ ဝင်းမှည့်နေတာပဲ၊ ဒီလောက်လှတာလေးကိုဖယ်ပြီး ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပဲမြင်ရသလား၊ ဆွေးနွေးလို့လဲမရတဲ့အတူတူ ကလေးတွေကို
လူကြီးကိုရော သိမ်းပိုက်လိုက်ပေါ့၊ အဲဒါ ဘယ်သူနဲ့မှမခွဲရတော့ဘူး၊ မ
လဲ မှည့်မှည့်လေးမြည်းစမ်းရတာပေါ့၊ မကောင်းဘူးလား"

"မိုက်ရိုင်းတဲ့ပါးစပ် ကဲဟာ ..."

ခရောင်း စိတ်ရှိလက်ရှိ လွှဲရိုက်ပစ်လိုက်၏။ ထိခတ်သံကြီး တ
ချက် ကျယ်လောင်စွာမြည်ဟည်းသွားကာ ထိုလူ ချာခနဲလည်ထွက်သွ
လေသည်။

"အံမာကွာ"

နောက်မှာရှိနေကြသည့်လူတွေ လှုပ်လှုပ်ရှားရှားထဖြစ်ကုန်၏
အရိုက်ခံလိုက်ရသူက ဒီဘက်ကိုပြန်လှည့်လာပြီး ခရောင်း ကို စားတော
ဝါးတော့မတတ်ကြည့်၍ ...

"တောက်"

"ခဏ"

လက်သီးဆုပ်ကြီးကို တင်းကျစ်နေအောင်ပြင်၍ ရှေ့တိုးလိုက်လျှ
အောင်မြင်က လက်နဲ့ကာ၍တားလိုက်၏။

"ဘာလဲကွ၊ မင်းဟာမလေး ဘီလူးသရဲစီးနေတာကိုမြင်ဘူးလား

ခရောင်းဘေးမှာ ယောကျ်ားလေးယောက်စလုံး ဝိုင်းပတ်လာကြ
၏။ အောင်မြင် တားထားတာကို ကျန်တဲ့လူတွေက မကျေနပ်ကြခြင်း
ဖြစ်သည်။

"ခရောင်း ငါ နောက်ဆုံးမေးမယ်၊ ကလေးတွေ ဘယ်မှာလဲ"

"မသိဘူး"

"ဘာမသိတာလဲ"

လက်ကိုလွှဲရိုက်တော့မလို ခါပစ်လိုက်ကာ အောင်မြင် ဒေါသတကြီ
အော်သည်။ ပြီးတော့ လည်ပင်းညှစ်ပစ်တော့မလိုပုံနှင့် ရှေ့ကို လက်





ခြင်ပြင်နဲ့တိုးကပ်လိုက်ကာ...

"ပြန်ပြင်ပြောလိုက်စမ်း၊ ကလေးတွေကို ဘယ်မှာဝှက်ထားသလဲ"

"ဘာဖြစ်နေကြတာလဲ"

ခရောင်း၏ဘေးမှာ မထင်မှတ်ဘဲရောက်လာသူက ဗဟို ဖြစ်၏။
တစ်ယောက်ကို ပါးရိုက်လိုက်ကတည်းက ခရောင်း ကို သူ လှမ်းမြင်
က်သည်။

ဒါပေမယ့် ဟိုဘက်လမ်းကြောင်းမှာမို့ ရုတ်တရက် ဒီဘက်ကို လာ
ရဘဲဖြစ်နေခဲ့၏။ ဘာပြဿနာမှန်းမသိပေမယ့် ခရောင်း အခြေအနေ
သွားနေတာကို သိလိုက်သောကြောင့် သူ ဝင်ပါလိုက်ရခြင်းဖြစ်သည်။

အားလုံး၏ သုန်မှုန်သောအကြည့်တွေက သူ့ဆီပြောင်းလာကြ၏။

"ခရောင်း သူတို့က ဘယ်သူတွေလဲ"

"မသိဘူး၊ လိုက်နှောင့်ယှက်နေတာ"

"ဟား ဟား ဟား"

အောင်မြင် က မရယ်ချင်ဘဲရယ်သည်။ အခြောက်တိုက်သံကြီးနှင့်
ာ်ရယ်သည်။

"နင်က ရုပ်ရှင်တွေထဲကလို ကယ်တင်ရှင်လာပြီဆိုပြီး သတ္တိတွေ
ာလား၊ အဟွန်း ... သနားစရာကောင်းလိုက်တာကွာ၊ ဒီမှာ လမ်း
မှာ သတ်ပုတ်ပွဲတွေလဲ မဖြစ်ချင်ဘူး၊ မေးတာကိုဖြေမှာလား၊ နင့်ကို
ပေါ် ဆွဲတင်သွားရမလား"

"နေပါဦး၊ အဲဒီလိုထင်တိုင်းလုပ်သွားလို့မရဘူးလေ၊ ဘာကိုမေးတာ
ခင်ဗျားတို့နဲ့သူ ဘာအကြောင်းတွေရှိကြလို့လဲ၊ ကျွန်တော်က သူ့ရဲ့
ာကျ်ားပါ၊ လက်ထပ်ခဲ့တာ တစ်ပတ်တောင်မပြည့်သေးဘူး"

"ဘာ ..."

အောင်မြင် က ဗဟို့ ကို သေချာလှမ်းကြည့်၏။ မယုံကြည်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်တွေကကြာခဲ့ပြီမို့ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာက မသေချာ။ ဒ
သတင်းမှ သူ မကြားခဲ့ဖေမယ့်လည်း ဒေါ်မြမြ ပြောတုန်းက သူ့အ
က ရန်ကုန်မှာ မင်္ဂလာကိစ္စ သွားနေတယ်ဟု ပါသည်။ ဒါကို သူ ရေ
ရာရာ မမေးခဲ့မိပါ။

ဘာပဲဖြစ်ဖြစ် ဒါ မှန်တာ၊ မှားတာ အရေးမကြီးပါ။ လောလောဆ
ခရောင်းနဲ့ပတ်သက်နေသဖြင့် ကလေးတွေသတင်းကိုတော့ ရနိုင်သ
ဟုတွက်၍ မျက်နှာကတင်းမာမှုတွေကို လျှော့ချလိုက်သည်။

"ငါက သူ့အစ်မရဲ့ ယောကျ်ား၊ မလေးမှာ အလုပ်သွားလုပ်နေတ
သူ့အစ်မဆုံးသွားတယ်၊ ကလေးကို သူတို့မောင်နှမက ထိန်းထားကြ
ခု မပေးနိုင်ဘူးတဲ့၊ အငယ်ကောင်က ကလေးတွေကိုခေါ်ပြီး ထွက်
သွားတယ်"

ရှင်းမပြချင်ပေမယ့် လိုရင်းတိုရှင်းကို မရေးမင် ပြောပြလိုက်
ခရောင်း က မငြင်းနိုင်ဘဲနှင့် အရှုံးမပေးလိုသောမျက်ဝန်းလေးကို သူ
ပို့သည်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ သူမဘက်ကပဲ ရပ်တည်
ပေးဖို့ ဗဟို က နားလည်သွားသည့် ပင့်သက်တစ်ချက်နှင့်အတူ ခရော
မျက်နှာလေးထက်ကနေ ခဲအိုဆိုသူထံ ပြန်ကြည့်၍ ...

"သူတို့မောင်နှမဘက်ကနေ နည်းနည်းပြန်ကြည့်ပေးပေါ့ဗျာ၊ နော
ပြီးတော့ သူတို့ သံယောဇဉ်ကြီးနေကြတာလဲ ခင်ဗျားရဲ့ ရင်သွေးလေးဒေ
မဟုတ်လား"

"ဒါက ဒါပဲလေ၊ သူတို့တောင် ဒီလောက်ချစ်ရင် မင်း ငါ့ရင်ထဲ
ဝင်ကြည့်ပါလား၊ ငါက တစ်ပြည်ရပ်ခြားမှာ ငါ့သားတွေအတွက်ဆို
မျှော်လင့်ချက်နဲ့ သေလုအောင်ရှာဖွေလာခဲ့ရတာ၊ လမ်းလဲဆုံးရော ရှာ
ပျောက်နေတယ်"

"မပျောက်ပါဘူး၊ အကြာကြီးခွဲနေခဲ့ပြီးမှ နောက်ထပ် အချိန်တ





ကိုတော့ ခင်ဗျား သည်းခံသင့်ပါတယ်။ ခင်ဗျားတို့ကြားမှာ ပြေလည်အောင် ကျွန်တော် ကြိုးစားပေးမယ်၊ သွေးအေးသွားရင် အမှန်တရားက ပေါ်လာမှာပါ။ သူတို့ကို ခင်တွယ်နေပြီဖြစ်တဲ့ ခင်ဗျားရဲ့ ကလေးတွေရော သူတို့ရဲ့ အဒေါ်နဲ့ဦးလေးကို ငိုငိုရယ်ရယ်နဲ့ ခွဲချင်ကြမလား၊ အဲဒီလိုကြီး ဆွဲခေါ်သွားနိုင်ရင်ရော ခင်ဗျား စိတ်ချမ်းသာမယ်ထင်လို့လား"

ဘေးက မှန်တေတေမျက်နှာတွေ မပြေကြပေမယ့် အောင်မြင် ကတော့ တွေဝေသွားခဲ့သည်။ အုပ်စုနှစ်စု ငြိမ်းချမ်းစွာလမ်းခွဲသွားကြသည်။

ခရောင်း ကတော့ မငြိမ်းချမ်းခဲ့ပေ။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ နေဗဟို၊ ဘာတွေသိလို့ အာမခံပြီး ဖျန်ဖြေလိုက်တာလဲ"

လူစုကွဲအောင် ခရောင်း ကိုခပ်တည်တည်လက်ဆွဲထွက်လာခဲ့သည်။ ကားနားရောက်ကာမှ သူမက လက်ကိုဆောင့်ရုန်းပစ်လိုက်ပြီး ခတည့်အောင်စ,လာ၏။

"ဒီလူက အလကားလူ"

"အလကားလူမဟုတ်လို့ သူ့သားသမီးတွေကို ပြန်လာရှာတာပေ့ါ။ ဘာပဲဖြစ်ဖြစ် သားသမီးကို စောင့်ရှောက်သင့်ဆုံး က မိဘပဲ"

"ရှင် ... ရှင် ဘာမှမသိဘဲနဲ့ ..."

မချိမဆံ့ပေါက်ကွဲချင်လျက်နှင့် ဘာမှလည်းပြောအားမရှိတော့သည်မို့ ခရောင်း ရှိုက်ကြီးတငင်ငိုချပစ်လိုက်၏။ ကားဘေးမှာ မျက်နှာလေးကပ်ကွယ်ပြီးငိုတာမို့ လူသိပ်မသိသော်လည်း ဗဟို ကျွတ်ခနဲဖြစ်သွား၏။

"ခက်ပြီကွာ"

ဟု ခေါင်းကုတ်မိတော့မလိုလိုနှင့် ပြန်သပ်ချရင်း ရုတ်တရက် စကား,စ,ပျောက်နေပြန်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကိုယ် အဲ... ဒါ ဘာမှမဆိုင်တော့ဘူးဆိုတာ သိတယ်၊ တမင် သက်သက် ကြားဝင်ဖြေရှင်းပေးလိုက်တာလဲ လူတတ်ကြီးလုပ်ချင်လို့ မဟုတ်ဘူး၊ မင်း ဒီလူတွေအလယ်မှာ ဘေးကျပ်နံကျပ်ဖြစ်နေသလို ဒါက လဲ ကာယ်ချင်တိုင်းဝင်ကာယ်ရအောင် ရုပ်ရှင်မင်းသားမှ မဟုတ်တာ၊ ဒီလူ အုပ်ကို အလဲထိုးပြီး မင်းကိုဆွဲထုတ်သွားဖို့ မဖြစ်နိုင်တော့ ငြိမ်းချမ်းရေး ကိုပဲရှာရတာလေ"

ခရောင်း က ဘာမှပြန်မပြောပေမယ့် ငိုရှိုက်နေဆဲဖြစ်၏။

"ကဲ... စကားပြောရအောင် ကားပေါ် တက်ကွာ၊ အေးဆေးထိုင်လို့ ရတဲ့တစ်နေရာ သွားတာပေါ့"

"ဟင့်အင်း"

ခရောင်း က ချက်ချင်းခေါင်းမော့လာပြီး မျက်ရည်တွေသုတ်ပစ်၏။ ပြီးတော့ နှာရှိုင့်ကြည့်ကာ ...

"ကျွန်မ ရန်ကုန်ကို ပြန်ဆင်းရမှာ"

"ဘာ... ဘာပြောတယ်"

ဗဟို ဆတ်ခနဲလှည့်ကြည့်၏။ ခရောင်း က ဂျစ်ကန်ကန်မျက်နှာ လေးနှင့် ...

"မောင်လေးက ကျွန်မ ရန်ကုန်မှာရှိတယ်ဆိုပြီး လိုက်သွားတာ ဟိုမှာ ရှင့်အိမ်ကိုရောက်သွားပြီး ကျွန်မကိုမတွေ့ရင်...၊ နောက်ပြီး ကျွန်မ နဲ့လက်ထပ်ဖြစ်ခဲ့တာကို သိရင်..."

"အကြီးအကျယ်ကွိုင်ပဲကွာ"

ဗဟို သူ့နဖူးသူရိုက်ကာ ဖုန်းထုတ်ပြီး ရန်ကုန်ကို ချက်ချင်းအကြောင် ကြား၏။

"လာသွားပြီ သား၊ ကလေးလေးနှစ်ယောက်လဲ ပါတယ်၊ မေမေက ခရောင်း ပြောလို့သိထားတော့ ကောင်းကောင်းမွန်မွန်ဧည့်ခံပြီး ရှင်းပြ





ိုက်တယ်၊ မပူနဲ့သား၊ မင်းအဖေ မသိဘူး"

"ခု ဘယ်ကိုပြန်သွားကြတာလဲ မေမေ"

"အဲဒါတော့ ပြောမသွားဘူး၊ ဧည့်ခန်းမှာ ခဏရပ်ပြီး ထိုင်ပါဆိုတာ ာင်မထိုင်ဘူး။ နောက်ပြီးတော့ မေမေတောင်မပြောရသေးဘူး ကိုနေ ဟိုနဲ့လက်ထပ်တာ ခရောင်းရင့် ဆိုတာ ဟုတ်သလားတဲ့၊ ကျွန်တော့် ခ်မက အဖော်လိုက်သွားတဲ့သူတဲ့"

နားထောင်နေရင်း ဗဟို က ခရောင်း ကိုဖျတ်ခနဲငဲ့ကြည့်၏။ စိုးရိမ် ာ်နှင့်မော့ကြည့်နေသည့် ခရောင်း က သူ ကြည့်လိုက်တော့ ပို၍ မျက်လုံး ႕ေဖြူးလာသည်။

"မေမေ ဘာပြောလိုက်သေးလဲ"

"သူ ကြားပြီးပြီဥစ္စာကို ဝန်ခံလိုက်ရတာပေါ့ သားရယ်၊ အခု ဘာ ာွဖြစ်ကုန်လို့လဲ"

ဗဟို ဘာမှ သေချာပြန်မဖြေနိုင်ဘဲ ဖုန်းက နားကနေကွာကျသွားခဲ့

"ဘာတဲ့လဲဟင်၊ မောင်လေးတို့ ဟိုအိမ်ကိုလာသွားပြီတဲ့လား"

"ဟုတ်တယ်"

ခရောင်း ကိုယ်လေး ကားဘော်ဒီမှာ ပက်ခနဲမှီကျသွား၏။

"ဘယ်သွားမယ်လို့ ပြောမသွားဘူးတဲ့၊ မင်း ဘာလုပ်မလဲ"

"ဘယ်ရောက်နေနေ လိုက်ရှာရမှာပေါ့"

ပြော၍ ခရောင်း ငိုပြန်သည်။ တူတွေကိုချစ်သည့်ဇောနှင့်သာ ဖြစ် ည်။ ရှိုင်းမှာ ငွေသိပ်ပါမှာမဟုတ်ပေ။ ကလေးတွေနဲ့ ဘယ်လောက်ဒုက္ခ ရောက်နေလိုက်မလဲ။

"ကျွန်မ သွားမယ်၊ ကားမမီဘဲနေမှာစိုးလို့"

"ဟာ မဖြစ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဗဟို ပျာပျာသလဲတားတော့ ခရောင်း စိတ်ဆိုးမာန်ဆိုး ပြန်လှ
၏။

"နေဦး၊ ပြောတာကိုနားထောင်၊ မင်းနဲ့ငါ ဟန်နီးမွန်းထွက်သွားပြီ
တဲ့သတင်းက ကျန်ခဲ့ပြီ။ ဖေဖေက အိမ်ထဲမှာမို့ မသိတာထား၊ မင်း
ရန်ကုန်ထဲမှာ ဝါစ်ယောက်ယောက်ကမြင်သွားပြီး ဖေဖေ့ကိုပြောမိ
ဘယ်လိုလုပ်မလဲ"

"အဲဒီလောက်ထိ ကျွန်မ အနစ်နာမခံနိုင်ဘူး နေဗဟို၊ အစစ်နဲ့အ
ဆိုတာ ဆင်ဆင်တူနိုင်တာ ရှိချင်ရှိမယ် ကွာတော့ကွာမှာပဲ၊ ရှင် လိမ်ည
ပြီဆိုကတည်းက အမှန်တရားအတိုင်း တစ်ထပ်တည်းမရနိုင်ဘူးဆိုတ
ကို နားလည်ထားရမှာပေါ့"

"လည်တာပေါ့၊ အဲဒါကြောင့် အားလုံးကွက်တိစီစဉ်ပြီးမှ ထွက်
တာ။ မင်းကို ဒီမှာချထားခဲ့ပြီး ငါလဲ မြို့ထဲမှာ ဒီတိုင်းလျှောက်လိမ့်နေ
တာပဲ၊ မနက်ကျမှ မြင်ဦးလွင်ကိုတက်မလို့ စီစဉ်နေတာ"

"ရှင် ပြန်သွားရင်ရော ကျွန်မကို ဘယ်မြောင်းထဲမှာ လွှင့်ပစ်ခဲ့တ
လို့ ပြောမှာလဲ"

"စိတ်ဝင်စားလို့မေးတာလား၊ ငါ့ကို တိုက်ခိုက်မလို့လား"

"စိတ်ဝင်စားစရာအကြောင်းရှိနိုင်မလားရှင်၊ မင်္ဂလာပွဲပြီးတာ
ကျွန်မတို့ မဆိုင်ကြတော့ဘူးလို့ တွက်ခဲ့တာ၊ အခု ဘာဖြစ်လို့မပြီးနိုင်တာ
လဲ"

"ပြီးပြီလေ၊ မင်း မန္တလေးမှာပဲနေမယ်ဆိုရင် ပြီးပြီ၊ မနေ့ကပဲ ထွက်
လာကြတာ အခု ရန်ကုန်ကိုပြန်မယ်ဆိုတော့ ..."

"ကျွန်မခြေထောက်နဲ့ကျွန်မ လွတ်လပ်ခွင့်..."

"မင်းရဲ့ လွတ်လပ်ခွင့်ကို ငါ ပြောနေတာမဟုတ်ဘူး၊ ကျွတ်.. ရှုပ်ကုန်
ပြီကွာ"





ဗဟို ကိုယ့်စကားတွေကိုလည်း ဘယ်ရောက်ကုန်မှန်းမသိတော့
သူမကို သူ တားဆီးခွင့်မရှိဘူးဆိုတာကို သိသည်။ မတားလို့လည်း
ဖြစ်။

ကတိမတည်သူ၊ အခွင့်အရေးယူသူလိုလို အဖြစ်မျိုးရောက်အောင်
အပြောခံလိုက်ရခြင်းအတွက် မာနက ခေါင်းထောင်လာခဲ့၏။ ဒါပေမယ့်
ကိုယ့်ဘက်မှာ ဒီထက်ပို၍ဖြေရှင်းဖို့မရှိပေ။

"မင်း ခဏစိတ်ငြိမ်ငြိမ်ထား၊ ငါပြောပြမယ်"

"ကျွန်မ ရန်ကုန်ကိုသွားလို့မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်း မပါစေနဲ့"

ခရောင်း က နည်းနည်းမှ စကားမှားမခံတော့ပေ။ ဒီကိစ္စကို ဒီလို
ချော်တိမ်းစောင်းကုန်တာဟာ ရန်ကုန်ဆိုသည့်ခရီးစဉ်ကို စ,ခဲ့မိလို့ပဲ
ဖြစ်သည်။

ချစ်ပါသည်၊ ခင်ပါသည်ဆိုပြီး ကိုယ်မပါရင် ပွဲမစည်တော့သလိုလို
အပြောကောင်းကောင်းနှင့်ခေါင်းဆောင်ခေါ် သွားသည့် ကြင်နာဖော်။

ခုကျတော့ သတင်းလည်းမကြား၊ အကြောင်းလည်းမသိရ။ သူမက
တော့ ချစ်သူနဲ့ပါသွားပြီ၊ အလိုမကျနိုင်တာ၊ ကျနိုင်တာတွေ၊ ပျော်တာ၊
မပျော်တာတွေမှာပဲ ရွေးချယ်ခံစားဖို့ရှိနေလိမ့်မည်။

ကိုယ့်မှာတော့ ကံကောင်းလို့ ဘဝမပျက်ခဲ့တာပါ။ ဒါနဲ့တောင်မှ
ချိန်ထိ ဒုက္ခဗျာပါဒတွေ ဆက်တိုက် အကျိုးပေးကောင်းနေတာ မပြီး
နိုင်သေး။

ကလေးတွေနဲ့ တကွဲတပြားစီဖြစ်နေရတာက တစ်မျိုး၊ ဖအေ ပြန်
ပေါ် လာပြီမို့ ကလေးတွေနဲ့ အပြီးတိုင်ဝေးရဖို့တွေရှိလာတာကို တွေးမိပြီး
ကျက်ရည်က ထိန်းလို့မရ။

လိမ့်ခနဲကျလာလိုက်၊ လက်ခုံနဲ့ဖာပ်သုတ်လိုက်နှင့် ခဏခဏဖြစ်
လာဒီတော့ လက်က ဘယ်ရော ညာရောပါကာ ဒေါသကလည်း သူ့ကား



www.burmeseclassic.com

www.burmeseclassic.com



တွေမှာပဲ တစ်ရစ်ရစ်တိုးလျက်...

"ပြောလေ၊ မြန်မြန်ပြောစမ်းပါ၊ ရှင့်ရဲ့အကြောင်းကြောင်းတွေ"

"မင်း ငါနဲ့ ရန်ကုန်ကို အတူတူပြန်မှဖြစ်မယ်"

"ဘာရယ်..."

"ဟုတ်တယ်၊ ငါ မင်းနဲ့အတူ ရန်ကုန်ကိုပြန်လိုက်မယ်၊ ဟိုရောက်ရင် မင်းမောင်နဲ့ကလေးတွေကို ပြန်တွေ့အောင် ငါ ရှာပေးမယ်၊ ဒါပေမယ့် မင်း ငါပြောတာကိုတော့ နားထောင်ဖို့လိုတယ်"

ခရောင်းက ပါးနှစ်ဖက်က စိုနေဆဲမျက်ရည်ကို အပြီးသတ်သုတ်ပစ်ကာ ...

"နားထောင်ရဦးမယ် ဟုတ်လား၊ ရှင်က ဆက်လက် စီမံသွားဦးမယ်ပေါ့"

"မင်းအတွက် အများကြီးအဆင်ပြေမှာပါ။ နောက်ဆုံးကျွ မင်းတို့မောင်နှမတွေ မန္တလေးကို ပြည့်ပြည့်စုံစုံ ဘေးရန်ကင်းကင်းနဲ့ ပြန်ရောက်သွားတဲ့အထိ ငါ တာဝန်ယူပေးမယ်"

"ဘေးရန်ကင်းကင်းဆိုတာ ဘာလဲ"

"မင်းကရော ဘယ်လောက်ထိ အန္တရာယ်ကင်းချင်တာလဲ"

"ကျွန်မမှာ အန္တရာယ်တွေပိုင်းတယ်ဆိုရင်တောင် ရှင့်ကို ကူပါ ယူပါ မပြောဘူး။ ကျွန်မ ဆိုလိုတာက ကလေးတွေနဲ့ ကျွန်မ ပြန်ဆုံပြီးရင် နောက်ထပ် ရှင် ဘာမှ မစွက်ဖက်ဖို့ဘဲ။ ဥပမာ ခုနကကိစ္စမျိုးမှာ ရှင် ဝင်မပါဘူးဆိုရင် အန္တရာယ်ကင်းတယ်လို့ခေါ်တယ်"

"စိတ်ချလိုက်"





အခန်း (၂၁)

"ခရောင်း"

"ဟင်"

"ဟိုတ် မျက်လုံးဖွင့်ကြည့်စမ်း"

"အား... ခေါင်းတွေတအားကိုက်တာပဲ"

သူ လှုပ်ခေါ်နေတာကိုသိသည်။ မျက်လုံးဖွင့်ကြည့်တော့ စပ်ဖျင်းကျင်ခဲနေရှာ မျက်ခွံတွေမှာ လေးလံသည့်အရာဝတ္ထုတွေ ချိတ်ဆွဲထားသလို တော်တော်နှင့်မဖွင့်နိုင်။

နားထဲမှာ ကားမောင်းနေသည့်အရှိန်နှင့် လေတဟူးဟူးတိုးဝှေ့နေသံတွေကိုလည်း မကြားတော့ဘဲ အေးစိမ့်စိမ့် ခြောက်ကပ်ကပ် တိတ်ဆိတ်မှုကြီးကို စိတ်ထဲမှာခံစားနေရ၏။

"ခရောင်း"

"ဟင်"

ကိုယ်ကိုထူမတ်ပေး၍ လှုပ်ခေါ်လိုက်တော့မှ မျက်လုံးတွေကို ခရောင်းက အားယူဖွင့်နိုင်ခဲ့၏။ ထိုအခါ ခေါင်းထဲမှာ တဒိုင်းဒိုင်းတိုးဆောင့်ကိုက်ခဲနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မတို့ ဘယ်ကိုရောက်နေတာလဲဟင်”

“ကားပေါ်မှာ”

“ကားပေါ်မှာ…”

သံယောင်လိုက်ပြောမိရင်း ဘေးဘီကိုဝေ့ကြည့်မိတော့ အားလုံးက မှောင်နဲ့မည်းမည်း။ သူတို့ကားထဲမှာပဲ မီးရောင်ကငင်းထိန်လျက်။ ဗဟို မျက်နှာကတော့ စိုးရိမ်တာလား၊ အလိုမကျတာလားမသိ။

ထိုအပြင် သူမသည် သူ့ရင်ခွင်ထဲမှာမှီလှဲနေသည်မို့ …

“ဟင်… ကျွန်မ…”

“မင်း ဖျားနေတာ၊ ကိုယ်တွေ တအားပူနေတယ်”

ဟု ပြောသံက ခပ်ဆောင့်ဆောင့်။ ပြီးတော့ ခရောင်းကိုယ်တို ကျရှင်မှာ အသာလေးပြောင်းမှီပေးလိုက်ကာ သူ့နေရာမှာ ပြန်ထိုင်၍-

“မင်း အိပ်နေတာပဲလို့ထင်ပြီး ဂရုမစိုက်မိဘူး။ ခုကျမှ ဘယ်လိုလုပ် မလဲ၊ ဟိုမရောက် ဒီမရောက်နဲ့၊ ကားက လမ်းပေါ်မှာ”

ဆောင်းတွင်းကာလမှာ ချမ်းတာနဲ့မတူဘဲ အူတွေ အသည်းတွေပါ တုန်ခါနေသလားထင်ရလောက်အောင် စိမ့်အေးလာသဖြင့် ခရောင်း လက်ကလေးပိုက်သည်။

မျက်ဝန်းအိမ်တွေပါအောင့်တက်ကိုက်ခဲနေသောကြောင့် ဘယ်ကို မှမကြည့်ဘဲ မှိတ်ထားပစ်လိုက်ကာ …

“ကျွန်မ ရပါတယ်၊ ရှင် ဆက်မောင်းပါ”

ပြော၍မှမဆုံးသေးဘဲ ကူရှင်မှာ မှေးတင်ထားသည့်ခေါင်းလေး ငိုက်ခနဲပြုဆင်းသွား၏။ သူမဘာသာ ပြန်၍ထူမတော်သော်လည်း ထူထူ မတ်မတ်ဖြစ်မလာသဖြင့် ဗဟို က အနားတိုးသွားသည်။

“ခရောင်း”

“ဟင်”





ထူးသာထူးနေပြီး လူက ခွေကျမတတ်။

“ဘယ်လိုဖြစ်နေသလဲ၊ ခေါင်းတွေကိုက်နေတာလား”

“အင်း…၊ ချမ်းလဲချမ်းတယ်”

“ချမ်းတယ် ဟုတ်လား”

ဗဟို ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ တစ်ညနေလုံး မိုးချုပ်တဲ့ လေတဟူးဟူးနဲ့ မောင်းလာခဲ့ပြီး သူမ အိပ်ပျော်သွားပြီထင်ကာ ပြန်တင်၍ အဲကွန်းဖွင့်ပေးထားခဲ့မိ၏။ သူ မောင်းနေစဉ်မှာ ညည်း သဲ့သဲ့လေးကြားလိုက်ရကာမှ သတိထားမိခဲ့သည်။

ဒါတောင် အိပ်ပျော်နေသဖြင့် ယောင်ယမ်းပြီး စကားတွေပြောနေ ဟု ထင်ခဲ့သေးသည်။ ဘယ်လိုလုပ်ရမလဲ။

သူ့ကိုယ်ပေါ်မှာ အပေါ်ထပ်အကျႌ ဘာမှမပါ။ ကားထဲမှာလည်း သုတ်ပဝါနှစ်ထည်မှလွဲပြီး ဆိုဖာတွေလှန်ကာ လူအိပ်လို့ရအောင် ပေါ်မှခင်းသည့် အိပ်ခင်းတစ်ခုပဲပါသည်။

ထိုအိပ်ခင်းမှာ ကော်ဖီတွေစွန်းသွားသဖြင့် ဖြစ်သလိုထိုးသိပ်ပြီး ကတန်းကြားထဲမှာထားခဲ့လိုက်တာလည်း ကြာပြီ။ ထုတ်လျှော်ဖို့ သတိမရ။ အသစ်လည်း မလဲမိ။

“အား… ကိုက်လိုက်တာ၊ ကျွတ် ကျွတ်”

ခရောင်းထံမှ အသံလေးထွက်လာတော့ သူ လန့်သွားသည်။ ထို့ပြင် ဆင်း မျက်နှာလေးက သူ့ပခုံးစွန်းမှာ ဖေးတင်လာကာ ပခုံးလေးနဲ့ သည်၏။

ထို့နောက် သူ့ဘက်ကို သူမတစ်ကိုယ်လုံး တိုးကပ်လာခဲ့ပြီး…

“ချမ်းလိုက်တာ”

“ခရောင်း”

“ချမ်းတယ် တအားပဲ၊ ရှိုင်း ညီသုကို စောင်ခြုံပေးလိုက်စဉ်၊ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင်လေးပဲခြုံနော်၊ မဟုတ်ရင် မနက်ကျ ဒီကောင်လေး ပြောလိမ့်

"ခရောင်း... ဟိတ်..."

"ပြောနေတာ မကြားဘူးလား။ သုတကို သွားဖက်လိုက်လို့ နိုး
တော့မှာပဲ၊ စောင်ခြုံပေးလိုက်စမ်းပါ"

"ကျွတ်"

ဗဟို ဒုက္ခအကြီးအကျယ်ရောက်လေသည်။ ရင်ခွင်ထဲ အတင်း
ဝင်နေသည့် ခရောင်းပခုံးလေးကို ပြန်ဖက်ထားလိုက်ရကာ ဒီထက်
ထပ်လုပ်ပေးရမှန်းမသိ။

စိတ်တွေဆင်းရဲ ခရီးဝေးကို ခေါက်တုံ့ခေါက်ပြန်သွားနှင့် ခ
ပင်ပန်းပြီးဖျားတာမှန်း နားလည်လိုက်ပေမယ့် ဖြစ်တာက ဟိုင်း
လမ်းမကြီးပေါ်မှာ။

ကားတွေအဆက်ကြဲကာ နောက်မှာလည်းကျန်ခဲ့ပြီ၊ ရှေ့ဆက်
လည်း မနီး။ ပို၍အဖြစ်ဆိုးတာက သူ ကားမောင်းလို့မရဘဲဖြစ်နေခြင်း

ခရောင်း က သူ့ရင်ခွင်ထဲဝင်ကာ ခါးကို တအားဖက်ထား၏။
နေလိုက်တာ နာမည်တွေစုံအောင်ခေါ်ပြီး ဘာတွေမှာနေမှန်းလည်း

သေတ္တာလေးထဲမှာပါသည့် ခေါင်းကပ်ပလတ်စတာကို ခရောင်
နားထင်လေးနှစ်ဖက်မှာ သူကိုယ်တိုင်ကပ်ပေးလိုက်ကာ ကိုယ့်နေရာ
ခက်ခက်ခဲပြန်ရွှေ့သည်။

တစ်သက်မှာ မိန်းမတစ်ယောက်ကိုပွေ့ဖက်ထားရင်း ဖင်
ခေါင်းမနိုင် အဖြစ်ဆိုးနှင့် ကားမောင်းရလိမ့်မည်ဟု စိတ်ကူးထဲမှာ
အိပ်မက်ထဲမှာရော မပါ။

ဘယ်လိုဆုတောင်းမှားခဲ့လို့လဲ...။





အခန်း (၂၂)

"ဟင် ..."

ခရောင်း မျက်လုံးတွေဝိုင်းစက်ပြူးကျယ်သွား၏။ အိပ်မက်ထဲမှာ
ရင်ခွင်ထဲမှာ ညီသုရယ်...

"တီတီ သားချမ်းလို့ ..."

"ဟင် ဟုတ်လား။ ဒီဘက်တိုး သား၊ တီတီ ဖက်ထားမယ်"

ဟုပြောကာ ကိုယ်နွေးနွေးလေးကို တအားကျုံးဖက်ထားခဲ့မိသည်။
လေးနဲ့ကိုယ့်ကိုယ်ပေါ်မှာ စောင်လုံအောင်ဆွဲခြုံကာ အေးစက်နေ
သည့် ညီသုခြေထောက်လေးတွေကိုတောင် ကိုယ့်ခြေထောက်တွေနဲ့
ညှပ်ပေးထားခဲ့သေးသည်။

နကျတော့ ချမ်းနေခဲ့တာ ညီသု မဟုတ်ဘဲ သူမကိုယ်တိုင်ဖြစ်
သည်။ ဗဟို ရင်ခွင်ထဲမှာ သူမ၏တစ်ကိုယ်လုံးက ဖက်လုံးလေးတစ်လုံး
မြုပ်ကွယ်နေလျက် သူ့လက်မောင်းပေါ်မှာ ခေါင်းအုံးကာ သူ ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်လက်တွေ တင်းကျပ်နေ၏။ ခရောင်း မျက်နှာမော့ကာ ရုန်းထွက်ဖို့ကြိုးစားလိုက်လျှင် သူ့မေးဖျားကို နမ်းမိတော့မလိုဖြစ်သွားပြီး ပွရှိန်းနေသည့် သူ့ရင်ဘတ်ကိုလည်း မျက်နှာနှင့်ကပ်လိုက်မိသည်။

သူ့ကိုယ်တွေ ပူနေပါလား။ ဒါ ဘယ်နေရာလဲ။ ဘယ်ရောက်နေတာလဲ။ ကားပေါ်မှာ မယုတ်တော့တာ သေချာနေလျက် ကြိုးစားပမ်းစားမော့ကြည့်ကာမှ ထားထရံကာနှင့် ဝါးတဲလေးဖြစ်နေမှန်း သိရ၏။

ခရောင်း တုတ်တုတ်မျှမလှုပ်ဝံ့ဘဲ ရင်တွေခုန်နေတာကို ပါးစပ်ပိတ် အံကြိတ်၍ ချုပ်တီးနေမိ၏။ လည်ချောင်းတွေခြောက်သွေ့လျက် တံတွေး ကိုမျိုချလိုက်ရမှာလည်း အသံမြည်သွားမှာစိုး၍ မမျိုနိုင်။

ညက သူမ ဖျားခဲ့သည်။ ဒါကို မှတ်မိနေသဖြင့် ဒီပုံစံကြီးဖြစ်နေ သည့်အကြောင်းကို သေချာမဆက်စပ်မိပေမယ့် ကိုယ့်ကြောင့်ပဲဆိုတာ ကို တွေးမိသည်။ သူ နိုးလာလျှင် ဒီပုံစံကြီးနဲ့ ...

"မင်း နိုးနေပြီလား"

"အမလေး"

ချောက်ချားနေတုန်း သူ့အသံကိုကြားလိုက်ရသဖြင့် ခရောင်း ကိုယ် လေးတုန်သွား၏။ သူ့လက်တွေကိုလည်း အလန့်တကြားဖယ်ချပစ်လိုက် မိသည်။

ကြမ်းရှသော ဖျာလေးတစ်ချပ်ပေါ်မှာ ငုတ်တုတ်ထ,ထိုင်လိုက်မိ တော့ ခေါင်းထဲက မိုက်ခနဲဖြစ်သွား၏။ သို့သော် ကိုယ်က မညည်းရသေး ဘဲ သူ့ဆီက အသံထွက်လာလျှင်...

"အား... ကျွတ် ကျွတ်"

"ရှင်... ရှင် ဘာဖြစ်တာလဲဟင်၊ ကျွန်မတို့ ဘယ်နေရာကို ရောက် နေတာလဲ"

ခရောင်း၊ ကိုယ့်အကျီကို ပိုကဆွဲချ၊ ဒီကဆွဲချနှင့် မသေသပ်သည်





ဆံပင်ရှည်တွေကိုလည်း လက်နဲ့ဖိသပ်ချနေပြီးမှ သူ့မျက်နှာ ရှုံ့မဲ့နေတာ ကို ငုံ့ကြည့်ဖြစ်သည်။

ဗဟို က စောစောက ခရောင်း ကို ဖက်ထားခဲ့သောပုံစံကနေ ပက် လက်ပြောင်းသွားကာ ရှုံ့မဲ့ညည်းသည်။ မျက်လုံးမဖွင့်ဘဲနှင့် နဖူးပေါ် လက်တင်၏။

"နေဗဟို"

"ဟင်"

"ရှင် ဘာဖြစ်နေတာလဲ၊ ဒါ ဘယ်သူ့အိမ်လဲဟင်၊ ဘယ်သူမှလဲမရှိ ဘူး"

"အလုပ်သမားတွေ ခဏတည်းကြတဲ့ တန်းလျားပဲကွာ။ ခဏ ငြိမ် ငြိမ်နေစမ်းပါ။ ခေါင်းတွေကိုက်တာ ဘယ်လိုမှမခံနိုင်ဘူး"

သူ တကယ်ကိုက်ခဲနေမှာကို စာနာပါသည်။ ဒါပေမယ့် ကိုယ် ဘာမှ သိရသေးတာတွေကို မမေးရဘဲ ဘယ်လိုလုပ် ဒီတိုင်း ငုတ်တုတ်ထိုင် နေမလဲ။

ထိုစဉ် ဗဟို့လက်က နဖူးကနေ အပေါ် နည်းနည်းရွေ့သွားကာ မျက်ဝန်းတွေ ခပ်မှေးမှေးပွင့်လာ၏။

"ညက မင်း တအားဖြစ်နေလို့ ဒီအလုပ်သမားတွေတဲကို အကူ အညီဝင်တောင်းရတယ်။ သူတို့မှာ ကျန်းမာရေးမှူးပါတယ်ဆိုတာနဲ့ မင်း ကိုပါ ကားပေါ် ကနေတွဲချပြီး ကျန်းမာရေးမှူးနဲ့ ပြရတာ"

"ဒါဆို သူတို့ကရော..."

"မိုးလင်းတာနဲ့ လမ်းပေါ် ရောက်ကုန်တာပေါ့ကွ။ သူတို့က လမ်း သစ်ဖောက်နေတဲ့ အလုပ်သမားတွေ"

"ဟင် ..."

ခရောင်း က ဟိုဒီ လှည့်ပတ်ကြည့်ကာ မျက်လုံးတွေ ပြန့်မှိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဗဟို့ လက်မောင်းကို မရဲတရဲတို့လိုက်၍ ...

"ကျန်းမာရေးမှူးရှိရင်လဲ ရှင် ဖျားနေတာကို ပြလိုက်ပါလား ... ကားမမောင်းနိုင်ရင် ကျွန်မတို့ ဘယ်လိုလုပ်ပြန်ကြမလဲ"

"ဟား..."

နားငြီးလိုက်တာဟု ကျုံးအော်ပစ်ချင်သည့်မျက်နှာနှင့် ဗဟို ... ရှုံ့မဲ့ကြည့်၏။

"မင်းကိုဖက်ထားရလို့ အပူတွေကူးကုန်တာ"

"အို..."

"မိုးလင်းခါနီးမှဖြစ်လာတာ ကိုယ့်ကိုယ်ကိုတောင် မသိဘူး။ တိ... တိတ်နေကွာ"

ခရောင်း ခေါင်းလေးကုတ်၍ ထပ်ပြောဖို့ကြိုးစားနေဆဲ တဲလေး... သိမ့်ခနဲဖြစ်သွားကာ...

"မောင်ရင်တို့လင်မယား နိုးနေကြပြီလား"

လင်မယားဆိုတော့ ခရောင်း မျက်နှာ နွေးခနဲဖြစ်သွား၏။ ထို... တစ်အိပ်ရာတည်း သူ့ရင်ခွင်ထဲမှာ အတူအိပ်နေခဲ့မိသည့် ကိုယ့်အဖြစ်... ပြန်တွေးမိသဖြင့် တက်လာသည့်လူကြီးမျက်နှာကို စေ့စေ့မကြည့်မိ... ပြန်လှဲပြီးသားဖြစ်သွားသည်။

ဗဟို က လှဲနေရာမှ ထ,ထိုင်ဖို့ကြိုးစားနေသဖြင့်...

"နေပါ နေပါ၊ မင်းလဲ ဖျားနေပြီမဟုတ်လား။ ဦး တွေးမိတယ်၊ ... ကတည်းက မိန်းကလေး အဖျားတစ်ရာ့နှစ်ဆယ်တောင်ရှိတာကို မင်း... ဖွေ့ပိုက်ထားတာကိုး၊ ခရီးပန်းလာတဲ့သူချင်းဆိုတော့ လွယ်လွယ်လေ... ကူးတာပေ့ါ။ ဒီကနေ ရန်ကုန်ကို နှစ်နာရီကျော်ကျော်လောက်မော... လိုက်ရင် ရောက်ပါတယ်။ ဖြည်းဖြည်းပေါ့၊ သက်သာမှသွားကြ"

ထိုလူကြီးကို ကျန်းမာရေးမှူးဖြစ်မယ်မှန်း ခရောင်း သိလိုက်သည်





... ဗဟို့ ကိုလည်း သေချာစမ်းသပ်ပြီး ဆေးထိုးပေးခဲ့သည်။ ဆေးထိုးတာကို ကြောက်ပါသည်ဆိုမှ ခရောင်း ဆေးထိုးခံလိုက်ရ... သည်။ ပြီးတော့ သောက်ဆေးတွေပေးကာ...

"ဒီကအလုပ်သမားတွေအားလုံး သဘောကောင်းကြပါတယ်။ ခုလဲ ...ကိုကိုသွားကြည့်ပါဦးလို့ သူတို့ပဲပြောလိုက်တာကွ၊ ထမင်းစားချိန်ကျ ...သူတို့ ပြန်လာကြမှာ၊ ဟိုဘက်မှာ ချက်ပြုတ်တဲ့တဲလေ"

"ဟုတ်ကဲ့"

"ညှို့သည်အတွက် ဦးကိုယ်တိုင် စီစဉ်ထားတယ်၊ အေးဆေးနား...

"ဒုက္ခမရှာပါနဲ့ ဦးရယ်၊ ကျွန်တော် နည်းနည်းသက်သာတာနဲ့ ခရီး... ...ရမှာ၊ ဟိုမှာ အရေးကြီးကိစ္စလေးတွေရှိလို့ပါ"

"ဟေ... အေး သက်သာရင်တော့ သွားပေါ့၊ ဒါပေမယ့် နောက်ဆံ... ...နေရင် အဖျားက ပိုပြီးတာရှည်တတ်တယ်ကွ၊ စိတ်အေးအေးထား"

ကျန်းမာရေးမှူးဆိုသည့်လူကြီးက သန့်သန့်ခန့်ခန့်နှင့် သဘော... ...ကောင်းပုံလည်းရ၏။ ခရောင်း ကတော့ ကျေးဇူးတင်တာက တစ်ဝက်၊ ...သည်စတာက တစ်ဝက်နှင့်...

"နေဗဟို ဆေးထိုးခဲ့ပြီဆိုတော့ ရှင် သက်သာမှာပါနော်"

ခေါင်းကိုက်ပြီး ဆက်လှဲနေချင်ပေမယ့် ဖျော့ညစ်ညစ်ခေါင်းအုံးနှင့် ...ရောင်လွင့်နေပြီဖြစ်သည့် စောင်အနားပြလေးကို မိုးလင်းမှ သတိထား... ...ဘ ဗဟို ငုတ်တုတ်ကနေ မလှဲဖြစ်တော့ပါ။ ခရောင်း ကို မျက်မှောင် ...တ်နှင့်ကြည့်၍ ...

"စိတ်ချ၊ သက်သာတာနဲ့ မင်းကို ပို့ပေးမှာ"

"ဩော်... သက်သာရင်ပြောတာပါ၊ ရှင်တလဲ ဟို... သူတို့က ရှင်နဲ့ ...မကို လင်မယားထင်ပြီး ဟိုပြော ဒီပြောနဲ့ ရှက်စရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ လင်မယား မဟုတ်ဘူးလား"

"ဘာ..."

ဒေါသက ထောင်းခနဲဖြစ်သွား၏။ သူ့ကိုကြည့်လိုက်တော့

အားယူပြောတာနှင့်မတူပါ။ စိတ်တိုတိုနှင့် တမင်ရွဲ့ပြောလိုက်

အကြည့်တွေက ချဥ်တူးတူး။

"ရှင်က အဲဒီအတိုင်း ပြောထားခဲ့တာလား"

"မပြောလို့ ဘယ်လိုပြောရမလဲ၊ ဒီလောက်မိုးချုပ်နေကာမှ

ငါ နှစ်ယောက်တည်းရောက်လာတာ၊ ဘာလဲ ငါက ပါးစပ်အရသာ

ပြောလိုက်တယ်မှတ်နေသလား"

"ရှင်ကလဲ ရှင်ချည်းပဲ အော်နေပါလား"

"မအော်ချင်လို့ တိတ်တိတ်နေပေးပါဆိုတာ မင်းက ရလို့လား။

ယောကျ်ားနဲ့မိန်းမ အလေးသာမှုအရ မင်းက ပိုပြီးနစ်နာတာမှန်ပေ

ငါ့ဘက်က ဆုံးရှုံးလိုက်ရတာတွေရော မင်းသိလား။ မိန်းမတစ်ယော

ကြောင့် ဘဝမှာ မလုပ်ဖူးတာတွေလုပ်ရ၊ မပြောဖူးတာတွေ ပြောရ

မင်္ဂလာပွဲပြီးကတည်းက နေဗဟို ဆိုတဲ့ကောင် ဘဝပြောင်းသွားတာ

ဒေါသတွေဖြစ်နေလိုက်တာ သူ့ရောဂါ သူတောင်မေ့သွားပြီလာ

မသိ။ သည်းခံဖို့စိတ်ကူးရှိခဲ့ပေမယ့် ကိုယ့်မှာလည်း မာနနဲ့ပဲ။

"ရှင်က မိန်းမတစ်ယောက်ကြောင့် ဘဝပြောင်းသွားတာကို ခံ

နေတာလား။ ဒါဆို ကျွန်မကရော...။ ကြင်နာ က ရှင် ကြံရွယ်ထား

မိန်းမ၊ သူ့ကြောင့် ရှင် အသည်းဖြစ်ဖြစ်၊ ရင်ဖြစ်ဖြစ် ကြိုက်သလိုကဲ့

ရှင်တို့ချင်းပတ်သက်ခဲ့လို့ဖြစ်တဲ့ကိစ္စ။ ကျွန်မက ဘာဆိုင်လို့လဲ၊ ရှင့်ကြေ

ကျွန်မ ပန်းကောင်းအညွန့်ကျိုး..."

မဟုတ်သေးဘူး။ အဲဒီလောက်မပြင်းထန်ဘူးထင်တယ်။ ကိုယ့်

သာ တွေးလိုက်မိပြီး စကားသံ တုံ့ဆိုင်းသွားကာ...





"ရှင့်ကိုကူညီတဲ့အတွက် ဘဝပျက်သလိုဖြစ်..."

ဒီလိုပြောလို့လည်း မတော်ပါ။ ခရောင်း စကားလုံးရွေးမရ ဖြစ်နေဆဲ ...

"ပြောလေ၊ ဆက်ပြော၊ ငါ့ကြောင့် မင်း ဘဝပျက်တယ်၊ ပန်းကောင်းအညွန့်ကျိုးဖြစ်ရတယ်၊ ဟုတ်လား"

"အဲဒီလိုမျိုး..."

"မင်းပြောလိုက်မှပဲ ငါ တော်တော်ညံ့မှန်း ကိုယ့်ကိုယ်ကို နှောင်တရမိတယ်"

"ဘာ..."

အဖျားရှိန်နှင့် နီမြန်းမြန်းဖြစ်နေသော ဗဟို့မျက်နှာက မိုက်တီမိုက်ကန်းအကြည့်တွေနှင့်မို့ ပို၍အရောင်ရင့်နေသလိုမင်၊ ပြီးတော့ ခရောင်းကို မလွှဲတမ်းစိုက်ကြည့်လျက်...

"ဘာလို့လဲ သိလား၊ မင်းလဲ ဘဝပျက်ပြီးပြီ၊ ငါလဲ ဘာကောင်မှ မဟုတ်တော့ဘူး။ သစ္စာတွေထားနေလဲ အပိုပဲ၊ ဟုတ်တယ်၊ ညက ငါ ညံ့သွားတယ်"

"ရှင် စကားပြောတာ မမိုက်ရိုင်းနဲ့"

"မင်းလဲ ဆင်ခြင်ဖို့မမေ့နဲ့၊ တောင်းပန်မှ ဖြောင်းဆန်နေတာ၊ ငါက ဘာထပ်လုပ်ပေးရမလဲ၊ ဘယ်လိုပြောပြော ဘယ်လိုနေနေ လူကိုကြည့်ရင် တရားခံဖမ်းတဲ့မျက်လုံးတဝင်းဝင်းနဲ့"

"အဲဒါ ရှင့်ကိုမယုံကြည်တာ မဟုတ်ဘူး၊ မိန်းကလေးဆိုတာ ဘာဖြစ်ဖြစ် သတိထားရတာပဲ"

"ခုကစပြီး သတိမထားနဲ့တော့၊ နေဗဟို ဆိုတဲ့ကောင်က အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ လုံးဝ သမာဓိမထားတဲ့ကောင်"

ပြောပြီး နှုတ်ခမ်းစေ့ပစ်တာက အံကြိတ်လိုက်တာမှန်း သိသာ၏။



www.burmeseclassic.com

www.burmeseclassic.com



နားထင်ကို တစ်ချက်ဖိကိုင်ပြီး မျက်လုံးတွေမှိတ်သွားသည်။

သူ့စကားတွေကို ဒေါသဖြစ်သွားသော်လည်း တမင်ရွဲ့ပြောလိုက်တာမှန်းသိနေသဖြင့် ခရောင်း ဘာမှတုံ့ပြန်မပြောတော့ဘဲနေလိုက်သည်။

ပြီးတော့ သူ တကယ်ရိုးသားစွာစောင့်သိခဲ့၍သာ သူမ...။

"အစ်ကိုတို့ မျက်နှာမသစ်ရသေးဘူးမဟုတ်လား"

တဲရှေ့မှာ လှရိပ်ပေါ်လာလို့ကြည့်လိုက်တော့ လူငယ်တစ်ယောက်ပဲဖြစ်သည်။ စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးတိုတိုနှင့် လက်ထဲမှာ အနီရောင်လက်ဆွဲပုံးလေးနှင့် ဖလားတစ်ခွက်ကိုင်လာ၏။

"သွားတိုက်တံတွေ ဘာတွေတော့ မရှိဘူးဗျ၊ ခရီးသွားခဏပဲဗျာ ပလုတ်လေးဘာလေးကျင်းလိုက်ပေါ့နော်၊ နေ့မှာ ပြောသွားတာ နှစ်ယောက်စလုံးဖျားနေတယ်ဆိုတော့ ရေဘုံပိုင်က ကနေ နည်းနည်းဝေးတယ်၊ အဲဒါကြောင့် ရေယူလာပေးတာ"

လူငယ်က ညကတည်းက ဗဟိုနှင့် ပြောဆိုသိကျွမ်းထားတာဖြစ်မည်။ လက်ထဲကပစ္စည်းတွေကို တဲပေါ် လှမ်းတင်ပေး၍ ရှင်းပြ၏။

"ဒီတဲက ကျွန်တော်တို့ဆရာတွေ နေတာဗျ၊ အလုပ်သမားတဲတွေထဲမှာ အတောင့်ဆုံးပဲ၊ လုံလဲလုံခြုံတယ်၊ နောက်မှာ ဆန်ပြုတ်လာပို့လိမ့်မယ်နော်၊ ဆေးမှူးက သေချာမှာသွားတယ်၊ ဆန်ပြုတ်နဲ့ဆေးသောက်ပြီးမှ နေကောင်းရင် ခရီးဆက်ပါ တဲ့"

စိတ်ထဲမှာ အားနာခြင်းတွေ အဆမတန်ဖြစ်မိသော်လည်း သူ့စကားနဲ့သူ ရေပက်မဝင်ပေ။ ဗဟိုတို့ ဘာမှပြန်မပြောလိုက်ရသေးခင် လှည့်ပြန်သွားသည်။

ဘယ်လောက်မှမကြာမီ ဆန်ပြုတ်ပန်းကန်နှစ်ချပ် ရောက်လာ၏။ အပြာရောင်နုနု ဗိုင်ဘာပန်းကန်လေးနှစ်ချပ်နှင့် ဆန်ပြုတ်က ဆန်စေ့ရင်ကွဲရုံလောက်နှင့် ခပ်ကြဲကြဲပဲဖြစ်သည်။ လာပို့သည့် အမျိုးသမီးက





ီးချိုစွာရယ်လျက်...

"သုံးဆောင်ကြပါဦးရှင်"

"အားနာလိုက်တာ အစ်မရယ်၊ ဒီမှာ နားခွင့်ပေးထားတာပဲ ကျေးဇူးတင်လှပါပြီ"

ခရောင်း က ဆန်ပြုတ်ပန်းကန်ကို ကူညီယူရင်း တကယ်အားတုံ့အားနာနှင့်ပြော၏။ သူမက အသံထွက်အောင်ရယ်ကာ...

"ဘာဖြစ်လို့အားနာရမှာလဲ၊ ဒီတဲကြီးကလဲ အခု ဆရာတွေ ခဏ န့်တော့ အားနေတာလေ၊ ဖျားနေကြတာဆိုတော့ ဆန်ပြုတ်လောက်ပဲ ုတ်တိုက်ရတာ၊ ဘာမှအပန်းမကြီးတာမရှိဘူး။ ပြီးတော့ ဒီလမ်းသစ်ကို ုတ်တဲ့သူတိုင်း နေ့ဆိုလဲ အနည်းဆုံး အပေါ့အလေးလောက်ဖြစ်ဖြစ် ဝင် ာပြီး ခွင့်တောင်းသွားကြတယ်၊ လမ်းသစ်ပေါ် ရောက်လာတာနဲ့ မြို့စဉ် ္ဆက်မှ မရှိတော့တာ၊ ဒီလမ်းတောက်လျှောက်မှာဆို လမ်းအလုပ် သမားတွေပဲရှိတာလေ"

"ဟုတ်တယ်နော်၊ ကျွန်မလဲ ညက တစ်လမ်းလုံးဖျားလာတာ၊ ဒီကို ာယ်လိုရောက်လာမှန်းတောင်မသိဘူး"

ခရောင်း ပြောပြီး သူ့ဆီ မျက်လုံးရောက်သွားလျှင် ဗဟို့မျက်နှာ ြီးက 'မင်းကို ကားပေါ် ကနေကန်ချပြီး ခြေထောက်တွေကနေ တရွတ် ိုက်ဆွဲလာတာ' ဟု ပြောနေသကဲ့သို့ ရှုတည်တည်မှုန်ကုပ်ကုပ်နှင့်...

"ကားကြီး လမ်းပေါ် မှာရပ်ခဲ့ပြီး ညီမကို ဒီမောင်လေးက ပွေ့လာ ာလေ။ လမ်းပေါ် ကနေ ဒီထိကိုချောက်ထဲဆင်းသလိုဆင်းရတာ လွယ် ာမဟုတ်ဘူး။ သူကတော့ သူ့မိန်းမကို ပွေ့ချီလာလိုက်တာ ရုပ်ရှင် င်းသားနဲ့မင်းသမီးကျနေတာပဲ"

ဗဟို မျက်နှာလွှဲပစ်လိုက်ပေမယ့် ခရောင်း ရင်ထဲမှာ တဖျပ်ဖျပ်ခါ သွားသည်။ ကိုယ်သိလိုက်တာလည်းမဟုတ်ဘဲနှင့် ခုပဲအမွှေ့ခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး။

"ညီမတို့က ညားခါကစလင်မယားထင်တယ်"

"ရှင်...၊ ဟို... ဘာဖြစ်လို့လဲဟင်"

"သိသာတာပေါ့ ညီမရဲ့၊ မြင်လိုက်ရတာ လတ်လတ်ဆတ်ဆ
လေးမှန်း သိသာတယ်"

"အယ်"

"တကယ်ပြောတာ၊ ခုခေတ်စကားနဲ့ဆိုရင် လန်းတယ်ပေါ့နော်၊ နှ
ယောက်စလုံးလဲ ချောတယ်၊ ပြီးတော့လေ ဟဲဟဲ... ညီမတို့ချင်း မရင်း
သေးတာလဲ သိသာတာပဲ"

မြတ်စွာဘုရား...၊ ဒီလူတွေ တစ်နေရာကနေများ ချောင်းကြ
အကဲခတ်နေကြသလား။

ဗဟိုလည်း မျက်နှာလွှဲထားရာကနေ ခပ်ငုံ့ငုံ့ဖြစ်သွားလျက် ခေါ
အုံးကိုမ,လိုက်၊ ဖယ်လိုက်၊ ဟိုရှာသလိုလို၊ ဒီရှာသလိုလို။

"ကဲကဲ... ဆန်ပြုတ်က သိပ်မကောင်းပေမယ့် နည်းနည်းပါးပ
တော့ သောက်သွားပါဦး၊ တို့စကားကောင်းနေတာနဲ့ မသော်ဖြစ်ဘဲ
တော့မယ်"

ပြောရင်း နေရာမှထ,ရပ်သည်။ ဒါပေမယ့် ခရောင်းတို့ကို ပြန်
ကြည့်ကာ...

"အလုပ်သမားတွေက ကွယ်ရာမှာပြောနေကြသေးတယ်၊ ခုမှ နို
ပြေးလာတာလားမသိဘူးတဲ့၊ ကောင်လေးက ကောင်မလေးကိုစိုးရိမ်
တာ ပျာယာခတ်နေတာပဲတဲ့"

သူမက ရယ်၍ ခပ်သုတ်သုတ်ပြန်ဆင်းသွား၏။ ခရောင်းနဲ့ဗဟို
မနေတတ်မထိုင်တတ်တွေဖြစ်ကျန်ခဲ့ကာ မျက်နှာသစ်ဖို့ အတူတူလုံးပမ်း
ကြသည်။





ရေချိုင့်နားကို အတူခေါင်းချင်းဆိုင်မိပြီး ဖလားက တစ်လုံးတည်းမို့
င်တူပဲနောက်ပြန်ဆုတ်သည်။

"မင်း သစ်လေ"

"ရှင် အရင်သစ်ပါ"

"မင်း သစ်ပါ။ မျက်နှာသုတ်ဖို့ စောင် ကားပေါ်မှာ ငါ သွားယူလိုက်
ယ်"

"အို... ရှင်က ခုမှဖျားတာ၊ ကိုယ်ပူလဲမကျသေးဘူး၊ ကျွန်မက သက်
ာနေပြီ၊ ကျွန်မ သွားယူမယ်"

"မင်းသွားလို့မဖြစ်ပါဘူး၊ လမ်းပေါ်ကို ကမ်းပါးတက်သလို တက်ရ
ာ"

ပြောပြောဆိုဆို ဗဟို က ထ,ရပ်လိုက်၏။

"ကျွန်မပဲ သွားလိုက်ပါ့မယ်ဆိုမှ..."

"ဟာ..."

"အမေ့..."

ဒီလိုမရည်ရွယ်ပါ။ သူ့ကိုစိုးရိမ်လွန်တာမဟုတ်ပေမယ့် မျက်နှာကြီး
ဲနေတာကို စာနာစိတ်နှင့် ပြောရင်း ထ,ရပ်လိုက်သည်။ သူ့ရှေ့ရောက်
ွားမှာစိုးပြီးအကျီလက်မောင်းစကိုလည်း ဆွဲထားလိုက်မိ၏။

ဗဟိုကလည်း အဖျားရှိန်နှင့်မို့ ဖျတ်ခနဲထ,ရပ်လိုက်စဉ်မှာ မူးရိပ်ရိပ်
ဖြစ်သွားတုန်း...

"ဝုန်း"

ဗဟို ယိုင်ခနဲပြန်ကျလာတာကို ခရောင်းလည်း မထိန်းနိုင်။ တစ်
ယောက်ကိုတစ်ယောက်ဆုပ်ကိုင်မိကြပြီး ဝုန်းခနဲပြန်လဲကျလာတာ တဲ
လေး သိမ့်သိမ့်ခါသွား၏။

ဘုရား ဘုရား၊ အလုပ်သမားတွေ ဘယ်လိုထင်ကုန်ပြီလဲ။ ခရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်လက်ကလေးပစ်ကျသွားကာ သူက ကိုယ့်ဘေးမှာ ရောဝေ့းလျက်။

ရုက်စိတ်မွန်ကာ ကမန်းကတန်းပြန်ကျူးထမိပေမယ့် သူ့ကိုယ်နှင့် လက်တွေ၊ ခြေတွေ ချိတ်မိနေသဖြင့် ရုတ်တရက် ထ,လို့မရ။ ဒီလူနှင့် ဆုံမိကာမှ ပုံပျက်ပန်းပျက် လဲခဲ့ရတာ နှစ်ခါရှိပြီ။

ဒီတစ်ခါ လူက တစ်ညလုံးဖျားထားသဖြင့် အားနည်းနေတော့ ပို၍ ထိချက်ပြင်းသည်။

"သေပါပြီ၊ ရှင်..ရှင် ဖယ်လေ"

"မင်းလိုပဲ နာတာပဲကွ၊ ဘာဖြစ်လို့ရှုတွန်းချနေတာလဲ၊ အကြောင်း မကြား ဘာမကြားနဲ့ ဆွဲချလိုက်ပြီးတော့..."

"အဲဒါ ရှင့်ကို ညာတာစိတ်နဲ့ သိလား၊ စေတနာ မစော်ကားနဲ့"

"စော်ကားတာ ဝါသနာပါတယ်၊ ပြောပြီးပြီလေ၊ မင်း သဘော မပေါက်ဘူးလား"

ဗဟို က ဘာအဓိပ္ပာယ်တွေနှင့်ပြောမှန်းမသိဘဲ သူ့ကိုယ်တစ်ခြမ်း ဖိထားတာကို ဖယ်၏။ ဒါပေမယ့် ခရောင်း ထ,လို့ရအောင်ဖယ်တာ မဟုတ်ပေ။

ခပ်စူးစူးမျက်ဝန်းများနှင့်ကြည့်၍ ကိုယ်တစောင်းပြန်လှည့်လိုက် သည်နှင့် ခရောင်း၏မျက်နှာလေးထက်မှာ စီးမိုးပြီးသားဖြစ်သွားကာ...

"ခုလိုအခြေအနေမျိုးမှာ မင်း ဘာဖြစ်သွားနိုင်လဲ သိလား"

ခရောင်း ထိတ်ခနဲဖြစ်သွားသည်။ ဒါပေမယ့် တစ်ညလုံး နှစ်ယောက် ဖက်တွယ်ပြီး အတူတစ်အိပ်ရာတည်းအိပ်ခဲ့ကြတာတောင်မှ သူ ဖောက် ပြန်ခဲ့တာမဟုတ်။

မျက်နှာလေးမှာ ဂရုမစိုက်ခြင်းကို ပုံဖမ်းလိုက်ကာ...

"ဘာမှဖြစ်မသွားနိုင်ဘူး၊ အပိုတွေပြောမနေနဲ့ ဖယ်ပေး"

ဗဟို က မထိတထိပြုံးလိုက်ပြီး စဉ်းစား၏။ ကျားဆိုတာ ကျားမှန်း





သိအောင်တော့ ခြောက်လှန့်ဖို့လိုသည်ကိုသိသည်။ ဒါပေမယ့် ဘယ်လိုမှ သည်း ဟန်ဆောင်ယုတ်မာလို့မရဘဲဖြစ်နေသည်။

"တစ်ယောက်ယောက်တွေ့သွားရင် တစ်မျိုးထင်တော့မှာပဲ၊ ဖယ် ခမ်းပါ"

"မဖယ်နိုင်ဘူး၊ မင်းကို နည်းနည်းဖြစ်ဖြစ် ညစ်ဖို့စဉ်းစားနေတာ"

ထိတ်လန့်စိတ်လေးကတစ်ဖက်၊ ညစ်မလို့ပါဟု ပြောင်ပြောနေတာ ကိုလည်း ရယ်ချင်ကာ ခရောင်း သူ့ကို ဒေါသဖြစ်ဖို့မေ့သွား၏။

တစ်ယောက်ကလည်း ကြံစည်ဖို့ကြိုးစားနေတာပဲဖြစ်ကာ တစ် ယောက်သည်လည်း သူ့ရင်ခွင်အောက်မှာရှိနေပါလျက်နှင့် ထိတ်လန့် ကြောက်ရွံ့နေတာမျိုးမဖြစ်။

နှစ်ယောက်ကြားမှာ မုန်တိုင်းလည်းမဟုတ်၊ လေပြည်လည်းမလာ ဘဲ နေမထိထိုင်မသာရာသီလေးတစ်ခုဖြစ်ပေါ်သွားခဲ့၏။

ထိုစဉ်မှာ မရှယ်ရူးဘဲ ရယ်မြူးတွေထဲဝင်သွားခဲ့ကြသည့် မျက်ဝန်း ကိုဆုံမိသွားသည်။ ကိုယ်စီ၏ရင်ထဲတွင် ဖြန်းခနဲရက်သွေးတက်ကာ ဆက်တွဲပါလာခဲ့သော ရင်ခုန်သံတွေကလည်း ထူးဆန်းစွာပင်။

ရင်ခုန်သံကို နားစွင့်ဖို့လည်းမဟုတ်၊ အနုအရွအလှအပတွေမှာ တပ် မက်တာလည်းမပါ။ သို့သော် ခရောင်း၏မျက်နှာဝင်းစက်စက်လေးမှာ သူ့အကြည့်တွေ စူးနစ်သွားခဲ့၏။ သူမ၏ နှာသယ်စပ်ဆံစလေးတွေ စိမ်း နေတာက ဝင်းနုသောမျက်နှာလေးနှင့် ပန်းတင့်နေသည်။

တိုစိပ်စိပ်မျက်တောင်ကော့လေးတွေက သဘာဝအတိုင်း ထူခဲနက် မှောင်နေသောမျက်ခုံးတန်းလေးနှင့်တွဲစပ်ကာ ချစ်ဖွယ်လေးဖြစ်နေ၏။

တစိမ့်စိမ့်ကြည့်တိုင်း အပြစ်မတွေ့နိုင်အောင် ကြည့်ကောင်းနေ သည့်မျက်နှာလေးဟာ အဖုအပိမ့် အစက်အပြောက်ကင်း၍ ခင်းမွတ် ကြည်စင်နေတာကြောင့် ပိုလှနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ စူးစူးရဲရဲကြီး စီးမိုးကြည့်နေသဖြင့် ခရောင်း ဒေါသစိတ်လေး ပြန်ဖြစ်လာကာ အတင်းပြန်တွန်း၏။ သို့သော်သူ တကယ် ဖိချုပ်ထားတာမှန်း သိလိုက်ရကာ...

"ရှင်နော်...ရှင့်ခုဖယ်ပေး၊ ဒီလို ညစ်ချင်တိုင်းညစ်လို့ရမယ်ထင်နေသလား"

ခရောင်းက မျက်ဝန်းလေးတွေဖိမှိတ်ထားလိုက်ပြီး မရမက ဖြိမ်းခြောက်၏။ မနိုင်နိုင်ဘဲ အရှုံးမပေးတာကိုဘဲ ဖွတ်အော်နေသည်။ ဗဟို သည် နောက်ဆုတ်ဖို့မရည်ရွယ်တော့ဘဲ မျက်နှာ တဖြည်းဖြည်းငုံ့ကျလာစဉ် ...

"ဟာ ... ဆောရီး"

"အမလေး"

လူတစ်ယောက်မြင်သွားသည့်အသံကြောင့် ခရောင်း ရှက်လန့်တကြားအော်သည်။ ထို့ပြင် ဗဟို၏ အင်္ကျီရင်ဘတ်စတို့ကို ယောင်ယမ်းဆုတ်ဆွဲပစ်လိုက်မိ၏။ ရောက်လာခဲ့သော လူရော အသံရော ပျောက်သွားပါသည်။

ဒါပေမယ့် လူကို ရိုက်ပုတ်သွားသလိုဖြစ်ကာ ဗဟို ရင်ခုန်သံတွေကို ဥပေက္ခာထားလိုက်နိုင်၏။ ခရောင်း ကတော့ ငုတ်တုတ်လေးထ,ထိုင်ကာ လက်ဝါးနှစ်ဖက်ပေါ် မျက်နှာလေးမှောက်ချပြီး တအားရှိုက်ငို၏။

"တောင်းပန်တယ်ကွာ၊ မင်းကို ငါ စွဲ့ချင်လို့ တမင်လုပ်တာ"

"မဟုတ်ဘူး မဟုတ်ဘူး၊ လူမလာရင် ရှင် တကယ်ယုတ်မာမလို့ ကျွန်မ သိတယ်၊ ခု ဟိုကမြင်သွားပြီ၊ နေ့ခင်းကြောင်တောင်ကြီးတောင်မှ မဆင်ခြင်ဘူးဆိုပြီး ခုလောက်ဆို ဘယ်လောက်ဟားတိုက်ရယ်နေကြပြီလဲမသိဘူး"

"ဘာလဲကွာ၊ မင်းကို ဘာလုပ်သေးလို့လဲ"





"ရှင်နဲ့ ကျွန်မ ဖြစ်နေကြတဲ့ပုံကြီးကို မြင်တဲ့လူက ကလေးတွေ ခမ်းလုံးတမ်းကစားနေကြတယ်လို့ထင်မယ်များမှတ်နေလားဟင်"

ငိုလည်းငို၊ ရန်လည်းတွေ့နိုင်အားသည်။ ဗဟို က ရယ်ချင်သည့် မျက်နှာနှင့် တစ်ဖက်လှည့်သွား၏။

"ဒီကတော့ သူ့ကိုအထင်တွေကြီးပြီး အဲဒီလိုလူစားလို့မထင်ခဲ့ဘူး၊ ကို မယုံတော့ဘူး သိလား၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းမဟုတ်ဘူး၊ ရှင်က ကျက်ကျက်,မကျက်ကျက် ဖွဲ့စားမယ့်လူ"

"ဟုတ်တယ်၊ မင်းစကားကို မင်းမှတ်ထား"

"မလိုပါဘူး၊ ရှင်နဲ့လဲ ဘယ်မှမသွားတော့ဘူး၊ ကျွန်မဘာသာ လမ်းထားမှာ ငုတ်တုတ်ထိုင်စောင့်မယ်၊ အမြင်မတော်တဲ့ကားက တင်သွားလဲ"

"ဟိတ်"

"အို... မကိုင်ပါနဲ့"

ခရောင်းကထ,ရပ်ဖို့ပြင်သည်။ ဗဟို က လက်မောင်းကိုပြန်ဆွဲထားလိုက်ပြီး...

"မင်းသွားမှ လင်မယား စိတ်ကောက်ကုန်ပြီဆိုပြီး ပိုပြီးပွထကုန်မှာ၊ အတူတူပြန်မယ်"

ဟု ပြောပြီး နှစ်ယောက် အတူတူထ,ရပ်မိကြ၏။

ဒီတစ်ခါ ပြန်လဲသွားမှာစိုးကာ ခရောင်းက ဒေါသဖြစ်နေသည့်ကြားကနေ စိုးရိမ်သည့်မျက်ဝန်းလေးတွေပြောင်းသွားပြီး လှည့်ကြည့်သည်။

မျက်နှာသစ်စရာရေတွေလည်း မှောက်ကုန်ပြီဖြစ်၏။ ဆန်ပြုတ်ခွက်ကန်တွေက ထရံမှာကပ်နေသည့် သံသေတ္တာလေးပေါ်မှာ တင်ထားသဖြင့် ဒီတိုင်းရှိနေသည်။

စားသောက်ချင်စိတ်လည်းမရှိတော့ပါ။ ဆေးထိုးထားသည့်အရှိန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လုံးထွေးရန်ဖြစ်နေရတာနှင့် ချွေးတွေ ဘာတွေ ထွက်ကုန်လို့ထ သည်။

ဗဟိုလည်း ကိုယ်ပူ သိသိသာသာကျသွားပြီဖြစ်၏။ အားလုံး ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ပြီး ဗဟို က လိပ်စာကတ်ပေ ပေးသည်။

နှုတ်ဆက်ရယ်မောနေကြတာကိုပဲ ခရောင်း ရင်မဆိုင်ရဲသဖြ ကားဆီရောက်အောင်ဆက်လျှောက်ခဲ့ကာ ကိုယ့်ဘာသာ တက်ထိုင် မိသည်။

လမ်းမှာလည်း မျက်နှာကို တစ်ဖက်လှည့်ထားပြီး ခရောင်း ပါးစပ်ပိတ်နေ၏။

"ဘာဖြစ်လို့ ကားပေါ် သွားထိုင်နေတာလဲ၊ အကူအညီပေးကြတဲ့ တွေကို နှုတ်ဆက်မှသင့်တော်မယ်ဆိုတာ မတွေးမိဘူးလား"

ဗဟို က ကားမောင်းရင်း လှည့်မေး၏။ ခရောင်း က လှည့်မကြည့်

"ရှင် နှုတ်ဆက်နေတာပဲ၊ ပြီးပြီပေါ့"

ဗဟို ရှေ့ကိုပြန်ကြည့်ပြီး မထီတထီပြုံးကာ..

"ရေချိုးငှလာပို့တဲ့ကောင်လေးက ပြောသေးတယ်"

ဒီနေရာမှာ စကားတော်တော်နှင့်မဆက်သဖြင့် ခရောင်း မျက် လေး ခပ်စောင်းစောင်းလှည့်လာ၏။ သူနှင့်မျက်လုံးချင်းမဆုံပေမယ့် ဗ က ပြန်လှည့်ကြည့်ပြီးမှ ...

"နောက်တစ်ခါ လမ်းသစ်မပြီးသေးခင်ရောက်ရင် ဝင်ခဲ့ပါတဲ့၊ တဲ ဒီထက်နိုင်ခိုင်ပြင်ထားပါမယ်တဲ့"

"အို..."

ခရောင်း မျက်နှာကို ရေနွေးပူပူနှင့် အပက်ခံလိုက်ရသလို ဘယ်နေရာကကြွတက်လာသည့်အပူလုံးကြီးမှန်းမသိတဲ့ အရှေ့ပြား





တဖျင်းဖျင်းထလျက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။

"ဟာ.. ဆောရီး...ဆောရီး"

ဟိုဘက်လှည့်နေသည့် ခရောင်း၏မေးရိုးနားမှာ မျက်ရည်ဥလေး ပ်လီလှုပ်လဲ့ခိုတွဲနေတာမြင်ကာမှ လွန်သွားပြီမှန်းသိ၏။

ဖျတ်ခနဲလှည့်ကြည့်ကာ ကမန်းကတန်းတောင်းပန်၍ ကားကို ရပ် လိုက်သည်။

"စ,လိုက်တာ လွန်သွားတယ်ကွာ၊ ဆောရီး... မင်း ဒေါသဖြစ် ာင် တမင်ပြောလိုက်တာ၊ အဲဒီလောက် မင်း ရှက်နေမှန်းမသိလို့ပါ၊ တယ် ဆောရီး"

"မပြောပါနဲ့တော့ ကားမြန်မြန်မောင်းပါ၊ ဘယ်သူမှမလွန်ဘူး၊ ကျွန်မ ခဲ့တာ၊ ဘယ်မိန်းမမှ စိတ်မကူးတဲ့အလုပ်ကို ကျွန်မက လုပ်ခဲ့တာကိုး၊ ပြောတာ မှန်ပါတယ်၊ ကျွန်မက ရှင့်လက်ခုပ်ထဲကလူပါ၊ သူများပြော ခံရမှာပဲ၊ ရှင် အနိုင်ကျင့်လို့လဲရတယ်"

"အဲဒါတော့ မဟုတ်ဘူး ခရောင်း၊ မင်းကို ငါ တစ်ခါတစ်ခါ ဒေါသ လို့ မချေမငံထထပြောမိတာ၊ ငါ့ရင်ထဲမှာ စော်ကားချင်တဲ့စိတ် လုံးဝ ဘူး ငါ အဲဒီလိုကောင်လဲမဟုတ်ဘူး"

"ဟုတ်တာ၊ မဟုတ်တာတွေ ကျွန်မ အခု သိရပါပြီ၊ ရန်ကုန်ကို မြန် ရောက်အောင် မောင်းပေးရင်ပဲ ရှင့်ကို ကျေးဇူးတင်ရဦးမှာပါ။ ကျွန်မ ကိုအစကတည်းက ခုချိန်ထိ သူများရဲ့အနိုင်းခံ၊ အသုံးချခံ"

"ခရောင်းရင့်"

ဗဟို က ခရောင်းလက်မောင်းကို ဒီဘက်လှည့်လာအောင် ဆောင့် လိုက်၏။

"မင်းကိုယ်မင်း အပြစ်တင်နေတာလား၊ ငါ့ကိုဆဲနေတာလား၊ မင်း တဲ့စကားတွေက စကားလုံးတွေမဟုတ်ဘူး မြားတွေနဲ့ပစ်ခွင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုပြန်ရုန်းတော့ ခရောင်း က ငိုသည်။ ရုန်းလို့မရတော့ အသ
ထွက်အောင်ရိုက်၏။

"မုန်းတယ်၊ ကျွန်မဘဝ အဲဒီလိုစ,ခဲ့ရတာ ခုချိန်ထိ ဒီတိုင်းဖြစ်နေ
တာ ကျွန်မ သိပ်မုန်းတယ်"

ဗဟို့လက်မောင်းက ခရောင်း၏လက်မောင်းလေးထက်ကနေ ရွေ
ကျသွားကာ လက်ဖဝါးလေးနားကျမှ ဖဝါးချင်းထပ်ဆုပ်လိုက်၏။

"ခရောင်းရင့်"

"ဘာမှမပြောပါနဲ့ဆိုမှ၊ ဖယ် လွှတ်"

ရုန်းနေသည့်လက်ဖဝါးလေးကို ဖိဆုပ်ထားလိုက်မိ၏။

"မင်းရဲ့ဘဝကို ငါ စိတ်ဝင်စားတယ်၊ မင်းရဲ့ ရှက်တတ်တဲ့သိက
ဖြူစင်တဲ့သဘောတွေကိုလဲ အထင်မကြီးခဲ့တာ မှန်ပေမယ့် ဘယ်တုန်
မှ ငါ အထင်မသေးခဲ့ဘူး"

ဗဟို က စတီယာရင်မှာတင်ထားသည့်လက်ကို ဖြုတ်လိုက်
မယ့် ခရောင်း လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားဆဲဖြစ်ကာ ကျ
မှာ မှီချလိုက်၏။

"မင်းရော ငါ့ဘဝကို စိတ်ဝင်စားရဲ့လား"

"လုံးဝ မဝင်စားဘူး"

အပြတ်အသတ်ပြော၍ လက်ကိုခါချရုန်းတော့ သူမကို လှည့်မကြ
ဘဲ ဗဟို က ပြုံးလိုက်သည်။ ခရောင်း ဒေါသတွေဖြစ်လာကာ သူ့
ကို တည့်တည့်လှည့်ထိုင်လိုက်၏။

"ရှင့်ကိုယ်ရှင် ဥစ္စာပေါရုပ်ချောပဲဆိုပြီး အချိန်မရွေး လက်ဖျ
လိုက်ရုံနဲ့ ရတယ်လို့ထင်နေလား၊ ဒီလိုဖြစ်ရုပ်မျိုးနဲ့ ပါဝင်ပတ်သက်
ဒီမိန်းမ ငါ့ကိုကြိုက်နေမှာပါလို့ရော တွက်နေသလား"

ဗဟို က သူမလက်ကို လွှတ်ပေးလိုက်ပြီး လက်ပိုက်၏။ ဒါပေ





ကြိုက်သလောက်ပြောစမ်းဆိုသည့်မျက်နှာနှင့် ဘာတစ်ခွန်းမှ မပြော၊
ငြင်းလည်းမငြင်းပေ။

ခရောင်း ရှိုက်သံမထွက်သော်လည်း မျက်ရည်တွေက မေးဖျားနား
ကနေ တတောက်တောက်ဆင်းနေလျက်...

"ဆင်းရဲလို့ ချမ်းသာချင်တဲ့စိတ်တော့ လူတိုင်းမှာရှိကြတာပဲ။ ဒါပေ
မယ့် ခရောင်းရင့် ဆိုတဲ့ ကျွန်မက တိုယ့်ဘဝနဲ့ကိုယ် ပျော်အောင်နေတတ်
တယ်၊ သူဌေးလိုချင်လို့ စီးတဲ့ကားရှေ့ပြေးဝင်ပြီး ခြေကျိုးခံရလောက်
အောင် မရူးဘူး၊ ဆရာဝန် လိုချင်တာနဲ့ ကြက်သွန်နီချိုင်းကြားညှပ်ပြီး
ဆေးထိုးခံရလောက်အောင်လဲ ပေါကြောင်ကြောင်မလုပ်ဘူး။ ဘဝမှာ
လိုချင်တိုင်းရကြတာမှမဟုတ်ဘဲ၊ ကျွန်မက မရနိုင်တာကို ရူးသွပ်တာ
ထက် မလိုချင်တာကို မရနိုင်တဲ့ကိုယ်ပဲဖြစ်ချင်တာ၊ ချမ်းသာတဲ့ယောက်ျား
တစ်ယောက်ကို လက်ထပ်ခွင့်ရအောင်လုပ်ပြီး တစ်သက်လုံး အဲဒီလူရဲ့
ခြေသုတ်ဖတ်ဘဝနဲ့ ပေးဆပ်သွားဖို့ထိ ကျွန်မရဲ့မာနက ရူးသွပ်ခွင့်မပြု
ဘူး။ ရှင်သိထားရမှာက ဆင်းရဲတဲ့မိန်းကလေးတိုင်း မမိုက်မဲကြဘူးဆိုတာ

ဗဟို က လက်ပိုက်မဖြေဘဲ ဆတ်ခနဲငဲ့ကြည့်ကာ...

"ချမ်းသာတဲ့ယောက်ျားတိုင်း ဒီလိုကျောချင်တဲ့စိတ်တွေ မရှိကြဘူး
ဆိုတာရော မင်း ထည့်တွက်လေ၊ ဘာမဆို မျှမျှတတပေါ့။ မင်းကို ငါပြော
တာ မိန်းမတွေရဲ့ စရိုက်သဘာဝကို နားလည်ဝေဖန်ချင်တာမပါဘူး၊ မင်း
ရဲ့ဘဝ မင်းရဲ့စိတ် မွေးလာကတည်းက ဘယ်လောက်မြင့်မြင့် ဘယ်ထိ
ထိုးဆင်းနေနေ အဲဒါကိုလဲ ငါ စိတ်မဝင်စားဘူး၊ ငါပြောတာက ငါ အခု
သိနေတဲ့ မင်းရဲ့ဘဝပဲ"

ဗဟို က ခရောင်းရင့်ဘက်ကိုလှည့်၍ ကျောင်မှာ ပခုံးတစ်ဖက်စောင်း
ကပ်ထားကာ..



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောနေတဲ့ဘဝ အနိမ့်အမြင့်တွေအကြောင်းနဲ့ပတ်သက်
မင်းဘက်ကချည်းပဲ နစ်နာခဲ့ရတာတွေပေါ့။ ဒါဟာ မင်းဘက်က တစ်
သတ်ခံစားမိတာလဲဖြစ်နိုင်တယ်၊ မင်း တကယ်နစ်နာခဲ့ရတာဆိုရင်
အဲဒီအတွက်ကွာ အခု မင်း ငါနဲ့လက်ထပ်ခဲ့ရတဲ့အတွက် မနစ်နာစေရဘူ

"ဘာ..."

"နေဦးလေ၊ မင်းကို ငွေကြေးပကာသနနဲ့ နစ်နာကြေးပေးမလို့ မဟု
ဘူး။ မင်း ငါ့ရဲ့စိတ်ဓာတ်စရိုက်ကို စိတ်ဝင်စားဖို့ပဲလိုတယ်"

သူ ဘာကိုပြောချင်တာမှန်း ခရောင်း နားမလည်နိုင်။ မျက်ရည်
လည်း မသုတ်ဖြစ်ဘဲ မျက်မှောင်လေးကြုတ်၍ စိုက်ကြည့်နေမိသည်
မျက်ဝန်းချင်း ကြာရှည်စွာစူးစိုက်ဆုံစည်းနေကြပြီးမှ ...

"မင်း ငါ့ဘေးမှာပဲနေသွားလို့ရတယ်"

"ဟွန်း"

ခရောင်း မျက်ဝန်းတွေ အေးခနဲဖြစ်သွားသလိုပင်။ သူ့ကို စေ့
ကြည့်၍ မဲ့ပစ်လိုက်ရင်း ...

"ရှင် ကျွန်မပြောတာကို မရှင်းဘူးထင်တယ်၊ ထားလိုက်ပါတော့
ကျွန်မတို့ အဲဒီ အိမ်ထောင်ရေးအကြောင်းကို ဘာမှ ဆွေးနွေးဖို့မလိုပါဘူ
ဆက်မောင်းပေးပါ"

"ဒီမှာ မင်းနဲ့ငါ ဘာမှမဆိုင်ကြတော့ဘူးဆိုတာ မင်းနဲ့ငါ့ရဲ့ သတ်မှ
ချက်ပါ၊ တရားဝင်ကွာရှင်းထားကြတာမဟုတ်ဘူး။ အိမ်ထောင်ရေးအကြော
ဆက်ဆွေးနွေးဖို့မရှိတော့ဘူးဆိုရင်လဲ တစ်ယောက်နဲ့တစ်ယောက် ပ
သက်ခွင့်ရှိသေးတယ်"

"ကျွန်မက ဇယားရှုပ်လာမှာတော့ လုံးဝမပူနဲ့ နေဗဟို။ ရှင့်ကို ကွ
ရှင်းကြဖို့မပြောခဲ့တာကလဲ တကယ့်လင်မယားလဲမဟုတ်ဘဲနဲ့ ကွာရှ
ဖို့လဲမလိုဘူးလို့တွက်ထားခဲ့လို့ ပြီးတော့ အဲဒီလိုလုပ်ဖို့ ကျွန်မ ရှက်တယ်





ဗဟို က ခါးမတ်မတ်ပြင်လိုက်ပြီး စတီယာရင်ပေါ် လက်တွေတင်
ဘ...

"ပြောပြတာ၊ ဆုံးဖြတ်ဖို့က မင်းသဘောပါ။ တစ်ခုရှိတာက မရင်းနှီး
တဲ့သူချင်းပဲ၊ ပြီးတော့ မင်းနဲ့ငါကြားမှာ ချစ်တာ၊ ကြင်နာတာတွေ ပြော
ာမရှိဘူးလေ၊ မချစ်တတ်သူချင်း အဲဒါတွေက လိုမှမလိုသေးဘဲ၊ လက်
ပ်ခဲ့ကြတာ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် အခု ဒီတိုင်း အတူတူ
က်နေသွားကြဖို့လဲ ဘာအကြောင်းနဲ့ဖြစ်ဖြစ်ပေါ့၊ မမျှတတာ ဘာရှိလဲ၊
တော့ လောဘမကြီးဘူး"

"ကျွန်မကတော့ ကြီးနေတယ်ပေါ့"

ဗဟို က လှည့်မကြည့်ဘဲပြုံး၍ ကားစက်နှိုးလိုက်သည်။ ထိုအပြုံး
စိတ်တိုလွန်းလို့ ခရောင်း ရှေ့ကိုပြန်လှည့်နိုင်အောင်စိုက်ကြည့်မိ၏။

"ရှင့်ကို ဘယ်တော့မှ ခင်မင်စိတ်ဖြစ်လာမှာမဟုတ်ဘူး။ အဲဒါ
ချာတယ်"

"ဘယ်သူက ခင်ပါ မင်ပါ တောင်းဆိုနေလို့လဲ၊ အဲဒါကြောင့်ပြောတာ
မှာ လောဘစိတ်တွေများနေတယ်"

"ဘာ... ရှင်..."

ခရောင်း တက်ခေါက်မိမတတ်ဖြစ်သွားစဉ် ကားက သိမ့်ခနဲ ပြေး
က်၏။

ရန်ကုန်ကို မြန်မြန်ရောက်ပါစေတော့...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ချစ်ကြဖို့နေနေသာသာ အိမ်ထောင်ရေးဆိုတာကိုလည်း စိတ်မဝ
စားခဲ့ကြပါ။ ဒါပေမယ့် လက်ထပ်ဖြစ်ခဲ့ကြသည်၊ တစ်ခရီးတည်းသွားက
တစ်အိပ်ရာတည်းမှာပဲ အတူအိပ်စက်ခဲ့ရ၏။

မကျွမ်းပေမယ့် လွမ်းခဲ့တာမျိုးလား။ ခရောင်း မျက်နှာလေးတင
နေတာကို ခဏခဏလှည့်ကြည့်မိကာ ဗဟို မနေတတ်သလိုကြီးဖြစ်နေ
မိ၏။

စကားပြောဆိုကြည့်ဖို့ စိတ်ကူးမိတော့လည်း ဘာမှ ရှေ့ဆက်စ
မလိုတော့သည့်အခြေအနေတွေဖြစ်နေကြသည်။

"ရှင် ဘယ်ကိုမောင်းနေတာလဲ"

ရန်ကုန်ကိုဝင်လာခဲ့ပြီး တော်တော်ကြာတော့ ခရောင်း က လှည
ကြည့်မေး၏။

"အိမ်ကိုပြန်လာတာ၊ အိမ်ကိုမောင်းတာပေါ့"

"ကျွန်မကို ..."





ခရောင်း ဘာဆက်ပြောရမှန်းမသိ။ 'ဘယ်ကိုပို့ပေးပါ'ဟု တိကျစွာ
တောင်းဆိုလိုက်ဖို့ပေမယ့် ဘယ်ကိုဦးတည်ရမည်မှန်း ကိုယ့်ကိုယ်တိုင်
သိပေ။

ရန်ကုန်မှာ ဆွေမျိုးမရှိ၊ အသိမရှိ။ ဒါပေမယ့် မောင်နှမနှစ်ယောက်
လုံး ရန်ကုန်မြို့ပေါ် ကိုရောက်လာခဲ့ကြရသည်။ ဘယ်မှာဆုံကြမယ်လို့
လည်း ချိန်းထားတာမဟုတ်ဘဲ သူ ဘယ်ရောက်သွားလို့ ကိုယ်က ဘယ်
ကလိုက်ရှာရမလဲ၊ ဒါလည်းမသိပေ။

"မင်းကို ဘယ်ပို့ပေးရမလဲ ပြောလေ"

ကိုယ့်ကိုယ်ကို လမ်းရှာမရတုန်း သူ မေးလိုက်သဖြင့် တမင်ခနဲ့
လိုက်တာဟုထင်ကာ ဖျတ်ခနဲလှည့်ကြည့်မိ၏။ ဒါပေမယ့် သူ မေးသင့်တဲ့
မေးခွန်းပဲဆိုတာ ချက်ချင်းသတိဝင်လာသည်။ ဗဟို က သူမ ငြိမ်နေတော့
မှ ကားမောင်းနေရင်း လှည့်ကြည့်၍ ...

"ရန်ကုန်မှာ ငွေလဲမလုံလောက်၊ အသိလဲမရှိဘဲနဲ့ နေထိုင် စား
သောက်ဖို့မလွယ်ဘူးကွ၊ မင်းကို နှိမ်ချချင်လို့ပြောတာမဟုတ်ဘူး။ ပြီး
တော့ မင်းမောင်ကိုရှာရဦးမှာမဟုတ်လား၊ မင်း နေထိုင်တည်းခိုဖို့အတွက်
ငါ စီစဉ်ပေးမယ်၊ ခုတော့ အိမ်ကို ခဏလိုက်ခဲ့ဦး"

"ဘာလုပ်ဖို့လဲ၊ ကျွန်မတို့ ခရီးသွားမယ်ဆိုပြီး ထွက်သွားခဲ့ကြတာ
မဟုတ်ဘူးလား၊ ရှင်ပဲ ရန်ကုန်ကိုလာတာတောင်မှ လူမသိစေချင်ဘူးဆို"

"ဟုတ်တယ်၊ ဒါပေမယ့် မင်းနဲ့ငါ အတူရှိနေရင် ဘယ်ကိုသွားသွား၊
ဘယ်ကပြန်ပြန် ဘာပြဿနာမှမရှိဘူးလေ၊ အဓိက,က ဒီတစ်ရက်,နှစ်
ရက်လေးမှာ ဖေဖေ မသိဖို့ဘဲ၊ မေမေက အားလုံးသိပြီးပြီဆိုတော့ ကျန်
တာ သိပ်အခက်အခဲမရှိပါဘူး"

ခရောင်း ငိုင်တွေသွားခဲ့၏။ ဒီထက်ပိုပြီးမနေနိုင်တော့ပါဘူး၊ မကူနိုင်
တော့ပါဘူးနှင့် ငြင်းဆန်ရုန်းကန်ပြီး ထွက်လာခဲ့တာက ကိုယ်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခု ပြန်လိုက်သွားပြီး ဒီမျက်နှာကြီး ဘယ်လိုပြရမလဲ။

ဗဟို က ခရောင်း တွေးနေတာကို နားလည်သွားသလို လှည့်ကြည့်ကာ ...

"မင်းပြဿနာနဲ့မင်း ပြန်လာရတာပဲ၊ ငါ့နောက်လိုက်လာတာမှ မဟုတ်တာ၊ ပူမနေနဲ့"

ဒီလိုလည်းဟုတ်တာပဲဟုတွေးမိပြီးမှ စိတ်သက်သာရာရသွားခဲ့၏။ သို့သော် ကား၏ဦးတည်ခေါ် ဆောင်ရာသည် သူမအတွက် စိတ်သာယာစေဖို့ မဟုတ်မှန်း သိလိုက်ရချိန်တွင် ...

"ဟင်..."

ပေါ်တီကိုမြင့်ကြီးအောက်မှာ ကားရပ်လိုက်သည်နှင့် လှမ်းမြင်လိုက်ရသည့်လူတွေကြောင့် ခရောင်း ပါးစပ်အဟောင်းသားဖြစ်သွား၏။ ထို့အတူ ကားကို သော့ပိတ်ပြီးဆင်းခဲ့ပြီးသည်အထိ ဗဟို့မျက်လုံးတွေကလည်း အိမ်ပေါ်မှာပဲဖြစ်ကာ...

"ဘာလာလုပ်ကြတာလဲ"

ဟု ခပ်တိုးတိုးရေရွတ်၍ ကြည်လင်သည့်မျက်နှာက ရှိသင့်တာထက် ပိုတင်းသွား၏။

"သား ..."

ပန်းချီကားဆန်အောင်လှပထည်ဝါနေသော ကျွန်းဆက်တီစုံခင်းထားသည့် ဧည့်ခန်းကြီးထဲမှာ ဒေါ်စိုးမိုးလွင်နှင့်အတူ ရှိနေကြသူတွေက ကြင်နှာဖော် နှင့် ဖော်။ ပြီးတော့ ဦးတက်နေ၏ အကျိုးတော်လုပ်ငန်းဘက် ဦးသုံ့က်စိုးလည်း ရှိနေ၏။

ဘယ်သူက ဘယ်အကြောင်းနဲ့လာပြီး ဘယ်သူက အရင်၊ ဘယ်သူက နောက်မှရောက်တာလည်းဆိုတာ မသိပေ။ ဒေါ်စိုးမိုးလွင်ကတော့ သားဖြစ်သူကိုမြင်လိုက်တာနှင့် ကမန်းကတန်းထ,ရပ်လိုက်ပြီး ထွက်လာ၏။





"သား... ဟင် ... ခရောင်း"

ခရောင်းကို အစကမမြင်ဘဲ ခြေလှမ်းတုံ့သွား၏။ ထိုစဉ်မှာ ကြင်နာဘာ ခရောင်းကို စူးစိုက်ကြည့်ကာ နေရာမှဖြည်းလေးစွာထ,ရပ်သည်။

သူမ လာခဲ့ရတာက တက္ကသိုလ်နဲ့ပါ။ ဒါက ရန်ကုန်မှာ ဖော်ရော သူမပါ ညှိသည်ပဲမို့ ဖြေသာသည်။ ခရောင်း ရောက်လာလိုက်တာ ကြွားရွှားတောက်ပနေသောလင့်နိခရိုဗာကားကြီးနှင့် ပြီးတော့ သူမဘေးမှာ နေဗဟို။

ဘာဆိုင်လို့လဲ၊ သင်းကို မင်္ဂလာဆောင်ဖြစ်ရုံလေးပဲ သုံးခဲ့တာ၊ ပြီးပြီမဟုတ်ဘူးလား။ ဒီမင်္ဂလာပွဲအကြောင်းတွေကို ကြီးကြီးသန့် ဖုန်းဆက်ပြောလို့ သူမ အားလုံး သိခဲ့ပြီဖြစ်၏။

ပစ္စည်းတွေကို မိမိပဲ ဆက်လက်ခံစားခွင့်ရှိတဲ့အကြောင်းလည်း ပါသည်။ ဒါပေမယ့် ဒီပစ္စည်းတွေကို အလှူငွေထည့်သည့်အတိုင်း ရက်ရောစွာ ချပေးထားခဲ့နိုင်သည့် နေဗဟိုတို့၏ ပိုင်ဆိုင်မှုတွေကို မစားရဝခမန်း လှမ်းမျှော်တွေးကာ ရင်နာမိခဲ့သေးသည်။ ဒီလိုလူကို သူမ စွန့်လွှတ်ခဲ့ရသည်။

အစကတည်းက ပြတ်သားစွာငြင်းခဲ့မိတာဆိုရင်တောင်မှ ဒီထက်အများကြီးသိက္ခာရှိလိမ့်ဦးမည်။ ခုတော့ လိုချင်လို့ လစ်ထွက်လာကာမှ မရလိုက်သည့် သူမအဖြစ်က ရှက်ဖွယ်လိလိပင်။

ဒီဘက်မှာလည်း ရှက်ဖို့ကောင်းသည်။ ဖော် က ခုချိန်ထိ နှုတ်ခမ်းမဲ့နှာခေါင်းရှုံ့နေတုန်း။

"မင်းက သူဌေးကိုလိုချင်တာပါ၊ ကိုယ့်ကို မလွဲသာလို့ ခေါင်းညိတ်လိုက်ရတာကို ချစ်တာတွေ၊ ငဲ့ညှာတာတွေ ရွှတ်ပြမနေစမ်းပါနဲ့" တဲ့။

ဒေါ်စိုးမိုးလွင်တို့၏ ပတ်ဝန်းကျင်၊ ဖော်တို့ရဲ့ မိသားစု၊ ဒီလူတွေထဲမှာ သူမ မျက်နှာငယ်ပင်ပန်းစွာ ဘဝခရီးဆက်ရတော့မည်။

ခရောင်းရှင့် ဆိုသည့် မိန်းမတစ်ယောက်ကတော့ သူဌေးကတော်အဖြစ် ခံယူနေတာ မပြီးနိုင်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ… ခရောင်းကို နေ့ဗဟိုက တကယ်လက်ထပ်တာမဟုတ် ဘူး၊ တို့ဘက်က ဖျက်ကွက်သွားတဲ့အတွက် အားလုံး အရှက်တကွဲမဖြ ရအောင် စီစဉ်လိုက်တာတဲ့။ စိတ်မပျက်နဲ့သိလား၊ ပစ္စည်းတွေလဲ ကြီးကြ တို့ပဲ ပိုင်ရမှာ၊ အဖြစ်သနစ်တွေကို သူတို့ဘက်က သမီးအဖေ မျက်နှ နဲ့ အားလုံး ကျေအေးလိုက်လိုက်ပြီပဲကွယ်၊ သမီး ဒီတိုင်းနေရင် ပို ပြတ်တောက်ကုန်လိမ့်မယ်၊ မစိုးတို့ဆီသွားလိုက်ပါဦး။ ခရောင်းရဲ့ အခြေ အနေမှန်ကိုသိရအောင်လဲ ပြောပြခဲ့၊ တော်ကြာ ကြိုးချင်းထားတော့ ကြိ ချင်းငြိသတဲ့၊ နေ့ဗဟို က ခရောင်း ကို ပြန်လိုက်ပို့ပြီး ခုထိ မန္တလေးက မပြန်သေးဘူး"

"ကြက်ကန်းဆန်အိုးတိုးသွားရင် ခက်လှချည်ရဲ့ကွယ်၊ သူ ကောင်း စားသွားမှာကို မနာလိုတာတော့မဟုတ်ဘူး၊ ဒီလိုမိန်းကလေးမျိုးက ကိုယ် နေရာကို ဝင်ယူသွားတာမျိုးတော့ အဖြစ်မခံနိုင်ဘူးလေ။ ဒီကောင်မလေး ဆင်းရဲရုတ်ပြတ်တာကို မစိုးတို့ သိထားဖို့လိုတယ်၊ ပြောပြခဲ့ သိလား အဲဒါ အရေးကြီးတယ်"

ကြီးကြီးသန့် တိုက်တွန်းလို့ သူမ ဒီနေရာကိုရောက်လာခဲ့သည် ဒီခြံမြေ၊ ဒီရပ်ဝန်းထဲကိုဝင်လိုက်ကတည်းက စွန့်လွှတ်ခဲ့ရတာကို ရင်နာ ခြင်းတွေ အစပြန်ပေါ်လာ၏။

ထို့ထက်ပိုဆိုးသည်မှာ မဲ့ပြုံးတို့စွန်းထင်းနေခဲ့သည့် ဇော် မျက်နှာ က ကိုယ့်ဘေးမှာ ထက်ကြပ်မကွာပါလာခဲ့ခြင်းပဲဖြစ်၏။ တကယ်ဆို ကြီးကြီးသန့် ပြောသည့်စကားတွေအရ လာချင်ပေမယ့် ချက်ချင်း ထ လာဖို့မဟုတ်ပါ။ ဇော့် ကြောင့်သာ မဟုတ်ခဲ့လျှင်…

"ကိုယ် မင်းကို ဖွတ်ခိုးပြေးခဲ့တာ အခြေအနေကြောင့်နော်၊ အချ ကို ဓားပြတိုက်ယူခဲ့တာမဟုတ်ဘူး၊ အဲဒါကိုတော့ မင်းရဲ့မတော်လိုက်ရတဲ့ ခင်ပွန်းလောင်း သိဖို့လိုတယ်၊ မင်းကိုယ်တိုင် ချစ်တဲ့သူနောက်ကို လိုက်ခဲ့





တာပါဆိုတဲ့အကြောင်း မပြောသင့်ရင်တောင်မှ သူတို့တွေ သုံးသပ်လို့ ရအောင် မင်းဘက်က သက်သေပြုပေးပါ။ အဲဒီသက်သေဟာ မင်း ကိုယ့် ကို အရင်လိုချစ်သေးတယ်ဆိုတဲ့ပြယုဂ်ပဲ ကြင်နာ၊ ဒါကို မင်း သတ္တိရှိ တယ်ဆိုရင် ကိုယ်တို့ရဲ့ အိမ်ထောင်ရေး နောက်ထပ် ဘာမှ အဖုအထစ် ရှိတော့မှာမဟုတ်ဘူး"

ဇော် က ဒီတိုင်း ကပ်ရှိနေခဲ့၏။ သူပြောတာဟာ ခြိမ်းခြောက်စကား နှင့်တူပေမယ့် ကိုယ့်မှာလည်း ရွေးချယ်ဖို့က ဒီတစ်လမ်းပဲရှိတော့သည်မို့ ထ လာခဲ့ရခြင်းဖြစ်သည်။

ဒီကပြန်တာနှင့် သူမနှင့်ဇော် မန္တလေးကိုပြန်ကြမည်။ မင်္ဂလာပွဲ ကျင်းပမည်။ ဒီအစီအစဉ်တွေအားလုံးကလည်း ဇော့် အစီအစဉ်တွေပါ။

ထို့ပြင် ဤခြံကြီးထဲကိုဝင်လာသည်နှင့် ဇော့် ပါးစပ်ထဲက မခံချင် လုံးတွေ ထွက်လာနေခဲ့တာ မပြီးဆုံးနိုင်။

"တော်တော်ချမ်းသာတာပဲနော်၊ ရေကူးကန်ကြီးကို မွမ်းမံပြင်ဆင် ထားတာကပဲ အထင်ကြီးထိုက်နေပြီ၊ မင်း ဆွေးထိုက်ပါတယ်"

ဆိုတာမျိုး ခနဲ့တာ ရွဲ့တာတွေများလာတော့ ကိုယ့်မှာလည်း ဒေါသ နဲ့ပင်။ ဒါပေမယ့် မခံရပ်နိုင်သော သဝန်တိုမှုတွေ သူ့မျက်နှာမှာ လုံးထွေး ပြည့်သိပ်တာမြင်ရတော့ ပြန်မပြောရက်ခဲ့ပေ။ ကိုယ့်ကိုချစ်၍သာ ဖြစ်မှာ ပါဟု ဖြေနိုင်အောင်ကြိုးစားဖြေရင်း ဒီအိမ်ထဲထိ ချဉ်းနင်းဝင်ရောက်လာ ခဲ့မိသည်။

ဒီအချိန် ဒီနေရာမှာ ခရောင်းကိုသာ မမြင်တွေ့ခဲ့လျှင် ဘာပြဿနာ မှ ထပ်ရှိလာမှာမဟုတ်ပေ။ ဗဟိုကို သူမ မက်မောခဲ့တာဟာ ချစ်ခင်စွဲလမ်း မှုတစ်စုံတစ်ရာမှမရှိသောကြောင့် မျက်နှာချင်းမဆိုင်ရဲစရာလည်းမရှိ။

သို့သော် သူမမှာ ငယ်ငယ်ကတည်းက အကျင့်တစ်ခုရှိသည်။ ကစားစရာဖြစ်ဖြစ်၊ စားစရာဖြစ်ဖြစ် ကိုယ့်တာသာ မစားသောက်မသုံးစွဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့လို့ ဘယ်မှာသွားလွှင့်ပစ်ပါစေ သူများလက်ထဲမှာ ကိုင်နေတာ မြင်လျှင် မရမကပြန်လုသည်။ စားနေတာမြင်လျှင် ပုတ်ချပစ်တတ်၏

ဗဟိုကို သူမ မပိုင်ခဲ့ရတာကို ခံနိုင်ရည်မွေးနိုင်ပေမယ့် ခရောင် ဒီလိုပုံစံနှင့် လှလှပပယှဉ်တွဲထွက်လာတာကို ဘယ်လိုမှ မနှစ်မြို့နိုင်ပေ

စူးစိုက်ကြည့်ရင်း လှမ်းနေခဲ့သည့်ခြေလှမ်းတိုင်းမှာ ပူလောင်မှုတွေ နှင့်ဖြစ်ကာ သူမရင်ထဲမှာ သွေးတွေ ပွက်ပွက်ဆူနေသလား ထင်ရအောင် ခံရခက်နေ၏။

ဒေါ်စိုးမိုးလွင် အပါအဝင် ဗဟို က စ၍ ကြင်နာ့ လှုပ်ရှားမှုတွေကို အံ့ဩကာ တိတ်ဆိတ်စွာကြည့်နေခဲ့ကြသည်။ အားလုံးထဲမှာ ဇော် က တော့ မပါပေ။

ကြင်နာနှင့်အတူလိုက်၍ ထရပ်လိုက်ပေမယ့်နေရာမှာပဲရပ်နေကာ ဘာမှမထူးဆန်းသောမြင်ကွင်းတစ်ခုလိုပဲ အေးဆေးစွာ ကြည့်နေခဲ့၏။

"ကြင်နာ"

ခရောင်း မျက်နှာမှာ အံ့ဩဟန် ဖျတ်ခနဲထင်းသွားပြီး ချက်ချင်းပဲ ကြည်လင်သွားကာ..

"ကြင်နာရယ် နှင်နဲ့ ဒီမှာလာတွေ့လိမ့်လို့ လုံးဝကိုမထင်ခဲ့ဘူး၊ ဝါ ဝမ်းသာလိုက်တာ"

ဟု ပြောရင်း ဇော့် ကိုလည်းလှမ်းကြည့်သည်။ ကြင်နာနဲ့ ဇော် အဆင်ပြေသွားကြပြီလား၊ ပြေဟယ်ဆိုရင်လည်း ဒီနေရာကို ခုလို နှစ် ယောက်တွဲကြီးရောက်လာတာကတော့ သိပ်မကောင်းဘူးထင်သည်။

ဒါဟာ ဒေါ်စိုးမိုးလွင်တို့ပိုင်ဆိုင်သော မြေနေရာမဟုတ်ဘဲ ခုလိုသာ အားလုံးဝိုင်းကြည့်နေခဲ့ကြတာမဟုတ်ခဲ့လျှင် ကြင်နာ့ လက်မောင်းကို ခပ်ဖိဖိဆွဲကပ်ပြီး ပြောမိဦးမည်။

"ဘယ်လိုလုပ်လိုက်တာလဲ ကြင်နာရယ်၊ ဒေါ်စိုးမိုးလွင်တို့က နင့်ကို





ခိပ်မျှော်လင့်ထားခဲ့ကြတာ၊ ဘာအပြစ်ပဲလုပ်လုပ် ခွင့်လွှတ်နေကြမယ့် သူတွေ၊ နင် ဒီလိုကြီးစုံတွဲခုတ်လာရသလား"

ဟု ကရုဏာဒေါသတွေနှင့် တရင်းတနှီးဆူမိပြောမိဖို့လည်း ရှိ၏။ ကျတော့ အားလုံးရှေ့မှာ ဘာမှတော့ ပြောခွင့်မသာခဲ့ပါ။ ဒါပေမယ့် ကြင်နာ့ရှေ့ကိုရောက်သွားသည့် ခြေလှမ်းတွေက သွက်လက်နေကြသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ရပ်မိကြသည်နှင့် ခရောင်း က ကြင်နာ့လက်ဖဝါးလေးကို လှမ်းဆွဲလိုက်ကာ ...

"နင်နဲ့ဇော် အဆင်ပြေသွားကြတာလား"

ဟု တိုးတိုးလေး နှိမ်ချမေးသည်။ ကြင်နာ က မဖြေပါ။ ခရောင်း မျက်ဝန်းတွေ ဘေးကိုဝေ့ခနဲဖြစ်သွားပြီးမှ ရှေ့နည်းနည်းထပ်တိုး၍ အသံ ကို အတိုးဆုံးနှိမ့်ချလိုက်ရင်း ...

"ငါတို့လက်ထပ်ခဲ့တဲ့အကြောင်းတွေကို နင် သိပြီးပြီမဟုတ်လား ဟင်"

"သိတာပေါ့"

ကြင်နာက နှုတ်ခမ်းလှုပ်ရုံလေးပြန်ပြောပြီး စိုက်ကြည့်နေ၏။ ခရောင်း ပြောချင်နေတာက တစ်မျိုးပါ။ တကယ်တမ်း လက်ထပ်ခဲ့ကြတာမဟုတ် ကြောင်း ရှိုင်းတို့ တူဝရီးတွေ ရန်ကုန်ရောက်နေခဲ့တဲ့အကြောင်းတွေထိ အဆင်မပြေမှုတွေ ဆက်တိုက်ဖြစ်ခဲ့တာ အားလုံးကို သူငယ်ချင်းမျက်နှာ ကိုမြင်လိုက်တော့ ပြောချင်စောတွေ များသွားခဲ့၏။

ထို့ကြောင့် အခြေအနေကို အကဲမခတ်မိ၊ ကြင်နာ့ မျက်ဝန်းထဲက အေးစက်သောအငွေ့အသက်တွေကိုလည်း မခံစားမိခဲ့ပေ။

"ရှိုင်းတို့တူဝရီးတွေလေ အခု ရန်ကုန်ကိုရောက်နေကြပြီ သိလား၊ အဲဒါကြောင့် ငါ ..."

"ဟွန်း... သူဌေးယောက်ဖဖြစ်သွားပြီမို့ တစ်ဆွေတစ်မျိုးလုံး ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြမှာပေါ့"

"ဟင် ..."

"ဒါပေမယ့် ကိုယ့်ကိုယ်ကို အစစ်မဟုတ်ဘူးဆိုတာကိုတော့ ေ... မကောင်းဘူး ခရောင်း၊ နင့်ရဲ့နာမည်ကိုက ခရောင်းရင့်၊ ဖဲမွေ့ရာကို တ... မက်နေရင် ရူးသွားလိမ့်မယ်"

"ကြင်နာ... နင် ငါ့ကို ဘယ်လိုပြောလိုက်တာလဲ၊ နင် ငါ့ကိုထာ... ပြီး ဇော်နဲ့ ..."

"တိတ်စမ်း"

"အား"

"အို... ဟဲ့ ..."

"ဟော့..."

အသံတွေဆူညံသွား၏။ ခရောင်းကိုယ်လေး ဘေးကို ယိုင်ဆ... သွားကာ ကြင်နာ့မျက်ဝန်းတွေက မီးတောက်များလို အလျှံတညီးညီးထ... လျက် ...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ကြင်နာ"

ဇဟို ခြေလှမ်းကျဲကျဲတွေနှင့် အနားရောက်လာသည်။ သူမနဲ့ ခရော... မျက်နှာချင်းဆိုင်ဖြစ်သွားပြီး ဘာတွေ မေးကြ၊ ဖြေနေကြသလဲ သူ မသိ...

ဒီလို ရိုက်နှက်ပစ်ရလောက်တဲ့အထိ ခရောင်း တစ်ခုခုပြောလို... သလား၊ ဘာလား၊ ဒါလည်း သူ သိလို့မဟုတ်၊ ဘာကြောင့်ဖြစ်ဖြစ် ကိုယ့်အ... ပေါ် ကိုလာပြီး မျက်နှာစုံညီရှေ့မှောက်မှာ ဒီလိုရိုင်းပျတာကို ခွင့်မလွှတ်နိုင်...

ဒေါ်စိုးမိုးလွင် နှုတ်ခမ်းတွေဖွင့်ဟလျက် ကြင်နာ့မျက်နှာကို အ... တဆန်းငေးကြည့်နေ၏။ ဘာတွေဖြစ်ကုန်ကြတာလည်းဟု မျက်ဝန်းမျ... က မေးနေသော်လည်း အသံထွက်ဖို့ မေ့နေခဲ့သည်။ ကြင်နာသည... အားလုံးနှင့် အရာရာကို မေ့လျော့နေသူကဲ့သို့...





"အဲဒါ နင်နဲ့တန်တာပဲ ခရောင်း မှတ်ထား၊ မထိုက်တန်တာကို ...ဖို့ မတော်မတရားကြံစည်နေတာတွေရှိရင် ဖျက်ပစ်လိုက်ဖို့ ငါ သတိ ...တာ၊ နင် ဘယ်ခြေလှမ်းလှမ်းပြီး ဘယ်အရှိုးချိုးနေသလဲဆိုတာ ...ကိုယ်ကို သိပါတယ်"

"ကြင်နာ... နင် ... နင် တကယ်ရက်စက်မောက်မာလွန်းတယ်၊ ...ုဝကိုမထင်ခဲ့ဘူး သိလား၊ ရှိုင်း က တဖွဖွသတိပေးတားဆီးနေတဲ့ ...းကနေ ငါက နင့်အတွက် ဘာမဆို ဖြစ်ပေးခဲ့တာ"

ခရောင်း မငိုပါ။ ဒါပေမယ့် နီရဲညိုတက်သွားသည့် မျက်နှာတစ်ခြမ်း ...ျက်ရည်ကြောင်းတစ်ခုဖြတ်ဆင်းနေလျက် ...

"ဘာတွေလဲ၊ ဘာကိုဖြစ်ပေးတာလဲ။ နေဇဟို ဆိုတဲ့ သူဌေးရဲ့ ဟန် ...ောင်သတို့သမီးလား"

ကြင်နာ့စကားသံတွေက ကျယ်လာသည်။ ထိုအခါကျမှ ဒေါ်စိုးမိုး ...မျက်လုံးပြူးသွားကာ...

"ကြင်နာ ... မင်းတို့ရဲ့ပြဿနာကို နောက်မှရှင်းကြပါ၊ အန်တီ ...ောင်းပန်တယ်၊ တကယ် တောင်းပန်တာပါ"

ခရောင်း နှုတ်ခမ်းလေးကိုဖိကိုက်၍ ငြိမ်သက်နေလိုက်သော်လည်း...

"သမီးက အန်တီတို့ အညာခံရမှာစိုးလို့ သူ့ရဲ့ခြေလှမ်းတွေကို ရိုက် ...ပေးလိုက်တာပါ။ အစတုန်းက ဟန်ဆောင်လက်ထပ်ထားခဲ့တာ မှန် ...ယ့် အခု ပြန်လာပြီလေ၊ ဒီအခြေအနေကို သူ အသုံးချတော့မှာ"

"အိုကွယ်"

ဒေါ်စိုးမိုးလွင် မျက်နှာအပျက်ကြီးပျက်လျက် ခေါင်းတယမ်းယမ်း ...သွားသည်။

ဇဟို က ခရောင်းနဲ့ကြင်နာ့ ကြားမှာ မတ်မတ်ရပ်ကာ...

"သူ အသုံးချတာကိုခံလိုက်ရရင်လဲ ငါတို့ ညံ့လို့ပေါ့၊ ဒီကိစ္စကို မင်း...



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှင်းစရာမလိုဘူး၊ မြွေမြွေချင်း ခြေမြင်တယ်၊ သူခိုးမျက်လုံးကို သူခိုးချ မဲနားလည်မယ်၊ ဒါပေမယ့် လောလောဆယ်တော့ သူက မညာသေး မင်း ညာခဲ့တာကိုသာ ငါတို့ ခံလိုက်ရတာ”

ဇပဟို က ဖော့ ထံသို့ ဝေ့ခနဲကြည့်သည်။ ပြီးမှ ခရောင်း ဘက် ခပ်စောင်းစောင်းငဲ့ကြည့်ကာ...

“အခုလာတဲ့ကိစ္စက သူ့အကြောင်းတွေပြောချင်လို့လား”

ကြင်နာ က နှုတ်ခမ်းလေးစေ့ပြီး မော့ကြည့်နေ၏။ သူမနောက် ခပ်ဖြည်းဖြည်းလျှောက်လာပြီး ရပ်လိုက်သည့် ဖော် က...

“သူက မညာပါဘူး၊ ကျေးဇူးတရားဆိုတဲ့ ချည်နှောင်မှုတွေကြော တွေဝေပြီး ရန်ကုန်ထိ ရောက်လာခဲ့ရတာ၊ ကြင်နာနဲ့ကျွန်တော်က သ တမ်းရင့်ချစ်သူတွေ”

ပြောရင်း ကြင်နာ့ကို ပခုံးချင်းတိုက်၍ သတိပေးလိုက်သည်။ ‘ပြေ လိုက်လေ’လို့ တိုက်တွန်းလိုက်ခြင်းဖြစ်၏။ ကြင်နာ ပြောလို့မထွက် သူမရှေ့မှာ မျက်ခုံးတွေတုတ်ကျလျက် စူးစူးရဲရဲစိုက်ကြည့်နေသော ဇပ မျက်လုံးတွေကို မတွန်းလှန်နိုင်။

ဒီလူကို လိမ်ညာခဲ့မိသည့်အပြစ်က ရှိပြီးသား။ လိမ်တာကိုလိမ် သည်ဟု နောက်ထပ်ဝန်ခံရလောက်အောင်တော့ သူမ မျက်နှာမပြော ရဲပါ။ ယောက်ျားနှစ်ယောက်၏ ကြိုက်ပုံအလယ်မှာ ကြင်နာ အံကလေ ကြိတ်၍ ရပ်နေဆဲ။

ခရောင်းက အားလုံးကိုဝေ့ကြည့်ပြီး ပါးတစ်ဖက်မှာ လက်ခုံန လေးနှင့်ကပ်ထားရင်း ဖျတ်ခနဲလှည့်ပြေး၏။ ဇပဟို က ခရောင်း လက် ကောက်ဝတ်လေးကို ဖမ်းဆွဲထားလိုက်ကာ ကြင်နာ့ကိုပဲ ကြည့်၍...

“ခုချိန်မှာ ဒီအိမ်နဲ့သက်ဆိုင်နေတဲ့သူက မင်းမဟုတ်တော့ဘူး၊ အဲ ကို သိလား”





“ကိုနေ အဲဒီလိုမပြောပါနဲ့၊ ဒီစကားတွေက ‘ငါနဲ့မတည့်၊ ငါ့အိုးပုတ် ပေး’ဆိုတဲ့ ကလေးစကားတွေပါ၊ ကြင်နာ က ကိုနေနဲ့လက်မထပ် ပေမယ့်...”

“သား...၊ ကြင်နာ... မေမေ ပြောနေတယ်လေ၊ မေမေ ဘာဖြစ်လို့ ပြောနေတာလဲဆိုတာ မင်းတို့ မသိကြလို့လား”

ဒေါ်စိုးမိုးလွင် ခပ်ကြိတ်ကြိတ်တားလိုက်ပေမယ့် ကြင်နာ ကတော့ ကြကွဲမိုးတိမ်တို့ကို မျက်ဝန်းထဲမှာ ချုပ်တီးတားဆီးရင်း မျက်ရည်တွေ ပ်လီလျှပ်လဲ့နှင့်...

“သိတယ်၊ သမီး သိတယ် အန်တီ၊ သူ့ရဲ့ဖြားယောင်းမှုအောက်မှာ နေ ဝပ်စင်းသွားပြီ၊ ဒါပေမယ့် အန်တီ နားလည်နေရင် တားဆီးနိုင်မှာပဲ ထင်လို့ သမီး ဒီထိလာခဲ့တာပါ၊ တကယ်ဆို မလိုဘူး၊ သမီးဘဝနဲ့သမီး မ်းကို လျှောက်တော့ဖို့ပဲရှိတာ၊ ကိုယ့်ဘက်က ပျက်ကွက်ခဲ့လို့၊ ဒါ ကြောင့် သူ ခုလို အခွင့်အရေးရသွားတာကို တာဝန်မကင်းဘူးထင်ပြီး သတိပေးတာ၊ ဟွန်း... မိန်းမလည်...”

ကြင်နာ ခရောင်း မျက်နှာကိုစေ့စေ့ကြည့်၍ နှုတ်ခမ်းမဲ့သည်။ ရောင်း ကိုယ်လေး မတ်ခနဲဖြစ်သွားကာ တုံ့ပြန်ပြောလိုက်ဖို့ စကားတွေ သည်း ပါးစပ်ထဲ ချက်ချင်းရောက်လာ၏။ သို့သော်...

ဒေါ်စိုးမိုးလွင်၏ စိတ်ပျက်ညစ်နွမ်းသောမျက်နှာဆီသို့ အကြည့် တစ်ချက်ရောက်သွားခဲ့ပြီး...

“ငါတို့ အပြင်မှာ သွားပြောကြမယ် ကြင်နာ၊ နင့်ရဲ့စကားလုံးတွေကို ချေပဖို့ ငါ့မှာလဲ ပြောစရာတွေရှိတယ်”

အသံကို အတိုးဆုံးချ၍ပြောသည်။ ကြင်နာ က မေးဖျားလေးပင့်၍ ခွဲ့လှောင်၏။

“ဒီနေရာမှာ ဒီလူတွေသိမှ ဖြစ်မှာမို့လို့ ငါ လာခဲ့တာ၊ ဘယ်ကျွေးရာ



www.burmeseclassic.com

www.burmeseclassic.com



မှာသွားပြောရဦးမှာလဲ”

တစ်ဆက်တည်း ဒေါ်စိုးမိုးလွင်ဘက်ကို ကြင်နာ လှည့်တောင်းပန်

“သမီး စကားဆုံးအောင်တော့ပြောပါရစေ အန်တီ၊ လူမမာရှိ တာကိုလဲ သမီး သိပါတယ်၊ ဒါပေမယ့် လူမမာရဲ့ ကျန်းမာရေးကို အားလုံး က ဝိုင်းဝိုင်းပြီး အခြေအနေကိုထိန်းသိမ်းပေးနေရတဲ့အချိန်မှာ ဒါကို အခွ အရေးယူ ခုတုံးလုပ်နေတာမြင်ရတော့ ကိုယ့်ကြောင့် ဆိုတဲ့ အသိနဲ့ နေ မရဘူး၊ သမီး... သမီး ချစ်တဲ့သူကိုရွေးချယ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမ ဒီမှာ အခြေအနေတွေ ဒီလောက်ထိဆိုးရွားကုန်မယ်လို့ မထင်ခဲ့တာ အမှန်

“မဟုတ်သေးဘူး သမီး၊ အခု အခြေအနေ အဲဒီလောက်မဆိုး အောင် အန်တီတို့က ထိန်းထားခဲ့ကြတာပါ။ လူနာရဲ့ စိတ်ချမ်းသာမှုလေ ကို တစ်အောင့်၊ ခဏဖြစ်ဖြစ် ဆွဲထားပေးချင်တာ၊ နောက်ပိုင်းမှာ သူ ကျန်းမာရေး ဆောင်ဘင်ခတ်နေတာတွေ ငြိမ်သက်သွားတဲ့အခါကျရင် တော့ အမှန်တရားတွေကို ပြောရမှာပဲ”

“အဲဒီနောက်ပိုင်းအချိန်မှာ သူ့ရဲ့ဝါးမျိုမှုက ဘယ်ထိဖြစ်လာနိုင်မလဲ ဆိုတာ ...”

“တော်သင့်ပြီ ကြင်နာ၊ မေမေနဲ့ငါက မင်း ဦးဆောင်လမ်းပြပေးနေ ရမယ့်လူတွေ မဟုတ်ဘူး၊ ဒါကြောင့်ပဲလာတာဆိုရင် မင်း ပြန်နိုင်ပြီ”

“ကိုနေက ကြင်နာ့ကို...”

“ဟုတ်တယ်၊ ပြန်တော့”

ဖော်ရွေမှာမို့ ရှက်သည့်စိတ်က ငယ်ထိပ်ထိ တက်ဆောင့်သလား ထင်ရ၏။ ပြီးတော့ မျက်ရည်ရောင်ဝေ့လျက် နှုတ်ခမ်းတင်းတင်း ထားသော ခရောင်းမျက်ဝန်းတွေအောက်မှာ သူမ မကျူရှုံးချင်။ ရင်ထဲမှာ အသိတရားတွေ ပျောက်ကွယ်သွားခဲ့၏။ မျက်ဝန်းတို့သည် ဗဟို့ မျက်နှာ ထက်သို့ ရှုံးခနဲရောက်ကာ...





“ကြင်နာ မှားသွားရင် တောင်းပန်ပါတယ်၊ ကျေးဇူးတရားအကြောင်း တွေ ပါးစပ်ကမချတမ်းပြောနေကြလို့ ကြင်နာ ကလဲ အခွင့်အရေးယူမိရာ ကျသွားမှာကို သိပ်ကိုစိုးရိမ်ခဲ့တာ၊ အဲဒါကြောင့် မထိခိုက်အောင်ကာကွယ် ကြိုးစားခဲ့တာပါ။ ကိုနေတို့က ပြီးခဲ့တာတွေကို မေ့လိုက်နိုင်တယ်ဆိုရင် ပြီးတာပါပဲ”

ကြည့်စမ်း၊ ဒေါ်စိုးမိုးလွင် မျက်နှာပျက်သွား၏။ သူ့ကျေးဇူးလိုလို၊ ကိုယ့်ကျေးဇူးလိုလိုနှင့် ဒါဟာ တကယ်တော့ ကိုယ့်ကိုပဲ ‘အရင်တုန်းက ကျေးဇူးတွေကို မေ့လိုက်ပြီလား’ လို့ မေးချလိုက်တာ အသိသာကြီး။

ပိုသေချာတာက ‘ကိုနေတို့’ ဟုသုံးလိုက်တာပဲဖြစ်၏။ အိမ်ရှိ လူ အကုန်လုံးကို ဆွဲသိမ်းပြောပစ်လိုက်တာမို့ ဘယ်သူမှ မနေသာတော့ပေ။

“သမီးရယ် ကျေးဇူးတရားဆို ငွေကြေးပစ္စည်း ကြွေးတင်လို့ ကြွေး ဆပ်လိုက်တာမျိုးမဟုတ်တာ၊ ကျေးဇူးတင်သွားခဲ့ရင် ဆပ်လို့ကုန်တာ ရှိဘူး။ အစအဆုံး၊ အလျားအနံ၊ အသွားအပြန် ဘာမှမရှိဘူး၊ ဒါကြောင့် သိတတ်တဲ့လူတိုင်း ကျေးဇူးကို ကြောက်တယ်၊ တင်သွားပြီဆိုရင် တွန်းချ လိုက်လို့ ကျတာမျိုးမဟုတ်တော့ ကြွေးထဲမှာ ကြောက်စရာအကောင်း ဆုံးက ကျေးဇူးကြွေးပဲ၊ အဲဒီထဲမှာ ကျေးဇူးပြုခဲ့တဲ့သူကရော တင်ရတဲ့သူ ရောပေါ့ အခွင့်အရေးမယူတတ်ကြဘဲ သန့်ရှင်းတဲ့စေတနာတွေထားကြ ရင် အကောင်းဆုံးပဲ”

ပြောနေရင်း ဒေါ်စိုးမိုးလွင် က ရှေ့တိုးလျှောက်လာသည်။ ဗဟို ဆုပ်ကိုင်ထားသည့်လက်ထဲကနေ ရုန်းထွက်ဖို့ မသိမသာကြိုးစားနေ သည့် ခရောင်း၏လက်ကလေးကိုပါ ဝေ့ကြည့်လိုက်ကာ...

“ကိုမြတ်သူဟာ သူက ကျေးဇူးပြုခဲ့ဖူးပေမယ့် အခွင့်အရေးမယူ တတ်တဲ့သူပါ။ အဲဒါကြောင့် ပိုပြီးလေးစားတယ်၊ တင်သင့်တာထက် ပိုအောင် ပြီး သိန်းထောင်ပေါင်းများစွာ ရင်းနှီးမှ တည်ရတဲ့လုပ်ငန်းတွေကို ယုံယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည် ထိုးအပ်ခဲ့တာ”

“ဖေဖေကလဲ ဘာတစ်ခုကိုမှ အလွဲသုံးစားမလုပ်ခဲ့တဲ့အပြင် ပို

တိုးပွားလာခဲ့တာတွေ အများကြီးပါ အန်တီ”

“မှန်တာပေါ့၊ ဒါပေမယ့် အခု အဲဒါတွေကိုလဲ သားကိုယ်တိုင် သ

တို့ အိမ်ထောင်ရေးအတွက် လက်ဖွဲ့ပေးခဲ့တာပဲမဟုတ်လား၊ ကျေး

ဆိုတာ ဆပ်လို့မကုန်နိုင်ပေမယ့် ခုလို တစ်ယောက်တစ်လမ်းလျှော

နေကြပြီဆိုတော့ အန်တီတို့နှစ်ဖက်စလုံးမှာ ကြွေးတွဲ့တင် ဘာမှမရှိတော

ဘူးလို့ မှတ်လိုက်ရအောင်နော်”

ဘာကိုဆိုလိုမှန်း နားလည်လိုက်သဖြင့် ကြင်နာ့ မျက်နှာလေ

တဖြည်းဖြည်း တင်းမာလာခဲ့၏။

“သမီးတို့ဇနီးမောင်နှံ ရာသက်ပန် ခိုင်မြဲကြပါစေကွယ်”

‘ပြန်ကြပါတော့’လို့ နှင်ပြီကိုနားလည်ကာ…

“ကောင်းပါပြီ အန်တီ၊ သမီးကလဲ ဆုတောင်းပါတယ်၊ အန်တီတို့

စည်းစိမ်ဥစ္စာတွေ ဒီတိုင်းခိုင်မြဲသွားပါစေလို့ …”

ရင်ထဲမှာ အောင့်သက်သက်ဖြစ်ကျန်ရစ်၏။ ဒီမိန်းကလေးမှာ ဤ

သို့သော သေးသိမ်သည့်စိတ်ဓာတ်အရင်းခံတွေရှိနေခဲ့မှန်း အစက နည်

နည်းလေးက် အကဲခတ်မိခဲ့ပါလား။

ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိဘဲ ကိုယ့်အပြစ်သာ ပုံချလိုက်

သည်။

‘တော်ပါသေးရဲ့’လို့ပဲ တ,ရတော့မလိုလို…





အခန်း (၂၄)

“မင်းအဖေကို တွေ့ခွင့်တောင်းနေတာ သားရယ်၊ မေမေ တော်

တော့်ကိုစိတ်ညစ်သွားတယ် တကယ်ပဲ၊ သူ ဘာမှမပြောသေးခင်ကတည်း

က သူ ရောက်လာတာကို မေမေ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲမဖြစ်ခဲ့ဘူး၊

အဲဒါ ဘယ်လိုခံစားချက်လဲမသိပါဘူး”

ပြောနေရင်း ဒေါ်စိုးမိုးလွင်က ငိုင်ငိုင်လေးထိုင်နေသည့် ခရောင်းထံ

သို့ မသိမသာမျက်လုံးဝေ့ကြည့်သည်။

ဝဲဖြာနေသည့်ဆံပင်တွေ ခါးအောက်နားထိဆင်းလျက် အနီရောင်

အပွင့်နှင့်ပါတိတ်ဝတ်စုံကို လက်ပြတ်ရင်စေ့ ရိုးရိုးလေးဝတ်ထား၏။

ဖြူအုနုနေတာမဟုတ်သော်လည်း ပါးမြင့်ကလေးဟွကြ ဝင်းနှစ်

နေသည်။ မျက်ခုံးထူထူလေးတွေက သဘာဝအတိုင်းလေး လှနေတာ

လည်း သိသာ၏။

သူမကို ကြင်နာ အမှတ်နှင့် စတင်မြင်တွေ့လိုက်စဉ်ကနှင့် ကြင်နာ့

ကို ကြင်နာမှန်းသိလိုက်ရချိန် ရင်ထဲမှာ လှိုက်လှဲမှုဖြစ်သည့် ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းက ဘာမှမဆိုင်။ ထို့ပြင် သူမဟာ ကြင်နာမဟုတ်မှန်းသိလိုက်ရ
က ရင်ထဲမှာ လှိုက်ခါသွားခဲ့၏။

လစ်ဟာသွားခြင်းလား။ လူမမာအတွက် စိုးရိမ်ခဲ့တာလား ဘာမှ
မသေချာသည့်တိုင် သောကဖြစ်ခဲ့တာဟာ ပေါ့သေးသေးလေးမဟုတ်

ကြင်နာ ကို သူ့ခင်ပွန်းနှင့် ယှဉ်တွဲမြင်လိုက်ရတာကျတော့ 'သူ
ရောက်လာရပါလား' ဟု ဖျတ်ခနဲတွေးမိသွားပြီး အရွယ်မရောက်တရော
တုန်းကပဲ ရင်နှီးခဲ့တာဖြစ်သည့် မျက်နှာပုံပန်းလေးကို သေချာကြ
ဖြစ်၏။

တော်တော်လှနေတာကိုမြင်ပေမယ့် 'ငါ့သားလေးနဲ့လွဲခဲ့လေခြင်း
လို့တော့ မဖြစ်မိပေ။ ပြီးတော့ တင်းရင်းကျပ်ကပ်နေအောင်ဝတ်ထာ
သည့် ပေါ်စုံကြောင့် ဖွံ့ထွားရန်းကြွကာ ပေါ်လွင်နေသောကိုယ်ခန္
အလှက ပြားယောင်းနိုင်လွန်း၏။

မတူတာကတော့ လုံးဝမတူပါ။ ဘယ်လိုထူးခြားကွဲပြားနေသည်
တိကျစွာမခွဲခြားနိုင်သော်လည်း လူကြီးပီပီ ခရောင်း၏မျက်နှာလေးနှ
ဝတ်စားတတ်ပုံလေးတော့ သဘောကျတာ အမှန်ပင်။

ဒေါ်စိုးမိုးလွင်၏မျက်လုံးတွေ ခရောင်းဆီ မကြာခဏဝေ့ဝဲနေသဖြ
ဗဟို က သတိထားမိလိုက်ကာ သူပါ လိုက်ကြည့်မိသည်။ ခရောင်း က
တော့ သူ့သောကနဲ့သူပါ။

စားပွဲစွန်းကို အမိပွာယ်မဲ့ငေးနေသဖြင့် မျက်တောင်ဖျားလေးတွေ
ယှက်ဖြာစင်းကျလျက် ဘာကိုမှသတိထားမိပုံမပေါ်။ ပြောနေကြတာကို
လည်း စိတ်ဝင်စားပုံမရှိ။

မေမေက 'ချက်ချင်းကြီးတော့မပြန်ပါနဲ့ဦး' လို့ တားလိုက်သဖြင့် စိတ်
ညစ်နေတာဖြစ်နိုင်သည်။ သူ ဒီဘက်ပြန်လှည့်၍ ...

"ဖေဖေ့ကို သူက ဒါတွေပြောပြဦးမလို့ထင်တယ်၊ မေမေ့တို့ ပြော





သေးလား"

"မပြောဘူး သားရဲ့၊ အန်ကယ်လ် နေမကောင်းဘူးဆိုလို့ တွေ့ပါ
ရစေတဲ့၊ ဒါပဲပြောတာ။ သူ့ကို ကြင်နာမှန်းသိနေကာမှ မေမေ ဘယ်လွှတ်
ရဲမလဲကွယ်။ ခရောင်း က လူမမာကိုငဲ့ပြီး သတို့သမီး ဝင်လုပ်ခဲ့ပေမယ့်
သူက သူ့ကိုယ်သူ ကြင်နာ မဟုတ်ဝါဘူးလို့ ခေါင်းခါပြီး ဖုံးဖိပြောမှာ
မဟုတ်ဘူး၊ အဲဒါကြောင့် မေမေ မလွှတ်ရဲတာ၊ မထင်မှတ်ဘဲရောက်ချ
လာတော့ မေမေ့မှာ သားကိုဖုန်းဆက်ဖို့လဲအချိန်မရ၊ အနားမှာ တိုင်ပင်
ရေလူလဲမရှိနဲ့ ..."

"အဲဒါပြောတာပေါ့ မေမေ၊ လူကဲခတ်တယ်ဆိုတာ မိမိစိတ်က ခံစား
ပြီး ခန့်မှန်းကြတာ၊ ကျေးဇူးတရားတွေနဲ့ပဲကြည့်ပြီး မေမေတို့က ကျန်တာ
အားလုံးကို ဂရုမစိုက်ချင်တော့တာမျိုး။ တကယ်ဆို ကျေးဇူးပေါ်မှာ
အခွင့်အရေးယူခဲ့တာ သူပဲ"

"မေမေကြီး ဘာဘကြီး ခေါ်နေတယ်"

"ဟော... အေး လာပြီ"

စကားပြောနေတုန်း ဒေါ်စိုးမိုးလွင့် ကမန်းကတန်းထသွား၏။ ထင်
သည့်အတိုင်းပင် ခရောင်း က သူ့ဘက်ကို အလျှင်စလိုမျက်နှာလေးနှင့်
လှည့်လာကာ..

"နေဗဟို... ရှင် ကျွန်မကို..."

"မင်းကို ကိုယ် စီစဉ်ပေးမယ်၊ ခဏလေးနေပါဦး"

"ထပ်နေရင် ကျွန်မ ဒီလိုစကားတွေနဲ့ ထပ်စော်ကားခံရဦးမှာ"

"ဘာဆိုင်လို့လဲကွ၊ သူက ငါတို့မိသားစုဝင်လား၊ ဒီအိမ်ကလူ တစ်
ယောက်ယောက်က မင်းကို အဲဒီပုံစံမျိုးနဲ့ ပြောဖူး၊ ကြည့်ဖူးခဲ့သလား"

"ဒါပေမယ့် ကျွန်မ..."

"သားရေ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးမိုးလွင်အသံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြသည်။ သူမက ခရောင်းကိုပါ လှမ်းကြည့်လိုက်ပြီး...

"ခရောင်းကိုပါ ခေါ်ခဲ့ပါကွယ်"

မရှင်လန်းမသာယာသည့်မျက်နှာအနေအထားကြောင့် ခရောင်းက ဗဟိုမျက်နှာကို မော့ကြည့်၏။ ဗဟိုက နေရာမှထ,ရပ်လိုက်ပြီးမှ သူမကို ပြန်ငုံ့ကြည့်ကာ...

"ခဏလိုက်ခဲ့ပါ၊ ဖေဖေ ဘာပြောပြော စိတ်ဆိုးစရာဖြစ်ဖြစ် ဝမ်းသာစရာဖြစ်ဖြစ် အလိုက်အထိုက်ပြောဆိုပေးဖို့လဲ ငါ တောင်းဆိုချင်တယ်"

ဘယ်လောက်ထိ အလိုက်အထိုက်တွေ ရှိနေဦးမှာလဲ။ ရှင် တောင်းဆိုတာတွေရော ဘယ်ကျမှပြီးဆုံးမှာလဲ။ ခရောင်းသည် မုံးမုံးလဲကျတော့မည့် လှုပ်ရှားမှုများနှင့် နွေးကွေးလေးလံစွာ ထ,ရပ်၏။

နှားထဲမှာ ကြင်နာ ပြောသွားခဲ့သည့်စကားတွေက လတ်လတ်ဆတ်ဆတ်ကြီးကျွန်နေတုန်း။ ဒီပြဿနာထဲမှာ စပြီးပါဝင်ခဲ့ရသည့်နောက်မှာ ပြီးသွားပြီးမှ ပြန်စ၊ အဆုံးတိုင်ပြီထင်ခဲ့ပေမယ့် ရှေ့ဆက်ဖို့ဖြစ်၊ ခနဲ့တိုင်း၊ ဆုံးလိုက်တိုင်းမှာလည်း ဗရုတ်သုတ်ခဖြစ်ကျန်ခဲ့ရတာ သူမပဲ ဖြစ်သည်။

ဒါကို ဘာဖြစ်လို့ အခွင့်အရေးသမားတစ်ယောက်လို့ ပက်ပက်စက်စက်ပြောခဲ့တာလဲ။ ကြင်နာ့ မျက်လုံးထဲမှာ သူမ ဒီလိုရုပ်နှင့် ဘာဖြစ်လို့ တည်ရှိခဲ့ရတာလဲ။ မချိသောရင်သည် လူမမာဖြစ်သည့် ဦးတက်နေ၏ ရည်မွန်ခဲ့ညားသောအပြုံးရှေ့အရောက်မှာ အနည်းငယ်သက်သာရာရခဲ့ပြီး...

"ထိုင် သမီး၊ ဖေဖေ ခုမှ အိပ်ရာကနိုးတယ်၊ ဘယ့်နှယ်လဲ ခရီးသွားလိုက်ရတာ အဆင်ပြေကြရဲ့လား"





"ရှင်...၊ ဟို..."

"အင်း... ပျော်ခဲ့လားလို့တော့ မမေးတော့ပါဘူး၊ သားက အလုပ်တစ်ဖက်နဲ့သွားတာဆိုတော့ ဘယ်မှလဲရောက်ခဲ့မှာမဟုတ်ဘူးလေ။ သမီးလွတ်လပ်မှာမဟုတ်ဘူး"

"ရ...ရပါတယ် ဦး... ဖေဖေ"

စကားတွေမှားကုန်ကာ ခရောင်း လည်ပင်းကုတ်မိ၏။ ဘေးမှာရှိနေကြသည့်လူတွေကိုလည်း မကြည့်ရဲ။

"သူ...သူလဲအားတာမဟုတ်တော့လေ ရပါတယ်၊ ဟို... စီးပွားရေးက အရေးကြီးတယ်မဟုတ်လား"

ဦးတက်နေက ခရောင်းမျက်နှာလေးကို စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်ပြုံးနေ၏။

"သား... မင်းဆီကို ဘန်ကောက်က ဖုန်းခေါ်နေတာ နှစ်ခါရှိပြီကွ"

ရုတ်တရက် သူ့ကို လှည့်ပြောသဖြင့် ဗဟိုက ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် ခုပဲ ပြန်ဆက်လိုက်ပါ့မယ်"

ပြောပြီး ခရောင်း ကို တစ်ချက်ကြည့်ကာ နေရာမှ ထ,ထွက်သွား၏။ ခရောင်း ရင်ထဲမှာ လိုက်ခနဲဟာသွားသည်။ အကွယ်တစ်ခုနောက်မှာ ကြောက်ရွံ့စွာပုန်းနေတုန်း ထိုအကွယ်ကို ဖျတ်ခနဲဆွဲဖယ်ပစ်လိုက်သလို...။

သူရှိနေလျှင် ကိုယ်ပြောမှားဆိုမှားဖြစ်လျှင် သူ ဝင်ထိန်းနိုင်၏။ ခုတော့ ...

"ဗိုက်ဆာသလိုပဲကွ၊ ဘာရှိလဲ စိုး"

"ရှင်..."

စားစရာတစ်ခုခုကိုတောင်းဆိုခဲ့သူမို့ ဒေါ်စိုးမိုးလွင် အံ့သြသွားကာ ဝမ်းသာအားရ ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်လေ အစ်ကို ငါးရဲ့အူဟင်းရယ် ကြံမဆိုင်ဟင်းချိုလေးရယ် လုပ်ထားတယ်၊ အစ်ကို စားတော့မလို့လား၊ စိုး သွားနွှေးလိုက်မယ်လေ"

"အင်း ကောင်းတာပေါ့"

ဦးတက်နေ၏ စားသောက်ဖွယ်ကိစ္စတို့ကို ဟိုအရင်ကတည်းက ဒေါ်စိုးမိုးလွင်က သူမပဲ တတ်နိုင်သမျှ ကိုင်တွယ်ချက်ပြုတ်ပေးခဲ့တာ ဖြစ်သည်။ ခုလို နေထိုင်မကောင်းဖြစ်နေချိန်မှာ ဦးတက်နေအတွက်ဆ သူမမှလွဲ၍ ဘယ်သူ့ကိုမှ မနိုင်းတော့ပေ။

ဒေါ်စိုးမိုးလွင် ထွက်သွားတော့ ဦးတက်နေက ဗီးလ်ချဲကို သူ့ဘာ သာတွန်းရွှေ့ကာ ခေါင်းရင်းက ကျောက်စီရိုလေးဆီသွား၏။ ပြီးမှ ခရောင် ထိုင်နေသည့်အဆောက်ကို ပြန်လှည့်လာကာ...

"ဒီမှာ သမီး ..."

ကမ်းပေးလိုက်သည်က နက်ပြာရောင်ဘူးလေးတစ်ဘူးဖြစ်သည် ခရောင်း က ငုံ့ကြည့်ပြီး နှုတ်ခမ်းလေးတွေပွင့်ဟနေသည်အထိ အံ့သြနေ တာလား၊ တုန်လှုပ်သွားသည်လား၊ မျက်ဝန်းလေးတွေအရ ဝမ်းသာ အားရဖြစ်သွားတာမဟုတ်မှန်းတော့ သိသာ၏။ ဦးတက်နေက ခရောင်း မျက်နှာလေးကိုကြည့်၍ နှစ်လိုဖွယ်ပြုံးပြကာ...

"ယူပါ သမီးရဲ့၊ သားပိုင်ဆိုင်သမျှ သမီးက ရမှာဆိုပေမယ့် ဒါက မိဘကပေးတဲ့လက်ဆောင်သပ်သပ်၊ သမီးကို ဖေဖေက ကိုယ့်ကျေးဇူး ရှင်ရဲ့သမီးဖြစ်လို့လဲ လေးစားတယ်၊ သားအတွက် ဖူးစာဖက်ဖြစ်လာခဲ့ တဲ့မိန်းကလေးဟာ ဒီလိုယဉ်ကျေးသိမ်မွေ့မှုတွေရှိနေတဲ့အတွက်လဲ ဂုဏ် ယူတယ်၊ ရော့ပါ... ဖွင့်ကြည့်လိုက်ပါဦး"

ထပ်ပေးတော့မှ ခရောင်း က ယူသည်။ ကိုယ်နဲ့မဆိုင်သောပစ္စည်း မှန်းသိနေသဖြင့် မက်မောစိတ်လည်းမဖြစ်၊ စိတ်လည်းမဝင်စားပါ။ ဒါပေ မယ့် ဖွင့်ကြည့်ဖို့ မျှော်လင့်နေသော ဦးတက်နေ၏ မျက်လုံးများကြောင့်





ဘူးကိုဖွင့်လိုက်ရသည်။

"ဟင်..."

ရောင်စုံပြာနေသော တစ်တန်းသွားစိန်ကုံး၏ တောက်လက်ခြင်းက မျက်လုံးထဲထိ ပြိုးပြက်လက်သွားခဲ့၏။

"အဲဒါတစ်လုံးကို သုံးရတီရှိတယ် သမီးရဲ့၊ အားလုံးပေါင်း နှစ်ဆယ့် ...လုံးတိတိပေါ့"

ရတီတွေ ကလပ်တွေအကြောင်း ခရောင်း မသိပါ။ ဒါပေမယ့် တော် တော့်ကိုတန်ဖိုးကြီးမှာပဲဆိုတာကို သိနေသည်။ စိန်လုံးကို ထိကိုင်ကြည့် ...လည်း မကြိုးစားမိဘဲ သာသာလေးပြန်ပိတ်ထားလိုက်မိသည်။

မျက်လုံးထဲမှာ စူးစူးရဲရဲပြင်းထန်နေသည့် ကြင်နာ မျက်နှာနှင့် ...ကြည့်များကို မြင်လာသည်။ ပြီးတော့ ပက်ပက်စက်စက် ပြောခဲ့တာ ...တွေ...။

"မထိုက်တန်တာကို မှန်းပြီး မတော်မတရားကြံစည်နေတာတွေ ...ရင် ဖျက်ပစ်လိုက်ဖို့..."

"အန်တီတို့ အညာခံရမှာစိုးလို့..."

"ဒီအခြေအနေကို သူ အသုံးချတော့မှာ" စသည်၊ စသော ဖိဆုပ်နင်း ...ချသွားခဲ့သည့်စကားတွေ၊ ခရောင်း နှုတ်ခမ်းလေး မသိမသာဖိကိုက်ကာ ...ခြံဝန်း ဒီပြဿနာတွေထဲကနေ ဘယ်လိုရုန်းထွက်ရမလဲဆိုသည့် အတွေး ...များနှင့် ထွက်ပေါက်ရှာမိလာပြန်သည်။

အကြိမ်ကြိမ်သွားဖို့ကြိုးစားတိုင်း မအောင်မြင်။ အဝေးကိုရောက် ...သွားပြီးမှ ဒီကိုပဲပြန်လာမိခဲ့၏။ ခုလည်း ပြန်မလို့ဆုံးဖြတ်ပြီးကာမှ စွန့်ခွာ ...ခက်ခဲစေသော နှောင်ကြိုးများနှင့် တစ်ရစ်ပြီးတစ်ရစ်။

ခရောင်း၏မျက်ဝန်းတွေ ဦးတက်နေ၏မျက်နှာထက်သို့ ညှိုးငယ် ...ငင်ပန်းစွာ ရောက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ကြင်နာ မဟုတ်ပါဘူး၊ ခရောင်းရင့်ပါ။ ဦးတို့မိသားစုရဲ့ ကျေးဇူးရှင် ဦးမြတ်သူရဲ့ သမီးလည်းမဟုတ်ပါဘူး၊ တကယ့်လူမွဲ တစ်ယောက်ပါ"

ဦးတက်နေကိုငေးကြည့်ရင်း အသံတိတ်စကားတွေဆိုကာ မျက်ရည်တွေဝေ့တက်လာ၏။ ဦးတက်နေကလည်း ခရောင်းကိုပြန်ကြည့်၍ ပြုံးနေပါ၏။

သူ့မျက်လုံးထဲမှာတော့ ခရောင်းက ကျေးဇူးတင်ဝမ်းမြောက်လွန်းသဖြင့် မျက်ရည်တွေလည်နေရှာသည်ဟု ထင်ကောင်းထင်လိမ့်မည်။ သူ့ရင်ထဲမှာ ဆယ်နေထက်ကနေမှ၏။

"သမီး သဘောမကျလို့လား၊ ဘာဖြစ်လို့လဲ"

ခရောင်း မျက်နှာလေးမကြည်လင်တာကို အကဲခတ်မိကာ ဦးတက်နေ က စိုးရိမ်မကင်းစွာမေး၏။

"သဘောကျပါတယ် ဖေဖေ၊ အရမ်းကိုလှပါတယ်၊ ဟို… ဒါပေမယ့် သမီးက ဒါကို အမြဲဝတ်ထားမှာမှမဟုတ်တာ၊ ဖေဖေပဲ ပြန်သိမ်းထားပေးပါနော်'

ဦးတက်နေက နှစ်မြို့ကစွာပြုံးသည်။

"သမီးဘာသာပဲသိမ်းပါကွယ်၊ အိမ်ထောင်ပြုပြီးပြီဆိုရင် မိန်းကလေးက အိမ်ရှင်မပဲ။ အခု မိဘလက်အောက်မှာနေနေလဲ ခွဲထွက်ကြမှာပဲလေ သိမ်းဆည်းစုဆောင်းတက်တဲ့ပညာဆိုတာ မိန်းကလေးတွေအတွက် လက်ထပ်သင်ယူကြရတဲ့ပညာမျိုးမှမဟုတ်ဘဲ"

ထိုစကားကြောင့်ပဲ ပစ္စည်းက ခရောင်းလက်ထဲမှာပဲ တင်ကျန်ခဲ့၏။

"ကဲကဲ သမီး သွားနားတော့လေ၊ မနက်စောစော ဘရိတ်ဖက်စ်ကျမှပဲ အားလုံးဆုံပြီး စကားပြောကြတာပေါ့၊ ဖေဖေက သမီး မြေးမြစ်တွေနဲ့ မနက်စာ အတူလက်ဆုံစားရတဲ့ နွေးထွေးမှုကို တောင့်တခဲ့တာ ကြာပြီ





သားနဲ့သမီးကို အပန်းဖြေရီးထွက်ဖြစ်အောင် တိုက်တွန်းခဲ့တာက မင်္ဂလာပြီးတာနဲ့ ဟောဒီ ဖေဖေ့ကျန်းမာရေးကိုသိပြီး စိတ်မချမ်းမသာဖြစ်သွားတာကို မလိုလားလို့၊ သွားကြတော့လဲ ပြန်ရောက်လာဖို့ကို မျှော်နေမိပြန်တယ်၊ ခုမှပဲ စိတ်ချမ်းသာရတော့တယ်ကွယ်။ သားကြီးက ဖေဖေ အားအားရဆုံးသားကြီးဖြစ်သလို သမီးလေးကလဲ ချွေးမလိုမဟုတ်ဘဲ သမီးအစ်စစ်လေးဖြစ်မယ်ဆိုတာ ဖေဖေ ယုံကြည်တယ်၊ ဟောဒီမိသားစုကို စိတ်ချမ်းသာပျော်ရွှင်မှုတွေပဲ ပေးမယ့် မိန်းကလေးပါ၊ အဲဒီတိုင်းပဲဖြစ်မှာပါ။ ကိုင်း … သမီး သွားနားချေတော့"

ခရောင်း၏ပါးပြင်တစ်ဖက်မှာ မျက်ရည်တစ်စက် လိမ့်ခနဲပြေးဆင်းသွားသည်။ ဦးတက်နေ မမြင်အောင် မျက်နှာလွှဲ၍ ထ,ရပ်လိုက်ကာ..

"သမီး သွားမယ်နော်၊ ဖေဖေ ဘာခိုင်းဦးမလဲဟင်"

ရဲရဲပြန်မကြည့်တော့ပေမယ့် မေးလိုက်တာက စေတနာအပြည့်နဲ့ပါ။ ဦးတက်နေက ပြုံးပြုံးကြီးမော့ကြည့်လျက်…

"မရှိပါဘူး သမီးရယ်၊ ငါ့သမီး စိတ်ချမ်းသာပါစေ"

ဘယ်လိုလုပ်ချမ်းသာပါ့မလဲ ဦးရယ်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"နေဗဟို"

ဗဟို အိမ်ပေါ်တက်လာတာမြင်သည်နှင့် ခရောင်းက ပန်းအိုးလေးကိုင်လျက် ပြေးသွားဖို့ ခြေလှမ်းပြင်၏။ ပြီးတော့မှ ပန်းအိုးကိုသတိရပြီး ဧည့်ခန်းစားပွဲမှာ ကမန်းကတန်းပြန်ချထားလိုက်ကာ...

"ဘယ်လိုလဲဟင်"

ခပ်တိုးတိုးမေး၍ ဗဟို့လက်ထဲကဖိုင်ကို လှမ်းယူလိုက်သည်။ တခြားလူမြင်လျှင်တော့ ယောက်ျားပြန်လာတာကို ဇနီးဖြစ်တဲ့သူက ပြေးထွက်ကြိုသည်ဟုထင်မှာပါ။

ခရောင်းက ကိုယ့်အပူနဲ့ကိုယ်။ ဗဟိုက ခရောင်းလက်ထဲကို ဖိုင်ထည့်ပေးလိုက်ပြီး ဆံပင်တစ်ချက်သပ်သည်။ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ပြီးမှ...

"သတင်းရတယ်၊ လိုက်ကြည့်တော့ ငါက နောက်ကျကျနေတယ်ကွ၊ နက်ရှိုင်း နဲ့ ကလေးနှစ်ယောက်ကို အမျိုးသမီးတစ်ယောက်နဲ့အတူ ဝင်လာတာတွေ့ပြီး ပြန်ထွက်သွားကြတာ ပြန်မလာဘူးတဲ့"





"ဟင်...၊ ဘယ်... ဘယ်ကအမျိုးသမီးတဲ့လဲ"

ခရောင်း က သူ့ဘေးမှာ တင်ပါးလွှဲ ကြွကြွလေးဝင်ထိုင်ကာ မျက်နှာလေးပျက်ပျက်နှင့်မေး၏။

"အဲဒါ မသိဘူး။ မင်းပြောတဲ့ ရန်ကုန်က သူ့သူငယ်ချင်းဟောင်းတွေဆီတဲ့ အိမ်သုံးအိမ်စလုံးကို ရောက်ခဲ့တယ်၊ တစ်အိမ်က ပြောင်းသွားကြပြီ၊ တစ်အိမ်က သူ လာသွားတဲ့အိမ်၊ တစ်အိမ်ကတော့ အဲဒီကို လုံးဝ မလာဘူးတဲ့။ ဒီတစ်နေ့လုံး အဲဒီကိစ္စပဲ ငါ လျှောက်လိုက်နေခဲ့တာ၊ အချိန်ကုန်ပြီး အရာမထင်တဲ့ပင်ပန်းခြင်းမျိုး လုပ်ခဲ့ဖူးတာ ဒါ ပထမဆုံးပဲ"

"ရှင် အဲဒီလိုတော့ မပြောနဲ့လေ"

ခရောင်း က မကျေမနပ်လေးပြော၍ ထ,သွားကာ သံပရာရည်တစ်ခွက် ဖျော်လာခဲ့၏။ ဒီအိမ်မှာ နှစ်ရက်ပြည့်အောင်မနေရသေးပေမယ့် အိမ်သားတွေရဲ့ အကြိုက်ကို တော်တော်သိနေပြီဖြစ်၏။

ဘာဆိုင်လို့လဲဆိုပြီး ဒီတိုင်းထိုင်နေခဲ့ဖူးသည်။ ဗဟို့အတွက် ပူစူးမက သံပရာရည်ဖျော်လာပေးရတော့ မျက်နှာပူမိတာ ဘယ်ဆီလွှဲရိုက်ထားမှန်းမသိအောင်ပင်။

ပြီးတော့...

"သားက အလုပ်ကပြန်လာတိုင်း သံပရာရည်သောက်တယ်၊ ပြီးမှ ရေချိုး ဘာညာ ဆက်ဝင်တာလေ၊ နောက်ဆို သမီး သိသွားမှာပါ"ဟု ဒေါ်စိုးမိုးလွင် က ပြောခဲ့၏။

ဒါဟာ နောက်ဆို လင့်ကိစ္စ မယားကလုပ်ပေးရမှာဟု အမိန့်ချလိုက်ခြင်းသာ။ ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ နေဗဟို က ကိုယ့်ယောက်ျား။

"ကျွန်မ ရန်ကုန်ကို ဘာကိစ္စနဲ့ပြန်ရောက်လာတယ်ဆိုတာ ရှင်သိသားနဲ့၊ ကလေးတွေကို ရှာပေးရတာကိုတော့ မညည်းသင့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သောက်လို့လည်းမပြော၊ လက်ထဲကိုလည်း မထည့်ဘဲ ရှေ့မှာ ထားလိုက်သည့် သံပရာရည်ဖန်ခွက်ကို ဗဟို က သူ့ဘာသာယူသော ၏။ ပြီးမှ…

“ညည်းညူတာမဟုတ်ဘူး၊ သူ့ကိုလိုက်ရှာရတာက မင်းပြော အိမ်သုံးအိမ်ကိုပဲ ခြေရာခံရတာ၊ ငါလဲ သူ့ကိုမြင်ဖူးတာမဟုတ်တော ဘယ်လောက်စိတ်ပျက်ဖို့ကောင်းလဲ”

“စိတ်ပျက်နေရင် ကျွန်မဘာသာရှာမယ်လို့ ပြောနေသားပဲ”

“မင်း ဒါကိုပဲ ခဏခဏထပ်ပြောနေပါလား၊ ဘယ်မှာနေပြီး ထပ် ရှာ မင်းလဲ ဒီထက်ပိုသိတာရှိလို့လား”

ခရောင်း မဖြေနိုင်။

“အားလုံး အဆင်ပြေအောင် မင်းကို ဒီမှာပဲနေဖို့ ငါပြောတာ အ သဖြင့် ငါ့ဘက်က အကူအညီတောင်းတာမျိုးပါ၊ ဒီအချိန်မှာ အား သာယာစိုပြေနေတာကို ပျောက်ပျက်မသွားစေချင်သေးတာ”

“ဒါဆိုရင် ရှင် မညည်းညူဘဲနဲ့ ရှင်းတို့ကို အမြန်ဆုံးတွေ့အောင် ပေးပါ၊ ကလေးတွေနဲ့ သူ့အဖေ ပြန်ပြီးဆုံသွားရင် ကျွန်မကလေးတွေ ကျွန်မ ဆုံးရှုံးလိုက်ရမှာ သေချာတယ်”

“အဲဒါက ဖြစ်သွားနိုင်တဲ့ကိစ္စပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူက အ လေ”

ခရောင်း မျက်နှာမှာ ဒေါသရောင် လက်ခနဲဖြစ်သွား၏။ ထိုအသံ သူမ မကြားချင်ဆုံး။ ဘာဖြစ်လို့ အဖေ ဖြစ်ရမှာလဲ။ ဒီကလေးတွေရဲ့ တာဝန်တွေကို ကျေခဲ့ဖူးလို့လဲ။

ဗဟို က ခရောင်း မျက်နှာလေးကိုငဲ့ကြည့်ပြီး မတည်မငြိမ် မျက်ဝ များနှင့်…

“သူလဲ ပြည့်စုံချမ်းသာနေပြီဆိုရင် မင်း ကြည်ဖြူသင့်တ





ခရောင်း”

“ဘာ…”

“ကလေးတွေရဲ့ ရှေ့ရေးက မင်းတို့လက်ထဲမှာရှိတာနဲ့ သူ့အဖေ လက်ထဲမှာနေရတာ ဘာက ပိုပြီးတင့်တယ်နိုင်မလဲ”

“ရှင် အဲဒီလူနဲ့ ဘယ်မှာတွေ့လာပြီး သူ့ဘက်ကိုပါသွားတာလဲ နေဗဟို၊ အခု သူ့တို့ ရန်ကုန်ကိုရောက်နေကြပြီလား”

ခရောင်း က ဒေါသလေးနှင့်ပြောပြီး ဆတ်ခနဲထရပ်လိုက်၏။ ဗဟို က ခရောင်းလက်ကောက်ဝတ်လေးကို ပြန်ဖိဆွဲလိုက်ကာ သူမ ပွပွလေး ပြန်ထိုင်ကျလာမှ…

“ကလေးတွေကို ထိန်းသိမ်းချင်နေတဲ့လူက ကိုယ်တိုင်ကမှ လူကြီး ပီသသေးရင် ဘယ်လိုလုပ်မလဲ”

“ဘာပြောလိုက်တာလဲ ရှင်”

လက်ကိုရုန်းနေသဖြင့် ဗဟိုက မလွှတ်ဘဲပြုံးလိုက်ကာ…

“မင်း ကလေးဆန်တာကိုပြောတာ၊ မှားသွားလို့လား”

“မှားတယ်လေ၊ ရှင်က အရာရာ ပြည့်စုံကြွယ်ဝနေတော့ မစားရတဲ့ ဒုက္ခ၊ မဝတ်ရတဲ့ဒုက္ခဆိုတာတွေကို မသိဘူး၊ မပြည့်စုံတဲ့ မိသားစုတွေမှာ ရှိရှိတာ ဝေခြမ်းမျှတပြီး တစ်ယောက်ပါးစပ်ထဲက တစ်ယောက် လုစား ကြရတာ၊ အဲဒီလိုမျှဝေခံစားပြီး ခိုင်မြဲလာခဲ့ကြတဲ့ လက်တွေက ပိုမြဲတယ် ရှင် သိရဲ့လား။ စည်းစိမ်ချမ်းသာတွေပြည့်စုံနေမှ သာယာတာမဟုတ်ဘူး၊ လူချမ်းသာတွေကျမှ ချစ်တတ်ကြတာလဲမဟုတ်ဘူး၊ သူ ချမ်းသာနေပြီ ဆိုတာနဲ့ပဲ ကျွန်မက ကလေးတွေကို ပေးလိုက်ရမှာလား”

“ချမ်းသာတာ ဆင်းရဲတာထက် သူ့မိဘနဲ့သားသမီးနေတာ အကောင်း ဘယ်ဆုံးပဲ ခရောင်း။ မင်းလဲ တစ်နေ့နေ့မှာ အိမ်ထောင်မပြုဘဲ စမ်း မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"မင်းရဲ့အိမ်ထောင်ဖက်က ဖြူစုမယ်ဆိုရင် မင်းပဲ စိတ်ညစ်ရမှာလေ၊ ပြီးတော့ မင်းကိုယ်တိုင် မိခင်တစ်ယောက်ဖြစ်လာတဲ့အခါ..."

"ရှင်... ရှင် ဘာတွေပြောနေတာလဲ"

ခရောင်း ပါးပြင်လေးတွေ ရဲခနဲဖြစ်သွားတာကို ဗဟို က စူးစိုက်ကြည့်၏။ ရှန်းနေသည့်လက်ကို မလွှတ်ဘဲ အနားကိုပါလာအောင် ဖိဆွဲလိုက်တော့ လက်မောင်းချင်းထိကပ်သွားသည်။

"အဲဒီယောကျ်ားက ကိုယ်ဖြစ်နေရင်တော့ ဖြူစုမိမှာ သေချာတယ်"

"အို..."

"ဟုတ်တယ်၊ ကိုယ့်ထက်ပိုပြီး ကလေးတွေကိုပဲ အချိန်ပေးယုယနေရင် ပြဿနာရှိနိုင်တယ်"

"ရှင်... ရှင်နော် ..."

ခရောင်း မျက်နှာကိုပဲ စူးစိုက်ကြည့်နေမိရင်း မေမေ ထွက်လာတာကိုလည်း သတိမထားမိ၊ ပြန်လှည့်ဝင်သွားတာကိုလည်း မသိလိုက်ပါ။

သူမမျက်နှာလေးကိုကြည့်မိတိုင်း စူးစူးစိုက်စိုက်ငေးသွားမိတာ အကြိမ်ကြိမ်အခါခါ။ သူမမှာ စည်းစိမ်ချမ်းသာ ဘာမှမရှိပေမယ့် ကြင်နာအပြုအမူ၊ စိတ်ဓာတ်အယူအဆတွေကို သိလိုက်ရပြီးသည့်နောက်မှာ ခရောင်း အပေါ်မှာ အထင်မသေးနိုင်တော့သည့် လေးစားစိတ်တွေ ဖြစ်လာခဲ့ရသည်။

ကြင်နာ စွပ်စွဲသမျှ ရလိုမှုတွေအားလုံး ခရောင်း စိတ်ထဲမှာ ဘာမှရှိမနေခဲ့တာကို သူ့ထက် ဘယ်သူပိုသိမှာလဲ။ မေမေကိုယ်တိုင်က 'မိန်းကလေးကို လောလောဆယ် မပြန်ပါစေနဲ့ဦး'ဟု သူ့ကိုမှာထားခဲ့သေး၏။ ... အခြေအနေမှန်အားလုံးကို ဖေဖေ မသိစေချင်တာ ပါပေမယ့် ခရောင်း၊ အထင်သေးစိတ်နှင့် ဆက်ဆံတာမဟုတ်မှန်းကိုတော့ သိသာ





စေသည်ပဲ။ ဗဟို က ခရောင်းလက်ဖဝါးလေးကိုပဲ ဖွဖွလေးဆုပ်ကိုင်ထားလိုက်ပြီး...

"မင်းကို ကိုယ်ပြောထားတာ မမေ့နဲ့နော်"

"ဘာကိုလဲ"

"မင်း ကိုယ့်ဘေးမှာပဲ အမြဲနေသွားဖို့"

"နေဗဟို"

လက်ကို ဖျတ်ခနဲဆွဲရုပ်ပစ်လိုက်ပြီး ခရောင်း က သူ့မျက်နှာကို အေးစက်စက်ကြည့်သည်။

"အဲဒီစကားကို ရှင် တစ်ခါပြောလိုက်တိုင်း ကျွန်မကို ဆဲနေသလို ခံစားရတယ်၊ ကျေးဇူးပြုပြီး နောက် ဘယ်တော့မှမပြောပါနဲ့"

"အဟွန်း"

ဗဟိုက ဂျစ်ကန်ကန် တစ်ချက်ကြည့်ပြီး မျက်နှာလွှဲ၍ပြုံးသည်။ ဒီလူ ဘယ်လိုလူလဲ။ ကိုယ့်ကို ဘယ်လိုသဘောထားနေခဲ့သလဲ၊ မျက်စိအောက်မှာမြင်နေရသည့်မျက်နှာကတော့ အလွန်အမင်း မခံချင် မုန်းတီးဖွယ်ကောင်းနေလျက်...

"ညတုန်းက ဖေဖေ ပေးခဲ့တဲ့လက်ဆောင်ကို မင်း မေမေ့ကို သွားပေးတယ်ဆို"

မေးပုံက ကိုယ်ကပဲ တမင်ဟန်ဆောင်ပန်ဆောင်တွေလုပ်ပြနေသလိုလို။

"အဲဒါ ဘာဖြစ်လဲ"

"အပ်ထားတာလား၊ ပြန်ပေးတာလား"

"ရှင် ..."

ခရောင်း ဒေါသဖြစ်လွန်းသဖြင့် ဆတ်ခနဲထ,ရပ်လိုက်၏။ ဗဟို က ဆိုဖာမှာ ခပ်လျော့လျော့မှီရင်း မျက်ခုံးတွေပဲ ပင့်ကြည့်သည်။ 'မြေ့စိမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး’လို့ မဲ့ရွဲ့ပစ်လိုက်ချင်တာမျိုး။

“ရှင်... ရှင် တော်ပြီလား နေဗဟို၊ ပြောပါ၊ ဒီထက် ပိုပြင်ပြောင်မြေ့ာက်တဲ့စကားလုံးတွေ ထပ်ရှာပြီးပြောလိုက်စမ်းပါ”

“ဟား ...”

ဗဟို က မတ်တတ်ထ,ရပ်လိုက်ပြီး ဘောင်းဘီအိတ်တွေထဲမှာ လက်နှစ်ဖက်ထည့်ထားလိုက်ကာ...

“မင်းမှာပဲ ဒေါသရှိတာလား ပြောပါဦး၊ မင်းရင်ထဲက သယ်ဓာတတွေအကြောင်းကို ဘေးလူက မသိနိုင်ဘူးလေ၊ အဲဒါကို ဝေဖန်ရင် မင်းရဲ့တန်ဖိုး ဘယ်ရောက်နေနေ ဒါက ဝေဖန်တာပဲ”

“ဝေဖန်ကြတယ်ဆိုတာ မသိကြတဲ့ ပတ်ဝန်းကျင်အလုပ်တွေပါ၊ ရှင်နဲ့ကျွန်မ ဘယ်ပုံစံနဲ့ လက်တွဲခဲ့ကြတာလဲ၊ ရှင့်ထက် ဘယ်သူပိုသိမှာလဲ”

ခရောင်း စကားပြောနေတာကို ဗဟို က မျက်ခုံးခပ်တွန့်တွန့်နှင့် စိုက်ကြည့်နေသည်။ ဒေါသဖြစ်နေတာကိုပဲ လှရှင်တော် ဟာသပြက်လုံးတွေကိုကြားနေရသလိုလို။

“ဒီပစ္စည်းတွေနဲ့ ကျွန်မ ဘာမှမသက်ဆိုင်ဘူးဆိုတာ သိလို့ ရှင် ကျွန်မကို တစ်စစီဖွဲ့ခြွေပြောပြီး ပါးစပ်အရသာခံနေတာ၊ ဒါတွေကြောင့်ပဲ ကြင်နှာ ကလဲ ပက်ပက်စက်စက်စော်ကားသွားပြီးပြီ၊ ကျွန်မမျက်နှာမှာ အဲဒီလို လိုချင်တပ်မက်တဲ့သရုပ်တွေပေါ် နေသလား”

“မပေါ်ပါဘူး၊ လှတယ်”

“ရှင့်မျက်လုံးကြီး တခြားကိုလွှဲပြီးပြောစမ်းပါ၊ ကျွန်မကို ဘယ်လိုသဘောထားပြီး ဘယ်လိုဆက်လက်အသုံးချဖို့ အစီအစဉ်တွေ ရှိနေသလဲ”

“အသုံးချလို့ရမယ်ဆိုရင် ကောင်းတာပေါ့၊ ဒါပေမယ့် အသုံးချတာလား၊ အားကိုးတာလားဆိုတာတော့ မင်း သိသင့်တယ်”





ဗဟို က ခရောင်းနှင့် လက်တစ်ကမ်းအကွာလေးလောက်ထိ တိုးသွားကာ...

“ငါတို့အားလုံးက လူမမာအတွက်ရော ဒီလက်ထပ်ပွဲနဲ့ပတ်သက်တာမယ့်ဂုဏ်သိက္ခာတွေအတွက်ရော မင်းရဲ့အကူအညီကို လိုလားခဲ့ကြတာ၊ အဲဒါ အသုံးချတာမဟုတ်ဘူး၊ မင်းကလွဲပြီး တခြားသူဝင်လို့မရနိုင်တဲ့နေရာမို့ အားကိုးခဲ့တာ”

မျက်လုံးချင်းဆုံ၍ စူးစိုက်ကြည့်မိကြစဉ်မှာ မျက်နှာလွှဲဖို့ကို မေ့နေကြ၏။

“ကြင်နှာဖော် ဆိုတဲ့ နာမည်ကို မင်းထည့်ပြောဖို့မလိုတော့ဘူး၊ မင်းအခု ပတ်သက်နေကြတာ ငါရယ်၊ မေမေရယ်၊ ပြီးတော့ ဖေဖေ၊ ကြင်နှာတ်ချတာ၊ ကဲ့ရဲ့တာတွေ ထားခဲ့လိုက်ပါ၊ ဒီအိမ်ထဲက မိသားစုရဲ့ နွေးထွေးခြင်း၊ အေးစက်ခြင်းကိုပဲ မင်းယူ”

မျက်နှာလေး တင်းနေဆဲပေမယ့် ခရောင်း မျက်ဝန်းတွေမှာ စူးရဲင်းတွေ နည်းနည်းဖျော့ကျသွား၏။

“ဒီအိမ်မှာ မင်း အခွင့်အရေးယူမယ်ဆိုရင် ကြံစည်နေဖို့မှမလိုတာ၊ င်းက ငါ့မိန်းမ၊ ငါပိုင်ဆိုင်သမျှ မင်းပိုင်တယ်”

“အို...”

လက်ထပ်ခဲ့တာကို မေ့လျော့ကာ ခရောင်း နားထဲမှာ ထိုစကားကန့်လန့်ကြီးဝင်၏။

“အဲဒါတွေကို ထည့်ထည့်မပြောပါနဲ့ရှင်၊ ရှင်နဲ့ကျွန်မ ပြီးသွားပြီ”

“ဘယ်မှာပြီးလို့လဲ၊ ဘာမှကို မစ,ခဲ့သေးဘူး”

ခရောင်း ဖျတ်ခနဲမော့ကြည့်၏။ ဗဟို က ခပ်စောင်းစောင်းလှည့်ပ်လိုက်ပြီးမှ ပြန်ငဲ့ကြည့်ကာ ...

“မင်းရှာနေတဲ့လူတွေကို ပြန်တွေ့ရင် မင်း ဘယ်လိုလုပ်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ သူတို့ကိုခေါ်ပြီး မန္တလေးကို ချက်ချင်းပြန်မှာပေ

ဗဟို က မျက်လုံးမလွှဲဘဲ မေးစင်းကြည့်နေရင်း ခေါင်းညိတ်သည် ပြီးတော့မှ ရှေ့ပြန်လှည့်သွားကာ...

"မင်းကို ငါက ခွင့်မပြုဘူးဆိုရင် တားပိုင်ခွင့်ရှိတယ်၊ အဲဒါ သိလား"

"ဘာ..."

ခရောင်း ၏ 'ဘာ' အသံက မကျယ်ပါ။ ဒေါသမဟုတ်ဘဲ အံ့ဩခြင်းက ပိုသွားတာဖြစ်သည်။

"ရှင် ဘယ်လို... ဘာပြောလိုက်တာလဲ၊ ကျွန်မကို..."

"ပြောပြတာပါ၊ မင်းနဲ့ငါ လက်ထပ်ထားတာ တိုင်းသိပြည်သိလေ ကြင်နာဖော် နဲ့စီစဉ်ခဲ့တဲ့လက်ထပ်ပွဲမပျက်အောင်ဆိုပေမယ့် ငါ လက်ထ ခဲ့တာ ကြင်နာဖော် မဟုတ်ဘူး၊ ခရောင်းရင့်"

"အို... ဒါကလဲ..."

"ဟုတ်တယ်၊ ဘယ်သူမှ ရည်ရွယ်ခဲ့ကြတာမဟုတ်ဘူး၊ ဒါပေမယ့် မင်းနဲ့ငါ လက်ထပ်ခဲ့ကြတာက အမှန်ပဲ၊ အဲဒါကို မသက်ဆိုင်ပါဘူးလို့ မင်း ငြင်းချင်လဲမရဘူး"

"နေဗဟို"

ခရောင်း မျက်နှာလေးမှာ ပြုံတော့မယ့်မိုးလို ညိုလိပ်အုံ့ဆိုင်းသွား ခဲ့၏။ သူမသည် မျက်တောင်တွေတဖျပ်ဖျပ်ခတ်၍ စကားတစ်ခွန်းကို ပြောဖို့ကြိုးစားနေသည်။

တော်တော်နှင့် မအောင်မြင်ဘဲ မျက်ရည်တွေက သိသာစွာ ပြည် သိပ်လာကြပြီး...

"ရှင် ကျွန်မကို ဒီမင်္ဂလာကိစ္စ ခဏခဏပြောခဲ့တယ်နော်၊ အစက မသိပေမယ့် အခု ကျွန်မ တွေးမိလာပြီ"

တွေးမိလာပြီဆိုတော့ ဗဟို မျက်မှောင်ကြုတ်သွား၏။ သူမ ဆက်





ပြောလာမှာကို စူးစိုက်နားစွင့်နေခဲ့လျှင်...

"ကျွန်မ ဒီကထွက်သွားမှာကို ရှင် မလိုလားဘူးမဟုတ်လား၊ အဲဒါ ဘာကြောင့်လဲဆိုတာလဲ ကျွန်မ သိတယ်။ ဒီမှာ ရှင် ဖုံးဖိလိမ်ညာလိုက်တဲ့ မင်္ဂလာပွဲအတွက်ရယ်၊ ဦးရဲ့ကျန်းမာရေးအတွက် အခြေအနေမှန်ကို ချက် ချင်းမသိစေချင်သေးတာရယ်၊ အဲဒီအတွက် ကျွန်မကို ရှိနေစေချင်တယ်၊ ဒါပေမယ့် ဒီစကားကို ရှင် ပြောဖို့ခက်နေတော့..."

ဗဟို မျက်နှာ ဆတ်ခနဲလွှဲပစ်လိုက်သဖြင့် ခရောင်း စကားသံလေး ရပ်သွားပြီးမှ ပြုကျတော့မလိုဖြစ်နေသည့် မျက်ရည်တို့ကို လက်ခုံလေး တစ်ဖက်နှင့်ကပ်သုတ်၍...

"ကျွန်မရှလေ ... ကျွန်မ မောင်လေးနဲ့တွေ့ပြီးရင် သူနဲ့တိုင်ပင်ပြီး သူ့ကို ဒီအကြောင်းတွေ လိပ်ပတ်လည်အောင်ပြောပြပြီး ရှင် ဖြစ်စေချင် သလို ဒီအိမ်မှာဆက်နေပြီး အခြေအနေတစ်ခုငြိမ်းချမ်းသွားတဲ့အထိ အားလုံးနဲ့ပြေလည်အောင် နေပါ့မယ်၊ ဦးလေးကိုလဲ ပြုစုပေးမှာပါ၊ ဒါပေ မယ့် ရှင် ကျွန်မကို စောစောကစကားတွေနဲ့ ခဏခဏခြောက်လှန့်ပြီး အကျပ်ကိုင်တာမျိုးတော့ မလုပ်ပါနဲ့"

နောက်ထပ် မျက်ရည်တစ်စက်သည် ဗဟို လှည့်ကြည့်လိုက်ကာမှ တိုက်ဆိုင်စွာ ပေါက်ခနဲကြွေဆင်း၏။ ဗဟို မျက်နှာတင်းသွားသည်။ ခရောင်း က တောင်းပန်နေဆဲ။

"ဦးလေးကို ဒါတွေပြောပြနိုင်တဲ့တစ်နေ့ကျရင်တော့ ရှင် ကျွန်မကို ကွာရှင်းပေးဖို့ ကတိပေးပါ၊ ရှင့်ရဲ့ လိုအပ်မှုအစုစုအတွက် အဲဒီကျရင်တော့ ကျွန်မကို မလို..."

"ခရောင်းရင့်"

ဗဟို က ခရောင်း ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"မင်းကို..."



www.burmeseclassic.com

www.burmeseclassic.com



"သား…"

ဒေါ်စိုးမိုးလွင် စိုးရိမ်သောလေသံနောက်မှာ လူရောက်လာကာ…

"ဘာတွေဖြစ်နေကြတာလဲ၊ ခရောင်းနဲ့ ဘာတွေအဆင်မပြေဖြစ်နေကြတာလဲဟင်"

"ကျွတ်"

လက်ကို ဆောင့်ဖြုတ်လိုက်ပြီး ဗဟို မျက်နှာကြီးနီရဲနေ၏။ ပြီးတော့ ဘာမှမပြောဘဲ ချာခနဲလှည့်ထွက်သွားလေသည်။ ဒေါ်စိုးမိုးလွင်ရောက်လာသည်က ချက်ချင်းမို့ ခရောင်း မျက်ရည်ခြောက်သွေ့အောင် သုတ်ပစ်လိုက်ချိန်မရလိုက်ပေ။

ဒေါ်စိုးမိုးလွင်သည် ဗဟို့ ခြေလှမ်းကြဲများကို လိုက်ကြည့်နေပြီးမှ ဒီဘက်ပြန်လှည့်ကာ…

"ဘာဖြစ်ကြတာလဲ သမီး"

"ကို… ကျွန်မတို့ …"

"ခဏလေးသည်းခံလိုက်ပါ သမီးရယ်"

ဒေါ်စိုးမိုးလွင်က ခရောင်း ဖြေတာကိုမစောင့်ဘဲ ထင်တဲ့အတိုင်း ဆုံးဖြတ်ပြီး သူမကပဲ စီစဉ်ညွှန်ကြားကာ…

"သားက ဒီရက်ပိုင်းမှာ အလုပ်တွေအရမ်းပိနေတာ၊ သူ့အဖေရဲ့ ကျန်းမာရေးနဲ့ သမီးတို့မောင်နှမ ပြန်ဆုံအောင်ရှာဖွေနေရတာနဲ့ နောက်ပြီးတော့လေ သမီး…သမီး ဒီကထွက်သွားတဲ့နောက်မှာ ကျန်ခဲ့တဲ့ပြဿနာကို ဘယ်လိုဆက်ရှင်းသွားမလဲဆိုတဲ့ ရှုပ်ထွေးမှုက သူ့စိတ်ကို အလိုလိုနေရင်း တိုနေစေတာ၊ ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ပြောမှားဆိုမှားတွေဖြစ်ခဲ့ရင် သမီးက နားလည်ပေးပါ"

"နားလည်ပါတယ် အန်တီ၊ ကျွန်မ…ကျွန်မ သူ့ကိုတောင်းဆိုတာက ကွာရှင်းပေးဖို့တစ်ခုတည်းပါ"





"ဟင်… ကွာရှင်းဖို့…"

"ဟုတ်ပါတယ်"

'မင်းကိုငါပိုင်တယ်' ဆိုသည့်စကားလုံးကြီးကို မကြားချင်၍ ထွက်ရန်းထွက်သွားလို့မရအောင် ဒီစကားနဲ့ပဲ တားဆီးမောင်းခြင်းကို ရင်နာလာမိ၏။

မိန်းကလေးတန်မဲ့ အားမနာသင့်တာကို အားနာပြီး မှာ ရွေးချယ်ခဲ့မိသည့်လမ်းအတွက် ခါးတောင်ပဲဖြစ်ဖြစ်၊ မီးပင်လ ဖြစ် သူမ ဖြတ်ကျော်ရတော့မှာဖြစ်သည်။

သို့သော် လမ်းဆုံးလျှင်တော့ ရှာတွေ့ချင်သည်။ ဒါကြောင့် ဝေ ဆိုခဲ့တာတစ်ခုတည်းပါ။ သူမ တစ်သက်လုံးတော့ အရှုံးပေးမသွားနိုင်

"အန်တီ နားလည်ပြီ၊ သမီး စိတ်ချမ်းသာသလို အားလုံးဖြစ်စေရပါ ယ်၊ ခုလို သန့်သန့်စင်စင် ကူညီပေးခဲ့ရတာကိုလဲ အန်တီ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ခုလေ အစ်ကိုက သမီးကို သူ့ချွေးမလေးလို့ပဲမှတ်ပြီး အရိပ်တကြည့်ကြည့်နဲ့ သိပ်ချစ်ရှာတာ"

ခရောင်း ဝမ်းမသာနိုင်ဘဲ ရင်ထဲမှာ လှိုက်ခနဲပူလောင်သွား၏။ လောကမှာ ဖြတ်တောက်ရအခက်ဆုံးဟာ သံယောဇဉ်ကြိုးပဲဖြစ်သည်။ ကျွန်မက 'ကြင်နာ မဟုတ်ပါဘူး' လို့ ပြောမြို့ပြီး တစ်ဖက်ကလည်း လက်ခံ သွားချိန်မှာ ကျောခိုင်းထားခဲ့ရမှာဆို အကြောင်းမဟုတ်ပါ။

ဒီလိုမဟုတ်ခဲ့ဘဲ ဟောဒီအိမ်ကြီးထဲကနေ ခေါင်းမြီးခြုံပြီး လုံအောင် ထွက်သွားပါတော့ဆိုလျှင်…

"အဲဒါကြောင့်ပါ၊ အန်တီ့ကိုပြောဖို့ကြိုးစားလိုက်တိုင်း သူ့မျက်နှာ ရွှင်လန်းနေတာကို ပျောက်ပျက်သွားမှာစိုးပြီး ပြောမထွက်နိုင်ကြဘူး၊ ခဏလေးတော့ သည်းခံပေးပါသမီးရယ်နော်၊ သမီးရဲ့မောင်လေးနဲ့ ညီမလေး တွေကိုတွေ့ရင်လေ သူတို့အတွက် အစစ အားလုံးအဆင်ပြေစေရပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ာမီးအပေါ်မှာ အားလုံးအမြင်ရှင်းသွားအောင်လဲ အန်တီ တံာဝန်ယူပြ
မေးမှာပါ"

"ဘာအန်တီ ကျွန်မ လိုချင်တာက ..."

ကြတာလဲပဲဟင်ချပါ၊ သမီး ဒီကထွက်တော့မယ်ဆိုတာနဲ့ ကွာရှင်းစာချုပ် ရှ

"ကျွတ်"

လက်ထွက်တော့မှတဲ့လား ...၊

တော့ ဘာမှဲမှာ ဖြင်းခဲ့ထိရှသွားခဲ့၏။ အားလုံးဟာ ကိုယ့်အပေါ်မှာ ဒီနိုင်
ရောက်လာစ်ခုတည်းနှင့် ဖိနှိပ်ခိုင်းစေနေခဲ့သည်လား ...။





အခန်း (၂၆)

"အန့် ... ဟို မေမေ"

အန်တီလို့ ကွယ်ရာမှာခေါ်နေကျမို့ မေမေ ခေါ်ဖို့ပြင်တိုင်း အန်တီ ကတွဲလျက်ပါနေတတ်၏။ တော်ပါသေးသည်။ ဦးတက်နေက ဒါတွေကို သတိမထားမိ။

"မေမေ ရေချိုးမလို့မဟုတ်လား၊ သွားချိုးလေ၊ ဖေဖေ့ကို ကျွန်မပဲ ခြံထဲလိုက်ပို့ပေးလိုက်မယ်"

သမီးလို့ပြောရမှာကို သိပေမယ့် ကျွန်မကိုပဲ ပြောဖြစ်နေသဖြင့် ဒါကိုတော့ ပြုပြင်ဖို့မကြိုးစားတော့ပါ။

"အေး သမီးရယ် မေမေ ခဏပဲ သိလား"

ဝှီးလ်ချဲကို ခရောင်း ဝင်တွန်းတော့ ဦးတက်နေ က ပြုံးနေ၏။

"ဖေဖေ ဘယ်ကိုသွားချင်လဲဟင်၊ ဟိုဘက်မှာ ခုလောက်ဆို ခရေတွေပွင့်နေပြီ၊ စိတ်ကြည်သွားအောင် အဲဒီဘက်ကို သွားမလား"

"ရှေ့နားပဲပို့ပေး သမီး၊ အဲဒီမှာ ဖွန်ပန်းနုံလေးတွေနဲ့ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ခရောင်း က ပန်းရုံတွေဘက်ကိုတွန်းခဲ့ပြီးမှ ခပ်လှမ်းလှမ်းကို
သွားပြီး ရပ်လိုက်၏။

"ဒီနားလောက်ဆို အနေတော်ပဲနော်၊ အနားသိပ်ကပ်တော့ ပန်း
က စူးတယ်၊ ကြာရင် ခေါင်းနောက်သွားမှာစိုးလို့"

ပြောရင်း ခရောင်း က ဦးတက်နေ ကို အသင့်ချထားသည့် ခုံ
ဘက်ဒ်ပေါ် ပြောင်းလို့ရအောင် ကူညီတွဲပေး၏။

"သမီး မနေ့က ဖွန့်စန်းတွေခူးပြီး တယုတယသိနေတာမြင်လို့
ပန်းကြိုက်မှာပဲထင်ပြီး ဖေဖေက ဒီဘက်ကိုလာခိုင်းတာ၊ အနံ့ သိပ်စူး
သမီး က မကြိုက်ဘူးလား"

"ကြိုက်ပါတယ်၊ ဒါပေမယ့် လူကြီးကျတော့ ဒီလိုဟုတ်ချင်မှဟုတ်
မှာ ဖေဖေရဲ့၊ ဖေဖေက သိပ်မကြိုက်ဘဲလာတာလားဟင်"

"မဟုတ်ဘူး၊ သမီး ကြိုက်တာကို ဦးစားပေးချင်တာပါ၊ သားကရော
သမီးကို အလိုလိုက်ရဲ့လား"

"ရှင် ..."

"စကားပြောရင် ဒီကောင်က ငေါက်ဆတ်ဆတ်ရယ်၊ အလုပ်ရှုပ်
လာရင် ဒေါသထွက်တတ်သေးတယ်၊ သမီးတို့ချင်း ပြန်ဆုံကြကာမှ မရင်း
နှီးသေးဘဲ ချက်ချင်းစီစဉ်လိုက်ရတာဆိုတော့ အဆင်မပြေဖြစ်ကြမှာ
စိုးတယ်"

"အဟွန်း... ရပါတယ် ဖေဖေ၊ မဖြစ်ပါဘူး"

စကားတွေ အဆင်မချောတော့ပါ။ 'အဆင်ပြေပါတယ်'လို့ ကျ
သေသပ်စွာပြောလိုက်ဖို့ နှုတ်ဖျားက ဆွံ့အနေခဲ့၏။

ထိုစဉ် အိမ်ထဲကနေ ဗဟို ထွက်လာ၏။ ဟိုတုန်းကတော့ အလုပ်
က ပြန်လာတာနှင့် ဘယ်ကိုမှ ပြန်မထွက်တတ်ဘူးဟု သိရကာ မဂ်လာဆောင်





ပြီးကာမှ ပြန်လာပြီး ပြန်ထွက်နေရတာ အချိန်မရွေး။

ဘောင်းဘီရှည်နက်ပြာနှင့် အပွင့်နက်လေးတွေပါသည့် ရှပ်လက်တို
အညိုရောင်ပွပွကို ဝတ်ထား၏။ သေသပ်စွာဖြီးထားသည့်ဆံပင်တွေက
ကျဉ်းမကျယ်နဖူးထက်မှာ တစ်မျှင်တလေမှမရှိဘဲ ရှင်းနေသည်။

ရေချိုးပြီးစမှန်းသိသာစေသည်က ရှင်းသန့်ကြည်စင်နေသည့်
မျက်နှာ ဖြစ်၏။ ဟန်းဖုန်းကိုင်လာသည့် သူ့လက်ဖဝါးစောင်းထက်က
ဒိမ်းမြကြမ်းရှသောမွေးညင်းတို့ဆီ အကြည့်ရောက်ကာ ခရောင်း မျက်နှာ
လွှဲလိုက်မိ၏။ သူ့ထက်အရင် ရေမွှေးနံ့တစ်ချက် ဝေ့ခနဲရောက်လာပြီးမှ...

"ဖေဖေ"

"ဟင်... ဟော... မင်း အပြင်ထွက်ရဦးမှာလား"

ဦးတက်နေ က လှည့်ကြည့်ပြီး မေးခွန်းပြန်ထုတ်၏။

"ဟုတ်တယ် ဖေဖေ၊ ဟိုလက မပြတ်ခဲ့တဲ့ ဘဏ်ကိစ္စကို ကိုယ်စား
လှယ်နဲ့တွေ့ပြီး ပြန်ရှင်းရမှာ"

"သြော်... ဒါက ဖေဖေကျန်းမာလာမှပဲ ပြန်ကိုင်ပါ့မယ်ကွာ၊ မင်း
တစ်ယောက်တည်းနဲ့ ကိုယ့်အလုပ်လုပ်ရ၊ ဖေဖေ့အလုပ်ထဲဝင်ပါရနဲ့ ဘယ်
တတ်နိုင်မလဲ၊ အဲဒါ ထားလိုက် ထားလိုက်"

"ဖေဖေ နေမကောင်းတာက နှာစေးချောင်းဆိုးမှမဟုတ်တာ
ဖေဖေ၊ ပြီးတော့ ကိုယ့်လုပ်ငန်း၊ သူ့လုပ်ငန်း ခွဲနေရအောင် ဖေဖေနဲ့
ကျွန်တော်က တိုင်းပြည်ခြားနေကြတာမှမဟုတ်တာ၊ အားလုံး ဖေဖေ့
လုပ်ငန်းတွေပါ"

ဦးတက်နေ က ခေါင်းခါလိုက်ပြီး ဒရင်းဘက်ဒ်ပေါ် ကနေ သားဖြစ်
သူကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

"အခု အရင်လိုမဟုတ်တော့ဘူးလေ၊ သားက အိမ်ထောင်သည်ဖြစ်
နေပြီ၊ မိဘအရိပ်အောက်မှာပဲနေပြီး မခွဲမခွာရှိနေသေးတာကပဲ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နူးဖို့ကောင်းနေပါပြီ၊ ဒါပေမယ့် သားက အိမ်ထောင်ဦးစီးဖြစ်သ အိမ်ရှင်မကလဲ သူ့နေရာနဲ့သူ နေချင်မှာပဲ"

ဗဟို က ခရောင်း ကိုလှမ်းကြည့်၏။ ခရောင်း က သူ့ကို မကြ ပါ။ ဗိုးလ်ချဲဘီးမှာ ကပ်ငြိနေသည့် ပလတ်စတစ်စလေးကို ဖြုတ်ချလို ပြီး ဦးတက်နေ ပြန်တက်နေမည်ဆို အဆင်ပြေအောင် နေရာပြန်ရွေ နေ၏။

ဝိတောက်ခြောက်ရောင်ထဘီ၊ အကျီရင်စေ့လက်ပြတ်လေးနှ ဆံပင်ရှည်တွေကို နောက်မှာ အဖြူရောင်သားရေကွင်းလေးနှင့် ရိုးရို လေးပဲစည်းချထားတာဖြစ်သည်။

ဒါပေမယ့် မွေးညင်းနုလေးများနှင့်ရှိန်းမြနေသည့် သူမ၏နားသယ စပ်လေးတွေက ဆံပင်စည်းထားတိုင်းထင်နေအောင်ပေါ် သည်။ မျက်ခုံ ထူထူလေးတွေနဲ့ ဆံယဉ်စလေးတွေကြောင့် ထိုမျက်နှာလေးကိုစိုက် ကြည့်မိတိုင်း ချက်ချင်း မျက်နှာလွှဲဖို့ မေ့မေ့သွားတတ်၏။

မိန်းမတို့၏အလှတရားတွေ ဘယ်နှစ်မျိုး ဘယ်နှစ်စားလောက် ရှိနေသလဲ၊ လှုပ်ရှားတုန်ယင်သွားအောင် ဆွဲဆောင်နိုင်တာ ဘယ်လိုအလှ မျိုးဖြစ်၍ ...

တစိမ့်စိမ့်ငေးနေရင်း မငြီးငွေ့နိုင်အောင်လှတာကို ဘယ်လိုသတ် မှတ်နိုင်သလဲဆိုတာ သိချင်လာမိသည်။ ခရောင်း ကတော့ ဘာကိုမှ ဂရု စိုက်မနေပါ။ သူမ လုပ်ချင်ရာလုပ်နေပြီး ဘာမှမပြောဘဲ လှည့်ထွက်သွား လျှင်...

"ခဏ"

ဗဟို က ခရောင်းလက်ကလေးကို လှမ်းဆွဲထားလိုက်၏။ ဦးတက် နေ က လက်နှစ်ဖက်ဆုပ်ကိုင်ထားခြင်းကို လှမ်းကြည့်ကာ...

"သားတို့ ပြောစရာရှိရင် သွားကြလေ၊ ဖေဖေလဲ ဒီမှာ အေးဆေး





နေချင်သေးတယ်"ဟု ခွင့်ပြုလိုက်၏။

"ရှင် ဘာပြောမလို့လဲ"

ပေါ်တီကိုအောက်စပ်နားရောက်သည်နှင့် ခရောင်း က သူကိုင် ထားသည့်လက်ကို ရုန်း၍ နေရာမှာပဲ ရပ်ပစ်လိုက်၏။

"မင်းကို ငါ ပြောထားသားနဲ့၊ ဘာမှမပြင်ဆင်ဘဲ ဖေဖေ့နားမှာပဲ ဘာဖြစ်လို့ ကပ်ပြီးအရှောင်ကောင်းနေတာလဲ"

"မလိုက်နိုင်ဘူးလို့ ရှင့်ကိုလဲ ကျွန်မ ပြောထားတာပဲ၊ ဒီပွဲမျိုးတွေ ကျွန်မ တိုးလဲမတိုးဖူးဘူး၊ ဝင်တိုးဖို့လဲ စိတ်ကူးမရှိဘူး"

"ဟေ့ နေဦးလေ"

ခရောင်း က ဖွတ်ရှောင်ထွက်သည်။ ဗဟို က ရှေ့ကပိတ်ထားလိုက် ကာ...

"အိမ်ထောင်သည်တိုင်း ဒီပွဲမျိုးကို စုံတွဲသွားနေကြတာ၊ ငါက တစ် ယောက်တည်းသွားရင် ဘယ်လိုထင်ကုန်ကြမလဲ"

"အဲဒါ မသိဘူး၊ ဒီမှာ နေဗဟို ကျွန်မ အခု ရှင့်အိမ်ထဲမှာ အိမ်ဖော် လိုပဲနေရနေရ ကျေကျေနပ်နပ်နေပေးနိုင်တယ်၊ ရှင့်မိန်းမအဖြစ် လူကြား ထဲကို တွဲထွက်ဖို့ ဘယ်တော့မှမပြောနဲ့၊ လက်မခံဘူး"

"မခံလို့ ရမလားကွ၊ မင်းကို ငါက ကူဖော်လှောင်ဖက်ခေါ်ထားတာ မဟုတ်ဘူး၊ ငါ့ရဲ့ ..."

"အို... တော်တော့"

ခရောင်း က နားနှစ်ဖက်ပိတ်၍အော်ပစ်လိုက်သည်။

"ကျွန်မ ကျရာဘဝမှာ ပျော်အောင်နေပေးတာ ရှင့်ရဲ့ဇနီးဆိုတဲ့ အိပ် ခက်ဆိုးလွတ်ဖို့ ဒါကို အထပ်ထပ် အရာထင်ပြီး စွဲနစ်ဖို့မဟုတ်ဘူး၊ မကျေ နပ်ရင် ကြိုက်သလိုဆုံးဖြတ်"

"မရဘူးနော်၊ ဟေ့..."



www.burmeseclassic.com

www.burmeseclassic.com



"အို... လွှတ်"

သူက ခရောင်းလက်မောင်းလေးနှစ်ဖက်ကို သူ့ဘက်ကို ဆွဲလှည့်ပစ်လိုက်၏။ ခရောင်း မျက်နှာလေးက ဒေါသရောင်တွေလက်နေတာ ပေါက်ကွဲတော့မည့်အချက်ပြမီးရောင်တွေလို ...။

ထိုစဉ် ပူစူးမ၏အရိပ်လေး မလှမ်းမကမ်းမှာ ပေါ်လာကာ..

"အစ်ကိုလေး ဟို့... မေမေကြီးက မမလေးအတွက် ပြင်ဆင်ဖို့ အားလုံး အဆင်သင့်ပြင်ပြီးပြီတဲ့၊ ခေါ်လာခဲ့တဲ့"

ပြောပြီး လှစ်ခနဲပြန်ပျောက်သွား၏။ ခရောင်း မျက်နှာလေးပျက်လျက် ငြိမ်ကျသွားလျှင် ဗဟို က လက်ကိုလွှတ်ပေးလိုက်ပြီး ...

"အေးဆေးပြင်ပါ၊ ကိုယ် အပြင်ကပြန်လာမှ သွားမှာ"





## အခန်း (၂၇)

"သမီးက ယဉ်တော့ အနှိတ်အကျီတွေဝတ်ပေမယ့် ရင့်မသွားဘူး၊ ပ်ကြည့်လို့ကောင်းတာပဲ။ နေဦး... သခွားရောင်လေးဆိုတော့ ဆင်တူ ာမဝတ်ဘဲ ဆန့်ကျင်ဘက်အရောင်လေးဆို ပိုပေါ်မှာ"

ဒေါ်စိုးမိုးလွင်က သူမကိုယ်တိုင် အဝတ်အစား၊ မိတ်ကပ် အားလုံး သေချာပြင်ဆင်ပေး၏။ မှန်တင်ခုံရှေ့မှာထိုင်ကာ ဒေါ်စိုးမိုးလွင်နှင့် မတို့ တစ်ယောက်တစ်လက် ကူညီပြင်ဆင်ပေးသမျှကို ငြိမ်သက်နေ ခဲ့ပေမယ့် ရတနာဘူးတွေထုတ်လာတော့ ခရောင်း ခေါင်းခါ လက် ာ ဖြစ်သွားခဲ့၏။

"အဲဒါတွေ မဝတ်ပါရစေနဲ့ ဟင့်အင်း"

"သမီးရယ်"

တကယ်ပါ၊ ကျွန်မ လိပ်ပြာသန့်သန့်နဲ့ နေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"နေလို့ရမလားကွ၊ မင်း မဝတ်ချင်ပေမယ့် ငါ့ရဲ့သိက္ခာက ရှိသေး
တယ်၊ မြန်မြန်လုပ်ပေးပါ မေမေ၊ အချိန်နီးနေပြီ"

ဇဟို တံခါးဝမှာပေါ် လာတော့မှ ပိုပြီးပျာယာခတ်ကုန်၏။ ဆံပင်
တွေကို အပြောင်လိပ်တင်ပြီး မပွမပြား အနေတော်လေးထုံးဖွဲ့ထားသည်
ဆံနွယ်တွေထဲမှာ စိန်ခွေလေးတစ်ခွေ ထိုးစိုက်ပေးလိုက်ပြီးတော့ အဆံ
သတ်သည်။

"ပြီးပြီ သား၊ သားကရော လည်စည်းထည့်လေ၊ ဒီပွဲမျိုးကိုတော့
သေသေသပ်သပ်သွားပါ သားရယ်"

ဇဟို က ဘောင်းဘီရှည်နှီနှစ်ရောင်ဖျော့ဖျော့နှင့် ရှပ်အကျီအဖြူ
ကုတ်အကျီအနက် ထပ်ဝတ်ထားပြီး လည်စည်းမပါ။ သောက်လက်
စီးကရက်ကို လက်ချောင်းနှစ်ချောင်းထဲမှာဖိညှပ်၍ မီးသတ်ပစ်၏။ ပြီး
မော့ကြည့်ရင်း ခေါင်းခါကာ...

"ဒီတိုင်းပဲရတယ် မေမေ၊ သူပြီးရင် သွားမယ်"

"သားတို့ လူတွေကြားထဲမှာ အပြောအဆို ဆင်ခြင်နော်၊ ခရောင်
ကို ဂရုစိုက်၊ သူ့ခမျာ အားငယ်စိတ်တော့ ရှိမှာပေါ့"

တတွတ်တွတ်မှာပြီး ဒေါ်စိုးမိုးလွင်တို့ ထွက်သွားကြ၏။ ခြေတစ်
လှမ်းကို တန်ဖိုးကြီးစွာလှမ်းရင်း ခရောင်း က အိပ်ခန်းထဲမှာလို လျှော
ထွက်လာသည်။

အကျီက ကမာသားပါးပါးလေးဖြစ်ကာ လည်ပင်းလည်းဟိုက်သည်
တင်းပြည့်လှပသော ရင်ဘတ်လှလှလေးကို အတွင်းခံအကျီနှင့်တကွ ရှင်
လင်းစွာမြင်နေရ၏။

ဇဟို က မျက်မှောင်ကြုတ်လျက် မှန်တင်ခုံပေါ်မှာ အခေါက်လိုက်
ရှိနေသည့်ပဝါဆီကို လှမ်းကြည့်ပြီး သူကိုယ်တိုင် သွားယူသည်။

"ပဝါက ပခုံးပေါ်မှာဖြစ်ဖြစ်၊ လက်မောင်းပေါ်မှာဖြစ်ဖြစ် တင်လေ





ဘာလို့ထားခဲ့တာလဲ"

ပြောပေမယ့် သူကိုယ်တိုင် ပဝါကိုဖြန့်၍ ခရောင်း ပခုံးလေးထက်မှာ
ခြုံပေးလိုက်၏။ ခရောင်း က စကားလည်းပြန်မပြော၊ သူခြုံပေးတာကို
လည်း ခြေလှမ်းရပ်မပေးဘဲ ဂရုမစိုက်စွာလှမ်းသွားသည်။

"နေဦး"

ဇဟို က ပခုံးတစ်ဖက်ကိုလှမ်းကိုင်လိုက်ပြီးမှ လွတ်ကာ သူမရှေ့
ဘနေ ပိတ်ရပ်လိုက်ပြီး မျက်နှာကို စေ့စေ့စပ်စပ်ကြည့်သည်။

"မပြုံးရင်တောင်မှ အဲသလောက်စူပုပ်ပုပ်ကြီးလုပ်ထားတာ အရမ်း
သိသာတယ်"

ခရောင်း က ပက်ခနဲပြန်ပြောမလို့ မော့ကြည့်၏။ ဒါပေမယ့် ဘာမှ
မပြောတော့ဘဲ ရှောင်ထွက်သွားဖို့ တစ်ဖက်ကနေကွေ့သည်။ ဇဟို က
ခြေတစ်လှမ်းရွှေ့၍ သူမ ခြေလှမ်းပြင်သည့်အတိုင်း လိုက်ပိတ်ကာ...

"မလွဲသာလို့ဖြစ်ဖြစ်၊ စေတနာမပါတာဖြစ်ဖြစ်ပေါ့ မင်းမျက်နှာကို
သည်းနည်းတော့လျှော့လိုက်ပါ"

ခရောင်း၏ဒေါသမျက်ဝန်းလေးတွေ ဖျတ်ခနဲဝင့်တက်လာ၏။

"ဒါလဲ ရှင်ပိုင်တဲ့မိန်းမဆိုပြီးတော့ အမိန့်ပေးတာပဲလား"

ဇဟို မျက်ခုံးနှစ်ဖက်တွန့်သွားပေမယ့် ဆတ်ခနဲခေါင်းညိတ်လိုက်
သည်။

"ဟုတ်တယ်"

"ဆောရီးပဲ နေ့ဇဟို၊ အလုပ်လုပ်တာက ခြေလက်တွေကို ခိုင်းတာ၊
မပြောချင်တဲ့စကားကို ပြောပေးလိုက်ရတာလဲ ဖြစ်နိုင်သေးတယ်၊ ရယ်
တာပြုံးတာက ရင်ထဲကခံစားချက်၊ ကျွန်မ မပြုံးနိုင်ဘူး"

"ပြုံးတဲ့အထိမှမဟုတ်ဘဲ"

"ရှင်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်လျှောပါမယ်ဆိုတဲ့ထဲမှာ ဒါတွေလဲပါရမှာပေါ့၊ အား
အလိုက်အထိုက်ပဲ"

ခရောင်းနဲ့ သူ စူးစူးရဲရဲကြည့်မိကြ၏။ မျက်ဝန်းညိုလေးတွေထဲ
မျက်ရည်ရောင်တွေဖြစ်လာပြီး ...

"ဖယ်ပေး ရှေ့က"

သူ့ကိုယ်ကြီးကို စိတ်ရှိလက်ရှိတွန်းပစ်လိုက်တာ ဒေါသလည်း
သည်။ မခံရပ်နိုင်အောင်နာကျင်လျက် ပေါက်ကွဲရန်းထွက်ဖို့လည်း မဖြ
နိုင်သည်မို့ သတိလက်လွှတ်ပါ။

ဗဟို က သူမလက်ကို ဖမ်းကိုင်လိုက်ပြီးမှ နံရံမှာ ကျောကပ်
သွားသဖြင့် ခရောင်းကိုယ်လေး သူ့ရင်ခွင်ထဲကို အလိုလိုရောက်သွား
သည်။ ကိုယ့်ဒေါသနှင့်ကိုယ် ခရောင်း ရုတ်တရက် မတ်မတ်ပြန်မရပ်နိုင်
ထို့ပြင် ဗဟို က သူမ၏ခါးလေးကို ဖက်ထားလိုက်သဖြင့်...

"ရှင် ဘာလုပ်တာလဲ"

"မသိဘူး၊ လက်က ဒီတိုင်းဖြစ်သွားတာ"

"အူကြောင်ကြောင်တွေ လာပြောမနေနဲ့ လူကို ရှင့်လက်ခုပ်ထဲက
ရေလို့..."

"မဟုတ်ဘူး၊ မင်းကို ပြောစရာရှိလို့"

မျက်နှာချင်းက ထိကပ်တော့မည်။ သူ့မျက်လုံးတွေက ခရောင်း၏
မျက်နှာလေးထက်မှာ နေရာအနှံ့ စုန်ဆန်ဝေ့ဝဲနေ၏။ ရင်ခုန်သံတွေ ဆူည
စွာဖြစ်လာကြတာ ရှက်လွန်းတာလား၊ ခရောင်း သူ့လက်ကို ပုတ်ထုတ်
ခါချပစ်လိုက်ကာ...

"ပြောစရာရှိတာကို ပါးစပ်ကပြောပါလား၊ ဟွန်း..."

ခရောင်း ဒေါသထွက်နေပုံလေးက အလန့်တကြား ဖျာယီဖျာယား
လေးဖြစ်ကာ တွန့်လိမ်သပ်ခါချနေသဖြင့် ဗဟို က ပြုံးလိုက်၏။





"မင်း အတင်းတွန်းပစ်လိုက်တော့ ငါ လဲသွားမှာစိုးလို့ ဖက်လိုက်
တာ၊ ဘာဖြစ်သွားနိုင်သလဲ"

"ဖြစ်နိုင်တာဖြစ်ဖြစ်၊ မဖြစ်နိုင်တာဖြစ်ဖြစ် ကျွန်မ မကြိုက်ဘူး၊
နောက်ကို စကားပြောကြရင် လက်မပါပါနဲ့"

"ပါသင့်ရင်တော့ ပါရမှာပဲ၊ ပြောဆိုနေတုန်း မင်း ထွက်သွားတာ
တွေ၊ အရင်လိုတာ၊ အရေးကြီးတာတွေမှာ မင်း မတုန်မလှုပ်ပုံစံလုပ်နေ
တာတွေ၊ ဒီမှာ ..."

ဗဟို က မျက်နှာရှေ့တိုးပြီး ခရောင်း ကို ချဉ်တူးတူးကြည့်၏။

"မိန်းမ မမြင်ဖူးတဲ့ကောင်မဟုတ်ဘူး၊ ထိလိုက် ကိုင်လိုက်တာနဲ့
ထပွင့်လောက်အောင် ကိုယ့်ကိုယ်ကို ဘယ်လောက်ထိချော့လှနေလို့
လဲဆိုတာ ပြန်ကြည့်"

ကြည့်စမ်း၊ ခရောင်း ရှက်လည်းရှက် ဒေါသတွေဖြစ်ကာ သူ့ကို
မော့ကြည့်ရင်း ငိုချင်လာ၏။

ငိုချင်တာကို ကိုယ့်ကိုယ်ကိုသိလိုက်ချိန်မှာ မျက်ရည်က ပါးပြင်
ထက်ကို လိမ့်ခနဲဖြတ်ဆင်းသွားသည်။ ဗဟို က မျက်ဝန်းတွေလွှဲပစ်လိုက်
ကာ...

"ပြောပြတာ၊ နေရာတကာ မင်း အထိတ်တလန့်ဖြစ်ဖြစ်သွားတတ်
လို့"

ဟု ထပ်ပြောပြီး အခန်းထဲက လှည့်ထွက်လာခဲ့သည်။ စိတ်ထဲမှာ
သိပ်တော့မကောင်းပါ။ ဒါပေမယ့် ကိုယ့်ဘက်က မဖောက်ပြန်ဘူးဆိုတာ
ကို ယုံကြည်အောင်ပြောဖို့က ဒီလိုစကားမျိုးပြောမှပဲ သူမလိုမိန်းကလေး
က ယုံမှာဖြစ်သည်။

"မူစူးမ မေမေရော"

အပြင်မှာ မေမေ့ကိုမတွေ့သဖြင့် ခြံထဲဆင်းမလို့ထွက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ပူစူးမကို မေးလိုက်မိ၏။ ပူစူးမက အိမ်ရှေ့ရောက်နေကာမှ နောက်ပြ
လှည့်ကြည့်ကာ ...

"မေမေကြီး အထဲမှာရှိတယ် အစ်ကိုလေး"

သူ ခေါင်းညိတ်လိုက်မှ ပူစူးမ ခြံထဲကိုပြေးဆင်းသွားခဲ့သည်။ နာ
တစ်ချက်ကြည့်ကာ ခရောင်းကို ကားပေါ် ကစောင့်မလို့ သူ အပြင်ကို
ဆက်ထွက်လာခဲ့၏။ ထိုစဉ်...

သူ့နှဲ့ မလှမ်းမကမ်းထိရောက်နေပြီဖြစ်သည့် လူရွယ်တစ်ယော
ကို မြင်လိုက်ရ၏။ ဘယ်သူမှန်းမသိသော်လည်း မျက်တောင်နက်တ
ပေါင်ခဟ်ထားသလို မည်းနည်နေသည့်မျက်ဝန်းအိမ်လေးနှင့် နှာတံချွ
ချွတ်ကို တစ်ယောက်ယောက်နှင့် တော်တော်ကြီးဆင်တူနေသည်ဟ
တွေးမိကာ...

"မင်းက..."

မေးမလို့ပြင်လိုက်ပြီးမှ ခေါင်းထဲမှာ လက်ခနဲဖြစ်သွား၏။ ခရောင်
ရှင့် ၏မောင်လေး ...

ဒါပေမယ့် သူ့ဘက်က ဘာမှမပြောရသေးပါ။ လူငယ်က သူ့မျက်နှာ
ကို စူးစူးရဲရဲကြည့်၍ ...

"ခင်ဗျားက ဘဏ်သူဌေးကြီးရဲ့သား နေဗဟို လား"

"ဟုတ်တယ်"

"တောက်"

လူရွယ်၏တက်ခေါက်သံနှင့် တစ်ထပ်တည်းပါလာတာက လက်သီး
တစ်ချက်ပင်။ ခွပ်ခနဲ မီးပွင့်သွား၏။

"ခင်ဗျား... ခင်ဗျားတို့ ကျွန်တော့်အစ်မကို ဝိုင်းပြီးအသုံးချနေကြ
တာ၊ လူယုတ်မာတွေ"

ခွပ်ခနဲ နောက်တစ်ချက်မှာ ဗဟို နောက်ကို ခြေနှစ်လှမ်းထိ ယိုင်





ထွက်သွား၏။

"သား ... အမလေး... ဟဲ့ ဘာတွေဖြစ်ကုန်ပြီလဲ၊ တော်စမ်း...
ရပ်လိုက်စမ်း"

ဒေါ်စိုးမိုးလွင် အော်ဟစ်ရင်း ပြေးထွက်လာ၏။ အထဲကထွက်လာ
ပြီဖြစ်သည့် ခရောင်းလည်း မျက်လုံးအစုံ ပြူးကျယ်လျက်...

"မောင်လေး... ရှိုင်း... ရှိုင်း တော်တော့"

နောက်ထပ် လက်သီးပြင်၍ ရှေ့တက်လိုက်သော ရှိုင်း၏ ခြေလှမ်း
နှင့်လက်သီးက တစ်ပြိုင်တည်းရပ်တန့်သွားသည်။

"မောင်လေး"

ခရောင်းက မောင်ဖြစ်သူထံပြေးသွားကာ ဒေါ်စိုးမိုးလွင်က ဗဟို့ကို
ပြေးတွဲ၍ နှုတ်ခမ်းထောင့်နှင့် နှာခေါင်းမှစီးကျနေသော သွေးတွေကြောင့်
ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရှာသည်။

"ဘယ်လိုလုပ်လိုက်တာလဲဟေ့၊ မင်း သူများရဲ့ ပိုင်နက်ထဲဝင်လာပြီး
မိုက်ရိုင်းရမ်းကားလှချည်လား သူငယ်"

"အန်တီရယ် ကျွန်မ တောင်းပန်ပါတယ်။ မောင်လေးနဲ့ ကျွန်မ
အဆက်အသွယ်ပြတ်ပြီး တစ်ယောက်အခြေအနေကို တစ်ယောက် မသိ
ခဲ့ကြလို့ပါ"

"ဘာမသိရမှာလဲ၊ ကြင်နာ ပြောလိုက်လို့ အားလုံး သိပြီးပြီ၊ ပြော
လိုက်သမျှ နှင့်ကောင်းကြောင်း တစ်ခုမှမပါဘူး။ ဘာတွေပြောသလဲ ပြော
ပြရဦးမလား"

ခရောင်း ခေါင်းတွင်တွင်ခါ၍ တားဆီးလိုက်မိ၏။ ရှိုင်းသည် ပုအိုက်
တာမဟုတ်ဘဲ နဖူးမှာ ချွေးတွေစိုနေ၏။ အကြိတ်အနယ်ထိုးသတ်တိုက်
ခိုက်ရတာမဟုတ်ဘဲနှင့် ရင်ဘတ်ကြီး မို့မောက်လိုက်ဖိုနေအောင် မော
ပန်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်ပွပွ၊ ရှပ်အင်္ကျီပွပွသည် မျက်နှာပေါ်ထိ ဖရိုဖရဲ ဆင်းနေသည့် ဆံပင်ရှည်များနှ ့လိုက်ဖက်ညီကာ တကယ့်ကို ဆိုးသွ လူငယ်ရုပ်လေးပေါက်နေ၏။

ဘာကိုမှဂရုမစိုက်လောက်အောင်မွှန်နေသည့်ဒေါသများနှင့် ဗဟိုင် သားအမိကို မဲ့ကြည့်၍ ခရောင်းဘက်ကို ပြန်လှည့်သည်။

"နင့်ကိုခေါ် သွားကတည်းက ငါ မပြောဘူးလား၊ ကန့်လန့်ကာ တ ချက်မှမချဘဲ ခုနစ်တွေက ခိုင်းသွားတာ၊ ရန်ကုန်ကသူဌေးကို မှန်းလိုက် တုန်းက နင့်ကို တောင်ငှေးလုပ်ဖို့၊ အခု ဒီလိုမဟုတ်ဘဲ တလွဲတွေဖြ ကုန်တော့ နင်ကို ဘယ်လိုပြောလိုက်လဲ သိလား"

"မပြောနဲ့ တော်တော့၊ အဲဒါတွေ ငါ ရှင်းပြမယ်"

"မလိုပါဘူး။ နင်မပြောလဲ သူ ပါးစပ်ဟလိုက်တာနဲ့ ဒီအဖြစ်ကို အ က အဆုံးထိ ငါသိတယ်၊ နင့်ကိုပဲ ငါ အံ့ဩတာ၊ အခု သူတို့ချင်း သ မြတ်သွားကြပြီ၊ အပေးတွေ အယူတွေနဲ့ အားလုံးပြီးနေပြီလေ၊ နင် ဒီမှ ဘာလုပ်နေတာလဲ၊ အဲဒီမိန်းမ သွားပုပ်လေလွင့်ပြောလို့ရအောင်ဆက်နေ နေတာလား"

"မဟုတ်ဘူး ငါ့ညီ၊ အစ်ကို ပြောပြမယ်"

"မလိုပါဘူး"

ရှိုင်းက လက်မခံပါ။ ရှိသမျှလူတွေကို ရန်လိုနေသဖြင့် ဘယ်သူ ရှင်းပြတာမှ နားမထောင်။

သူ့ရင်ထဲမှာ နာကျင်နေတာက ကလေးနှစ်ယောက်ကို ခုခံအားမဲ့ စွာ ထည့်ပေးလိုက်ရသည့်အဖြစ်ကြောင့်ပင်။ ဘဝမှာ နှစ်ကိုယ့်တစ်စိတ် လို မောင်နှမနှစ်ယောက်တည်း ရှန်းခဲ့ကြတာမို့ 'အစ်မ' လို့မခေါ်ခဲ့သည့် တိုင် ခရောင်းကို သူ ချစ်သည်။

အားကိုးတာမဟုတ်သော်လည်း 'ငါ့အစ်မရှိတယ်' ဆိုသည့် ချည်





နှောင်မှုတစ်စနှင့် ဘာမဆို အင်အားဖြစ်သွားခဲ့ရသည်။

သူဟာ လူပေလူတေလေးတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ အပေါင်း အသင်းတွေများသလောက် သူ့ပတ်ဝန်းကျင်မှာ လူတော်လူကောင်း ဆို ဘာလည်း သိပ်မရှိပေ၊ ဒါပေမယ့် ရင်နှီးကြတိုင်း ကိုယ့်ကို ယောက်ဖလို့ တော့ လာမခေါ်နဲ့။

အပေါင်းအသင်း သူငယ်ချင်းဆိုပြီး မချိသွားဖြစ်ရယ်ပေးလိုက်ရသည့် လူစားမျိုးထဲမှာ နက်ရှိုင်းတို့မပါ။ ခုကျမှ အောင်မြင် ဆိုသည့်လူက ရင့်ရင့် သီးသီးစော်ကား၏။

"ကလေးတွေမှာ မိဘ မစုံတော့ပေမယ့် သူ့အဖေ ရှိနေသေးတယ် လေ၊ ပြီးတော့ ငါက မင်းတို့ဘဝထက် အများကြီးမြင့်နေပြီ၊ ကလေးနှစ် ယောက် မပြောနဲ့ မင်းတို့မောင်နှမကိုတောင် တာဝန်ယူစောင့်ရှောက် ထားလို့ရတယ်။ ကလေးကို ဒီလောက်ထိ အခိပ္ပာယ်မရှိ ပိုင်ဆိုင်ဖို့ကြိုး စားနေမယ့်အစား အဓိပ္ပာယ်ရှိအောင် မင်းအစ်မကို ဆွေးနွေးကြည့်လိုက် လေ"

"မျှတပါတယ်ကွ၊ အခု မင်းအစ်မ လက်ထပ်လိုက်ရတယ်မဟုတ် လား၊ ဘယ်လိုပုံစံတွေဆိုတာ ငါ ကြားပြီးပြီ။ ခရောင်း သာ ငါ့ကိုလက်ထပ် မယ်ဆိုရင် ကလေးတွေနဲ့လဲ ဥမကွဲသိုက်မပျက်ဖြစ်မယ်၊ ငါ့အတွက်..."

ထိုစကားမဆုံးခင် သူ ဒေါသတကြီးထိုးကြိတ်ပစ်လိုက်မိ၏။ ဒါပေ မယ့် အောင်မြင်က တပည့်တပန်းတွေနဲ့မို့ သူသာလျှင် အထိနာခဲ့ရသည်။ ဒီပြဿနာ ဒီအကြောင်းတွေကို ကြင်နာ လျှောက်ဖွထားတာဖြစ်မှန်း သူမနှင့်တွေ့ပြီး စကားပြောကြည့်လိုက်မှ နားလည်သွားခဲ့၏။

"အံ့ဩစရာပဲ၊ ရှာဖွေနေကြတဲ့သူချင်းမဆုံကြဘဲ နှစ်ယောက်စလုံး က ငါနဲ့လာဆုံကြတယ်နော်၊ နင်တို့ရဲ့ ခဲအိုယောက်ဖလေ ရန်ကုန်မှာ နင် တို့ကို လူဖြန့်ပြီးတော့ရှာနေတာ၊ နင့်ကို ဘယ်မှာမှန်း မသိပေမယ့် ခရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှိတယ်ဆိုတာ ငါ ပြောလိုက်သေးတယ်၊ သူ ဘာပြောတယ်မှတ်လဲ၊ ကလေးနဲ့လူကို အရင်တွေ့ဖို့လိုတာတဲ့၊ ကလေးတွေ သူ့လက်ထဲရောက်တာနဲ့ ခရောင်း သူ့ဆီရောက်လာမှာတဲ့"

ပြောပြီး မဲ့ပြုံးပြုံးနေပုံက ယုတ်ယုတ်မာမာ။

လူငယ်ပီပီ ရှိုင်း၏အေါ်သက ပြောသင့်တာ၊ မပြောသင့်တာကို မစဉ်းစားပေ။ အောင်မြင်နဲ့ သူ အရင်တွေ့တာတွေရော၊ ကြင်နာနဲ့ ထပ်တွေ့ကာ ကလေးတွေ အောင်မြင့်နောက်လိုက်သွားပြီမှန်း မသိဘဲ သူမ ပြောပြနေတာတွေရော အားလုံးကို ကမူးရှူးထိုးပြန်ပြောပြရင်း အံကြိတ်လိုက် နှုတ်ခမ်းမဲ့လိုက်။

သူကတော့ ရန်ကုန်မှာ ငါ့အစ်မရှိသေးတယ်ဆိုပြီး ကလေးခေါ်လာခဲ့သည်။ ဒီမှာ တိုင်ပင်ကြဖို့ ကလေးတွေကို ပြန်မပေးရေးအတွက် ကြံစည်အားထုတ်ဖို့။

တကယ်တမ်းမှာ သူသာလျှင် အရူးတစ်ယောက်လို၊ ဥပမာပြောရလျှင် တားတဲ့သူက တားနေပေမယ့် ဂေါ်တမီ ရထားဦးကရောက်နှင့်နေပြီဆိုတာမျိုး။

ဒီလူနဲ့ မပေါင်းပါနဲ့ ဆင်ခြင်ပါ၊ နောက်ဆုတ်ပါလို့ သူပဲ အတန်တန်မှာခဲ့ရသည်။ အစ်မအရင်းတစ်ယောက်လုံးကတော့ မောင် တစ်ယောက်စကားကို နားမထောင်။

ဒီလူ့ တွန်းချပစ်လိုက်သည့်ချောက်နက်ကြီးထဲမှာ 'အမှန် ကျိုးကန်းသွားတာပဲဂိုတာ၊ ငါ မသေသေးဘူးဟ'လို့ ကြွေးကြော်နေသေးသည်။ တစ်ကိုယ်လုံးမှာ သူဌေးရဲ့ကြင်ရာတော်ဆိုတဲ့ အဆောင်အယောင်တွေနဲ့ လှလို့၊ ပျော်လို့။

ခရောင်း မျက်နှာနှင့်ယဉ်တစ်ကိုယ်လုံးကို ဝေ့ခနဲကြည့်ပြီး မျက်ရည်ရောင်လွှံသောမျက်ဝန်းများနှင့် ရှိုင်း က မဲ့၏။ ထို့နောက် ...





"ကြင်နာ က ပြောတော့ မယုံနိုင်လို့ ပက်ပက်စက်စက် ပြန်ပြောခဲ့တယ်၊ အောင်မြင် ဆိုတဲ့လူ ယုတ်ယုတ်မာမာပြောလို့ လူတစ်စုနဲ့တစ်ယောက် ငါ အနာခံပြီး ဝုန်းဒိုင်းကြဲလာခဲ့သေးတယ်။ ဒီကို ငါလာခဲ့တာလဲ နင့်ကိုတွေ့ဖို့မဟုတ်ဘူး။ ဒီမှာ ဒီပုံစံနဲ့ရှိနေလိမ့်မယ်လို့ ထင်ကို ထင်ခဲ့တာ"

"နေဦး၊ နေပါဦး ရှိုင်းရယ်၊ ငါရှင်းပြတာကို နားထောင်ပါဦး"

ခရောင်း ဘာပြောပြော ရှိုင်း က ခေါင်းရော လက်ရော ခါပစ်နေဆဲ။

"ကျွန်တော့်အစ်မကို ဘယ်မြောင်းထဲသွားပစ်လိုက်ပြီလဲလို့မေးပြီး ဟောဒီလူကို ကျကျနနတုံ့ပြန်မလို့ လာတာ"

ဗဟို က ဒေါ်စိုးမိုးလွင် ပြေးယူပေးသည့် တစ်သျှူးနှင့် နှာခေါင်းကို ဖိထားလျက် ဒေါသကြီးနေသည့် ရှိုင်းနားကို ရဲရဲတင်းတင်းထပ်တိုး၏။

"ဒီလို ငါ့ညီ၊ မင်းသိခဲ့တဲ့အကြောင်းအရာက မှန်ပေမယ့် တကယ့်အဖြစ်တွေက မင်းထင်သလောက်မဆိုးဘူး"

"ဘာဗျ၊ ခင်ဗျားတို့..."

"နေဦး၊ ဒီနေ့ထိ ခရောင်းဆီမှာ ငါတို့ အကူအညီတောင်းခဲ့တာပဲရှိတယ်၊ ငွေကြေးပမာဏနဲ့ ဖိနှိပ်ဆက်ဆံခဲ့တာ မရှိဘူး၊ တစ်စုံတစ်ခုနဲ့ အကျပ်ကိုင်တဲ့ဟာမျိုးလဲမဟုတ်ဘူး"

"ဘာလဲ၊ ဘာအကူအညီလဲ။ မင်္ဂလာဆောင်တာ၊ သတို့သမီးမလာလို့ လာတဲ့သူနဲ့ ခဏတစ်ဖြုတ်ဆောင်ထားလိုက်တာလား၊ အဲဒီလိုသဘောတူဖို့ ကျွန်တော့်အစ်မကို အကူအညီတောင်းတာလား"

"နေဦး သူငယ်၊ မင်းပြောတာတွေ သိပ်လွန်နေပြီ။ အဲဒီပုံစံဖြစ်သွားပေမယ့် လက်ထပ်ပွဲက ကချော်ကချွတ်လေးလုပ်ခဲ့တဲ့ပွဲ မဟုတ်ဘူး၊ တကယ်လက်ထပ်ခဲ့တာ၊ မင်းအစ်မ ခရောင်းရင့်က ငါတို့သား နေဗဟို့ရဲ့ ဇနီး၊ ဒါတွေက ထိုင်းသိပြည်သိ ကြေညာခဲ့ရတာတွေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးမိုးလွင် ဒီလောက်ထိ ဒေါသမဖြစ်ခဲ့ဖူးပါ။ ခုတော့ ကိုယ့်သား မျက်နှာက သွေးတွေကိုမြင်ရသဖြင့် အသားဆတ်ဆတ်တုန်ခဲ့၏။ ထို့ကြောင့် သားသမီးအရွယ်ကလေးတွေဆိုတာကို မမြင်နိုင်ဘဲ ပြောချင်တာ ပြောမိတော့သည်။

"မင်းပြောသလို အဆင့်အတန်းစကားတွေ ထည့်ပြောကြေးဆိုရင် ငါတို့ဘက်က နစ်နာဖို့တွေရှိနေတာလဲ အများကြီးပဲ"

သူမသည် ခရောင်းဘက်ကိုလှည့်ကြည့်ပေမယ့် တည့်တည့်မကြည့် ဖြစ်ဘဲ ရှိုင်းဘက်ကို ပြန်လှည့်၍ ...

"ငါ့သားရဲ့ တရားဝင်ဇနီးဆိုဘဲ့ ရပ်တည်မှုနဲ့ ခရောင်းရင့် လက်ညှိုးထိုးသမျှ ငါတို့က ပေးရတော့မှာ၊ ဘာပြောပြော ခေါင်းညိတ်ရမှာ။ သူ ရိုးသားရဲ့လား၊ ဆန်းပြားသလား ဘာမှမစူးစမ်းဘဲနဲ့ ဒီအခက်အခဲကြောင့် မိသားစုဝင်အဖြစ် စွန့်စားပြီး ဆွဲခေါ်ခဲ့တာကို မင်း တွေးကြည့်ပိုက်စမ်း"

ပြောစရာတွေ ကျန်နေသေးပေမယ့် ရှိုင်း ရုတ်တရက် မချေပတတ်ဘဲ ဖြစ်သွား၏။

"အဲဒါတွေက ပြေလည်နိုင်မယ့်စကားတွေမဟုတ်ဘူး မေမေ၊ သူ လက်ခံသွားမှာလဲမဟုတ်ဘူး၊ ကျွန်တော်..."

"အိုကွယ်... ဒီလောက် ကမူးရှူးထိုးလုပ်တတ်နေတဲ့ဟာ ဘာတွေ ပြောပြော ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး"

"ကျွန်မ ပြောပါရစေ"

ဒေါ်စိုးမိုးလွင် ဒေါသ ဘယ်လောက်ဖြစ်နေတာကို ခန့်မှန်းမိသဖြင့် ခရောင်း က ရှေ့တိုးလိုက်သည်။ ပြီးတော့ ဗဟိုနဲ့ ဒေါ်စိုးမိုးလွင်ဘက်ကို ရင်ဆိုင်ကာ ...

"ကျွန်မမောင်လေးပြောတာတွေက လူ့ငယ်မို့ တချို့နေရာတွေမှာ ရိုင်းစိုင်းရင့်သီးသွားခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် သူ စိတ်ဆိုးတာကတော့





ားဘူး၊ ဒီအမှန်တွေ အမှားတွေကိုလဲ ကျွန်မတို့မောင်နှမပဲရှင်းရမှာပါ၊ န်တီတို့နဲ့မဆိုင်ပါဘူး၊ အဲဒါကြောင့် ကျွန်မကို သွားခွင့်ပြုပါ"

ခရောင်း က ဘယ်သူ့ကိုမှ တည့်တည့်မကြည့်ဘဲ မျက်နှာလွှဲထား ျက်နှင့်ပြောသည်။

ဆုံးဖြတ်ချက်များနှင့်ခိုင်မာနေသည့် ခရောင်း မျက်နှာလေးကို ဖျတ် ခနဲမျက်လွှာပင့်ကြည့်ကာ ဗဟို မျက်နှာပျက်နေခဲ့သည်။

"အဲဒါတွေ နောက်မှရှင်းပါစေကွယ်၊ သား ဆေးထည့်ရမယ် လာ"

ဒေါ်စိုးမိုးလွင်က ဗဟို့ကိုဆွဲခေါ်သည်။ ဗဟို က ဆွဲသည့်လက်ကို ယ်ချပစ်၍ ရှိုင်းကိုပဲကြည့်ရင်း...

"အထဲကို ခဏလောက်ဝင်ပါလား ညီ၊ မင်းကို သေချာပြောပြချင် ာတွေရှိတယ်"

"မလိုပါဘူး၊ ကျွန်တော်တို့မှာ လူဆင်းရဲပေမယ့် မာနတော့ချမ်းသာ သးတယ်။ ကြင်နာ ဆိုတဲ့ မိန်းမဓာ စပြီး ခင်ဗျားတို့လိုလူမျိုးတွေကို ခဲ့ရှုတယ်။ စည်းစိမ်ချမ်းသာပြည့်စုံတိုင်း လူလူချင်းတောင်မှ ပစ္စည်း ာစ်ခုလို ဖြုတ်ထုတ်ပြင်ဆင်ပြီး အသုံးချတတ်တဲ့လူတွေ"

"ဒီလိုမဟုတ်ပါဘူး မောင်ရင်၊ လူကုံထံတွေတိုင်း မမောက်ကြပါ ူး"

အားလုံး၏ကျောဘက်ကနေ အေးဆေးသည့်စကားသံတစ်ရပ် ွက်ပေါ်လာ၏။

"အစ်ကို"

ဒေါ်စိုးမိုးလွင်က ဦးတက်နေ ရောက်နေတာကိုမြင်လိုက်ရသဖြင့် ာင်ခနဲနှုတ်ခမ်းတွေပွင့်လျက် ရှိုက်သွင်းလိုက်သည့် ပင့်သက်လေကို ပြ ုတ်လိုက်ဖို့ မေ့သွား၏။

ဦးတက်နေက မြက်ခင်းစပ်စပ်ကနေ ပေါ်တီကိုအောက်ကမြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကိုငုံ့ကြည့်လိုက်ပြီး ရှေ့နည်းနည်းတိုးဖို့ ပူစူးမကို လက်ပြသည်။ ပေါ်တီကို၏အမိုးစွန်းအောက်နားကျမှ သွားတော့ဖို့ခိုင်းသဖြင့် ပူစူးမ ခေါင်းငုံ့၍ထွက်သွား၏။

ဝိုးလ်ချဲပေါ်က နမ့်ဖူးပြင်ကျယ်ကျယ်၊ နှုတ်ခမ်းထူအမ်းအမ်းနှင့် တည်ကြည်ခံ့ညားသော ဥပမိရုပ်ပိုင်ရှင် သူဋ္ဌေးကြီးဦးတက်နေမှန်း ရှိုင်း မသိပေ။

ဒါပေမယ့် မြင်လိုက်တာနှင့် မသိစိတ်ထဲမှာ ဒီလိုဖြစ်နိုင်မှန်းကို တွေး မိလိုက်၏။

"လူလေးက သမီးခရောင်းရဲ့ မောင်လေးလား"

ရှိုင်းက အကြာကြီးကြည့်နေပြီးမှ ခေါင်းညိတ်သည်သည်။ ခေါင်း ညိတ်ပြီးမှ 'ဟုတ်တယ်'နှစ်လုံးကို မာကျောကျောဝန်ခံ၏။

"အစ်ကို စိုးတို့ ဒီအဖြစ်တွေကို စိုးကို ပြောပြ..."

"ဩ သိပြီးပါပြီ၊ အဲဒါ အခု ကြားလိုက်ရလို့မဟုတ်ဘူး၊ ကြင်နာဖော် လာသွားတဲ့နေ့ကတည်းက..."

"တင်..."

ဒေါ်စိုးမိုးလွင် မျက်နှာငယ်လေးနှင့်ဖြစ်သွားသည်။ ဦးတက်နေ ဟာ စီးပွားရေးလောကမှာ နာမည်ကျော်ခဲ့ခြင်းသည် ထိုက်တန်သောကြိုးစား မှု ဇွဲရှိမှုသာမက သူ့ရဲ့စည်းကမ်းစနစ်တွေကြောင့်ဆိုလျှင် ပိုမှန်မည်။

သူလည်းတိကျသည်၊ သူများဘက်က တိကျမှန်ကန်ခြင်းကိုလည်း လိုလား၏။ ကိုယ့်ယောက်ျားမို့ ပိုပြီးနားလည်သည်။ ဒီအဖြစ်နှင့်ပတ်သက် ၍ ဦးတက်နေကသာ ခွင့်မလွှတ်ဘူးဆိုလျှင် ...

'မင်းက ငါ့ကို ဒုက္ခတဖြစ်နေပြီဆိုပြီး ပြောချင်သလိုပြော ထားချင် သလိုထားလိုက်တာလား'ဟု စွပ်စွဲလာဖို့တွေရှိသေးသည်။ လျှို့ဝှက်ချက် ဆိုတာ ကိုယ်တိုင်ဝန်ခံတာထက် သူများ တစ်စုံတစ်ရာကြောင့် သူ့ဘာ





သာ သိသွားခဲ့ခြင်းက ရှင်းရခက်၏။ အဖြစ်လည်း ပိုကြီးသွားနိုင်သည်။

ထို့ကြောင့် ဒေါ်စိုးမိုးလွင်မျက်နှာသည် သေမိန့်ကျတော့မည့် အကျဉ်းသားကဲ့သို့ ဆိုးရွားစွာယွင်းသွားခဲ့ပြီး သားဖြစ်သူကို မေးခွန်းများ စွာနှင့်မျှော်ကြည့်ရှာသည်။

ဗဟို က ဒေါ်စိုးမိုးလွင် လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး...

"ကျွန်တော် လေဆိပ်ကနေ သူ့ကိုသွားကြိုလာကတည်းက ဖေဖေ တို့ကို ပြောပြမလို့ပါ၊ ကိုယ့်အတွက်နဲ့ကိုယ် ဒါကို ညာထားမိရင်တောင်မှ ဂေါ်လာပွဲပြီးတာနဲ့ ဖွင့်ပြောဖြစ်မှာပါ"

ဦးတက်နေ က ဗဟို့ကိုစူးစိုက်ကြည့်နေပြီး ဘာတစ်ခွန်းမှမမေး။

ဗဟို က မလေဆိပ်ကနေ ကြင်နာဖော် ထွက်သွားခြင်းမှ အစပြုကာ ဒီလိုဖြစ်ရသည့်အကြောင်းတွေထိ လိုအပ်သလောက်ကို ပြည့်စုံအောင် ပြောပြသွား၏။

"စပြီးမရိုးသားခဲ့တာက ကြင်နာ ပါဖေဖေ။ ကြင်နာရယ်၊ ကျွန်တော် ဆုံးရှုံးမခံနိုင်တဲ့သိက္ခာရယ်ကြားမှာ ခရောင်း က ပရိသတ်ထဲက တစ် ယောက်ပါ၊ ဘာမှမဆိုင်ပေမယ့် သူ ဒီအချိန်ထိကူညီပေးခဲ့တယ်"

"ထားလိုက်ပါတော့"

ဦးတက်နေ အသံက ဘာကိုမှမထူးဆန်းတော့သလို အေးဆေး တည်ငြိမ်လျက် ရှိုင်းကိုကြည့်၏။

"ဟိုမိန်းကလေး မရိုးသားခဲ့တာကလဲ မိန်းကလေးပီပီ စည်းစိမ် ဥစ္စာကို မစွန့်လွှတ်နိုင်တဲ့စိတ်နဲ့မို့လို့ ခွင့်လွှတ်လိုက်ပါ။ သူ့အတွက်လဲ သင့်တင့်လုံလောက်အောင်ပေးလိုက်ပြီးပြီဆိုတော့ သူ့ဘဝနဲ့သူ ရှိပါစေ တော့လေ"

ပြောချင်တာက ဒီထက်ပိုပါသည်၊ ဒါပေမယ့် ဦးတက်နေ မပြော တော့ဖို့ ဆုံးဖြတ်ခဲ့ပြီးသား။ ကြင်နာ ပြောသွားသမျှ သူ အားလုံးကြား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်သူက သာသွားသလဲ၊ ဘယ်သူက နစ်နာတာလဲ၊ ဘယ်သူ
ယဉ်ကျေးပြီး ဘယ်သူရိုင်းခဲ့တာလဲ၊ ဒါတွေကိုလည်း ဦးနေအောက်သုံးပြ
ရွေးနေဖို့မလိုပေ။

လက်ရှိအခြေအနေကိုသာ အကောင်းဆုံးဖြစ်စေချင်၏။ လူငယ်
တွေရဲ့ပြဿနာကို လူကြီးတွေက ဖြစ်သင့်တဲ့အတိုင်း ဖြေရှင်းပေးမည်
သာ။ ဦးတက်နေက ခရောင်းနဲ့ရှိုင်းကိုပဲကြည့်၍...

"အဲဒီတော့ သမီးတို့မောင်နှမနဲ့ပတ်သက်တာကိုပဲ ဖေဖေတို့...အဲ
ဦးတို့ ဆွေးနွေးကြတာပေါ့"

ဦးတက်နေ စကားမှားသွားတာက ပရိယာယ် မပါခဲ့ပါ။ ဒါပေမယ
ရှိုင်း မျက်နှာထက်က တင်းမာနေသည့်ကောက်ကြောင်းတွေ ဖြုတ်
လျော့ကျသွား၏။ ဦးတက်နေနှင့် ခရောင်း၏မျက်နှာကို အံ့ဩသွားသည
မျက်ဝန်းများနှင့် ငေးကြည့်၏။

"ကြင်နာနဲ့ပတ်သက်ပြီး သူ ကောင်းခဲ့တာဆိုးတာရော ကျေနပ်
တာ၊ မကျေနပ်ခဲ့တာတွေ အကုန်ထားခဲ့လိုက်ကြပါ။ အခု ခရောင်
အတွက် ဦးတို့ဘက်က..."

"ဘာမှမလိုတော့ပါဘူး၊ ကျွန်တော်တို့မောင်နှမက ဆင်းရဲပေမယ
ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ငွေကြေးနဲ့ လဲလှယ်ရလောက်အောင် အော
တန်းမကျဘူး။ အခု အဲဒီပုံစံဖြစ်ခဲ့ပေမယ့် ဒီပွဲအပြီးမှာ ငွေထုပ် ဘုတ်
ပစ်မချလိုက်ဘူးဆိုရင် ကျေးဇူးတင်ပါသေးတယ်၊ လာ ခရောင်း"

"နေပါဦး၊ အဲဒီလိုမဟုတ်သေးပါဘူးကွယ်၊ ခဏနေပါဦး"

"ဖေဖေ"

ဦးတက်နေ ဝိုးလ်ချဲပေါ်ကနေ ဆင်းလာတော့မတတ် ဖြစ်သွာ
သဖြင့် ဗဟို က အနားကိုပြေးသွားပြီး သူလိုတဲ့နေရာထိ တွန်းပို့ပေးသည်
ဦးတက်နေ က ရှိုင်း သွားမည့်ရှေ့ကနေ ပိတ်ပစ်လိုက်သလို ဝိုးလ်ချဲ





ကို ရပ်လိုက်၏။

"ငွေကြေးတန်ဖိုးတွေပြောနေကြတာ အကျည်းတန်ပါတယ်ကွယ်။
ကြင်နာဖော်နဲ့ ခရောင်းရင့်တို့ လူပြောင်းသွားခဲ့တဲ့အဖြစ်ကို သိရက်နဲ့ ဦး
ချိုသိပ်ပြီး မသိချင်ယောင်ဆောင်နေခဲ့တယ်၊ မိန်းကလေးနှစ်ယောက်ရဲ့
တူညီမှုတွေကို နှိုင်းယှဉ်ကြည့်ချင်တာရော၊ ပြီးတော့ ..."

ဦးတက်နေ၏မျက်ဝန်းတွေက ရှိုင်းကို ရင်းနှီး၍ တောင်းပန်ဟန်
ားနှင့် ရောယှက်လျက်...

"ဦးရဲ့ သမီးချွေးမလေးအဖြစ် မျက်လုံးထဲကို ရိုးရိုးယဉ်ယဉ်လေး
ရောက်လာခဲ့တဲ့ ပထမလူကိုသာ စိတ်က အသိအမှတ်ပြုခဲ့တာ"

ခရောင်း စိတ်တွေလှုပ်ရှားသွားကာ သူမကိုဆုပ်ကိုင်ထားသည့် ရှိုင်း
လက်ဖဝါးကို တင်းကျပ်သွားအောင်ဆုပ်ထားလိုက်မိသည်။ ကိုယ့်သားကို
သွေးထွက်သံယိုပြုခဲ့သဖြင့် မကျေမနပ်ဖြစ်နေခဲ့သော ဒေါ်စိုးမိုးလွင်၏
ျက်နှာမှာလည်း မကျေနပ်မှုများက အံ့ဩခြင်းသို့ ပြောင်းလဲကာ မျက်စိ
တွေရော နားတွေပါ ရှုပ်ကုန်သည်။

"ရတိုင်းမယူဘူးဆိုတဲ့လူ ရှားပါတယ်။ အဲဒီထဲမှာ သမီး ပါတယ်၊
တနာပေးပြီး ဦးက စမ်းသပ်တာမဟုတ်ဘူး၊ သမီးနဲ့ သား ရေစက်မဆုံ
ကြရင်လဲ ဒါကို သမီးယူမယ်ဆိုရင် ဦးတို့ဘက် ကျေးဇူးဆပ်ပြီးဖြစ်မယ်၊
ယူဘူးဆိုတော့ ဒါက သိက္ခာတရား၊ အဖြစ်က ရိုးရိုးလေးပါ။ ဦးက အမှန်
အကန်ရွေးချယ်သင့်တာကို ရိုးရိုးလေးရွေးခဲ့တာ။ သမီးတို့မှာ မောင်နှမ
နှစ်ယောက်ပဲရှိတော့တာဆိုတော့ တစ်ယောက်ရဲ့တာဝန် တစ်ယောက်
လက်ထဲမှာရှိတယ်၊ အခု ဦးပြောတာကို သေချာနားထောင်ပါ"

ဦးတက်နေ က ဒေါ်စိုးမိုးလွင်ကိုရော၊ သူ့ဘေးမှာရပ်နေသည့် ဗဟို
တို့ကိုပါ စကားလုံးပေါင်းများစွာပါသည့် မျက်ဝန်းတို့ဖြင့် ငေးကြည့်သည်။
ပြီးမှ ရှိုင်း မျက်နှာတင်းတင်းဆီ ပြန်လှည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးတို့က မောင်ရင်ထင်သလို ငွေကြေးနဲ့ နိုင်ငံ့ထက်စီးနင်း ဖြတ်ဖျ
ပြင်ဆင်နေတာမဟုတ်ပါဘူး။ လက်ထပ်ပွဲမှာ အဆင်မပြေမှုတွေနဲ့ ...
ကြုံပေမယ့် ခုချိန်ထိ ခရောင်းရင့်က နေ့ဗဟိုရဲ့ ဇနီးပဲ၊ နောက်လဲ တစ်သ...
လုံး အမြဲ ဒီတိုင်းတည်မြဲသွားမယ့် မိသားစုတွေပေါ့၊ ဒါကို မောင်ရင့်ဘ...
က မောင်တစ်ယောက်အနေနဲ့ ကျေနပ်လက်ခံပါလို့ ဦးက ပြောချင်တာ...





အခန်း (၂၈)

"ခရောင်း နှင် အေးအေးဆေးဆေးနေခဲ့စမ်းပါဟာ၊ အထိုင်ကျပြီး သားဘဝတစ်ခုကို ထပ်ပြီးမဖျက်ဆီးချင်ပါနဲ့၊ ငါက ယောကျ်ားလေး"

"ယောကျ်ားလေးလဲ အရေးကြီးတာပဲ ရှိုင်း။ မန္တလေးမှာ နှင် တစ်ယောက်တည်းနေမှာ ငါ ဘယ်လိုမှစိတ်မချဘူး၊ ပြီးတော့ ဟိုတုန်းက မိသားစုလေးတစ်စုလို သိုက်သိုက်ဝန်းဝန်းနေခဲ့ကြတာ၊ ခု နှင်တစ်ယောက်တည်း..."

"တစ်ယောက်တည်း ဘာဖြစ်လဲ၊ ဟိုတုန်းကလဲ ငါ အိမ်ကပ်တဲ့ကောင်မဟုတ်ဘူး၊ ကလေးတွေမရှိတော့လဲ သူ့အဖေနဲ့ပါသွားတာပဲ မဖြေနိုင်စရာမရှိပါဘူး"

လက်ကိုဆွဲထားသည့်ကြားကနေ ရှိုင်း က ဖွတ်ခြေလှမ်းပြင်၏။ ရင်နာနေတာကတော့ အမှန်ပါ။ ကိုယ့်အစ်မဘဝ ကောင်းစားမြင့်မားသွား ပြီဆိုရင်လည်း ကျေနပ်ရမှာဖြစ်ပေမယ့် ဒီလိုတွေကြုံဆုံဖို့ဖန်လာသည့် ဖြစ်ရပ်ဆိုးကိုတော့ သူ မမေ့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မောင်တစ်ယောက်၏ကြည်ဖြူနိုင်သည့်စိတ်ထဲမှာ ကြည်ဖြူလို့ရတာက သပ်သပ်၊ ကျေနပ်လို့မရသေးသည့်ခံစားချက်တွေတချို့နှင့် ဒီအိမ်ကြီးထဲမှာတော့ သူဌေးယောက်ဖဆိုပြီး ချက်နှာပြောင်ပြောင်နှင့် မနေချင်ပေ။

လှတိုင်း ချမ်းသာချင်ကြတာမှန်သော်လည်း ဆင်းရဲရမှာကိုလည်း ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့သူအတွက် ဒီလိုတိုက်တာ အဆောင်အယောင်တွေကို မျက်လုံးထဲမှာ မက်မောစရာလို့မမြင်။

"နင်က ဖြေနိုင်ပေမယ့် ငါကတော့ ကလေးတွေကို ဒီတိုင်း မပေးလိုက်နိုင်ဘူး၊ ပြီးတော့..."

"မပေးလိုက်နိုင်ရင် သူ့ကို နင် ယူလိုက်ဖို့ပဲရှိတယ် ခရောင်း။ ငါ့ကိုလဲ အဲဒီပုံစံမျိုးပြောလို့ ဘယ်လိုမှ သည်းမခံနိုင်လို့ ဝေးထည့်လိုက်တာ။ သူ့ဘာ မှန်တယ်၊ ငါတို့က မှားနေတာ။ အဖေတစ်ယောက်က ပိုင်ဆိုင်ခွင့်ရှိနေပါရက်နဲ့ ငါတို့ဘက်ပါအောင် လုပ်ယူဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"လုံးဝအခွင့်အရေးမရှိဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး ရှိုင်းရယ်၊ ငါတို့အစ်မကိုယ်တိုင် ငါတို့လက်ထဲအပ်ပြီး သူ့အဖေကို မပေးရဘူးလို့မှာသွားတာ၊ ငါတို့ ကျေးမွေးစောင့်ရှောက်ခဲ့လို့ ဒီအရွယ်ထိ ကြီးပြင်းခဲ့ရတာ"

"အဲဒါကြောင့် ငါတို့အတွက် အခြေအနေတစ်ခုတင့်တယ်အောင် သူ ဖန်တီးပေးမယ်လို့ ပြောခဲ့တယ်လေ၊ ဒါမှမဟုတ်ရင် မခွဲနိုင်တဲ့သူက မပေးနိုင်တဲ့သူနောက်ကို လိုက်သွား၊ ဒါပဲရှိတော့တယ်"

"အဲဒါကို ဘာဖြစ်လို့ ထည့်ထည့်ပြောနေတာလဲ ရှိုင်း"

"ပြောချင်လွန်းလို့မဟုတ်ဘူးလေ၊ ငါ တစ်ဖွတ်ထိုးလုပ်တတ်တာ နင့်ထက်ပိုတယ်၊ အဲဒီလိုကောင်ပေမယ့် ငါ့ဒေါသ ငါ မထိန်းနိုင်လို့ ခေါ်စမ်းဆိုပြီး ထိုးပေးပစ်ခဲ့တာ၊ တူတွေကိုချစ်ပေမယ့် ကိုယ့်အစ်မကိုစော်ကားမော်ကားပြောတာ မခံနိုင်လို့ အဲဒါကို နင် နားလည်ပေါ့ဟာ၊ ဒါကိုပဲ ဘာဖြစ်





လို့ တမ်းတနေရတာလဲ။ အခု ကလေးတွေလဲ ဟိုမှာမရှိတော့ဘူး၊ နင်လဲ အိမ်ထောင်ကျနေပြီ၊ ငါက ယောကျ်ားလေး၊ ကိုယ့်နေရာကိုယ်နေကြရုံပဲ၊ ရှုပ်အောင်လုပ်နေတာက နင်"

"မသိဘူး၊ ညီသုတို့ကို ငါ တစ်ခါဖြစ်ဖြစ် ထပ်မြင်ချင်တယ်၊ နောက်ပြီးတော့ နင့်ကို တစ်ယောက်တည်းမထားနိုင်ဘူး"

"လုပ်မနေနဲ့ တွေ့ချင်ရင် အချိန်မရွေးပြေးလာလို့ရတယ်၊ ဒါပေမယ့် ခု နေခဲ့လိုက်"

ရှိုင်း က သူ လွယ်လာသည့်ကျောပိုးအိတ်လေးကို ပခုံးတစ်ဖက်မှာ ချိတ်လိုက်ပြီး ထွက်ဖို့ပြင်၏။ ခရောင်းက ဆွဲထားသည့်လက်ကို မလွှတ်သေးပေ။

"ရှိုင်း"

"ဟာ... ဘယ်လိုဖြစ်နေတာလဲ၊ ပြန်လာလို့ရတဲ့ဟာကို"

ပြောနေရင်း ရှိုင်း မျက်နှာလေး နီမြန်းမြန်းဖြစ်လာ၏။ မောင်နှမနှစ်ယောက် စကားများလိုက်၊ တိုင်ပင်သင့်မြတ်သွားလိုက်နှင့်နေလာခဲ့ကြတာ အစက ဘယ်သွားသွား ဘာတွေလုပ်ကြပါစေ...

အိမ်ထောင် ဆိုသည့် စည်းခြားမှုတစ်ခုနောက်မှာ ဆိုင်သာဆိုင်ကြမပိုင်ကြတော့သည့် အလှမ်းကွာမှုဆိုတာကိုတော့ မခံစားနိုင်ပေ။ ဆို့နင့်ပူလောင်သည့်ခံစားချက်တို့ဟာ အတိုင်းအတာပမာဏမတူနိုင်ရင်တောင် သူ့ရင်ထဲမှာလည်း မီးလောင်နေသလိုပါ။

ခရောင်း ရှိုင်း ငိုနေသည့်မျက်ရည်တွေကို မမြင်ချင်။ မကြားချင်တော့၍ ထွက်ခွာဖို့ခြေလှမ်းပြင်နေလေ နောက်ပြန်ဆွဲနေလေ...

"ငါ...ငါပြောမယ် သိလား၊ ငါနဲ့ ... ငါနဲ့ သူနဲ့က တန်ခေါင် လခင်ထပ်ခဲ့ကြတာ၊ ကျန်တာ ဘာမှမပတ်သက်ဘူး"

ခရောင်း က မျက်ရည်တွေကိုသုတ်ပစ်လိုက်ပြီး ရှိုင်း သွားမယ့်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝိတ်ရပ်၍...

"တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုသံယောဇဉ် ဘာကြီးနဲ့မှလဲ ချည်နှောင်ခဲ့ကြတာမရှိဘူး သူနဲ့ငါ သန့်ရှင်းခဲ့ကြတာ ငါတို့ချင်းသိတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

ရှိုင်း မျက်နှာက ခရောင်း ဆက်ပြောလာမှာကို ကဲ့ရဲ့ရှုတ်ချလိုက်ဖို့ အဆင်သင့်ဖြစ်ပြီး သား မျက်ဝန်းများနှင့် ဒါကို ခရောင်း က ဂရုမစိုက်ပါ။

"အခု ဦးလေး ဝင်ပြောလိုက်တဲ့ပေါင်းစည်းကြဖို့ဆိုတာလဲ ငါတို့ကို ငဲ့ညှာလိုက်တာပါ။ သူ့စိတ်ထဲမှာတော့ ကြင်နာ မဟုတ်လို့ စိတ်မာတက်ကျ သွားတာမျိုးတော့ ဖြစ်မှာပဲ"

"အဲဒါတွေ သူ ရှင်းပြခဲ့သားပဲ၊ နင် ဘာတွေဆက်ဖြစ်ချင်သေးလို့လဲ"

"ငါ နင်နဲ့လိုက်ခဲ့မယ်"

"ဟာ... အဓိပ္ပာယ်မရှိ ..."

"ကလေးတွေကို သူ့အဖေခေါ် သွားပေမယ့် ငါတို့မောင်နှမ အတူတူဆက်ရှိနေရင် နင်လဲဖြေသာမယ်၊ ငါလဲ အဲဒီလိုနေရမှ စိတ်ချမ်းသာမှာ"

ရှိုင်း ခေါင်းတခါခါဖြစ်သွား၏။ ခရောင်း သူ့ကို စိတ်မချဖြစ်နေတာ မသိလို့မဟုတ်ပါ။ ဒါပေမယ့် မောင်နှမဆိုတာ ဘယ်လောက်ပဲချစ်ချစ် တစ်နေ့နေ့ကျရင် ဘဝကြင်ဖော်တွေအသီးသီးနဲ့ ကိုယ့်လမ်းကိုယ်လျှောက် ကြမှာမဟုတ်ဘူးလား"

"နင် စိတ်ချမ်းသာပေမယ့် ငါ ချမ်းသာမှာမဟုတ်ဘူး ခရောင်း။ ဘာဖြစ်လို့လဲဆိုတော့ နင်က ငါ့ကိုငဲ့ပြီး စဉ်းစားပေမယ့် ငါ့အတွက် ဘဝကြင်ဖော်တွေ့တဲ့အချိန်မှာ ငါက နင့်ကို ငဲ့ချင်မှငဲ့မှာ၊ အဲဒီတော့ ထားလိုက်စမ်းပါဟာ၊ မောင်နှမသံယောဇဉ်နဲ့ အိမ်ထောင်ရေးနယ်ပယ်ကို ရောမမွှေချင်ပါနဲ့၊ ငါ အခု ပြန်သွားပြီး တစ်လတစ်ခါတော့ နင့်ကို လာလာတွေ့မှာပါ"

"နင် မိန်းမယူချင်လဲယူပေါ့ ရှိုင်းရယ်၊ ငါ ဒီမှာမှမနေချင်တာ"





ခရောင်း က ခေါင်းမာမာနှင့် ဆွဲထားသည့်လက်ကို မလွှတ်ဘဲ ဘယ်နဲ့ညာ ပြောင်းကိုင်ပြီးဆွဲထား၏။ ဘဝမြင့်မားဖို့ဆိုတာကို မိမိ၏ ကြိုးစားမှုမပါဘဲ ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့ အိမ်ထောင်ဘက်ကို ကံဖွေမှီခိုလိုက်ခြင်းဖြင့် ပြီးပြည့်စုံစေတာမျိုးကို သူမ မလိုချင်ပေ။

ဇပုံနဲ့ သူမ၏ ဘဝအခြေအနေချင်းက မိုးနဲ့မြေ ပြီးတော့ ချစ်ကြင်နာ ခြင်းကင်းစွာ တာဝန်တစ်ခုအဖြစ် အစပြု၍ ဖြစ်တည်ခဲ့သော သည်အိမ် ထောင်ရေးမှာ ဟိုတုန်းကတည်းက ခုချိန်ထိ အထင်မြင်သေးဖွယ်တွေပဲ ကာ နောက်နောက်မှာလည်း ဒီထက်တိုးတက်ရိုပြည်လာဖို့ မရှိ။

အစကတော့ လူမမာကိုငဲ့ပြီး အခိုက်အတန့်ပဲနေရမှာဆိုရသည့် တ်နှင့် ဖြစ်နိုင်သော်လည်း နေဇပုံ ဆိုသည့် စီးကျောကျောပုံစံနှင့် လူကို ဘဝရတစ်သက်စာ လက်တွဲရမည့်အဖြစ်က မလွယ်ကူနိုင်ပေ။

အဆိုးရွားဆုံး ကိုယ့်ဘက်က အဖြစ်တစ်ခုက ဆင်းရဲခြင်းသာဖြစ်၏။

"နင် မသိပါဘူး ရှိုင်းရယ်၊ အိမ်ထောင်တစ်ခုမှာ ဘယ်လိုအားအင် တွေရှိမှဖြစ်မလဲဆိုတာကို နင့်ထက် ငါ အခု ပိုသိတယ်၊ သူတို့ ဘာပြော ပြော ငါ နင်နဲ့ပြန်လိုက်မယ်၊ ဟိုရောက်တာနဲ့ အားလုံးကို မေ့လိုက်ရုံပဲ"

"အဲဒီလောက်လွယ်နေရင် မင်းနဲ့နေ့စဉ်ရန်ဖြစ်ပြီး ဒီနေ့ထိ လက်တွဲ မပြုတ်အောင်နေခဲ့တာတွေ အလကားပဲပေါ့"

ခန်းဆီးစလေး ရုတ်ခနဲလှုပ်ရှားသွားကာ အခန်းဝမှာ နေဇပုံ က ခုံးတစ်ဖက်မှီပြီး ရပ်နေ၏။ ရှိုင်း ကိုလှမ်းကြည့်ပြီး တောင်းပန်သလိုပြုံး ကာ...

"ညီလေး ပြန်တော့မလို့လား"

"ဟုတ်တယ်၊ ကျွန်တော် သူများအိမ်မှာ ကြာကြာမနေတတ်လို့ပါ"

သူ ပြန်မယ်ပြောတော့ ဦးတက်နေ က တားသည်။ ဒေါ်ဇိုမ်းလွင် ကလည်း ပြေပြေပြစ်ပြစ်ပဲဆက်ဆံခဲ့တာပါ။ ဒါပေမယ့် ကိုယ့်နှင့်စိမ်းသက်



www.burmeseclassic.com

www.burmeseclassic.com

နေသည့်အိမ်လည်းဖြစ်သည်။

ထို့ပြင် ကိုယ်လာခဲ့တာက လှပခမ်းနားစွာမဟုတ်တဲ့ ဒေါသတွေနဲ့ အစ်မနဲ့အဆင်ပြေမယ်ဆိုရင် ထားခဲ့လိုက်နိုင်ဝေမယ့် ကိုယ့်ဘက်ကတော့ မျက်နှာပူစရာတွေရှိခဲ့ပြီဖြစ်၏။ ခရောင်းလည်း ဒီလိုမရင်းနှီးတာတွေကြောင့် မနေချင်ခဲ့တာမှန်း သူ သိသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်သာလျှင် သွားသင့်သူ။

"ငါ့ညီ သွားမယ်ဆိုတာ ဖေဖေကလဲသိပါတယ်၊ အဲဒါကြောင့် ပြန်ဖို့ ကိစ္စအတွက် အားလုံး ပြင်ဆင်ခိုင်းထားတယ်။ နောက်လဲ လာပါ၊ ဒါ မင်းအစ်မအိမ်ပဲ၊ လာနေလဲရတယ်၊ အလည်ဆိုလဲဖြစ်တယ်၊ အကူအညီ လိုရင် သူ့ကိုဖြစ်ဖြစ်၊ ကိုယ့်ကိုဖြစ်ဖြစ် အချိန်မရွေး ဖုန်းဆက်"

"ဒီမှာ ..."

ခရောင်း က ပြောဖို့စကားတွေ မောင်းတင်ကာ ဝေါက်ဆတ်ဆတ် ခေါ်၏။ ရှိုင်းက မပြောစေလိုသည့်မျက်နှာနှင့် ဖျတ်ခနဲလှည့်ကြည့်ပြီး ခရောင်း လက်တစ်ဖက်ကို ဆွဲ၍ ...

"ငါ ပြန်လာခဲ့မယ်၊ နောက်လဲ မကြာမကြာလာမှာ၊ နင်တို့ ပြေလည်အောင်နေပါ"

"အို... မဖြစ်ဘူး၊ ရှိုင်း ..."

ရှိုင်း က ခြေလှမ်းကိုတာမင်ကျဲကာ ဗဟို ရပ်နေသည့်ဘေးက ကျော်ရှောင်ထွက်သွား၏။ ခရောင်း က နောက်ကနေလိုက်ထွက်လိုက်လျှင် ဗဟိုက လက်ကိုဖမ်းဆွဲထားလိုက်ကာ...

"မင်း လိုက်လို့မရဘူး"

"ဘာလို့မရရမှာလဲ၊ ဖယ်"

ခရောင်း က လက်ကိုခါချပစ်သည်။ ပြုတ်ကျသွားသည်နှင့် ဖွတ်တိုးထွက်၏။ သို့သော် ဗဟို က သူမ ပခုံးနှစ်ဖက်ကို သူ့ဘက်ပါအောင်





ဆွဲလှည့်ပစ်လိုက်ပြီး ...

"မင်းကို ငါ ခွင့်မပြုဘူးလို့ပြောနေတာ မရှင်းလို့လား ခရောင်း"

"ရှင်းတယ်၊ ကျွန်မ မနာခံနိုင်ဘူးလို့ငြင်းနေတာကို ရှင်က မကြားချင်ယောင်ဆောင်တာ"

"မကြားချင်ယောင်ဆောင်နေမှန်းသိရင် မင်း မပြောဘဲနေလိုက်လေ၊ ငါ ခွင့်မပြုဘဲနဲ့မသွားရဘူးဆိုတာ မပြောဘဲသိရမှာ"

"ဒီမှာ နေဗဟို"

"ပြော"

ခရောင်း က ပခုံးက သူ့လက်တွေကိုဖယ်သပ်ခါချပစ်လိုက်ပြီး လက်သီးလေးနှစ်ဖက်ဆုပ်၏။ စတွေ့တုန်းကလို ဆံပင်ရှည်တွေကို နှစ်ဖက်ခပ်မြင့်မြင့်မှာတင်စည်းထားသဖြင့် နားသယ်စပ်ဆံစလေးတွေ၊ လည်ကုပ်အစပ်လေးတွေမှာ ရှိန်းမြနေ၏။

တီရှပ်လက်ပြတ် အနီရောင်ရဲရဲလေးနှင့် လည်တိုင်နုနုက ဝင်းနှစ်ထိန်ဝါနေသည်။ ဘာမှမဟုတ်ပေမယ့် ကြည့်လိုက်မိတိုင်း မျက်လုံးထဲမှာ ရှိုးအိအောင် ကြည့်ကောင်းနေသော ခရောင်း မျက်နှာလေးကို သူ ပြောင်ပြောင်ပဲစိုက်ကြည့်ပစ်လိုက်သည်။

ဒေါသမာနတွေနှင့် သူမလေးက မျက်လုံးရိုင်းတွေကို ဒေါသဖြစ်ဖို့ မေ့နေသည်ထင်၏။

"ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ဘူးဆိုတာ ရှင်နဲ့ကျွန်မ သိတယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"ငါ ခွင့်ပြုမှဆိုတဲ့စကားကို ရှင် ခဏခဏထည့်ပြောနေတာ ပြောသင့် မပြောသင့် စဉ်းစားပေါ့"

"ဘာလို့မသင့်ရမှာလဲ၊ မင်းနဲ့ငါ မပတ်သက်ဘူးလို့ဆိုတာကလဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှမပတ်သက်လို့ရသလဲ၊ ဘယ်နေရာမှာမရှာဘူးလဲဆိုတာ မင်း သေချာစဉ်းစားပြီးမှပြော"

"ရှင် အနိုင်ပိုင်းမပြောနဲ့လေ၊ လူကြီးတွေက လူကြီးပီပီ ဖြစ်သင့်တဲ့ အတိုင်း စီစဉ်ပေးဖို့လုပ်တာ၊ အဲဒါ ရှင်နဲ့ကျွန်မမှာ ရှေ့တိုးဖို့ နောက်ဆုတ်ဖို့ ရွေးချယ်ခွင့်ရှိတယ်၊ ပြဿနာလဲ အမှန်အတိုင်းပေါ်နေပြီ၊ မာန်ဆောင်ခဲ့ ကြတာကို ဆွဲဆွဲပြောနေတာ ရှင့် အောက်တန်းကျသလိုဖြစ်မနေဘူး လား"

ခရောင်း က မေးတာလည်းမဟုတ်ဘဲ သူပြောလာမှာကို စောင့် လိုက်၏။ ဗဟို က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ပြီး စူးစိုက် ကြည့်နေသည်မှလွဲ၍ ဘာမှမပြောဘဲနေမှ…

"ကျွန်မ အခု မောင်လေးနဲ့လိုက်သွားမယ်၊ အန်တီနဲ့ ဦးလေးကို ရှင့်ဘာသာ မီးစင်ကြည့်ကလိုက်တော့"

ပြောနေရင်း ခရောင်း က လည်ပင်းလေးတစ်ချက်ပွတ်၍ …

"ဘာပဲဖြစ်ဖြစ် ကျေနပ်ကြမှာပါ။ ကျွန်မလို အညတြ မိန်းကလေး တစ်ယောက်ကို လက်လွှတ်ရတော့လဲ သူ့ဘာသာသွားလဲပြီးတာပဲလို့ တွက်မှာ၊ ကျွန်မက ကိုယ့်ဘဝထဲမှာပဲ ပျော်အောင်နေတတ်တဲ့သူပါ ဘာကိုမှ ဂရုမစိုက်ဘူး"

"မင်း မစိုက်ပေမယ့် ငါက စိုက်တယ်"

ဗဟို က မတ်မတ်ပြန်ရပ်ပြီး ခြေတစ်လှမ်းတိုးသည်။ ခရောင်း က လူချင်းထိသွားမှာစိုးသလို နောက်ကို တစ်လှမ်းဆုတ်လိုက်၏။

"မင်းက မင်းဘဝနဲ့မင်း ပျော်တတ်ပေမယ့် ငါ့ဘဝထဲကို မင်း ဝင် လာပြီးမှ ဒီတိုင်းကျန်ခဲ့ရင် ငါ ပျော်နိုင်ဖို့မလွယ်ဘူး"

သေလိုက်ဟု မပြောပေမယ့် ခရောင်း က ဒေါသနှင့် မော့ကြည့်၏ ဗဟို က ပြုံးကာ…





"မင်းကို ဒီမိသားစုအဖြစ် ဖေဖေတို့ လက်ခံပြီးတဲ့နောက်မှာ ငါ လက်ခံထားခဲ့တာလဲ မင်းက ငါ့ရဲ့တရားဝင်ဇနီး"

"အို… မဖြစ်နိုင်ဘူးလို့ ကျွန်မ ပြောပြီးပြီပဲ။ ဒီမှာ နေဗဟို လူတစ် ယောက်၊ မိသားစုတစ်စုက သနားသဖြင့် ပေးကမ်းလာရင် အဲဒါက စား ရာဆို လိပ်ပြာသန့်သန့်စားလိုက်လို့ရတယ်၊ ဝတ်စရာဆိုရင်လဲ မရှက် တတ်ရင် ယူဝတ်ရုံပဲ။ ဒါက အိမ်ထောင်ရေး၊ သူများသနားတဲ့ဘဝကနေ ကျွန်မက ရှင့်အတွက် ခြေသုတ်ဖတ်ဖြစ်မပေးနိုင်ဘူး"

"ခြေသုတ်ဖတ်ဖြစ်ရအောင် မင်းက အဝတ်စတစ်စမှမဟုတ်ဘဲကွ၊ မိန်းမကို မိန်းမလိုဆက်ဆံမှာပေါ့၊ ဘာဖြစ်ချင်သေးလို့လဲ"

"ရှင်နဲ့ဝေးချင်တာ၊ မလိုချင်တာ၊ လုံးဝ မနေနိုင်ဘူး၊ ဒါပဲ"

စိတ်တိုခြင်းက ခုန်ပေါက်တိုးဝှေ့ကာ သူ့ရှေ့ကနေ လှည့်ထွက်ခဲ့မိ သည်အထိ။

သို့သော် ဗဟို က လက်ကို ဖတ်ခနဲဆောင့်ဆွဲပစ်သည်။

"လက်ထပ်ထားတဲ့လင်မယားက ပေါင်းသင်းကြဖို့ပဲရှိတာ၊ ကွဲကွာ ကြဖို့မဟုတ်ဘူး"

"ရှင်နော်… ရှင့်ကို ကျွန်မ လိုလိုချင်ချင်လက်ထပ်ခဲ့တာမဟုတ်ဘူး၊ လင်မယားဆိုတာလဲ မဟုတ်ဘူး။ အနိုင်မကျင့်နဲ့"

"မင်းနဲ့ငါ မဟုတ်ခဲ့ကြတာတွေက ကျန်ခဲ့ပြီ၊ အခုကစပြီး ဟုတ်သွား ပြီလို့ မှတ်လိုက်"

"ဟင့်အင်း မမှတ်ဘူး၊ လွှတ်နော်"

ဗဟို က အတင်းဆွဲသိမ်းဖက်သည်။ ခရောင်း က မရမက ပြန်ရုန်း ၏။

အခန်းက ဧည့်သည်တွေအတွက် သီးသန့်ပြင်ထားသည့် ဧည့်ခန်း လေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗဟို က ခရောင်းကို စာကြည့်စားပွဲနှင့် ဖိကပ်ချောင်ပိတ်ထားလိုက်ကာ..

"ခရောင်းရင့်"

မျက်နှာချင်းနီးကပ်စွာစိုက်ကြည့်ပြီးခေါ်သည်။

"မင်းနဲ့ငါ အစကနေ ခုချိန်ထိ ကြင်နာတွယ်တာစရာ ဘာမှမပါခဲ့ မရှိခဲ့ဘဲ လက်ထပ်ခဲ့ကြတာ၊ နောက်နောင်မှာ အရမ်းချစ်သွားကြမလား၊ ဒီထက်ပိုမုန်းကုန်ကြမလား၊ ဒါလဲ မသေချာဘူး၊ တစ်ခုရှိတာက တွယ်တာကြဖို့ဆိုတာ ရင်းနှီးကြဖို့ရာ မလိုဘူးလား"

BURMESE CLASSIC

"ရှင့်ကို ကျွန်မ မရင်းနှီးချင်ဘူး"

"ငါကတော့ မင်းကို လိုအပ်တယ်၊ မင်းနေရာမှာ မင်းထက်လှပြီး မင်းထက်ပြည့်စုံတဲ့ တခြားမိန်းမတစ်ယောက်ကို အစားထိုးဖို့လဲ မလွယ်ဘူး။ အဲဒါ သီကွာတွေ၊ အတ္တတွေနဲ့ ဘာမှမဆိုင်ဘဲပြောတာ၊ တယ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားမှုရှိနေကြပြီဆိုရင် ရှေ့ဆက်လို့ရပြီလို့ ကိုယ်တွက်တယ်၊ မှားသလား ပြော"

ခရောင်း ရုတ်တရက် မပြောနိုင်။ သူ စူးစိုက်ကြည့်နေတာကို ရင်မဆိုင်ချင်သဖြင့် မျက်နှာလွှဲပစ်လိုက်မိသည်။ နောက်မှာ စားပွဲစွန်း၊ ရှေ့မှာ သူ့ရင်ဘတ်ကျယ်ကြီးနှင့် မျက်နှာခံ၍ စကားပြောနေတော့ ပို၍နေရခက်၏။

ပြီးတော့ သူပြောနေဘာ အချစ်နဲ့သက်ဆိုင်သည်လား။ မဆိုင်ဘူးလား၊ ဒါမှမဟုတ် သူမ ထင်ထားခဲ့သည့် သူ့ရဲ့စီးကျောကျောဆက်ဆံပုံတွေလား၊ ရီဝေဝေးစိုက်နေသည့် မျက်ဝန်းတွေကို ခရောင်း မျက်လွှာပင့်ကြည့်ဖို့ပင် ခက်နေ၏။

ရင်တွေခုန်နေသည်က ထိန်းချုပ်လို့မရ။

"ပော့ ပြောလေ"





"ဘာလဲ"

"မင်း ကိုယ့်ဆီက အချစ်ကိုလိုချင်နေတာလား၊ ချစ်ပါရစေလို့ ကိုယ်က ခွင့်မတောင်းဘဲ ပေါင်းသင်းကြဖို့အတွက် ရင်ခံနေတာလား၊ အဲဒါ မေးတာ"

"ရှင့်အချစ် ဘယ်ရောက်နေနေ ကျွန်မနဲ့မဆိုင်ပါဘူး။ ကျွန်မလဲ အချစ်ကို စိတ်မဝင်စားဘူး၊ ဖြစ်ခဲ့တဲ့ပြဿနာ ရှင်းသွားပြီးနောက်မှ လုပ်သူဖန်တီးပြီး ရှေ့မဆက်ချင်တာ"

"မချစ်တတ်သူချင်းပဲ ခရောင်းရယ်၊ မင်းနဲ့ငါ ဘယ်သူမှ ရှိဘူး၊ ငါ့ဘက်က သေချာတယ်၊ မင်းကို မစွန့်လွှတ်နိုင်ဘူး၊ အဲဒါ ပေါင်းခိုင်းမှုပြောလို့ထွက်တာ မှန်တယ်၊ ခံစားချက်ကတော့ ရှိနေခဲ့တာပါ"

မျက်လုံးချင်းဆုံဖြစ်သွားသည်။ ဒါ ရည်းစားစကားမဖြစ်နိုင်ယ့် ရှေ့ဆက်ဖို့ တောင်းဆိုနေခြင်းက ခယမှုမပါ။ မာကျောတာမဟုတ်ဘဲ နည့်ခြင်းလည်းမရှိ။

သူမ၏လက်မောင်းလေးနှစ်ဖက်မှာ ဖိဆုပ်ထားသည့်လက်များကိုတော့ ဘယ်လိုဖယ်ချရုန်းထွက်ဖို့မှမလွယ်တော့ပါ။ ပြီးတော့ ခပ်ဖြည်းဖြည်းငုံ့ကျလာရင်း ...

"ကိုယ့်ကို ကြည့်ဖြူမှာလား"

"အို..."

သူ့မျက်နှာ ကပ်လာတော့ ခရောင်း တစ်ဖက်လှည့်ပစ်မိသည်။ ဗဟို က ထိုမျက်နှာလေးရှေ့မှာ ထပ်ကပ်ထားလျက်...

"မင်း အာခေါင်ခြစ်မအော်တော့ဘူးဆိုရင် ကိုယ် နမ်းပါရစေ"

"ဟင့်အင်း၊ ရှင်..."

သူမ ခွင့်မပြုဘဲ ပါးလေးတစ်ဖက်မှာ နွေးခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ကိုယ်လုံးပွေ့ပိုက်ထားလိုက်ပြီး …

"မင်းကို ကိုယ် စိတ်ဝင်စားနေခဲ့တာ ချစ်ကြတာတွေထက် ပိုလေးနက်တယ် အဲဒါ သိလား"

တိုးတိုးလေးပြောသည်။

ပြီးတော့ နောက်ထပ်ပါးလေးတစ်ဖက်မှာ သူ့နှုတ်ခမ်းနှင့် ထိကပ် နမ်း၏။

မချစ်တတ်သူချင်း … လို့ ဆိုပြီးတော့ … သူ …..

BURMESE CLASSIC

လရောင်ကျူးရင့်

ရွှေသမင်စာပေ

www.burmeseclassic.com